# မှတ်ဉာဏ် ထက်သန်စေလိုသော်

# မှတ်ဉာဏ် ထက်သန် စေလိုသော်

ဦးသာညွန့်
(ဝိဇ္ဇာနှင့် ဥပဒေ ဝိဇ္ဇာဘွဲ့ရ)

အတွင်းပုံများ သရုပ်ဖော်–ပန်းချီ ဦးလှစိန်

စာပေဗိမာန်ထုတ်
ပြည်သူ့လက်စွဲစာစဉ်

ပဌမနှိပ်ခြင်း ၁၉၆၇ ခု (၁၇,၀၀၀)

စာပေဗိမာန် အုပ်ချုပ်ရေးမှူး (မှတ်ပုံတင်အမှတ်-၀၄၈၀) က
တာဝန်ခံထုတ်ဝေသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ ပြန်ကြားရေးဌာန
အမှတ် ၃၉၂/၆၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့။
ဗိုလ်တထောင် ပုံနှိပ်တိုက်တွင် ရိုက်နှိပ်သည်။

# မာတိကာ

စာမျက်နှာ


ဒေါက်တာ ကျော်စိန် (စိတ်ပညာဌာန)၏အမှာစာ.... .... ....(က)

စာရေးသူ၏ အမှာ .... .... .... .... .... .... ....(ဂ)

၁။ မှတ်ဉာဏ်အကြောင်း သိကောင်းစရာ .... .... .... .... ၁

၂။ ဆက်သွယ်ပေါင်းစပ်၍ မှတ်သားနည်း .... .... .... .... ၂၈

၃။ ကြည့်ရှုလေ့လာ မှတ်သားနည်း .... .... .... .... ၄၈

၄။ ဂဏန်းများကို မှတ်သားနည်း .... .... .... .... .... ၇၁

၅။ လူပုံသဏ္ဌာန်နှင့် အမည်ကို မှတ်သားနည်း .... .... .... ၁၁၆

၆။ စာပေလေ့လာနည်း .... .... .... .... .... .... ၁၅၅

၇။ နေ့ရက်များကို မှတ်သားနည်း .... .... .... .... .... ၁၇၇

၈။ နှစ်တရာပြက္ခဒိန် .... .... .... .... .... .... ၁၈၈

၉။ မမေ့အောင် ကြံဆောင်နည်း .... .... .... .... .... ၂၁၀

၁၀။ မြန်မာပညာရှင်ကြီးများနှင့် မှတ်ဉာဏ် .... .... .... ၂၃၄

ရန်ကုန်တက္ကသိုလ် စိတ်ပညာဌာနမှ

ဒေါက်တာ ကျော်စိန်၏

## အမှာစာ

ပညာရပ် အသီးသီးတို့ကို စာသင်ပျို့နှ အခြေပြုတို့အတွက် ရည်သန်၍ ရေးသောအခါ ကျမ်းအနေနှင့် ခိုင်ခံ့ပြည့်စုံ၏။ သို့သော်ဖတ်ရှုရသည်မှာ ပင်ပန်းလှချေသည်။ တင်ပြထားသည့်အကြောင်းခြင်းရာတို့မှာလည်းစုံလင်ကြွယ်ဝ၏။ သို့သော် လက်တွေ့အားဖြင့် အသုံးဝင်လှသည်ဟု စာဖတ်ရှုသူတို့က သဘောမပေါက်ကြ။ ထို့ကြောင့်ပင် သုတေသီတို့ကလွဲ၍ အခြားသော သာမန်စာဖတ်ပရိသတ်ကို မဆွဲဆောင်နိုင်ပေ။ သို့သော် "နည်းထူးများ"[၁] ပါဝင်သည့်စာအုပ်တို့ကား အထက်ဖော်ပြပါကျမ်းကြီးကျမ်းခိုင်များမှ အဆိုအမိန့်တို့ကိုကိုးကားသည်မှန်စေ၊ ဖတ်ရှုရလွယ်ကူ၏။ တင်ပြထားသည့် အဆိုအမိန့်တို့ မစုံလင်လှသည်မှန်စေ၊ လက်တွေ့အသုံးဝင်သည်ဟု စာရှုသူတို့က ယုံကြည်ကြ၏။

ဦးသာညွန့်၏ "မှတ်ဉာဏ်ထက်သန်စေလိုသော်"ဟူသောကျမ်းငယ်မှာလည်း နည်းထူးများ ပါဝင်သော ဒုတိယအမျိုးအစားထဲကဖြစ်၏။ မှတ်ဉာဏ်၏သဘောသဘာဝနှင့် ပတ်သက်သော စိတ်ပညာရှင်အသီးသီးတို့၏တွေ့ရှိချက်ကို ကျမ်းကြီးကျမ်းခိုင်များ ကိုးကားကာ လေးနက်သော အဆိုအမိန့်တို့ဖြင့် တင်ပြထားသော ကျမ်းမဟုတ်ပေ။ ရှုပ်ထွေး၍ နားလည်ရန် ခက်လှသော ပညတ်များဖြစ်သည့် "စကက်-ရောဘင်ဆန်မျဉ်းကွေး"[၂] အကြောင်းကိုငင်း၊ "နောက်ပြန်ဟန့်တားမှု"[၃]အကြောင်းကိုငင်း၊စာရင်းစုသင်္ချာနည်းများကိုငင်း သုံးစွဲကာ တင်ပြထားခြင်းမရှိပေ။ ထို့ကြောင့်ပင် ဖတ်ရသူအဘို့နားလည်လွယ်၏။ သဘောပေါက်လွယ်၏။ အဘိဓာန်ကိုလှန်ရန်ငင်း ကိုးကားကျမ်းနှင့်တိုက်ဆိုင်ရန်ငင်း လုံးဝမလိုပေ။

၁။ Techniques ၂။ Skagg-Robinson curve ၃။ Retroactive Inhibition

သို့သော်ဂဏန်းများကိုမှတ်သားနည်းပါ၏။ လူပုံသဏ္ဌာန်နှင့်အမည်ကိုမှတ်မိနည်းပါ၏။ နေ့ရက်များကို မှတ်သားနည်းပါ၏။ ထိုထက်ပို၍ စိတ်ဝင်စားဖွယ် အချက်အလက်တို့ကား ကျွန်ုပ်တို့နားဝယ် စိမ်းနေသော တွမ် ဒစ် နှင့် ဟယ်ရီ[၄] စသည့် အနောက်နိုင်ငံပညာကျော်တို့၏ မှတ်ဉာဏ်ပွါးမှု အလေ့အထများအစား၊ ကျွန်ုပ်တို့ကြားဘူးမြင်ဘူး၊ ကြည်ညို အကျွမ်းဝင်ဘူးသော တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်၏ စာပေလေ့လာပုံနည်းထူး၊ နိုင်ငံရေးခေါင်းဆောင်ဟောင်း ဘကြီးဘဖေ၏ စာဖတ်နည်းထူး၊ အဘိဓာန်ကျမ်းဆရာ ဉပဒေပညာရှင် ဒေါက်တာဘဟန်၏ မှတ်ဉာဏ်နည်းထူး စသည်တို့ပါဝင်၏။

ယင်းနည်းထူးများကို တင်ပြရာတွင်လည်းကျွန်ုပ်တို့၏ မြန်မာလူမျိုးများ အသိစွဲဖြစ်သောလင်္ကာတိုကလေးများဖြင့် မှတ်ဉာဏ်ကူနည်းတို့ကိုပါထည့်သွင်းထား၏။ (ဉပမာအလယ်လာဝယ်ကာဖြုန်း၊ ဝန်ဇင်းသားအလွန်သုံး....စသည်။)

အားလုံးကိုခြုံရသော် ဤကျမ်းငယ်မှာ မှတ်ဉာဏ်နှင့်ပတ်သက်သောလက်တွေ့အသုံးချနည်းစာအုပ် * ဟုခေါ် ချင်၏။ စမ်းတဝါးဝါး တွေးခေါ် ဖတ်ရှုရမည့်စာအုပ်မဟုတ်ပေ။ ရေရေလည်လည်ဖတ်ပြီး လိုက်နာ ကျင့်သုံးရမည့် စာအုပ်၊ မှတ်ဉာဏ်ပုံသေနည်းများကို လေးစားစွာနာခံရမည့်စာအုပ်ဟု ဆိုချင်၏။ ထို့ကြောင့် စာရှုသူသည် မှတ်ဉာဏ်အကြောင်း ကျမ်းကြီးကျမ်းခိုင်တို့၏ အဆိုအမိန့်ကိုလေ့လာဖတ်ရှုလို၍ မဟုတ်မူဘဲ၊ မိမိ၏မှတ်ဉာဏ်ကိုရင့်သန်တိုးပွါးစေမည့်နည်းထူးများအတိုင်း လိုက်နာကျင့်ကြံလို၍ ဤစာအုပ်ကိုဖတ်သည်ဟုဆိုလှှာသော် ဖတ်ရကျိုးနပ်မည်ဖြစ်သတည်းဟု အမှာလက်ဆောင်စကား ပါးလိုပေ၏။

(ပုံ) ကျော်စိန်

ဒေါက်တာကျော်စိန် M.A. (Rgn.) Ph.D. (Columbia)

စိတ်ပညာဌာန၊

ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်၊ ရန်ကုန်မြို့

နေ့စွဲ။ ၁၉၆၆ ခု၊ ဒီဇင်ဘာလ ၉ ရက်။

---

၄။ Tom, Dick and Harry    * Cook book

## စာရေးသူ၏ အမှာ

စာရေးသူသည် ငယ်စဉ် ကျောင်းသား ဘဝက မှတ်ဉာဏ်ရင့်သန်စေနည်းနှင့် ပတ်သက်သော စာအုပ် ကြော်ငြာတခုကို ဖတ်ရှုရဘူး ပါသည်။ ထိုကြော်ငြာမှာ ၁၉၁၅ ခုနှစ် (စာရေးသူ မမွေးဖွားမီ) က သူရိယသတင်းစာတိုက်မှ ရိုက်နှိပ်ထုတ် ဝေသော "ကျောင်းသားသုံး ပါဠိမြန်မာအခက်စာ အဘိဓာန်" စာအုပ်တွင် ပါရှိ ပါသည်။ ကြော်ငြာထားသော စာအုပ်၏ အမည်မှာ "မှတ်ဉာဏ်လျင်မြန်နည်း" ဖြစ်ပါသည်။ ကြော်ငြာစာတွင် "ယခုအခါ ကျောင်းသားမှ စ၍ အလုပ်တာဝန် ကြီးသူတို့သည် မှတ်ဉာဏ် ကောင်းမွန်ဖို့လိုသည် သာမက၊ အလျင် အမြန် မှတ် နိုင်၊ တွေးခေါ် နိုင်ဖို့လည်း လိုလှသေးစွ။ မှတ်ဉာဏ် နှေးကွေး၊ သတိမေ့၍ အကျိုးပေးညံ့ရှာရခြင်းတို့မှ ချမ်းသာနိုင်ကြပေတော့အံ့" ဟု ပါရှိသည်။

စာရေးသူသည် မှတ်ဉာဏ် ရင့်သန်စေမည့် နည်းနာများကို လေ့လာ လိုက် စားလိုသဖြင့် ထိုစာအုပ်ကို အတန်တန် ကြိုးစားရှာဖွေခဲ့ပါသည်။ သို့သော်ယနေ့ တိုင်အောင် ထိုစာအုပ်ကို မတွေ့ မမြင်ဘူးပါ။ ထုတ်မှ ထုတ်ဝေဖြစ်ခဲ့ပါ၏လော ဟု တွေးထင်မိပါသည်။ မှတ်ဉာဏ် အကြောင်းနှင့် ပတ်သက်၍ ဆရာကြီး ပီမိုးနင်း ရေးသားသော စာအုပ်များတွင် အနည်းအကျဉ်း ဖတ်ရှုခဲ့ရပါသည်။ ဆရာ ကိုင် သင်ကြားပြသမှု ဆိုင်ရာ လက်စွဲ စာအုပ် အချို့တွင် အခါအားလျော် စွာ အနည်းအကျဉ်း ထည့်သွင်း ရေးသားထားသည်ကို ဖတ်ရှု ဘူးပါသည်။ မည်သို့ဖြစ်စေ မှတ်ဉာဏ်အကြောင်းနှင့် ပတ်သက်သော စာအုပ် စာတမ်းများ အလွန် နည်းပါးသေးသဖြင့် စာရေးသူကဲ့သို့ မှတ်ဉာဏ် ရင့်သန်စေနည်း ဘာသာ ရပ်ကို လေ့လာလိုက်စားလိုသူများ အဖို့ များစွာ အခက်အခဲ တွေ့ကြုံကြလိမ့် မည်ဟု ယုံကြည်မိပါသည်။

ထို့ကြောင့် စာရေးသူသည် မှတ်ဉာဏ်ကို အထောက် အကူ ပြုသည့် အင်္ဂလိပ် ဘာသာဖြင့် ရေးသားထားသော စာအုပ်များကို ရှာဖွေ လေ့လာ ခဲ့ပါသည်။ ယင်းသို့ လေ့လာရာတွင် မှတ်ဉာဏ်နှင့် ပတ်သက်သော စာအုပ် တအုပ် ပေါ် ပေါက်သင့်သည်ဟု စိတ်ကူး ပေါ်ခဲ့ပါသည်။ ထိုသို့ ပေါ်ခဲ့သည့် အတိုင်း စာအုပ် တအုပ်ဖြစ်မြောက်ရန် ကြံစည် ကြိုးစားခဲ့ပါသည်။ ဤစာအုပ် ဖြစ်မြောက်ရန် အားထုတ်ရာ၌ ရှေးပညာရှိကြီးများ ကြံဆည်ဖန်တီးထားခဲ့သော မှတ်ဉာဏ်ကို အထောက်အကူပြုနိုင်သည့်နည်း နိဿယများကို အခြေခံ၍ အနောက် နိုင်ငံထုတ် စာအုပ်စာတမ်းများမှ မြန်မာတို့၏ အတွေးအခေါ်နှင့် ကိုက်ညီ သော အချက်အလက်များကို ထုတ်နုတ်ပေါင်းစပ်ကာ မြန်မာ့နည်း မြန်မာ့ ဟန်မပျက် ကြံစည်တီထွင်ထားခြင်း ဖြစ်ပါသည်။

ယင်းသို့ ကြံစည် တီထွင် ပြုစုလိုက်ရသော စာအုပ် ဖြစ်သဖြင့် ဤစာအုပ် သည် မှတ်ဉာဏ်နှင့် ပတ်သက်၍ ပြည့်စုံ လုံလောက်သော စာအုပ် ဖြစ်သည်ဟု မဆိုလိုပါ။ သို့ရာတွင် မှတ်ဉာဏ် တိုးတက်ရင့်သန် လိုသူများအဖို့ ဤစာအုပ် သည် လမ်းစဖော်ပေးပေလိမ့်မည်ဟုကား ယုံကြည်ပါသည်။ မှတ်ဉာဏ်ရင့်သန် စေလိုသူများ အဖို့သာမဟုတ်ဘဲ၊ ဗဟုသုတလိုလား လိုက်စားသူများ အဖို့လည်း မုချအသုံးဝင်ပေလိမ့်မည်ဟု ဆိုချင်ပါသည်။

စာအုပ်ပြုစုရာတွင် စာဖတ်ရှု သူတို့ လွယ်လွယ် ကူကူ မှတ်ယူလေ့လာ နိုင်စေ ရန် လွယ်ကူသော အခန်းများကို စာအုပ်ရှေ့ပိုင်းတွင် ထားပါသည်။ လွယ်ကူ သော အခန်းများကို ဖတ်ရှု လေ့လာပြီးနောက် တဖြည်းဖြည်း ဖတ်ရှုသွားခြင်း ဖြင့် ခက်ခဲသော အခန်းများကိုလည်း နားလည် လွယ်နိုင်ပါလိမ့်မည်။ ဤသို့ တခန်းပြီး တခန်း တဆင့်ပြီး တဆင့် ဖတ်ရှုလေ့လာ သွားပါလျှင် မှတ်ဉာဏ်ထက် သန်စေမည့် နည်းလမ်းများကို မပင်မပန်းဘဲ တတ်ကျွမ်း နားလည်လာလိမ့်မည် ဟု ယုံကြည်ပါသည်။

စာရေးသားရာတွင်လည်း စိတ္တဇေဒ ဝေါဟာရများ၊ သိပ္ပံ ဝေါဟာရများကို တတ်နိုင်သမျှ ရှောင်ကွင်း၍ လူတိုင်း နားလည်လွယ်သော အရပ်သုံး စကားများ

လူတိုင်း နားလည်လွယ်သည့် ဥပမာ ဥပမေယျများဖြင့် တန်ဆာဆင်ကာ ရေးသားထားပါသည်။ ထို့ပြင် တပါး စာဖတ်သူတို့ မပျင်းမရိစေရန်သတင်းစာ မဂ္ဂဇင်း ဆောင်းပါး ရေးသားသည့် ဟန်ဖြင့်၎င်း၊ စာရေးသူနှင့် စာဖတ်သူတို့ ဆွေးနွေးသည့် ဟန်ဖြင့်၎င်း ရေးသားထားပါသဖြင့် ပိုမို စိတ်ဝင်စားလိမ့်မည်ဟု ထင်ပါသည်။

ဤစာအုပ်တွင် ပါရှိသော မှတ်ဉာဏ် ရင့်သန်စေနိုင်သည့် နည်းနိဿယများမှာ မှတ်ဉာဏ် ပါရဂူကြီးများ၊ ပညာရှင်ကြီးများ ကျင့်သုံး လေ့ရှိသော နည်းနိဿယများပင် ဖြစ်ပါသည်။ မှတ်ဉာဏ် ရင့်သန်စေရန် စာအုပ်ပါ နည်းလမ်းများအတိုင်း လိုက်နာကျင့်သုံးရမည့် အပြင် မိမိကိုယ်တိုင်ကလည်း မှတ်ဉာဏ်ထက်သန်စေလိုသော ဆန္ဒဖြင့် ဆက်လက် လေ့ကျင့်သွားရန် လိုပါသည်။

အရာဝတ္ထုတခုကို ခေါင်းပုံ ရိုက်ယူသည့် ပမာ၊ တကြိမ်ဖတ်ရုံ မှတ်ရုံမျှဖြင့် တသက်လုံး မမေ့နိုင်သော မှတ်ဉာဏ်မျိုးကား မရှိသေးပါ။ ဤစာအုပ်တွင် ပါရှိမည့် မှတ်ဉာဏ်ပညာရှင်ကြီးများ နည်းတူ၊ ဖော်ပြမည့် နည်းနိဿယများကို အသုံးပြုလျက်၊ ဇွဲလုံ့လသန်သန်နှင့် အစဉ်တစိုက် လေ့ကျင့်ကြိုးစားသွားပါမူ မှတ်ဉာဏ်ရင့်သန်လာမည်မှာ မုချ ဖြစ်ပါသည်။ ဤစာအုပ်သည် စာပေပညာကို သင်ကြားလေ့လာရင်း ရှေ့သို့ မြော်မှန်းချီတက်လျက် ရှိသော ကျောင်းသူကျောင်းသားများနှင့် တကွ၊ နိုင်ငံ၏တာဝန်ကို ထမ်းဆောင်လျက် ရှိကြသည့် အလုပ်လုပ်သော လုပ်သားပြည်သူများအဖို့ မှတ်ဉာဏ်ရင့်သန်စေရန်အထောက်အကူ ပြုလိမ့်မည်ဟု ယုံကြည်မိပါသည်။

စာအုပ် ဖြစ်မြောက်ရေး အတွက် စာရေးသူအား မိမိတို့၏ အတွေ့အကြုံများကို ပြောပြကူညီခဲ့ကြသော ပညာရှင်များအား၎င်း၊ မိမိတို့ တတ်နိုင်သည့်ဖက်မှ ကူညီယိုင်းပင်း ကြသော စာပေဗိမာန် ဝန်ထမ်းများအား၎င်း ကျေးဇူးဥပကာရ တင်ရှိကြောင်း အထူး ဖော်ပြလိုပါသည်။

သာညွန့်

## အခန်း ၁

# မှတ်ဉာဏ်အကြောင်း သိကောင်းစရာ

စာဖတ်သူ အဆွေ။ အဆွေသည် ငယ်စဉ်က နှစ်အလီပေါင်းတပုဒ်ကို ရရန် ကြိုးစားအားထုတ်၍ ကျက်ခဲ့ရကြောင်းကို သတိရရှိကောင်း ရရှိပေလိမ့်မည်။ ယခု အချိန်၌သာ ထိုနှစ်အလီပေါင်းကိုကျက်ရလျှင် ကလေး ဘဝက ကျက်မှတ်စဉ်ကကဲ့သို့ ပင်ပန်းတော့မည် မဟုတ်ပေ။ အကြောင်းသော်ကား ယခု အခါ အဆွေ၏ မှတ်ဉာဏ်မှာ ပိုမို ရင့်သန်လျက် ရှိသည်။ ထိုမှတပါး အဆွေ၌ မှတ်သားမှု အလေ့အကျင့်များလည်း များစွာ ရရှိပြီး ဖြစ်သည်။ အဆွေသည် နှစ်အလီပေါင်း တခုတည်းကိုသာ ကျက်မှတ်ခဲ့သည် မဟုတ်၊ များစွာသော စာပေဗဟုသုတများ၊ အခြား ပညာရပ်များ၊ များစွာသောမိတ်ဆွေသင်္ဂဟတို့၏ အမည်များ စသည်တို့ကိုလည်း အဆွေသိရှိမှတ်သားပြီး ဖြစ်၏။ ထိုအကြောင်းများကြောင့် ယခုအချိန်၌ ထိုနှစ်အလီပေါင်းကို ကျက်ရလျှင် ကလေးဘဝ ကျက်မှတ်ရစဉ်ကကဲ့သို့ ပင်ပန်းတော့မည် မဟုတ်ပေ။ အချုပ်အားဖြင့် ကျွမ်းကျင်ခြင်း၊ တတ်မြောက်ခြင်း၊ နားလည်ခြင်းတို့ကြောင့် ဖြစ်သည်။ ထိုကျွမ်းကျင်၊ တတ်မြောက်၊ နားလည်ခြင်း ဆိုသောစကားများ၏ လိုရင်းအဓိပ္ပါယ်မှာ မှတ်မိခြင်းပင် ဖြစ်ပါသည်။

အဆွေသည် ငယ်စဉ်က နှစ်အလီပေါင်းကို ကျက်မှတ် ခဲ့သဖြင့် အလိုရှိသည့်အခါ အလွယ်တကူ ရွတ်ဆို အသုံးပြုနိုင်ပေပြီ။ ထို့အတူ အဆွေ သင်ကြား ခဲ့သော အခြားပညာရပ်များကိုလည်း အဆွေအလိုရှိတိုင်း အသုံးချနေနိုင်ပေပြီ မဟုတ်လော။ ယမန်နေ့က သင်ကြား

လေ့လာခဲ့သော ပညာသည် ယနေ့ အသုံးဝင်၍ နေချေပြီ။ ထို့အတူ ယနေ့သင်ကြား လေ့လာနေသောပညာသည် နက်ဖြန် အသုံးဝင်မည် မှာ မုချဖြစ်၏။

ဤစာအုပ်တွင် ပါဝင်သော အချို့ အချက်အလက်များမှာ အဆွေ အဖို့ အသစ်အဆန်း ဟုတ်ချင်မှဟုတ်ပေမည်။ မည်သို့ ဖြစ်စေကာမူ စာအုပ်ပါ နည်းလမ်းများသည် အဆွေ၏ နေ့စဉ် လုပ်ငန်းဆောင်တာ များ၌၎င်း၊ အဆွေ၏ ကြီးပွါးတိုးတက်ရေး၌၎င်း မည်မျှ အထောက် အကူ ပြုလိမ့်မည်ကို အဆွေလေ့လာရင်း သိရှိလာပေလိမ့်မည်။

မှတ်ဉာဏ်ဆိုသည်မှာ ယခင်က မိမိတွေ့ဘူး မြင်ဘူး ကြားဘူး သော အရာကိစ္စများကို နောက်ထပ်၍ တွေးတော ဆင်ခြင်လိုက် သည်နှင့် တပြိုင်နက် အသစ်အသစ် အဖြစ် ထပ်မံ သတိရစေနိုင်သော စိတ်၏ ထူးကဲသော တန်ခိုးသတ္တိပင် ဖြစ်၏။ "ကျွန်ုပ်တို့ ရှာဖွေသိမ်း ထားသော အသိပညာနှင့် ဗဟုသုတ မှန်သမျှတို့ကို သတ္တုချလိုက် သော် စွဲမြဲမှတ်မိခြင်းပင် ဖြစ်၏" ဟု ဂရိတ်ပညာရှိကြီး ပလေးတိုက ဆိုခဲ့သည်။ ရောမပညာရှိကြီး ဆီဆရို[၁] ကမူ "မှတ်ဉာဏ်သည် ကျွန်ုပ် တို့၏ ပညာဗဟုသုတများ သိမ်းထားရာ ဘဏ္ဍာတိုက် ကြီးလည်း ဖြစ်၏။ ပညာဗဟုသုတများကို စောင့်ထိန်းပေးသော ဘဏ္ဍာစိုးကြီး လည်းဖြစ်၏" ဟု ဆိုလေသည်။

ကျွန်ုပ်တို့သည် မွေးသည့်နေ့မှ သေသည့်နေ့အထိ ပညာဗဟုသုတ များ တစတစ တိုးတက် ဖွံ့ဖြိုးလာခြင်းသည် မှတ်ဉာဏ်၏ ကျေးဇူး ကြောင့်ပင် ဖြစ်၏။ ကျွန်ုပ်တို့၏ အတွေးအခေါ်များ ရင့်ကျက်လာ ခြင်း၊ ဆင်ခြင်တုံတရားများ မြင့်မားလာခြင်းတို့မှာလည်း မှတ်ဉာဏ်၏ ဆက်သွယ်ပေးမှုကြောင့်ပင် ဖြစ်၏။ ယမန်နေ့က တွေ့ခဲ့သော အတွေ့ အကြုံများသည် ယနေ့အဖို့ အတိတ်၏ မှတ်တမ်းများ ဖြစ်ခဲ့၏။ နက်

၁။ Cicero, M.T.

ဖြန်တွင် တွေ့ရမည့် အတွေ့အကြုံများသည် ယနေ့အဖို့ အနာဂတ်၏ အရိပ်အရောင် များသာ ဖြစ်၏။ သို့သော် နက်ဖြန်သို့ ရောက်လာသောအခါ ထိုအတွေ့အကြုံများသည် ပစ္စုပ္ပန် အဖြစ် အပျက်များ အဖြစ် ခေတ္တမျှသာ တည်နေပြီးနောက် ကာလမကြာမြင့်မီ အတွင်း၊ အတိတ်အဖြစ်သို့ ရွှေလျော သွားပေလိမ့်မည်။ ထိုအတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်တည်းဟူသော ကာလသုံးပါးကို မှတ်ဉာဏ်ကဆက်စပ်ပေးလျက် ရှိပေသည်။ ကျွန်ုပ်တို့၏ ဘဝတလျှောက်တွင် ထိုကာလသုံးရပ်၌ တွေ့ကြုံခဲ့ရသော ပျော်ရွှင်ခြင်း၊ ချမ်းသာခြင်း၊ သောကဖြစ်ခြင်း၊ ဒုက္ခတွေ့ခြင်း စသော ခံစားမှုဝေဒနာ အဖြာဖြာတို့ကိုလည်း မှတ်ဉာဏ်တည်းဟူသော ဘဏ္ဍာသိန်းထဲတွင် ထားရှိကြပေသည်။

မှတ်မိသည်ဆိုရာ၌ အင်္ဂါရပ် သုံးမျိုး ရှိပေသည်။ ယင်းတို့မှာ —

(၁) သိမ်း သိမ်းဆည်း ထားနိုင်သဖြင့် မှတ်မိခြင်း။ ဥပမာအားဖြင့် ကားမောင်းခြင်း၊ စက်ဘီးစီးခြင်း၊ စာရေးခြင်းစသော ကျွမ်းကျင်မှုများ ကို အချိန်ကာလ အတန်ကြာအောင် သိမှီးသိမ်းဆည်း ထားနိုင်သဖြင့် မမေ့မပျောက်ဘဲ မှတ်မိလေ့ ရှိကြသည်။

(၂) ပြန်လည် နှလုံး သွင်းခြင်းဖြင့် မှတ်မိခြင်း။ ဥပမာ အားဖြင့် စာမေးပွဲ ဖြေနေစဉ်၊ ကျောင်းခန်းထဲ၌ သင်ယူခဲ့ပုံကို နှလုံးသွင်း၍ မှတ်မိခြင်း၊ ရန်ကုန်မြို့သို့ ဂျပန်များ ဗုံးကြဲခဲ့ပုံကို ပြန်လည် နှလုံးသွင်းခြင်းဖြင့် မှတ်မိခြင်းစသော မှတ်မိခြင်းမျိုးများ ဖြစ်၏။

(၃) ကျက်စားမိခြင်းကြောင့် မှတ်မိခြင်း။ ဥပမာအားဖြင့် မိတ်ဆွေဟောင်း တဦး၏ မျက်နှာကို မြင်ရဖြင့် မိမိမိတ်ဆွေဟောင်း ဖြစ်ကြောင်း (ပြန်လည် နှလုံးမသွင်းဘဲ) မှတ်မိနိုင်၏။ ထို့အတူ အိမ်ကို မှတ်မိခြင်း၊ ရွာကို မှတ်မိခြင်း၊ သစ်ပင်ကို မှတ်မိခြင်းတို့မှာ အမည်ကို မမှတ်မိစေကာမူ အသွင် အပြင်ကို ကျက်စားမိရဖြင့် မှတ်မိနိုင်ခြင်း မျိုး ဖြစ်ပေသည်။

မှတ်ဉာဏ် ရင့်သန်ရန်အတွက် ဆိုင်ရာ ဆိုင်ရာတို့ကို ထိုသုံးနည်း အနက် တနည်းနည်းဖြင့် မှတ်မိရန် လိုပါသည်။ အကြောင်းရပ် တခုကို မှတ်မိစေရန် အတွက် ထိုအကြောင်းရပ် အပေါ်တွင် အာရုံ စူးစိုက်၍ သတိဖြင့် မှတ်သားရန်လိုပါသည်။ ပေပေါ်တွင် ခဲပြားတချပ်ကို တင်၍ တူကဲ့သို့ အရိုးတပ်ထားသော သံတံဆိပ်တုံးကြီးဖြင့် တအားကုန် ထုနှက်လိုက်သည့်အခါ စူးရှသောအသံ ထွက်ပေါ် လာပြီးလျှင် မိမိ အလိုရှိသော တံဆိပ်ပုံစံသည် ခဲပြားပေါ်၌ ခိုင်မြဲစွာ ထင်သွားသကဲ့သို့ ကျွန်ုပ်တို့မှတ်သား လိုသည့် အရာသည်လည်း ဦးနှောက်ထဲတွင် ခိုင်မာသော အရာအဖြစ် ထင်ကျန်ရစ်ခဲ့ရန် လိုပါသည်။ တနည်းအားဖြင့် ကျွန်ုပ်တို့သည် မင်နှိပ်စက္ကူပေါ်တွင် ခဲတံ မာမာဖြင့် အမှတ်အသား တခုကို စောက်နက်နက်ချ၍ ပုံထင်အောင် ပွတ်လုပ်ထားလျှင် ထိုအမှတ်အသားသည် ရုတ်တရက် ပျက်သွားရန် ခဲယဉ်းပေသည်။ သို့ရာတွင် ခပ်တိမ်တိမ် ခပ်ပေါ့ပေါ့ အရာထင်အောင် ပွတ်လုပ်ထားလျှင် ထိုအမှတ်အသားသည် ကြာရှည်စွာမခံဘဲ ပျောက်ပျက် သွားပေလိမ့်မည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ကိစ္စတရပ်ကို ကြာရှည်စွာ မှတ်မိနေစေရန် အတွက် မင်နှိပ်စက္ကူပေါ်တွင် စောက်နက်နက် ပုံဖော်သကဲ့သို့ ဦးနှောက်ထဲတွင်လည်း စောက်နက်နက်၊ ခပ်ထင်ထင် ပုံပေါ်ထားရန်လိုပါသည်။ ဦးနှောက်ထဲတွင် စောက်နက်နက်၊ ခပ်ထင်ထင်ပုံဖော်ထားနိုင်ခြင်းသည် ကြာရှည်စွာ သိုမှီးထားနိုင်ခြင်းပင် ဖြစ်သည်။ ဦးနှောက်ထဲတွင် ထိုသို့ ခိုင်မြဲစွာ အရာထင်နေသော ကိစ္စများကား ရုတ်တရက် မပျောက် မပျက်ရုံမျှမက၊ တခါတရံ ကျွန်ုပ်တို့ ပြန်လည်တွေးတောခြင်း မပြုဘဲနှင့်ပင် အလိုအလျောက် ပေါ်လာတတ်ပေ၏။ ဥပမာ အားဖြင့် ကျွန်ုပ်တို့ အိပ်ပျော်နေစဉ် ကလေးဘဝမှ အဖြစ်အပျက်များကို အိပ်မက်ထဲ၌ မျက်ဝါးထင်ထင် မြင်မက်ခြင်းများသည် မတွေးဘဲနှင့် အလိုအလျောက် ပေါ်လာခြင်း မျိုးပင်ဖြစ်၏။

## လူတိုင်းမှတ်ဉာဏ် ရည်တူရှိ၏

စာဖတ်သူအဆွေ။ အဆွေသည် တခါတရံ မိမိမှတ်သားထားသော အကြောင်းအရာ တခုခုကို ရုတ်တရက် ပြန်လည်တွေးတော၍ မရသည့်အခါ စိတ်ပျက်မိပါသလား၊ မိမိ၏မှတ်ဉာဏ်ကို အပြစ်တင်မိပါသလား၊ ထိုအဖြစ်မျိုးကား အဆွေ တဦးသာ မဟုတ်ပါ။ လူတိုင်းလိုလို တွေ့ဘူး ကြုံဘူးသော အဖြစ်မျိုးဖြစ်၏။ ကိစ္စတရပ်ကို အဆွေ ယခု ချက်ခြင်း သတိမရသဖြင့် တသက်ပတ်လုံး ဖော်မရတော့ပြီဟု မမှတ်ထင်ပါနှင့်။ ထိုအဖြစ်မျိုး တွေ့ကြုံသည့်အခါ စိတ်မပျက်ပါနှင့်၊ ခေါင်းကို အေးအေးထား၍ ခေတ္တ အနားယူလိုက်ပါ။ ချက်ခြင်း တွေး၍ မပေါ်သောကိစ္စကို ထပ်တလဲလဲ တွေးလေ တွေးလေ စိတ်မချမ်းမသာဖြစ်လေလေမှတပါး အကျိုးထူးမည် မဟုတ်ပေ။ ထို့ကြောင့် ယင်းကိစ္စကို မစဉ်းစားဘဲ ခေတ္တ မေ့မေ့ပျောက်ပျောက် ထားလိုက်ပါ။ အတန်ငယ်ကြာလျှင် အဆွေ တွေးတောနေသော ကိစ္စသည် အဆွေ၏ ဦးနှောက်ထဲသို့ အမှတ်မထင်ဝင်လာပေလိမ့်မည်။ ဤကား မှတ်ဉာဏ်၏ ဆန်းကြယ်သော သတ္တိထူးတရပ်ပင် ဖြစ်၏။

အချို့တို့သည် မိမိမှတ်သား ထားသော အကြောင်းရပ် တခုကို ရုတ်တရက် တွေးတော၍ မရသည့်အခါ မိမိ၏ မှတ်ဉာဏ်ကို အပြစ်တင်တတ်ကြ၏။ ညည်းတွားလက်လျှော့သောစကားများကို ပြောဆိုတတ်ကြ၏။ 'ငါတော့ မှတ်လို့ရမှာမဟုတ်တော့ပါဘူး၊ ငါ့မှတ်ဉာဏ်က မကောင်းပါဘူး'ဟု ညည်းညူတတ်ကြလေသည်။ ထိုသို့ညည်းတွားလက်လျှော့ခြင်းသည် အလွန်မှားယွင်း၏။ မိမိသည် ပင်ကိုယ်အားဖြင့် မှတ်ဉာဏ် ညံ့ဖျင်းသည်။ အချို့ ပုဂ္ဂိုလ်တို့သည် ဇာတိပဋိသန္ဓေနေစဉ်ကပင် ရင့်သန်သော စွမ်းရည်၊ ဉာဏ်ရည်များ ပါလာခဲ့ကြသည်ဟု မှတ်ထင်ကြခြင်းသည်လည်း အလွန်မှားယွင်းသော အယူအဆများပင် ဖြစ်၏။

သိပ္ပံပညာရှင်ကြီးများနှင့် စိတ်ပညာ ပါရဂူကြီးများ၏ ရှာဖွေစမ်းသပ်ချက် များအရ၊ ဝမ်းတွင်းမှ ရှူးသွပ်သော ရောဂါနှင့် အခြားရောဂါကြီးများ ပါလာသူများမှ လွဲ၍ လူတယောက်နှင့် တယောက်ပင်ကိုယ်ဉာဏ်ရည်ချင်း တူညီကြသည်ဟု ဆို၏။ မပြောပလောက်ရုံသာ ကွာခြားမှု တွေ့ရသည်ဟုဆို၏။ထိုမပြောပလောက်ရုံမျှ ကွာခြားမှုသည် ကြိုးစားမှု လေ့လာမှုများနှင့် နှိုင်းစာလျှင် ထည့်သွင်း စဉ်းစားနိုင်လောက်သော အချက် မဟုတ်ဟု ပညာရှင်အများက တညီတညွတ်တည်း ဆိုကြသည်။ ဆိုလိုရင်းမှာ ကြိုးစားမှု လေ့လာမှုသာလျှင် အဓိက ဖြစ်၍ ပင်ကိုယ်ဉာဏ်ရည်မှာ အဓိက မဟုတ်ချေ။

နှစ်ဆယ် ရာစုတွင် မှတ်ဉာဏ် ပါရဂူကြီးဟု သမုတ်ခြင်းခံရသော မစ္စတာ ဘားနဒ် ဇူးဖောလ်[၂] သည် စာမျက်နှာ ၉၀ ကျော်ရှိသော အမေရိကန်မဂ္ဂဇင်း တစောင်ကို တနာရီအတွင်း တလုံးမကျန် အာဂုံရအောင် ကျက်နိုင်လေသည်။ သူ့အား လူအများက တကယ့် ထူးချွန်သော ပါရမီရှင်ကြီးပါဘဲဟုချီးမွမ်းကြ၏။ မစ္စတာဇူးဖောလ်ကမူ ထိုချီးမွမ်းသူများကို ရယ်သွမ်းသွေး၍ အဖြေ ပေးလိုက်သည်မှာ –

"ကျွန်တော့်ကို မွေးတဲ့နေ့က ဘယ်သူတစုံတယောက်မျှ သားဖွားဆေးရုံကို လာပြီး မှတ်ဉာဏ် ထက်သန်စေတဲ့ ဆေးကလေးကို ပလပ်စတစ်အိတ်ကလေးနဲ့ ထုပ်ယူလာပြီး မကျွေးခဲ့ပါဘူးဗျာ" ဟု ဖြစ်သည်။

မစ္စတာ ဇူးဖောလ်သည် ငယ်စဉ်က မှတ်ဉာဏ်နှင့် ပတ်သက်၍ များစွာ စိတ်ညစ်ခဲ့ရဘူးသူ ဖြစ်၏။ သူသည် ဤစာအုပ်ကို ဖတ်နေသော မိတ်ဆွေနှင့် ကျွန်ုပ်တို့နည်းတူ သူမှတ်သား ထားသော အကြောင်း ရပ်တခုကို မေ့တိုင်း မေ့တိုင်း မိမိ၏ မှတ်ဉာဏ်ကို အပြစ်တင်ခဲ့သူ ဖြစ်၏။

သူသည် ငယ်စဉ်က သာမန် အလီပေါင်း ကလေးကို နှုတ်တက်ရရန်

[၂]။ Bernard Zufall

နေ့မအား ညမနား ကျက်ခဲ့ရသည်။ အလွန် လွယ်ကူသော ကလေး ကဗျာကလေးကို အာဂုံရရန် အတွက်လည်း များစွာ အပင်ပန်း ခံ၍ ကျက်ခဲ့ရသည်။ မစ္စတာ ဇူးဖောလ်သည် ထိုသို့ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ အမျိုးမျိုးတို့ကို ခံယူကာ၊ လေ့လာကျက်မှတ် ခဲ့သဖြင့် နောက်ဆုံး၌ အလွန် ထင်ရှား ကျော်ကြားသော မှတ်ဉာဏ်ပါရဂူကြီး တယောက် ဖြစ်လာခဲ့လေသည်။

တခါက အမေရိကန်ပြည် ဟာဗတ် တက္ကသိုလ်မှ ဥပဒေပါမောက္ခကြီး ဒေါက်တာရော့စကို-ပေါင်း[၃] ကို သတင်းထောက်တဦးက "လူကြီးမင်းဟာ ပင်ကိုယ်ဗီဇအားဖြင့်အံ့ဩဘွယ် ကောင်းလောက်သော မှတ်ဉာဏ်စွမ်းရည်ရှိသူ ဖြစ်ပါပေတယ်" ဟု ချီးကျူးလိုက်ရာတွင် ပါမောက္ခကြီးက "အဲဒါ အဓိပ္ပါယ် မရှိတဲ့ စကားတွေဘဲ။ ကျုပ်မှတ်ဉာဏ် ကောင်းဒါဟာ၊ ကျုပ်ကိုယ်တိုင်က မှတ်ဉာဏ်ထက်သန်ချင်တယ်၊ ပြီးတော့ မှတ်ဉာဏ် ထက်သန်အောင်လဲ ကိုယ်တိုင် ကြိုးစား ခဲ့လို့" ဟု ပြန်ပြောဘူးလေသည်။

ထိုပါမောက္ခကြီးက "မှတ်ဉာဏ် ကောင်းသူ တဦးဆိုသည်မှာ ဘဝ တလျှောက်လုံးတွင် တွေ့ကြုံခဲ့ရသော မိမိ အတွေးအခေါ် အတွေ့အကြုံ အဖုံဖုံတို့ကို တခုနှင့်တခု စနစ်တကျ ဆက်စပ်မှတ်သားထားနိုင်သူ တယောက်ဖြစ်၏" ဟုလည်း ဆိုလေသည်။

အမေရိကန် နိုင်ငံမှ အလွန်စကားပြော ကောင်းသူ တယောက် အဖြစ် ကျော်ကြား ခဲ့သော နိုင်ငံခြားရေး ဝန်ကြီးဟောင်း မစ္စတာ ဒင်နီရယ်၊ ဝက် (ဗ) စတား[၄] မှာ ကျောင်းသား အရွယ်က စင်မြင့်ပေါ်သို့ တက်၍ စကား တလုံးနှစ်လုံး ပြောရာ၌ပင် အထစ်ထစ် အငေါ့ငေါ့ ဖြစ်ခဲ့ရသည်ဆို၏။ သို့သော် တဖြည်းဖြည်း ကြိုးစားလာခဲ့ရာ နောက်ဆုံး၌ မိမိပြောလိုသည့် အချက် အလက်များကို စာရွက်တွင်

၃။ Dr. Roscoe Pound

၄။ Daniel Webster

တေးထား မှတ်ထားခြင်း မရှိဘဲ နာရီပေါင်း မြောက်မြားစွာ ကြာအောင် ပြောဟောနိုင်ခဲ့လေသည်။

အမေရိကန်နိုင်ငံမှ မှတ်ဉာဏ် ဝိဇ္ဇာ တဦးဖြစ်သူ ဒေါက်တာဂျွိုက်ဘရားသား(စ)[၅]၏ ဝန်ခံချက်ကိုလည်း ရှုပါဦး။ ဒေါက်တာဘရားသားဆိုသူ အမျိုးသမီးမှာ နယူးယောက် တက္ကသိုလ်စိတ်ပညာဌာနမှ ကထိက တဦးဖြစ်သည်။ သူကား ဂေါက်သီးရိုက် ဝါသနာပါသူဖြစ်၏။ သူ၏ခင်ပွန်းမှာ ဆေးကျောင်းသား တဦးဖြစ်၍ လက်ဝှေ့ ဝါသနာပါ၏။ တခါသော် ရုပ်မြင်သံကြား ကုမ္ပဏီတခုက မိမိတို့ တင်ပြသော အကြောင်းရပ် တခုခုနှင့် စပ်လျဉ်းသော မေးခွန်းများကို တိကျ မှန်ကန်စွာ ဖြေကြားနိုင်လျှင် ဒေါ်လာငွေ ၆၄,၀၀၀ (မြန်မာငွေ သုံးသိန်းကျော်ခန့်) ပေးမည်ဟု ကြော်ငြာလေသည်။ ထိုအချိန်ကဒေါက်တာဘရားသား(စ)မှာ ကလေးရသဖြင့် ကျောင်းမှ ခေတ္တအနားယူနေချိန် (ဝါ) အလုပ်လက်မဲ့ အချိန်ဖြစ်၏။ ကလေးတယောက် တိုးလာသဖြင့် အထူးငွေလိုနေသော အချိန်လည်း ဖြစ်၏။

ဒေါက်တာဘရားသား(စ)သည် ရုပ်မြင်သံကြားကုမ္ပဏီမှ တင်ပြသော အကြောင်းရပ်များအနက် လက်ဝှေ့ပွဲ အကြောင်းရပ်ကို ဖြေဆိုရန်ရွေးချယ်လိုက်လေသည်။ ထိုသို့ ရွေးချယ်လိုက်စဉ်အခါက သူသည်လက်ဝှေ့ ပညာနှင့် ပတ်သက်၍ ပြောပလောက်အောင် သိရှိနားလည်ထားခြင်းမရှိချေ။ သို့သော် ပြိုင်ပွဲဝင်မည်ဟု ဆုံးဖြတ်လိုက်သည်နှင့် တပြိုင်နက် သူမသည် လက်ဝှေ့ပွဲ အကြောင်းနှင့် ပတ်သက်သောစာအုပ်စာတမ်းမြောက်မြားစွာကို ရှာဖွေ ဖတ်ရှုလေသည်။ လက်ဝှေ့ဝိဇ္ဇာများ၊ လက်ဝှေ့ပွဲတွင် ဗိုလ်ဆွဲသူများထံသို့ ဆည်းကပ်၍လည်း မေးမြန်းလေ့လာရလေသည်။ နောက်ဆုံး ပြိုင်ပွဲဝင်သည့်အချိန်တွင် ဒေါက်တာဘရားသားသည် ရုပ်မြင်သံကြား ကင်မရာကြီး ရှေ့မှောက်မှနေ၍ ဆိုင်

၅။ Dr. Joyce Brothers

ရာတို့က မေးမြန်းသော မေးခွန်းတို့ကို တလုံးမကျန် မှန်ကန်စွာ ဖြေဆိုနိုင်ခဲ့လေသည်။သို့ကြောင့်လည်းသူမသည် မြန်မာငွေ ၃၂၀,၀၀၀ ကျပ်မျှသော ဆုငွေကို ရရှိခဲ့လေသည်။

ဒေါက်တာဘရားသား(စ)ကမှတ်ဉာဏ်နှင့်ပတ်သက်၍ မှတ်ဉာဏ်ရင့်သန်စေလိုသူသည် မှတ်သားလိုသောဆန္ဒ ပြင်းပြစွာ ရှိရမည်။ ဇွဲသန်သန်နှင့် အလေ့အကျင့်များ ပြုလုပ်ရမည်။ မျက်စိကိုဖွင့် နားကိုစွင့်၍ ဂရုတစိုက် မှတ်သားရမည်။ မိမိကိုယ်ကို မိမိယုံကြည်ရမည်ဟု မှတ်ချက် ချဘူးသည်။

ဤအထက်ပါ သာဓကများကို ထောက်ရှုခြင်းအားဖြင့် မှတ်ဉာဏ်အရာတွင် အောင်မြင်သူများသည် မွေးဇာတိက ပါလာသော စွမ်းရည်သတ္တိထက်၊ မိမိတို့၏ ဇွဲလုံ့လကို အားကိုးခဲ့ကြသူများ ဖြစ်ကြောင်းကို သိသာနိုင်ပေသည်။ ထို့ကြောင့် အဆွေသည် အဆွေ၏ မှတ်ဉာဏ်ကို အပြစ်တင်ရန် မစောပါနှင့်၊ မှတ်ဉာဏ်မကောင်းဟူ၍လည်း စိတ်ပျက် မနေပါနှင့်၊ ဤစာကို ဖတ်ရသည့် အချိန်မှစ၍ မှတ်ဉာဏ် ရင့်သန်ရန် ကြိုးစားပါတော့မည်ဟု စိတ်ကိုပိုင်းဖြတ်ပါလေ။

## အကန့်အသတ်မရှိသော မှတ်ဉာဏ်စွမ်းရည်

ကျွန်ုပ်တို့ သိချင်၊ မြင်ချင်၊ ကြားချင်၊ တတ်ချင်သော အကြောင်းအရာများကား မြောက်မြားစွာ ရှိကုန်၏။ ထိုသို့မြားမြောင်လှသော အကြောင်း ကိစ္စများကို မှတ်သားရသော် ဦးနှောက်ထဲတွင် ရှုပ်ထွေးမကုန်ပြီလော၊ ဦးနှောက်သည် မှတ်နိုင်စွမ်း ရှိပါ၏ လောဟု မေးစရာအကြောင်း ရှိပါသည်။ သိပ္ပံပညာရှင်ကြီးများနှင့် စိတ်ပညာ ရှင်ကြီးများက မရှုပ်ထွေးနိုင်ပါ။ ဦးနှောက်တွင် မှတ်နိုင်စွမ်း ရှိပါသည်ဟု အဖြေပေးကြသည်။

ကျွန်ုပ်တို့သည် အကြောင်းကိစ္စများကို မမေ့မပျောက်ရအောင် မှတ်သားထားသည် ဆိုခြင်းမှာ ရုံးတရုံးတွင် အပြင်မှရောက်ရှိလာသော စာများကို သက်ဆိုင်ရာ ဖိုင်ထဲတွင်တွဲ၍ ထိုဖိုင်ကို ထားနေကျ သက်ဆိုင်ရာဘီရိုအဆင့်တွင် သိမ်းဆည်းထားလိုက်သည်နှင့်တူပါသည်။ စာတစောင်မပျောက်ဆုံးရန်အတွက် စံနစ်တကျဖိုင်တွဲရန်နှင့် ထိုဖိုင်ကို စံနစ်တကျ သိမ်းဆည်းရန်လိုပါသည်။ ထို့အတူ အကြောင်းရပ်တခုကို မှတ်သားသည့်အခါတွင်လည်း စံနစ်တကျ အစီအစဉ်နှင့် မှတ်သားရန် လိုပါသည်။ သို့မှသာ အလိုရှိသောအခါ အလွယ်တကူ တွေးယူဖော်ထုတ်နိုင်ပေလိမ့်မည်။

ဦးနှောက်ထဲတွင် မှတ်သားထားသော အကြောင်းရပ်များ တခုနှင့်တခု ရှုပ်ထွေးကုန်မည်ဆိုလျှင် ကမ္ဘာပေါ်တွင် မှတ်ဉာဏ်ပါရဂူကြီးများ ပေါ်ပေါက်လာနိုင်စရာ အကြောင်း မရှိပေ။

ဗုဒ္ဓရှင်တော်ဘုရား၏ ညီတော် အာနန္ဒာမထေရ်သည် အမှတ်အသား ကောင်းခြင်းကြောင့် သတိမန္တ ဧတဒဂ်ဘွဲ့ကို ရရှိခဲ့ပါသည်။ ဘုရားရှင် ပရိနိဗ္ဗာန် စံလွန်တော်မူပြီးနောက် သုံးလမြောက်သောအခါ ရာဇဂြိုဟ်ပြည်ကြီးဝယ် ပဌမ သံဂါယနာတင်တော်မူခဲ့သည်။ ထိုသံဂါယနာပွဲတော်ကြီးတွင် ရှင်အာနန္ဒာ မထေရ်သည် သုတ္တန်ပိဋက၊ အဘိဓမ္မာ ပိဋကတို့နှင့် စပ်လျဉ်းသော မေးသမျှ မေးခွန်းတို့ကို ဝတ္ထုနိဒါန်းနှင့်တကွ အကျယ်ဖြေကြားတော် မူခဲ့သည်။ ဝိနည်းအရာ၌ ဧတဒဂ်ရတော်မူသော အရှင် ဥပါလိ မထေရ်သည် ဝိနည်းတော်နှင့် စပ်လျဉ်းသော မေးခွန်းများကို ဝတ္ထုနိဒါန်းနှင့်တကွ အကျယ်ဖြေဆိုတော်မူခဲ့၏။ ငါးရာသော ရဟန္တာ အရှင်မြတ်တို့သည်လည်း ထိုသုံးပုံသော ပိဋကတ်တော်တို့ကို တပေါင်းတည်း ရွတ်ဖတ်တော် မူခဲ့ကြသည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူ၍ အနှစ် ၁၀၀ ကျော်သော ကာလတွင် ဝေသာလီပြည်၌ ဒုတိယ သံဂါယနာတင်တော်မူခဲ့

ပြန်၏။ ထိုအခါတွင်လည်း ရဟန္တာ ၇၀၀ တို့သည် ပိဋကတ်သုံးပုံကို နှုတ်တက်ရွတ်ဆို၍ သံဂါယနာတင်တော်မူခဲ့ကြ၏။

သာသနာ ၂၃၅ နှစ်တွင် ရှင်မောဂ္ဂလိပုတ္တတိဿ မထေရ်ကို အကြီးအမှူးထား၍ ပါဋလိပုတ်ပြည်ကြီးတွင် သံဃာတော် ၁၀၀၀ တို့သည် ပိဋကတ်တော်များကို နှုတ်ဖြင့် ရွတ်ဆိုခြင်းဖြင့် တတိယသံဂါယနာ တင်တော်မူခဲ့ ကြပြန်သည်။

မြတ်စွာဘုရား သခင် ပရိနိဗ္ဗာန်စံလွန်တော်မူပြီးနောက် အနှစ် ၄၀၀ ကျော်အချိန်တွင် သီဟိုဠ်ကျွန်း၌ စတုတ္ထသံဂါယနာ တင်တော်မူပြန်သည်။ ဤအကြိမ်တွင်မှ နောင်အခါတွင် ရဟန်းတော်များ နှုတ်တက် မဆောင်နိုင်လျှင် ပိဋကတ်တော်များ ကွယ်ပျောက်သွားမည်ကို စိုးရိမ်ကြသဖြင့် ပိဋကတ်တော်များကို ပေထက်အက္ခရာ တင်တော်မူခဲ့ကြသည်။ ဤသံဂါယနာတင် သမိုင်းကို ထောက်ရှုခြင်းအားဖြင့် မြတ်စွာဘုရားသခင် သက်တော်ထင်ရှား ရှိတော်မူစဉ်မှစ၍ ပရိနိဗ္ဗာန် စံလွန်တော်မူပြီးသည့်နောက် အနှစ် ၄၀၀ ကျော်တိုင်တိုင် ရဟန္တာ အရှင်မြတ်များနှင့် သံဃာတော် အရှင်မြတ်တို့သည် ပိဋကတ် သုံးပုံကို နှုတ်တက် ရွတ်ဆိုခြင်းဖြင့် သာသနာတော်ကြီးကို စောင့်ထိန်းခဲ့ ကြောင်း ထင်ရှားလှပေသည်။

ပဥ္စမ သံဂါယနာတင် မင်းတုန်းမင်း လက်ထက်တွင်လည်း ဘုရားကြီးဆရာတော် အရှင်ဇာဂရာဘိဝံသ၊ ဆူးခါး ဆရာတော်နှင့် အခြားဆရာတော်အချို့တို့သည်ပိဋကတ် သုံးပုံကို နှုတ်တက် ဆောင်နိုင်ခဲ့ကြသည်။

မျက်မှောက်ခေတ်တွင် ကြည့်ပါဦး၊ ဆဋ္ဌသံဂါယနာတင်စဉ်က ပိဋကတ်တော်နှင့် စပ်လျဉ်းသော မေးခွန်းပေါင်း သောင်းချောက်ထောင်ကို မတိမ်းမစောင်း ဖြေဆိုတော်မူခဲ့သော တိပိဋကဓရ ဓမ္မဘဏ္ဍာ ဂါရိကဘွဲ့ရ အရှင်ဝိစိတ္တသာရာဘိဝံသ ဆရာတော်၊ ထိုဆရာတော်နည်းတူ

တိပိဋကဓရဓမ္မဘဏ္ဍာဂါရိကဘွဲ့ရ အရှင်နေမိန္ဒဆရာတော်နှင့် အခြား ပိဋကတ်ပါရဂူဘွဲ့ရ အရှင်မြတ်များစွာတို့သည် အလွန် ခက်ခဲနက်နဲသော ပိဋကတ်ကျမ်းစာများကို နှုတ်တက်ဆောင်တော် မူသော ဆရာတော်များ ဖြစ်ကြ၏။ တနည်းအားဖြင့်ဆိုသော် ဤပုဂ္ဂိုလ်များသည် မှတ်ဉာဏ်ပါရဂူကြီးများပင် ဖြစ်၏။

လစ်သူအေးနီယားနိုင်ငံမှ ရဟူဒီ သာသနာရေး ခေါင်းဆောင်ကြီး အလီဂျာ[၆] ဆိုသူ ပုဂ္ဂိုလ်ကြီးသည် စာတအုပ်ကို တကြိမ်ဖတ်လိုက်လျှင် ထိုစာအုပ်ထဲမှ စာများကို တလုံးမကျန် မှတ်မိခဲ့သည်ဆို၏။ ထို ပုဂ္ဂိုလ်ကြီးသည် စာအုပ်ပေါင်း ၂၅၀၀ မှ မှတ်ဖွယ်မှတ်ရာများကို ရွတ် ဆိုပြန်နိုင်ခဲ့သည်ဟု ဂျာမန်ရာဇဝင် ပါမောက္ခကြီး ဂရတ်(ဇ)[၇] က ရေးသား ဖော်ပြထားလေသည်။

အင်္ဂလန်နိုင်ငံမှ ၁၇ ရာစုနှစ်က ထင်ရှား ကျော်စောသော မှတ် ဉာဏ် ဝိဇ္ဇာကြီးတဦးလည်း ရှိသေးသည်။ ထိုပုဂ္ဂိုလ်ကြီး၏ အမည်မှာ လစ်(ပ)ဆီယပ်[၈] ဖြစ်၏။ သူသည် မည်မျှ မှတ်ဉာဏ်ကောင်းခဲ့သနည်း ဆိုသော် တခါက သူ၏ အသက်နှင့် အလောင်းအစားပြု၍ ဉာဏ်စွမ်း ပြခဲ့ဘူးသည်ဆို၏။

မစ္စတာ လစ်(ပ)ဆီယပ်သည် စာလုံးရေ နှစ်သိန်း ရှစ်သောင်း ပါဝင်သော အတ္ထုပ္ပတ္တိစာအုပ်တအုပ်ကို ဓားမြှောင်တချောင်းနှင့်အတူ မိတ်ဆွေတယောက်၏ လက်ထဲသို့ အပ်၍ "ကိုင်းမိတ်ဆွေ-နားထောင် ဒီစာအုပ်ထဲကပါတဲ့စာအတိုင်း တလုံးတပါဒ မလွဲရအောင် ကျုပ်ရွတ် ပြမယ်၊ စာတလုံး လွတ်သွားယင် ကျုပ်ကို ဒီဓားနဲ့ ထိုးပေတော့" ဟု ပြောဆိုဘူးသည်ဆို၏။

ဂျာမနီနိုင်ငံမှ ရပ်ကယ်[၉] ဆိုသူ စိတ္တဗေဒ ကျောင်းသားတဦး သည် အပြည်ပြည်ဆိုင်ရာ စမ်းသပ်မှု စိတ္တဗေဒ အစည်းအဝေးကြီး

၆။ Elizah ၇။ Graetz ၈။ J. Lipsius ၉။ Ruckle

တခုတွင် အစီအစဉ်အတိုင်း မဟုတ်ဘဲ (အမြဲအမှောက်မတွဲ) ရေးသားထားသော ကိန်း ၂၀၄ မျိုးကို ၁၃ မိနစ်မျှသာ ကျက်မှတ်ပြီးနောက် ပြန်လည်ရွတ်ဆိုပြနိုင်ခဲ့သည်။

ပိုလန်လူမျိုး သင်္ချာပညာရှင် ဒေါက်တာဆလိုဖင်ကယ်စတိန်[၁၀] သည် ဂဏန်းပေါင်း ၂၂ လုံး ပါဝင်သော–၆၂၄၇၀၆၈၄၅၉၈၆၁၉ ၃၂၆၁၈၄၁ ကိန်းတန်းရှည်ကြီးကို ၃.၄၃ စက္ကန့်(၃ စက္ကန့်သာသာ)မျှဖြင့် အရကျက်မှတ်နိုင်လေသည်။

ဩစတြီးယန်းလူမျိုး ဂီတဆရာ မိုဇတ်[၁၁] သည် အခြားဂီတဆရာ တဦး စပ်ဆိုထားသော သီချင်းတပုဒ်ကို တခါမျှ ကြားဘူးရုံဖြင့် ထိုသီချင်းကို နောင်အလိုရှိသောအခါတွင် ကောက်၍ ရေးသားနိုင်သည်ဟု ဆိုသည်။

အထက်ပါ သာဓကများကို ထောက်ရှု၍ အမှတ်ရများသဖြင့် ဦးနှောက်ထဲတွင် ရှုပ်ထွေးကုန်မည်ဆိုသော အချက်ကိုလည်း စိုးရိမ်စရာ မဟုတ်တော့ပေ။ ထို့အတူ အမှတ်ရများသဖြင့် ဦးနှောက် ပေါက်ကွဲသွားမည်၊ ရှုံးသွပ်သွားမည်ဟူ၍လည်း စိုးရိမ်စရာ မရှိပေ။ ရှေးပဝေဏီမှစ၍ ယနေ့အထိ ထင်ရှားသော မှတ်ဉာဏ် ဝိဇ္ဇာကြီးများသည် မှတ်ရများလွန်းသဖြင့် ဦးနှောက်ကွဲသွားသည်၊ ရှူးသွပ်သွားသည် စသော မှတ်တမ်းများ မရှိသေးဘူးချေ။

အမေရိကန်နိုင်ငံမှ မှတ်ဉာဏ်ရင့်သန်စေနည်း ကျွမ်းပြူသူ မစ္စတာ ဟယ်ရီလော်ရိန်း[၁၂] ကမူ "မှတ်ဉာဏ်၏ စွမ်းရည်သတ္တိမှာ အကန့်အသတ် မရှိပါ"ဟု သူ၏ စာအုပ်တွင် ရေးသား ဖော်ပြထားလေသည်။

ဤအချက်နှင့် ပတ်သက်၍ ဆက်လက်ဖော်ပြရလျှင် ကျွန်ုပ်တို့၏ မှတ်ဉာဏ်မှာ တနည်းအားဖြင့် ဓားနှင့် တူပေသည်။ ဓားကို အသုံး

၁၀။ Dr. Salo Finkelstein
၁၂။ Mr. Harry Lorayne
၁၁။ W.A Mozart.

မပြုဘဲ ထားလျှင် အလိုလို သံချေးတက်၍ သွားတတ်ပေသည်။ သွေးလည်းသွေး၊ သုံးလည်းသုံးမှသာ ဓားသည်ထက်၍ နေတတ်၏။ ဤသည်ကို ရည်ရွယ်၍ ကျီးသဲလေးထပ်ကျောင်း ဆရာတော် ဘုရားကြီးက "သံလျှက်ဖြစ်ငြား၊ မသွေးထားသော်၊ ချင့်ဓားလိုခါ မတုံးလား" ဟု ဓမ္မဂန်ဖတ်စာတွင် ရေးစပ်ထားလေသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် မှတ်ဉာဏ်ကို စံနစ်တကျ မှန်မှန် အသုံးချသွားရန် လိုပေသည်။

**အသုံးမချရသေးသော ဦးနှောက်စွမ်းအင်**

အထက်၌ ဖော်ပြခဲ့သော မှတ်ဉာဏ် ပါရဂူကြီးမျိုးမှလွဲ၍ ကျွန်ုပ်တို့အားလုံးသည် ကျွန်ုပ်တို့၏ ဦးနှောက်စွမ်းရည်ကို ရာခိုင်နှုန်းများများ အသုံးမချကြသေးကြောင်း ထင်ရှားလှပေသည်။ ဟာဗတ်တက္ကသိုလ်မှ စိတ်ပညာ ပါရဂူကြီး မစ္စတာဝီလျံဂျိမ်း[၁၃] (၁၈၄၂-၁၉၁၀) ၏ စူးစမ်းရှာဖွေချက်အရ သာမန် အခြေအနေ၌ ကျွန်ုပ်တို့တွင် ဦးနှောက်စွမ်းရည်၏ ၁၀ ရာခိုင်နှုန်းမျှသာ တိုးတက်ဖွံ့ဖြိုးလျက် ရှိသေးကြောင်း သိရှိရပေသည်။ သို့တပြီးကား ကျွန်ုပ်တို့သည် ဦးနှောက်စွမ်းရည်ကို ယခုထက်ပိုမို၍ များစွာ အသုံးပြုနိုင်သေးကြောင်းမှာ ယုံမှားဘွယ်ရာ မရှိပေ။

ကျွန်ုပ်တို့၏ ဦးနှောက်ထဲတွင် မရှိတော့ပြီဟု တွေးထင်ရလောက်အောင် မေ့ပျောက်နေသော အကြောင်းကိစ္စများကို စိတ်ညှို့ခြင်း (အိပ်မွေ့ချခြင်း)ဖြင့် ပြန်လည်သတိရနိုင်လေသည်။

အမေရိကန်နိုင်ငံ ဗားမောင့်တက္ကသိုလ်[၁၄] မှ ပါမောက္ခ ဒေါက်တာ ရောဘတ်ထရူး[၁၅] သည် လူပေါင်း ၅၀ ကို အိပ်မွေ့ချ၍ သူတို့ငယ်စဉ်က မှတ်သားထားချက်များကို မေးမြန်းရာ၊ လူ ၄၀ တို့သည် သူတို့လေး

၁၃။ William James

၁၄။ University of Vermont.

၁၅။ Dr. Robert M. True.

နှစ် ပြည့်သောနေ့၊ ခုနှစ်နှစ်ပြည့်သောနေ့နှင့် ဆယ်နှစ် ပြည့်သောနေ့တို့သည် မည်သည့်နေ့များ(တနင်္ဂနွေ၊ တနင်္လာ စသည်ဖြင့်) ဖြစ်သည်ကိုင်း၊ ထိုနှစ်များတွင် ကျရောက်ခဲ့သော ခရစ္စမတ် ပွဲတော်နေ့များသည် မည်သည့်နေ့များဖြစ်သည်ကိုင်း တိကျမှန်ကန်စွာ ပြောပြနိုင်လေသည်။

ဒေါက်တာ ထရူးသည် ဤသို့ စမ်းသပ်သည့်နည်းဖြင့် ကျွန်ုပ်တို့၏ ဦးနှောက်သည် ကျွန်ုပ်တို့တွေးထင်သည်ထက် မှတ်နိုင်စွမ်းရှိကြောင်းကို သက်သေပြခဲ့ပေသည်။

ကျွန်ုပ်တို့တွင် မှတ်စရာ သားစရာများလည်း မြောက်မြားစွာ ရှိနေသေးသည်။ မှတ်ဉာဏ်စွမ်းရည်ကလည်း များစွာ ရှိနေသေးသည်။ သို့ရာတွင် တွေ့သမျှ မြင်သမျှ အားလုံးကို မှတ်သားရမည်ဟု မဆိုလိုပေ။ ဥပမာအားဖြင့် လွန်ခဲ့သည့် သုံးနှစ် တန်ခူးလဆန်း ၁ ရက်နေ့က ဘာဟင်းနှင့် ထမင်းစားသည်ဆိုသော ကိစ္စမျိုး၊ ထန်းပင်တပင်တွင် ထန်းသီး ဘယ်နှခုလုံး ရှိသည်ဆိုသော ကိစ္စမျိုးများမှာ အချိန်ကုန် လူပန်းရုံမှတပါး အကျိုးကျေးဇူး မများလှသော ကိစ္စမျိုးများဖြစ်သဖြင့် မှတ်သားထားချင် မလိုပေ။ အသုံးဝင် အကျိုးရှိမည့် ကိစ္စမျိုးများကို မှတ်သားထားနိုင်မှ မှတ်ဉာဏ်ရည်လည်း တက်လာမည့်ပြင်၊ ကျွန်ုပ်တို့ နေ့စဉ် လုပ်ငန်းများတွင် အထောက်အကူ ပြုစေနိုင်ပေမည်။

## မှတ်ဉာဏ်နှင့် အသက်အရွယ်

အသက်ငယ်ရွယ်သူများသည် မည်သည့် အကြောင်းအရာကို မဆိုမှတ်မိလွယ်သည်။ စာကျက်၍လည်း ရလွယ်သည်။ အသက်ကြီးရင့်သူများသည် မှတ်ဉာဏ်ထိုင်းမှိုင်းလာသဖြင့် မေ့လွယ်တတ်သည်။ အကြောင်းအရာတခုကို မှတ်မိရန် ခဲယဉ်းသည်ဟု လူအများက ထင်မြင်

ကြသည်။ထင်မြင်ရုံမျှမက အစွဲအလမ်းကြီးစွာ လက်ခံယုံကြည်သူများ လည်း အများအပြား ရှိကြသည်။

ကလေးသူငယ်များတွင် ကြီးမားသော လောက၏ တာဝန်များ နှင့် အခြား ပူပင်သောကများ ကင်းဝေးသဖြင့် သူတို့၏ ဦးနှောက် သည် အစဉ်အမြဲ ကြည်လင်လျက်ရှိ၏။ ထိုမှတပါး သူတို့အဖို့ လော ကကြီး အတွင်း၌ သိချင်စရာ၊ မြင်ချင်စရာ၊ ကြားချင်စရာ၊ နားလည် ချင်စရာများလည်း များပြားလှ၏။ ထို့ကြောင့် သူတို့တွင် စူးစမ်းလို စိတ်၊ မှတ်သားလိုစိတ်များ တဖွားဖွား ရင့်သန်လျက်ရှိသည်။ ထိုသို့ မှတ်သားလိုစိတ်များ ရင့်သန်သည်နှင့်အမျှ မှတ်သားလိုက်လျှင်လည်း စွဲမြဲ၍ သွားလေတော့သည်။ စိတ်ပညာရှင်ကြီးများ လေ့လာစမ်းသပ် ချက်များအရ လူတို့သည် မွေးစ အရွယ်မှ တဖြည်းဖြည်း အလေးချိန် နှင့် အရပ်အမောင်း တိုးတက်လာသကဲ့သို့ အသိဉာဏ် သည်လည်း တဖြည်းဖြည်းတိုးတက်လာခဲ့သည်ဆို၏။ သို့ရာတွင် ထိုသို့ တိုးတက် မှုသည် ၁၅ နှစ် ၁၆ နှစ်အရွယ်တွင် ရပ်တန့်သွားသည်ဟုဆိုပါသည်။

အသက်အရွယ် ကြီးရင့်သူများသည် ကာယဗလ၌ရှင်း၊ ဉာဏ ဗလ၌ရှင်း၊ အနည်းငယ် ယုတ်လျော့လာသော အရိပ်လက္ခဏာများ ရှိသည်ကား မှန်၏။ သို့သော် မှတ်ဉာဏ်မှေးမှိန်ကုန်ခန်းသွားသည် ဟူကား ဆိုရန်ခဲယဉ်းပေသည်။ အသက်ကြီးရင့်သူ အများသည် လွန် ခဲ့သောတရက် နှစ်ရက်ခန့်က တွေ့ကြုံဖြစ်ပျက်ခဲ့သော အကြောင်း အရာများကို မေ့ပျောက်သွားတတ်သော်လည်း၊ ငယ်စဉ် တောင်ကျေး ကလေးဘဝမှ အတွေ့အကြုံများကို လုံးစေ့ပတ်စေ့ ပြန်ပြောင်းပြော ပြနိုင်သည်ကို တွေ့ဘူးကြားဘူးကြပေလိမ့်မည်။ဤအချက်ကိုထောက် ရှုခြင်းအားဖြင့် အသက်ကြီးရင့်သူများ၌ မှတ်ဉာဏ် မှေးမှိန် ကုန်ခန်း သွားတတ်သည်ဆိုသော အယူအဆကို လက်ခံနိုင်ဘွယ်ရာ မရှိပေ။

မေ့လျော့ခြင်း၊ မမှတ်မိခြင်း၏ အကြောင်းရင်းမှာ အသက်အရွယ်

တခုတည်းအပေါ်၌သာ မူမတည်ပေ။ မေ့လျော့ခြင်းမှာ ထပ်မံမလေ့လာခြင်း၊ ပြန်လည် နှလုံးမသွင်းခြင်းကြောင့်လည်း ဖြစ်နိုင်သည်။ စစ်အတွင်းက ဂျပန်စကားကို ရေရေလည်လည် ပြောတတ်သူ လူငယ်အများပင် ယခုအခါနှ်၌ လေ့လာခြင်း မရှိသဖြင့် ဂျပန်စကား မေ့ပျောက်သွားသည်ကို သတိပြုမိကြပေလိမ့်မည်။ စာချ ကိုယ်တော်ကြီးသည် သုံးလေးနှစ် စာမချဘဲ နေသည့်ပြင် မိမိပို့ချရမည့် စာများကို ပြန်လည် လေ့လာခြင်း၊ နှလုံးသွင်းခြင်း မပြုလျှင် မေ့ပျောက်သွားမည်မှာ မုချပင်ဖြစ်၏။

လူငယ်လူရွယ်များမှာ အထက်၌ ဖော်ပြခဲ့သည့်အတိုင်း စူးစမ်းလိုစိတ်၊ သိရှိလိုစိတ်များ တဖွားဖွား ဖြစ်ပေါ်နေသူများ ဖြစ်သည်။ အသက်အရွယ် ကြီးရင့်သူတို့မှာ မိမိတို့ဘဝတလျှောက်၌ တွေ့ဘူး ကြုံဘူး၊ သိရှိဘူးသော အကြောင်းအရာများ များပြားခဲ့ပြီ ဖြစ်သည့်အလျောက် စူးစမ်းလိုသောစိတ်၊ မှတ်သားလိုသောစိတ်များမှာ လူငယ်များလောက် မထက်သန်တော့ပေ။ အချို့အသက်အရွယ်ကြီးရင့်သူများကား ထိုစိတ်များကို စွန့်ပယ်၍ပင် ထားကြသည်။

အထူးသဖြင့် ဗုဒ္ဓတရားတော်ကို ယုံကြည်လက်ခံကြသော မြန်မာလူမျိုးများသည် အသက်အရွယ် ကြီးရင့်လာသောအခါ လိုချင်ခြင်း၊ တပ်မက်ခြင်း၊ ပိုင်ဆိုင်လိုခြင်းစသော လောဘတရား၊ မောဟတရားများကို တစတစပယ်ပယ်ကာ လောကုတ္တရာတရားများကိုသာ ရှာမှီးအားထုတ်လေ့ ရှိကြသည်။ ငယ်ရွယ်သူများအဖို့ အရေးကြီးသည်၊ အဖိုးတန်သည်ဆိုသော အကြောင်းအရာတို့မှာ သူတို့အဖို့ အရေးကြီးချင်မှကြီးပေမည်။ အဖိုးတန်ချင်မှ တန်ပေမည်။ ထို့ကြောင့် သူတို့သည် မိမိတို့အဖို့ အရေး မကြီး၊ အဖိုးမတန်သော အရေးကိစ္စများကို သိမ်းထားရန်လည်း မလိုပေ။ ပင်ပန်းခံ၍ မမေ့မပျောက်ရအောင် ကြိုးစားရန်လည်း မလိုပေ။ အသက်ကြီးရင့်သူများက မိမိတို့ ဆန္ဒ

အလျောက် ဤသို့ သိမှီးမထားခြင်းကိုပင် ကျွန်ုပ်တို့က အသက်ကြီး ရင့်သူများ မှတ်ဉာဏ် မှေးမှိန်သွားတတ်သည်ဟု လွဲမှားစွာ ထင်မြင် တတ်ကြလေသည်။

ပုဂံပြည်မှ ဦးကျည်ပွေ့ဟု ထင်ရှားသော ရှင်ဒိသာပါမောက္ခ ဆရာ တော်သည် အသက် ၆၀ တွင်မှ ပိဋကတ်စာပေများကို ဖြစ်ဖြစ်မြောက် မြောက် စတင်လေ့လာခဲ့သည်။ ထိုဆရာတော်သည် တနေ့လျှင် ဒန် ပူတထောက်မျှသော စာပေတို့ကို ကျေကျေချောချော မိမိရရ ကြိုး စား၍လာခဲ့ရာ၊ ကာလမကြာမြင့်မီအတွင်း အထူးတတ်မြောက်လာခဲ့ သဖြင့် ရာဇဝင်တွင် ထင်ရှားကျော်ကြားသော ပညာရှင်တဦး ဖြစ်လာ ခဲ့လေသည်။

အမတ်ကြီး ဖိုးရာဇာသည် မင်းကြီးစွာ စော်ကဲလက်ထက်မှ ပဥ္စမ မင်းခေါင် လက်ထက်အထိ မင်းသုံးဆက်တိုင်တိုင် တိုင်းရေးပြည်မှုတို့ကို မလစ်မဟင်းရအောင် ထမ်းဆောင်ခဲ့လေသည်။ ပဥ္စမ မင်းခေါင် လက် ထက်သို့ ရောက်သောအခါ အမတ်ကြီးမှာ အသက် ၇၀ အရွယ်သို့ ရောက်ရှိလေပြီ။ အမတ်ကြီးသည် မိမိကိုယ်တိုင်လည်း အရာခပ်သိမ်း တွင် သတိကို ကြီးစွာထား၍ လုပ်ကိုင်ဆောင်ရွက်သည့်အပြင် အခြား ပုဂ္ဂိုလ်များကိုလည်း သတိထားရန် အစဉ်အမြဲ နှိုးဆော်တိုက်တွန်း လေ့ရှိ၏။ တခါသော် ဘုရင်မင်းခေါင်က အမတ်ကြီး မည်မျှသတိ ကောင်း မကောင်း စမ်းလို၍ တိုင်းရေးပြည်မှုများကို ဆွေးနွေးတိုင် ပင် နေရာမှ ရုတ်တရက် ဖိုးရာဇာဖက်သို့ လှည့်၍“အဖိုး၊ လောကတွင် ဘယ်ဥသည် အဆိမ့်ဆုံးလဲ”ဟု မေးတော်မူ၏။

ဖိုးရာဇာက“မှန်လှပါ၊ ဖွတ်ဥသည် အဆိမ့်ဆုံး ဖြစ်ပါသည်ဘုရား” ဟု လျှောက်ထားလေ၏။ ဘုရင်မင်းခေါင်လည်း တစုံတရာ ဆက် လက် မိန့်တော်မမူဘဲ တိုင်းရေး ပြည်ရေးတို့ကိုသာ ဆက်လက် ဆွေး နွေးနေတော်မူ၏။

ထို့နောက် တနှစ်တိတိကြာသောအခါ ယခင်ကကဲ့သို့ မှူးမတ်များနှင့် တိုင်းရေး ပြည်ရေးတို့ကို ဆွေးနွေးနေရာမှ ဖိုးရာဇာဖက်သို့လှည့်၍ "အဖိုးရာဇာ သည်ချည်းသာလော" ဟုမေးတော်မူ၏။ ဖိုးရာဇာလည်း နှောင့်နှေး ကြန့်ကြာခြင်းမရှိဘဲ "မှန်လှပါ၊ ဆားနှင့်ပါဘုရား" ဟု တင်လျှောက်လိုက်လေ၏။ ထိုအခါ ဘုရင်မင်းခေါင်က ဖိုးရာဇာ အလွန်ပင် သတိကောင်းလှပေသည်ဟု ချီးမွမ်းတော် မူလေသည်။ စင်စစ်သော်ကား ဤဒုတိယ မေးခွန်းသည် ပဌမ မေးခွန်း၏ အဆက်ပင် ဖြစ်၏။ ဘုရင်မင်းခေါင်က တကြိမ်တည်း မမေးဘဲတနှစ်ကြာမှာ မေးမြန်းခြင်း ဖြစ်၏။

အင်းဝ နေပြည်တော်တွင် နရပတိမင်းကြီး လက်ထက် မဏိသာရမဉ္ဇူသာဋီကာ ကျမ်းပြုအကျော် သျှင်အရိယဝံသ ဆရာတော်သည် ကိုယ်ဝန်ဆောင် မိန်းမတယောက်၏ တရွက်စာမျှလောက်သော ပါဠိကျမ်းဂန် (ပေစာ) များကို နှုတ်တက်အာဂုံဆောင်နိုင်သည်ဟု အဆိုရှိသည်။

စာဆို ပုဂ္ဂိုလ် အကျော်အမော်ဖြစ်သော ဦးပုညသည်လည်း လျင်မြန်ထက်မြက်သည့် ဉာဏ်ရှိရုံမျှမက မှတ်ဉာဏ်လည်း အလွန်ကောင်းသည်ဟု ဆိုကြသည်။

ဦးပုညသည် အမျိုးမတူသော ကဗျာတို့ကို တလှည့်စီတကြိမ်တည်းဖြင့် ရေးသား စီကုံးနိုင်သည်ဟု ဆို၏။ ဥပမာအားဖြင့် ဦးပုညထံတွင် ပဌမလူ တဦးက ဝန်စကား၊ ဒုတိယလူကမေတ္တာစာ၊ တတိယလူက တေးထပ်၊ စတုတ္ထလူက ရတုစသည်ဖြင့်အရေးခိုင်းလျှင်၊ ဦးပုညသည် ထိုလူလေးယောက်ကို တပြိုင်တည်း ထိုင်နေစေ၍ ပဌမလူအား ဝန်စကား တပိုဒ်ကို စီပေးလိုက်၏။ တဖန် ဒုတိယလူအား မေတ္တာစာကိုစီပေး၏။ ဤသို့အားဖြင့် စတုတ္ထလူအတွက် ရတုတပိုဒ်ကို စီပေးလိုက်ပြီးနောက် ပဌမလူအတွက် ဝန်စကားကို ယခင်ဆုံးထားသည့် နေရာက ဆက်၍

စီပေးပြန်သည်။ ထိုနောက် အစဉ်အတိုင်း ကျန်ပုဂ္ဂိုလ်များအတွက် ဆက်ကာဆက်ကာ စီပေးနိုင်လေသည်။ ဦးပုညသည် ပဒုမ ပြဇာတ်ကို ရေးသားစဉ်က ဤနည်းအတိုင်း ရေးသားခဲ့သည်ဟု ဆို၏။

မြန်မာနိုင်ငံကို အင်္ဂလိပ် အစိုးရတို့ သိမ်းယူပြီးသည့်နောက်မဟာ သံဃာရာဇာဘွဲ့နှင့် ဒီလစ်ဘွဲ့တို့ကို ရရှိသည့်အပြင် ခရစ်နှစ် ၁၉၀၃ ခုတွင် အထက်မြန်မာနိုင်ငံအတွက်သာသနာပိုင် ဆရာတော်အဖြစ် ခန့်ထား ခြင်းခံရတော်မူသောတောင်ခွင်ဆရာတော်ဘုရားကြီး ရှင်ဝိသုဒ္ဓသီလာ စာရသည်လည်း မှတ်ဉာဏ် အလွန်ကောင်းသောဆရာတော်ဖြစ်သည် ဟု ထင်ရှား ကျော်စောခဲ့သည်။ သာသနာပိုင်ဆရာတော်ကြီးသည် အသက်အရွယ် အိုမင်း ရင့်ရော်လာသော အချိန်၌ မျက်စိနှစ်လုံး ကွယ်ခဲ့သည်။ သို့ရာတွင် ဆရာတော်ကြီးသည် မိမိအုပ်ချုပ်ရသော သံဃာ့အဖွဲ့ဝင်၊ ဂိုဏ်းချုပ်၊ ဂိုဏ်းအုပ်၊ ဂိုဏ်းထောက်ဆရာတော်များ၊ ကျောင်းထိုင်ဆရာတော်များ၏ ဘွဲ့နာမည်နှင့်တကွ၊မြို့အမည်၊ကျောင်း အမည်ပါမကျန် နှုတ်တက် အာဂုံရရှိတော်မူ၏။

ဆရာတော်ကြီးထံသို့ ရောက်ရှိလာသော ရဟန်းရှင်လူ များထဲ တွင် ယခင်က တွေ့ဘူး မြင်းဘူးသူဖြစ်လျှင် အသံကြားရုံမျှဖြင့် ထို ပုဂ္ဂိုလ် အမည် နေရပ်နှင့်တကွ မည်သည့်အချိန်က မည်သည့်နေရာ တွင် ထိုပုဂ္ဂိုလ်နှင့် တွေ့ဆုံဘူးကြောင်းကို တပ်အပ်သေချာ ပြောဆို နိုင်သည်ဟု ဆိုသည်။

သာသနာပိုင် ဆရာတော်ကြီးသည် မျက်စိကွယ်နေသော်လည်း စာပေလေ့လာရာ၌ ရောင့်ရဲတင်းတိမ်ခြင်းမရှိရကား မိမိကျောင်းတိုက် အတွင်းရှိ ပိဋကတ်တိုက်မှ ပေထုပ်တထုပ်စီကို တပည့်တဦးဦးအား နေ့စဉ် ဖတ်ကြားစေ၍ အနက် အဓိပ္ပါယ် ရှင်းပြလေ့ ရှိလေသည်။

မျက်စိကွယ်လွန်ပြီးမှပင် ဂူဠတ္ထဝိနိစ္ဆယ ကျမ်းကြီးကို ရေးသား ထုတ်ဝေခဲ့သည်။ ငါးရာ့ငါးဆယ် ဇာတ်တော်ကြီးကို အတိုကောက် အ

ကျဉ်းချုပ်ဖြင့် လူအများ နားလည်စိမ့်သောငှါ သံပေါက်ပေါင်း ၅၅၀ ကျော်ဖြင့် ဖွဲ့ဆိုခဲ့သေးသည်။ ကဝိလက္ခဏာ သတ်ပုံသံပေါက်နှင့် စွယ်စုံကျော်ထင် သံပေါက်တို့ကို သဘောကျလှသဖြင့် ကဝိစွယ်စုံ အမည်ရှိသော သတ်ပုံကျမ်းကြီး တစောင်ကိုလည်း ရေးသား ပြုစုခဲ့လေသည်။

ဆရာတော်ကြီးမှာ ဇရာထောင်းသဖြင့် မျက်စိကွယ်နေလေခဲ့ရာ ထိုကျမ်းများကို ပြုစုစဉ်က နှုတ်ဖြင့်ပြောပြပြီးလျှင် မိမိ၏ အပါးတော်မြဲရဟန်းတပါးနှင့်တူဖြစ်သူ ကိုခင်မောင်တို့က ရေးမှတ်ပေးခဲ့ကြရသည်ဟု ဆိုသည်။

၁၉၆၅ ခုနှစ် ဩဂုတ်လတွင် ပျံလွန်တော်မူခဲ့သော ရွှေမန်းဆရာတော်ဟု နာမည်ကြီးသည့် အဂ္ဂမဟာပဏ္ဍိတဘွဲ့ရ ဦးကေသရ ဆရာတော်ဘုရားကြီးသည်လည်း ထူးထူးကဲကဲ မှတ်ဉာဏ်ကောင်းသော ပုဂ္ဂိုလ်ဖြစ်သည်ဟု လူထု ဦးလှက ဦးဖိုးလှိုင်အတ္ထုပ္ပတ္တိ စာအုပ်တွင် ဖော်ပြထားသည်။ ဆရာတော်ကြီးသည် စာအုပ်စာတမ်းနှင့် ရေးသားမှတ်သားထားသော အကျင့်ကားမရှိ။ သို့ရာတွင် ဦးနှောက်ထဲတွင် မှတ်သားထားလိုက်သည်မှာ အရေးကြီးသော အကြောင်းအရာတခု ဆိုလျှင် တခါကြားဘူးလျှင် ဘယ်ခါမျှ မမေ့တော့သည့်သဘောကို တွေ့ရသည်ဟု ဆိုပါသည်။

ထိုအတူ ကွယ်လွန်ပြီးခဲ့ကြသော လယ်တီပဏ္ဍိတ ဦးမောင်ကြီး၊ သခင် ကိုယ်တော်မှိုင်း၊ အဂ္ဂမဟာပဏ္ဍိတ ဆရာကြီး ဦးလင်းနှင့် ဆရာကြီး ဦးအောင်မြတ်ထွန်း (အရှင် အာဒိစ္စဝံသ) တို့မှာလည်း မှတ်ဉာဏ်ကောင်းသော ပုဂ္ဂိုလ်များ ဖြစ်သည်ဟု ထင်ရှားသည်။

မြန်မာရာဇဝင်၌ ထင်ရှား ကျော်ကြားသော ရဟန်းပညာရှိ၊ လူပညာရှိ များစွာတို့မှာ မှတ်ဉာဏ်ရင့်သန်သူများပင် ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ရှေးပညာရှင်များသည် ရဟန်းတော်များထံတွင် ပိဋကတ်စာပေများကို အာဂုံပြန်ဆိုသင်ကြားခဲ့ရသူများ ဖြစ်သဖြင့် မိမိ

သင်ကြားထားသော စာပေများကို ကြာရှည်စွာ သိမ်းထားနိုင်သူများဖြစ်သောကြောင့် ပေတည်း။

ရောမဘုရင်နီရို၏ ဆရာဖြစ်ခဲ့သော ပညာရှိကြီး ဆိနီကား[၁၆] သည် နီရိုဘုရင်၏ အမိန့်ဖြင့် မိမိကိုယ်ကို မိမိ အဆုံးစီရင်ခါနီးတွင် အောက်ပါအတိုင်း ပြောကြားခဲ့၏။

“အိုမင်းခြင်းသည် ကျွန်ုပ်အား များစွာ နှိပ်စက်ခဲ့လေပြီ။ ကျွန်ုပ် ပိုင်ဆိုင်ခဲ့သော စွမ်းရည်သတ္တိများလည်း များစွာကုန်ခန်းခဲ့လေပြီ။ ကျွန်ုပ်၏ မျက်စိများလည်း မှုန်ခဲ့လေပြီ။ နားများလည်း ထိုင်းခဲ့ပြီ။ ကျွန်ုပ်၏ အကြောအခြင်များလည်း အားပျော့ခဲ့လေပြီ။ ယခုပြောခဲ့သော အရာများအပြင် ထိုအရာထက် နူးညံ့သိမ်မွေ့သော အရာတခုကား ရှိပါသေး၏။ ထိုအရာကား အခြားမဟုတ်ပါ။ ဇရာထောင်းခြင်းကို ပဌမဆုံး သိရှိခဲ့သော မှတ်ဉာဏ်ပင် ဖြစ်ပါသည်။ ထိုမှတ်ဉာဏ်ကား ကျွန်ုပ်တွင် ယခုအထိ တိုးတက်ဖွံ့ဖြိုးလျက်ပင် ရှိပါသေး၏။ မည်မျှ ဖွံ့ဖြိုးလျက် ရှိသေးသနည်းဆိုသော် နာမည် ၂၀၀၀ ကို ယခုရှေ့က ရွတ်ဆိုသွားလျှင် ကျွန်ုပ်သည် တလုံးမလွဲရအောင် အစဉ်အလိုက် ရွတ်ဆိုပြနိုင်ပါသေး၏။”

ထိုပုဂ္ဂိုလ်ကြီးသည် ထိုအရွယ်၌ လက်ာပုဒ်ရေ ၂၀၀၀ ကျော်ကို အဆုံးမှအစသို့ပြန်၍ ရွတ်ဆိုပြနိုင်သည်ဟု ဆို၏။ ဆိနီကားက မိမိ၏ မှတ်ဉာဏ်သည် အလွန်တရာ သစ္စာရှိသော ဘဏ္ဍာထိန်းကြီး ဖြစ်သည်ဟုလည်း မိန့်ဆိုခဲ့လေသည်။ ဤသာဓကမှာ အသက်အရွယ် ကြီးရင့်သော်လည်း မှတ်ဉာဏ်ကို မထိခိုက်ကြောင်း ထင်ရှား လှပေသည်။

အမေရိကန်နိုင်ငံ မေရီလင်းပြည်နယ်ရှိ အမေရိကန် အမျိုးသား စိတ်မှု ကျန်းမာရေးဌာနမှဒေါက်တာဗိုင်ရင်[၁၇] ဆိုသူ ပုဂ္ဂိုလ်ကြီးသည် အသက်အရွယ် ကြီးရင့်သူများ မှတ်ဉာဏ် ထိုင်းမှိုင်းတတ်သလော ဆို

၁၆။ Lucius Seneca
၁၇။ Dr. Birren

သော ပြဿနာနှင့် ပတ်သက်၍ ကာလအတန်ကြာအောင် သုတေသနပြုခဲ့သည်။ ထိုပုဂ္ဂိုလ်ကြီး၏ လေ့လာစူးစမ်းချက်များအရ အသက်အရွယ် ကြီးရင့်သူများအနက် လူ ၁၀၀ လျှင် ငါးယောက်မျှသာ အသက်အရွယ်ကြောင့် မှတ်ဉာဏ် စွမ်းရည်ကို ထိခိုက်ကြောင်း တွေ့ရှိရသည်ဟုဆိုသည်။

ထိုသို့ တွေ့ရှိရသော ပုဂ္ဂိုလ်များအနက် အချို့သည် အသက် ၅၀ ကျော် ၆၀ နီးတွင်မှ မှတ်ဉာဏ်ထိုင်းမှိုင်းမှု လက္ခဏာများ ပေါ်ပေါက်လာခဲ့သည်ဆို၏။ သို့ရာတွင် ယေဘုယျအားဖြင့် မှတ်ဉာဏ် ထိုင်းမှိုင်းမှု လက္ခဏာကို အသက် ၇၀ အလွန် ၈၀ အတွင်းတွင်မှ ထင်ရှားစွာ သိရှိနိုင်ပေသည်ဟု ဒေါက်တာဗိုင်ရင်က ဆိုသည်။ အရက်ကို အလွန်အကျူးသောက်သူများနှင့် ဦးနှောက်အတွင်းရှိ သွေးကြောကလေးများ ပိတ်နေသော ရောဂါ စွဲကပ်ကြသူများသည် ထို့ထက်စော၍ မှတ်ဉာဏ် ထိုင်းမှိုင်းသည်ဟု ဆိုလေသည်။

လူ ၁၀၀ လျှင် ၉၅ ဦးသည် အသက်အရွယ် ကြီးရင့်လာသောအခါ မှတ်ဉာဏ် စွမ်းရည် အနည်းငယ်ပြောင်းလဲလာကြောင်း တွေ့ရမည်ဖြစ်သော်လည်း၊ ဝိနည်းတကျ မှတ်သားထားခြင်း၊ စံနစ်တကျ လေ့လာထားခြင်းများ ရှိပါမူ မှတ်ဉာဏ်ကို ပြောပလောက်အောင် ထိခိုက်သွားလိမ့်မည် မဟုတ်ဟု ဒေါက်တာ ဗိုင်ရင်က မှတ်ချက် ချလေသည်။

ဤရှာဖွေ စူးစမ်းချက်များကို ထောက်ရှုခြင်းအားဖြင့် အသက်အရွယ် ကြီးရင့်သူတို့သည် မှတ်ဉာဏ် ထိုင်းမှိုင်းသွားသည်ဟု တထစ်ချ မယူဆသင့်ပေ။ ထို့ကြောင့် ဓာပေပညာကို လေ့လာရန် အတွက်၎င်း၊ မှတ်ဉာဏ် ရင့်သန်စေရန် ကြိုးစားရန်အတွက်၎င်း၊ အသက်အရွယ်သည် ပဓာနမဟုတ်၊ မိမိ၏ စိတ်ဆန္ဒနှင့် ဇွဲလုံ့လသာလျှင် ပဓာနဖြစ်ကြောင်း သိထားသင့်ပေသည်။

## မှတ်ဉာဏ်နှင့် ကျန်းမာရေး

အသက်အရွယ်ကြီးရင့်ခြင်းသည် မှတ်ဉာဏ်ကို အလွန်အကျူး မထိခိုက်စေနိုင်ကြောင်းကိုကား ကျွန်ုပ်တို့ သိရှိရပေပြီ။ တဖန် ကျန်းမာရေး ချို့တဲ့မှုသည် မှတ်ဉာဏ်ကို ထိခိုက်စေနိုင်သလော ဆိုသော မေးခွန်းကိုစဉ်စားရန် ရှိပေသေးသည်။

"ကျွန်ုပ်တို့သည် စွမ်းသန်သော မှတ်ဉာဏ်ပိုင်ရှင်ကြီးများဖြစ်ရန်အတွက် ကျန်းမာသန်စွမ်းသော ပုဂ္ဂိုလ်များ ဖြစ်ရန် လိုပါသည်။ ထို့အပြင် စိတ်ကြည်လင်ရန်လည်း လိုသည်" ဟု စိတ်ပညာ ပါရဂူကြီးများနှင့် မှတ်ဉာဏ်ဝိဇ္ဇာ ဆရာကြီးများက တညီတညွတ်တည်း ဆိုကြသည်။ စိတ်သည် မိမိကိန်းအောင်းရာ ကိုယ်ခန္ဓာကြီးနှင့် ခွဲ၍မရအောင် ဆက်စပ် တည်ရှိနေသဖြင့် အကယ်၍ ကိုယ်ခန္ဓာက မကျန်းမမာ ဖြစ်မည်သို့မဟုတ် ကြီးစွာသော အနာတရ ရရှိမည်ဆိုလျှင် စိတ်သည်လည်း ထိုဒုက္ခဝေဒနာကို မုချမသွေ ခံစားရမည်ဖြစ်၏။

ရောဂါဝေဒနာ ဖိစီးနှိပ်စက်ခြင်း ခံရသည့်အချိန်၌ဖြစ်စေ၊ ကြီးစွာသော ဒဏ်ရာ အနာတရ ရရှိသည့်အခါ၌ဖြစ်စေ ကျွန်ုပ်တို့၏ အားအင်သည် ဆုတ်ယုတ်ကုန်ခန်းမြဲ ဓမ္မတာပင်ဖြစ်၏။ ကိုယ်ခန္ဓာ၏ အားအင်ယုတ်လျော့သည့်အခါ မှတ်ဉာဏ်၏ ဖွံ့ဖြိုးရာ ဦးနှောက်၏ အားအင်သည်လည်း ဆုတ်ယုတ်မည်မှာ မလွဲပေ။ ဦးနှောက် အင်အား ညှိုးနွမ်းဆုတ်ယုတ်နေသည့်အခါ မှတ်ဉာဏ်အားလည်း နည်းပါးသွားတတ်ပေသည်။ ထို့ကြောင့် ရောဂါဝေဒနာ ဖိစီးနှိပ်စက်ခြင်း ခံရသည့်အခါ ကျွန်ုပ်တို့ မှတ်ဉာဏ်အားသည် ထက်သန် သင့်သလောက် မထက်သန်နိုင်ချေ။

အထူးသဖြင့် သွေးအားနည်းသော ရောဂါရှိသူများသည် မေ့လွယ်တတ်၏။ သွေးထဲတွင် သွေးနီဥများ နည်းပါးနေလျှင် ဦး

နှောက်သည် အလုပ်လုပ်သင့်သလောက် မလုပ်နိုင်ပေ။ ထိုအခါ မှတ်ဉာဏ်အား လျော့ပါး သွားတတ်သည်ဟု ဆရာဝန်များ အဆိုရှိသည်။ ထိုမှတပါး အသားဝါရောဂါ၊ နှာခေါင်းမှ မကြာခဏ သွေးလျံသော ရောဂါ၊ သွေးကြောများ ချွတ်ယွင်းသော ရောဂါ၊ လည်ပင်းကြီးရောဂါ၊ အစဉ်အမြဲ ဝမ်းချုပ်သည့် ရောဂါ စွဲကပ်သူများလည်း မှတ်ဉာဏ်ထိုင်းမှိုင်းစေနိုင်သည်ဟု အဆိုရှိသည်။ တခါတရံ ကြောက်ခြင်း၊ စိုးရိမ်ခြင်း၊ စိတ်မငြိမ်သက်ခြင်း စသည့် စိတ်လှုပ်ရှားမှုတို့ကြောင့်လည်း မမှတ်မိခြင်း ဖြစ်တတ်သည်ဟု ပညာရှင်ကြီးတို့က ဆိုကြသည်။

ဦးခေါင်းတွင် ဦးနှောက်အိမ်ကြီး နှစ်ခန်းရှိရာ တခန်းခန်းကို မတော်တဆ ထိခိုက်မိ၍ ဒဏ်ရာရရှိခဲ့လျှင် ရက်ပေါင်းများစွာ မှတ်ဉာဏ်ထိုင်းမှိုင်းလျက် နေတတ်သည်။ သို့သော် မှတ်ဉာဏ် ပြန်၍ကောင်းလာသည်က များလေသည်။ အကယ်၍ ဦးနှောက်နှစ်ခန်း စလုံးကိုသာ အကြီးအကျယ် ထိခိုက်ဒဏ်ရာရရှိပါမူ မိမိမှတ်သားလာခဲ့သော အချို့ အကြောင်းရပ်များမှာ လုံးဝပျောက်ကွယ်သွားတတ်သည်ဟု ဆို၏။ ထိုအတူ ပညာသင်ယူနိုင်သော စွမ်းရည်များလည်းကုန်ခန်းသွားတတ်သည်ဟု ဆရာဝန်ကြီးများက အဆိုရှိသည်။

စိတ္တဇဝေဒနာကြောင့် ဦးနှောက်အချို့အဝက်ကို ခွဲစိတ်ထုတ်ပစ်လိုက်ခြင်း ခံရသော ဝေဒနာရှင် မြောက်မြားစွာတို့မှာ ရောဂါပျောက်ကင်းသည့်အခါ ကိုယ်အမူအရာ အနည်းငယ် ပြောင်းလဲသွားသော်လည်း မှတ်ဉာဏ်မှာ ပျက်စီးမသွားဘဲ နဂိုအတိုင်း ပြန်လည် ကောင်းမွန်လာကြသည်ဟု ဆရာဝန်ကြီးများက အစီရင်ခံကြသည်။

ကျန်းမာရေးသည် မှတ်ဉာဏ်အတွက် မည်မျှ အထောက်အကူပြုသနည်းဆိုသော အချက်နှင့် ပတ်သက်၍ ဒုတိယ ကမ္ဘာစစ်ကြီးအ

တွင်းကနာဇီဂျာမန်တို့ ဖမ်းဆီးချုပ်နှောင် ထားခြင်းခံရသော ဂျူးလူမျိုး အကျဉ်းသမားများ၏ဘဝမှာ ထင်ရှားသော သက်သေ သာဓကတခု ဖြစ်ပေသည်။

လွန်ခဲ့သည့် ကမ္ဘာစစ်ကြီးအတွင်းက ဂျာမန် နာဇီတို့သည် မိမိတို့နှင့် ဆန့်ကျင်သူများနှင့် ဂျူးလူမျိုးပေါင်းထောင်သောင်း များစွာတို့ကို ဖမ်းဆီးချုပ်နှောင် ထားခဲ့လေသည်။ အကျဉ်းသား များစွာတို့မှာ အစားဆင်းရဲ၊ အနေဆင်းရဲ၊ စိတ်ဆင်းရဲမှုတို့ကြောင့် အားပြတ်ကာ ခွေယိုင်လဲကျကုန်ကြ၏။ ထိုသို့ အားပြတ်သူများအနက် အချို့မှာ မိမိ၏ သားသမီးများ၏ အမည်ကိုမျှ မမှတ်မိကြချေ။ အချို့တို့မှာ မိမိ၏ အမည်ကိုမျှ မမှတ်မိကြတော့ချေ။ သို့သော် သူတို့အားကောင်းမွန်စွာ ပြုစု ကျွေးမွေး လိုက်သောအခါ အသင့်အတင့် ပြန်လည်ကျန်းမာပြည့်ဖြိုး လာခဲ့ကြသည်။ ကိုယ်စိတ်နှစ်ပါး နွမ်းနယ်သည့်ဘဝမှ အနည်းငယ် လန်းဆန်းသော ဘဝသို့ ရောက်ရှိလာခဲ့ကြသည်။ ထိုအခါ သူတို့သည် မိမိတို့၏ သားသမီးများ၏ အမည်များကိုဎင်း၊ မိမိတို့၏ အမည်များကိုဎင်း ပြန်လည် မှတ်မိခဲ့ကြလေသည်။

ယခုအထက်၌ ပြဆိုခဲ့သော ဥပမာများသည် အခြေအနေ အဆိုးဝါးဆုံး ဥပမာများသာဖြစ်ပါသည်။ ရောဂါဝေဒနာနှိပ်စက်ခြင်း ခံနေရသူဆိုသည်မှာ အနာရောဂါ ပြင်းထန်၍ အိပ်ရာထဲတွင် လဲနေသောလူမမာမျိုး၊ အလွန်တရာ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်နေသော ပုဂ္ဂိုလ်မျိုးတို့ကိုသာ ဆိုလိုပါသည်။ သာမန် ရောဂါကလေးများ စွဲကပ်နေသူများနှင့် ရောဂါ မကြီးကျယ်လှသဖြင့် ထူထူထောင်ထောင် သွားလာနေသူများအဖို့ကား မကျန်းမမာသူဟု အမည်ခံနိုင်ရုံမျှနှင့် မှတ်ဉာဏ် စွမ်းရည် ယုတ်လျော့သွားမည်ဟုကား မမှတ်သင့်ပေ။

ဆေးရုံပေါ်တွင် နှစ်ရှည်လများ တက်ရောက် ကုသနေသူများနှင့် နှစ်ရှည်လများ အကျဉ်းခံနေရသူများ အနက်မှ အချို့သော ပုဂ္ဂိုလ်

များသည် စာအုပ်စာတမ်းများ ရေးသားခြင်း၊ စာမေးပွဲများ ဝင်ရောက်ဖြေဆိုသဖြင့် အောင်မြင်ခြင်းများကို လူအများပင် သိရှိကြပြီး ဖြစ်ပေလိမ့်မည်။ ထို့ကြောင့် သာမန် စိတ်ဆင်းရဲမှု ကိုယ်ဆင်းရဲမှု ကလေးများသည် မှတ်ဉာဏ် စွမ်းရည်ကို အလွန်အကျွံ ထိခိုက်စေနိုင်သည်ဟု မမှတ်ထင်သင့်ပေ။

စာဖတ်သူ အဆွေ၊ အဆွေသည် မှတ်ဉာဏ်နှင့် ပတ်သက်သော သိမှတ်စရာ အချို့တို့ကို သိရှိရပေပြီ။ အဆွေသည် မေ့လျော့လွယ်တတ်သည်၊ အမှတ်သညာ မကောင်းလှဟူ၍ စိတ်ပျက် မနေပါနှင့်။ မိမိမွေးဇာတိကပင် မှတ်ဉာဏ်စွမ်းရည် နည်းကောင်း နည်းပေလိမ့်မည်ဟုလည်း တွေးတော၍ မပူပါနှင့်၊ အမှတ်ရများသဖြင့် ဦးနှောက်ထဲတွင် ရှုပ်ထွေးကုန်မည်ဟုလည်း စိုးရိမ်ခြင်း မဖြစ်ပါနှင့်၊ အသက်အရွယ် ကြီးရင့်လာသဖြင့် မှတ်ဉာဏ် စွမ်းရည်ထိုင်းမှိုင်းလာတော့မည်ဟုလည်း စိုးရိမ်ကြောင့်ကြ မဖြစ်ပါနှင့်၊ သာမန် ရောဂါဝေဒနာ စွဲကပ်နေရုံမျှနှင့်လည်း မှတ်ဉာဏ်ကို ထိခိုက်တော့မည်ဟု တွေးတော ပူပင်မနေပါနှင့်တော့။ ထိုသို့ စိုးရိမ်ကြောင့်ကြခြင်းများသည် လွဲမှားသော ကြောင့်ကြခြင်းများသာဖြစ်သည်။ မှတ်ဉာဏ်ကို စနစ်တကျ လေ့ကျင့်သွားမည်ဆိုလျှင် အဆွေသည် မှတ်ဉာဏ် ထက်သန်သော ပုဂ္ဂိုလ်တဦး ဖြစ်လာနိုင်ပါသည်။

ထို့မှတပါး အဆွေနှင့်တကွ ကျွန်ုပ်တို့သည် ဦးနှောက် စွမ်းရည်ကို တင်းပြည့်ကျပ်ပြည့် အသုံးမချကြသေးကြောင်းကိုလည်း သတိပြုသင့်ပါသည်။ မှတ်ဉာဏ်၏ စွမ်းရည်တွင် အကန့်အသတ်မရှိကြောင်းကိုလည်း သတိမူသင့်ပါသေးသည်။ အဆွေသည် မှတ်ဉာဏ်ရင့်သန်စေလိုလျှင် ယနေ့မှစ၍ ဤစာအုပ်ပါ အညွှန်းများအတိုင်း လေ့လာလေ့ကျင့်သွားပါလျှင် မှတ်ဉာဏ်ရင့်သန်သူတဦး မုချဖြစ်လာနိုင်သည်ဟု စွဲမြဲယုံကြည်စေလိုပါသည်။

အခန်း ၂

# ဆက်သွယ်ပေါင်းစပ်၍ မှတ်သားနည်း

လွန်ခဲ့သော ၁၀ နှစ်ခန့်က စာရေးသူသည် မိတ်ဆွေတဦးနှင့်အတူ ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းမှ သိမ်ဖြူ လမ်းအတိုင်းကမ်းနားဖက်သို့ လမ်းလျှောက်လာခဲ့ကြပါသည်။ အချိန်မှာ ညနေ ခြောက်နာရီခန့် ရှိပါသည်။ ကျွန်ုပ်တို့သည် အတွင်းဝန်များရုံးထောင့်၊ မဟာဗန္ဓုလလမ်းအနီးသို့ ရောက်သောအခါ ကားတစီးပေါ်မှ အသံချဲ့စက်ဖြင့် အော်သော အသံတခု ထွက်ပေါ်လာပါသည်။

ထိုအသံမှာ "ရဲဘော် အလုပ်သမား အပေါင်းတို့ခင်ဗျား၊ မနက်ဖန်မေလ တရက်နေ့သည် အလုပ်သမားနေ့ ဖြစ်ပါသဖြင့် ရဲဘော် အလုပ်သမားတိုင်း နက်ဖန် နံနက် ရှစ်နာရီအချိန်တွင် အလုပ်သမား ကျောက်တိုင်၌ ကျင်းပမည့် အလုပ်သမားထု အစည်းအဝေးကြီးသို့ မပျက်မကွက် တက်ရောက်စုရုံးကြပါရန် နှိုးဆော်အပ်ပါသည်ခင်ဗျား" စသည်ဖြင့် ဖြစ်ပါသည်။

စာရေးသူနှင့် အတူ လမ်းလျှောက်ရန် ထွက်လာသော မိတ်ဆွေသည် ထိုအော်သံကို ကြားလိုက်လျှင် ခြေလှမ်း တုံ့၍ သွားပြီးနောက် "ဟိုက်-ကျွန်တော် ခင်ဗျားနဲ့ လိုက်လို့ မဖြစ်သေးဘူးဗျ၊ ဒီညခုနစ် နာရီမှာ ကျွန်တော်တို့ရပ်ကွက်မှာ အစည်းအဝေးတခုရှိတယ်။ ကျွန်တော်တို့ရပ်ကွက်တွေ ပြောင်းရွှေ့ ပေးရမယ်ဆိုလို့၊ ဘယ်ကိုရွှေ့မယ်၊ ဘယ်ကိုပြောင်းကြမယ်၊ နဲနဲဆိုင်းလို့ ရယင်လဲ ဆိုင်းထားဖို့ ကိစ္စတွေပေါ့ဗျာ။ ကိုင်း ကျွန်တော်ပြန်အုံးမယ်ဗျာ၊ နောက်တော့ တွေ့ကြ

သေးတာပေါ့”ဟု နှုတ်ဆက်ပြီးနောက် ပုဇွန်တောင် ဖက်သို့သွားမည့် ကားရပ်သည့်မှတ်တိုင်ဆီကို သုတ်ခြေတင်၍ သွားလေတော့သည်။

အကယ်၍သာ ထိုနေ့ညနေက မေးဒေးနေ့ နှိုးဆော်သံကို မကြားလိုက်ရပါမူ ကျွန်ုပ်၏မိတ်ဆွေသည် သူ့အတွက် အလွန်အရေးကြီးသော အစည်းအဝေးသို့ တက်ရောက်နိုင်မှ တက်ရောက်ဖြစ်ပေလိမ့်မည်။ အကြောင်းသော်ကား မူလအစီအစဉ်အတိုင်းဆိုလျှင် နှစ်ယောက်သား ကမ်းနားဖက်သို့ ဆက်၍ လေညှင်းခံကြမည်။ ရောက်တတ်ရာရာ ပြောဆိုကြမည်။ ထို့နောက် အတန်ငယ် မှောင်လာမှ ပန်းဆိုးတန်းလမ်းမှ လှည့်၍ ဗိုလ်ချုပ်လမ်းအတိုင်း ပြန်လာကြမည် ဖြစ်သည်။

အထက်ပါ သာဓကကို ထောက်ရှုခြင်းအားဖြင့် မှတ်ဉာဏ်၏ ဆန်းကြယ်ပုံကို အကဲခပ် နိုင်ပေလိမ့်မည်။ ကျွန်ုပ်တို့ မေ့ပျောက်နေသောအကြောင်းတခုကို ထိုအကြောင်းနှင့်ပတ်သက် ဆက်သွယ်သော အကြောင်းတခု ဦးနှောက်ထဲသို့ ဝင်လာသောအခါ သတိရတတ်ကြောင်းကို သိနိုင်ပေသည်။

စာရေးသူ၏ မိတ်ဆွေတဦးသည် အီးဗနင်း အင်ပါရီ[၁] ဆိုသော ရေမွှေးနံ့ကိုရတိုင်း၊ သို့မဟုတ် ထိုရေမွှေးပုလင်းကို မြင်တိုင်း ဝမ်းနည်းလေ့ရှိ၏။ စိတ်လက် မသက်မသာ ဖြစ်လေ့ရှိ၏။ တခါသော် အကျိုးအကြောင်း မေးမြန်းကြည့်ပါသည်။

သူပြောပြချက်အရ သိရသည်မှာ သူတွင် ငယ်စဉ်က ချစ်သူတယောက် ရှိခဲ့ဘူး၏။ သူ့ချစ်သူသည် အီးဗနင်း အင်ပါရီ ရေမွှေးကို အလွန်နှစ်သက်သည်ဆို၏။ သူကလည်း ထိုရေမွှေးကို မကြာခဏ ဝယ်ပေးဘူးခဲ့သည်။ ထိုမိန်းကလေးမှာ တိုက်ဖွိုက်ရောဂါနှင့် သေဆုံးခဲ့သည်။ သေခါနီး၌ပင် အီးဗနင်း အင်ပါရီရေမွှေး ပုလင်းကလေးကို ဆုပ်ကိုင်ရင်း သေသွားခဲ့သည်ဆို၏။ ထို့ကြောင့် ကျွန်ုပ်၏ မိတ်ဆွေ

၁ ။ Evening in Paris

မှာ ထိုရေမွှေးအနံ့ကိုရတိုင်း၊ ထိုရေမွှေး ပုလင်းကို မြင်တိုင်း ကွယ်လွန်သွားရှာသောငယ်ရည်းစားကိုသတိရကာ တ သ လွမ်းဆွတ်မိခြင်း ဖြစ်လေသည်။

စာရေးသူသည် ကန်စွန်းရွက်ကြော်ဟင်းကို စားတိုင်း စကားတောင်စားဝတ္ထုကို သွား၍ သတိရပေသည်။ အကြောင်းမှာ ဤသို့ဖြစ်၏။ စာရေးသူ ငယ်စဉ်က ဘခင်ကြီးနှင့်အတူ ထမင်းစားစဉ် စားပွဲပေါ်တွင် ကန်စွန်းရွက်ကြော်ဟင်းခွက်လည်း ပါရှိသည်။ ဘခင်ကြီးက ထမင်းစားစဉ် စကားတောင်စားဝတ္ထု တပိုင်းတစကို ပြောပြပြီးနောက် ကန်စွန်းရွက်ကိုစကားတောင်စားစားနည်းစား၍ပြခဲ့ပါသည်။ ထိုအချိန်မှစ၍ ထမင်းစားပွဲတွင် ကန်စွန်းရွက်ကြော်ပါတိုင်း စကားတောင်စား ဝတ္ထုကို သတိရရှိခဲ့ပါသည်။

အထက်ပါ သာဓကများသည် ကျွန်ုပ်တို့ စိတ်ကူးထဲ၌ အကြောင်းတခုနှင့်တခု ပေါင်းစပ်၍ မှတ်မိစေနိုင်သော သာဓကများပင် ဖြစ်၏။

စာဖတ်သူ အဆွေ။ အဆွေသည် အထက်ပါ အတွေ့အကြုံမျိုးကို တွေ့ကြုံကောင်း တွေ့ကြုံဘူးပေလိမ့်မည်။ အကယ်၍ မတွေ့ဘူး မကြုံဘူးစေကာမူ အလားတူ ပေါင်းစပ် တွေးခေါ်နည်းမျိုးတို့ကို အသုံးချဘူးလိမ့်မည်ဟု ထင်ပါသည်။

ဥပမာအားဖြင့် စာရေးသူက ကလေးတစုအား "ဟိုရှေးရှေးတုန်းက မှော်ဆရာကြီး တယောက်ရှိတယ်။ သူဝတ်ထားတဲ့ အင်္ကျီကတော့ လက်ဖားဖားကြီးဘဲ။ အင်္ကျီကလဲခြေမျက်စေ့နားထိ ရှည်တယ်။ သူ့နှုတ်ခမ်းမွှေးကလဲ ထူထူရှည်ရှည်ကြီးဘဲ။တဖက်တချက်ကနှုတ်ခမ်းမွှေးဟာ မေးစေ့နားအထိ စိုက်ပြီးကျနေတယ်။ သူ့လက်ထဲမှာ ဆေးကြိမ်လုံး မဲမဲတချောင်းကိုလဲ ကိုင်ထားတယ်။ သူဟာ လမ်းမပေါ်မှာ ကစားနေတဲ့ အလာဒင်ကလေးကို တွေ့တော့ 'ဟေ့ကလေး၊မင်းရွှေတွေ ငွေတွေ မလိုချင်ဘူးလား' လို့မေးတယ်။ အလာဒင်က လိုချင်တယ်

လို့ ပြောတော့ 'မင်းရွှေတွေ ငွေတွေလိုချင်ယင် ငါနဲ့လိုက်ခဲ့' လို့ပြောပြီး၊
အာလာဒင်ကို ရွာအပြင်ဖက်ကို ခေါ်သွားတယ်။ ရွာနဲ့ မနီးမဝေးမှာ
ရှိတဲ့ သစ်ပင်ကြီးတပင်အောက် ရောက်တော့၊ မှော်ဆရာကြီးက ရပ်
လိုက်တယ်။ ပြီးတော့ သူ့ဆေးကြိမ်လုံးနဲ့ မြေကြီးကို သုံးချက်ရိုက်
လိုက်တော့၊ မြေကြီးကွဲအက်သွားပြီး ရေတွင်းလို အပေါက်ကြီး တ
ပေါက် ပေါ်လာတယ်" စသည်ဖြင့် အလာဒင် ဝတ္ထုကို ပြောပြလိုက်
လျှင် နားထောင်နေသော ကလေးတစုတို့သည် သူတို့စိတ်ကူးထဲ၌
မှော်ဆရာကြီးပုံ၊ အလာဒင်ပုံ၊ ရွာအပြင်ဖက်က သစ်ပင်ကြီးပုံများ
ကို အသီးသီး စိတ်ကူးပြီး ကြည့်ကြပေလိမ့်မည်။ သို့သော် တယောက်
စိတ်ကူးထဲတွင် ပေါ်လာသော ပုံသဏ္ဌာန်နှင့် အခြားတယောက် စိတ်
ကူးထဲတွင် ပေါ်လာသော ပုံသဏ္ဌာန်များ တူချင်မှ တူပေလိမ့်မည်။
ကျွန်ုပ်ပြောသော ပုံဝတ္ထုကို မှတ်မိစေရန်နှင့် နားလည်စေရန်အတွက်
မိမိတို့ မြင်ဘူး တွေ့ဘူးသော ပုံသဏ္ဌာန် အမျိုးမျိုးကို ဆက်စပ်၍
မှတ်သားထားကြ ပေလိမ့်မည်။

ကျွန်ုပ်တို့သည် ကွက်စိပ်ဆရာများ ဟောပြောသော ဇာတ်ဝတ္ထု
များကို နားထောင်ဘူးခဲ့ကြသည်။ ရုပ်သေးစင်ပေါ်တွင် အရုပ်က
လေးများ ကပြသောဇာတ်များကိုလည်း ကြည့်ရှုဘူးခဲ့ကြမည်။ ကွက်
စိပ် ဆရာက ဝေဿန္တရာမင်းကြီးနှင့် မဒ္ဒီဒေဝီတို့ ဝင်္ကပါတောင်သို့ထွက်
တော်မူခန်းကို ဖွဲ့ဖွဲ့နွဲ့နွဲ့ ပြောပြသည့်အခါ ကျွန်ုပ်တို့၏ စိတ်ကူးထဲ၌
ဖြစ်ပေါ်လာသော သစ်ပင်၊ ဝါးပင်၊ ကျေးငှက် ပုံသဏ္ဌာန် အမျိုးမျိုး
တို့ဖြင့် ဖြည့်၍ နားထောင်ကြသည်။ ရုပ်သေးဆရာက ဝိဇယ မင်း
သားကို ဖောင်နှင့်တင်၍ မျှောလိုက်စဉ် ရေလမ်းခရီး တွေ့မြင်ရပုံများ
ကို ရွတ်ဆိုလိုက်လျှင်လည်း ကျွန်ုပ်တို့သည် စိတ်ကူးယဉ် ပုံသဏ္ဌာန်
များဖြင့် ဖြည့်၍ နားထောင်တတ်ကြပေသည်။

တနည်းအားဖြင့် ဆိုရသော် ကျွန်ုပ်တို့သည် အကြောင်းရပ်တခု

ကို မှတ်မိနိုင်ခြင်းမှာ ကျွန်ုပ်တို့ သိရှိနားလည်ထားသော အချက်အလက်များ၊ မြင်ဘူး၊ တွေ့ဘူး၊ ကြားဘူးသော အရာဝတ္ထုပုံပန်းသဏ္ဍာန်၊ အရောင်အဆင်း၊ အနံ့အရသာ စသည်တို့ကို ဆက်သွယ် ပေါင်းစပ်၍ စိတ်ကူးကြည့်နိုင်ခြင်းကြောင့်ပင်ဖြစ်၏။ မည်သည့်ကိစ္စကိုမဆို မှတ်မိနိုင်စေခြင်း၏ အကြောင်းရင်းမှာ ဆက်စပ် တွေးတောမှတ်သားနိုင်ခြင်းနှင့် မျက်စိထဲတွင် ရုပ်လုံးပေါ်လာအောင် ဆက်စပ် တွေးတောကြည့်ရှုနိုင်ခြင်းတို့ကြောင့် ဖြစ်၏။ ထိုနှစ်မျိုးအနက် မျက်စိထဲတွင် ထင်လာ မြင်လာအောင် တွေးတော ကြည့်ရှုနိုင်သည့်နည်းက ပိုမိုမှတ်မိစေလေသည်။

ကျွန်ုပ်တို့၏ကိုယ်ခန္ဓာတွင် အာရုံအမျိုးမျိုးကို ခံစားနိုင်ရန်အတွက် မျက်စိ၊ နား၊ နှာခေါင်း၊ လျှာစသည်ဖြင့် အာရုံခံစားရာ ရုပ်ဝတ္ထုများ အသီးသီးရှိကြသည်။ ယင်းအနက် မျက်စိဖြင့်မြင်၍ သိခြင်းသည် နားဖြင့်ကြား၍ သိခြင်း၊ နှာခေါင်းဖြင့် ရှူ၍သိခြင်း စသည့်တို့ထက် ခိုင်မာစွဲမြဲလေသည်။ တနည်းဆိုရသော် ရုပ်လုံးကို မြင်၍သိသော၊ မြင်သိခြင်းသည် အခြားသိခြင်းမျိုးထက် ဦးနှောက်တွင် စွဲမြဲစေ၏။ မှတ်ရလွယ်ကူပေ၏။ သို့သော် ခြွင်းချက်ကား ရှိပါသေးသည်။ မျက်စိအလင်း မရသူများသည် ရုပ်လုံးကို အဘယ်သို့ မြင်နိုင်ပါမည်နည်း။ အဘယ်ကဲ့သို့ မှတ်သားနိုင်ပါအံ့နည်းဟု စောဒကတက်စရာ အကြောင်းရှိပေသည်။ မျက်စိကွယ်သည်ဖြစ်စေ၊ မကွယ်သည်ဖြစ်စေ မျက်စိဖြင့်မြင်ရသော ရုပ်လုံးသဏ္ဍာန်ထက် နားမှကြားရသော အသံကို မှတ်မိလွယ်သောပုဂ္ဂိုလ်များလည်း ရှိပါသည်။ ထို့အတူ နှာခေါင်းဖြင့် ခံစားရသောရနံ့ကို ပိုမိုမှတ်မိလွယ်သော ပုဂ္ဂိုလ်များလည်းရှိပါသည်။ ဥပမာ ပြင်သစ်နိုင်ငံတောင်ပိုင်းရှိရေမွှေးလုပ်သော ဌာနကြီးများတွင် ရေမွှေးအမျိုးမျိုးတို့ကို ခွဲခြားစမ်းသပ်သော ပုဂ္ဂိုလ်များစွာတို့သည် ရနံ့ကို ပိုမိုကျက်မှတ်မိသော ပုဂ္ဂိုလ်များပင်ဖြစ်ကြ၏။ ယင်းသို့ ပိုမို ကျက်မှတ်မိ

ခြင်းသည် ရင့်သန်သော အလေ့အကျင့်ကြောင့်လည်း ဖြစ်နိုင်၏။ ထိုသို့သော ခြင်းချက်အချို့မှတပါး ယေဘုယျအားဖြင့် မျက်စိဖြင့် မြင်သိခြင်းသည် အခြားသော နည်းမျိုးတို့ဖြင့် သိခြင်းထက် ပိုမို ခိုင်မြဲစေသည်ဟု ဆိုလိုပါသည်။

အလွယ်တကူ ဆက်စပ် တွေးတောနိုင်ရန်နှင့် ဆက်စပ်မှတ်သားနိုင်ရန်အတွက် အတွေ့အကြုံများ၊ ဗဟုသုတများ ရှိထားရန် လိုပေသည်။အတွေ့အကြုံနှင့် နောက်ခံ ဗဟုသုတများ ရှိလေလေ ပိုမိုမှတ်မိလေလေဖြစ်၏။ ဥပမာအားဖြင့် ကိုယ်ခန္ဓာ ကျမ်းစာအုပ်တအုပ်ကို လူသာမန်တယောက် ဖတ်ရှု၍ မှတ်မိပုံနှင့် ဆေးကျောင်းသား တယောက် ဖတ်ရှု၍ မှတ်မိပုံချင်း တူမည်မဟုတ်ချေ။ ဆေးကျောင်းသားတဦးသည် ကိုယ်ခန္ဓာနှင့် ပတ်သက်သော အမည် ဝေါဟာရများ၊ ကိုယ်အင်္ဂါအစိတ်အပိုင်းတို့၏လှုပ်ရှားပုံများကို အသင့်အတင့် သိရှိနားလည်ပြီး ဖြစ်သဖြင့် ထိုစာအုပ်ကို ဖတ်သည့်အခါ လူသာမန်တဦးထက် သတော ပေါက်လွယ်မည်။ မှတ်သားရလည်း လွယ်ကူပေလိမ့်မည်။

ငပလီကမ်းခြေမှ ပြန်လာသူတဦးက "ငပလီတွင် ညနေချိန်တွင် နေလုံးကြီးသည် နေ့ရွယ်များ တဖြည်းဖြည်း ပျောက်ကွယ်သွားပြီးနောက် ပင်လယ်ထဲသို့ တဖြည်းဖြည်း နိမ့်၍နိမ့်၍ ကျသွားသည်။ ပင်လယ် ရေပြင်နှင့် နေလုံးကြီး ထိလုနီးနီး အချိန်တွင် နေလုံးကြီးကို နေဟု မထင်မိဘဲ၊ ပတ္တမြားလုံးကြီးလိုလို၊ မီးလုံးကြီးလိုလို ထင်ရသည်။ တဖန်ဝင်လုဆဲဆဲ နေလုံးကြီးကို စူးစိုက်ကြည့်ရှုနေရင်း နေလုံးကြီးမှာ ကောင်းကင်မှ ရေထဲသို့ ဝင်တော့မည်ဟန်ဖြစ်နေသည်ဟု မထင်ဘဲ ပင်လယ်ထဲမှ မီးလုံးကြီးတလုံး ထိုးထွက်လာသည်ဟု မှတ်ထင်ရပြန်သည်" ဟု ပြောပြနေသည်ဆိုကြပါစို့။ ငပလီ ကမ်းခြေကို မဆိုထားဘိ မြစ်ကြီးကြီးကိုပင် မတွေ့မမြင်ဘူးသူအဖို့ ထိုပုဂ္ဂိုလ် ပြောပြသော စကားများကို သတောပေါက် နားလည်ရန် ခဲယဉ်းပေလိမ့်မည်။

သို့ရာတွင် ပေလီကမ်းခြေကို မရောက်ဘူးသော်လည်း အခြားပင်လယ်ကမ်းခြေတခုသို့ ရောက်ဘူးသော ပုဂ္ဂိုလ်တယောက်အဖို့ ထိုပြောပြချက်များကို မိမိအတွေ့အကြုံနှင့် ရောဖက်စပ်ဟပ်၍ စဉ်းစားယူလျှင် ပိုမို သဘောပေါက်နိုင်ပေသည်။ ပေလီ ကမ်းခြေ နေဝင်ချိန်၏ အရသာကို ပိုမိုခံစား နိုင်လိမ့်မည်မှာ မုချပင် ဖြစ်၏။

အမိဝမ်းမှကျွတ်ကတည်းက မျက်စိအစုံ ကွယ်လာသူတဦးအား အနီရောင်ကို အနည်းနည်း အဖုံဖုံ အပင်ပန်းခံ၍ ရှင်းပြသော်လည်း သူသည် အနီရောင်ကို နားလည်နိုင်လိမ့်မည် မဟုတ်ချေ။ သို့သော် သူ့အား မာလကာသီး တလုံးကို ကိုင်တွယ် စမ်းသပ် ခိုင်းပြီးနောက် ပန်းသီး အကြောင်းကို ပြောပြသည် ဆိုကြပါစို့၊ ပန်းသီးဆိုသည်မှာ မာလကာသီး အရွယ်ခန့် ရှိကြောင်း၊ သို့သော် အပေါ်ခွံမှာ မာလကာသီးထက် ချောမွေ့ကြောင်း၊ အစေ့နည်းပြီးလျှင် မာလကာသီးထက် နူးညံ့ကြောင်း ရှင်းလင်း ပြောပြလျှင် ထိုမျက်မမြင်သည် အနီရောင်ကို စဉ်းစားရသည်ထက် လွယ်ကူပေလိမ့်မည်။ မိမိကိုင်တွယ် စားသုံးဘူးသော မာလကာသီး၏ ပုံပန်းသဏ္ဌာန်ကို မှီး၍ ပန်းသီးသည် မည်သို့ရှိလိမ့်မည်ကို တွေးတောကြံဆနိုင်ပေလိမ့်မည်။ ဤကား မှတ်ဉာဏ်၏ ဆက်စပ်တွေးတောနိုင်ပုံ အစွမ်းသတ္တိပင် ဖြစ်၏။

အချုပ်ကိုဆိုရသော် ဆက်သွယ်ပေါင်းစပ်၍ မှတ်သားနည်းတွင် နောက်ခံ ဗဟုသုတအတွေ့အကြုံသည် အလွန်အရေးကြီးသောအချက်တချက် ဖြစ်ပေသည်။ တနည်းအားဖြင့်ဆိုသော် ဆက်သွယ်ပေါင်းစပ်၍ မှတ်သားသည်ဆိုခြင်းမှာ အဟောင်းနှင့် အသစ်ကို ဆက်သွယ်ပေါင်းစပ်ထားခြင်းပင် ဖြစ်၏။

ဆက်သွယ်ပေါင်းစပ်၍ မှတ်သားနည်း အခြေခံကို လွန်ခဲ့သည့် နှစ်ပေါင်း ၂၂၀၀ ကျော်ကပင် ဂရိတ်နိုင်ငံမှ ပညာရှင်ကြီး အရစ္စတိုတယ်[၂]

---

၂။ Aristotle

က ဖော်ပြခဲ့သည်။ ထို့နောက် ၁၃ ရာစုတွင် အီတလီနိုင်ငံမှ စိန့်တော မတ်အကွင်း နတ်(၈)[၃]က ထပ်မံဖော်ပြကာ အလေးအနက် ဆိုခဲ့ပြန်သည်။ ထိုပညာရှင်ကြီးများ၏ အလိုအရ ဆက်သွယ်ပေါင်းစပ်၍ မှတ်ယူနည်းတွင် အခြေခံသဘောတရား သုံးရပ်ရှိလေသည်။
ယင်းတို့မှာ —

၁။ တူညီမှု သဘောတရား
၂။ ဆန့်ကျင်မှု သဘောတရား
၃။ နီးစပ်မှု သဘောတရားတို့ဖြစ်၏။

## တူညီမှုကိုအခြေခံပြု၍ မှတ်သားခြင်း

တူညီမှု သဘောတရားကို အခြေပြု၍ မှတ်သားနည်းမှာ အမည် တခု အရာဝတ္ထုတခုသော သစ်ဆန်းသော အကြောင်းရပ် တခုကို မှတ်သားမည့်အခါ မိမိတွေ့ဘူး၊ ကြုံဘူး၊ မြင်ဘူး၊ ကြားဘူးသော အကြောင်းရပ် အဟောင်းနှင့်ယှဉ်၍ မှတ်သားခြင်းပင် ဖြစ်၏။

တခါက စာရေးသူအား မိတ်ဆွေတဦးက ဗိုလ်တထောင် သတင်းစာတိုက်မှ ဦးကျော်ရင်ဆိုသူနှင့် မိတ်ဆက်ပေးပါသည်။ စာရေးသူသည် ဦးကျော်ရင်နှင့် အလ္လာပ သလ္လာပ စကားများ ပြောဆိုပြီးနောက် "ကျွန်တော် ဦးကျော်ရင် နာမယ်ကို ကောင်းကောင်း မှတ်မိလွယ်ပါတယ်။ ဦးကျော်ရင်ဆိုဒါ ထင်ရှားတဲ့ နာမယ်တခုဘဲ။ ကြည့်ပါလား၊ ထားဝယ်က မီးပုံးပျံ ဦးကျော်ရင်၊ မောင်ဗမာ ဦးကျော်ရင်၊ မန္တလေးတက္ကသိုလ် ပါမောက္ခချုပ် ဦးကျော်ရင် (ကွယ်လွန်ပြီး) ပြီးတော့ ဒဂုန်မဂ္ဂဇင်းက ပုပ္ပါး ဦးကျော်ရင်၊ ဒီက ဦးကျော်ရင်က ဗိုလ်တထောင် ဦးကျော်ရင်ပေါ့" ဟု ပြောပြောဆိုဆိုနှင့် ဦးကျော်ရင်ကို နှုတ်ဆက်ပြီးလျှင် လူချင်းခွဲခဲ့ပါသည်။

---

၃။ St. Thomas Aquinas

ဤနေရာ၌ စာရေးသူသည် ဦးကျော်ရင် အမည်ကို မမေ့စေခြင်းငှါ မိမိကြားဘူး၊ သိဘူးသော ဦးကျော်ရင်အမည်များနှင့် ဆက်သွယ်ပေါင်းစပ်၍ မှတ်သားလိုက်ခြင်းပင် ဖြစ်ပါသည်။ စိတ်ထဲတွင် မှတ်လိုက်ရုံမျှမက၊ ပါးစပ်ကပါ ထုတ်ဖော် ပြောဆိုလိုက်သဖြင့်ကိုယ်တိုင်လုပ်ရှားပါဝင်ခြင်းကြောင့် စိတ်ထဲမှ မှတ်သောမှတ်ဉာဏ်ကို တွန်းအားပေးလိုက်ခြင်းပင် ဖြစ်၏။

တူညီခြင်း သဘောတရားကို အခြေပြု၍ မိမိတဦးတည်းသာ မိမိမှတ်လိုရာကို မှတ်နိုင်စေသည် မဟုတ်ဘဲ အခြားပုဂ္ဂိုလ်များကိုလည်း သဘောပေါက်အောင် ပြောပြနိုင်သည်။ ထိုသူအားလည်း အရာဝတ္ထုတခုကိုဖြစ်စေ၊ အာရုံခံစားမှုတရပ်ကိုဖြစ်စေ မှတ်မိ နားလည်သွားအောင် ရှင်းလင်း ပြောပြနိုင်ပေသည်။

စာရေးသူသည် အမေရိကန် နိုင်ငံသို့ ရောက်ရှိစဉ်က အမေရိကန်လူမျိုး သုတေသီ ပုဂ္ဂိုလ်တဦးက ဗုဒ္ဓဘာသာဘုန်းတော်ကြီးများ ကိုင်ဆောင်သော ယပ်တောင်ကို မည်သည့် အရွက်ဖြင့် လုပ်သနည်းဟု မေးပါသည်။ စာရေးသူက ပေပင်ဟု ခေါ်သော အပင်မှ အရွက်ဖြင့် ပြုလုပ်ပါသည်ဟု ရှေးဦးစွာ ဖြေဆိုပါသည်။ သို့သော်ထိုပုဂ္ဂိုလ်နားမလည်သေးကြောင်းကို ရိပ်စားမိသဖြင့် "မိတ်ဆွေ အုန်းပင်ကို မြင်ဘူးပါသလား" ဟု ဆက်၍ မေးလိုက်ပါသည်။ ထိုသူက မြင်ဘူးကြောင်း ပြောပါသည်။ ထိုအခါ စာရေးသူက ဆက်လက်၍ "ပေပင်မှာ အုန်းပင်နှင့် ခပ်ဆင်ဆင် တူပါသည်။ ပင်စည်မှာ အတူတူလိုပင် ဖြစ်သည်။ အုန်းပင်တွင် အုန်းဘောင်တခုမှ အလက်ကလေး များစွာထွက်ပါသည်။ သို့သော် ပေပင်၌ အကိုင်း(ဘောင်)တခုတွင် အရွက်ဝိုင်းကြီးတခုသာ ထွက်ပါသည်" ဟု ရှင်းလင်း ပြောပြသောအခါ မေးခွန်းမေးသော ပုဂ္ဂိုလ်ကသဘောပေါက်ကြောင်း၊မှန်းဆ၍ ကြည့်လျှင် သိနိုင်ကြောင်း ပြောပြပါသည်။

ဘာသာရပ် အသီးသီးကို သင်ကြားပို့ချပေးသော ဆရာတို့သည် အထက်ပါ တူညီမှုသဘောတရားကို အခြေပြု၍ တပည့်တို့အား ဥပမာ ဥပမေယျများစွာတို့ဖြင့် သင်ကြားပေးလေ့ ရှိကြပါသည်။

စာရေးသူသည် အထက်တန်းကျောင်း၌ ပညာသင်ကြားရစဉ်က ဗြိတိသျှရာဇဝင်ကို အင်္ဂလိပ်ဘာသာဖြင့် သင်ကြားရပါသည်။ ဗြိတိသျှရာဇဝင်တွင် ၁၈၄၀ ခုနှစ်ခန့်သို့ ရောက်သောအခါ လွတ်လပ်စွာ ကုန်စည်ကူးသန်းရောင်းဝယ်မှုကို လူအများက တောင်းဆိုလာကြသည်။ ထိုလွတ်လပ်စွာကုန်စည်ကူးသန်းမှုဝါဒကို လေဇေဖယ်ယာ[၄]ဝါဒဟုခေါ်ပါသည်။ ထိုစဉ်အခါက ယင်းစကားလုံးသည် စာရေးသူအဖို့အမှတ်ရခက်သော စကားတလုံးဖြစ်ခဲ့ပါသည်။

ရာဇဝင် သင်ပြသော ဆရာက "လေဇေဖယ်ယာကို မှတ်ချင်ယင် နေပလေစေကို မှတ်ထားကြ၊ ကူးသန်းရောင်းဝယ်မှုတွင် အစိုးရက ဝင်ရောက် မစွက်ဘဲ၊ သူ့ဖာသာသူ နေပလေစေဆိုပြီး လွှတ်ထားတဲ့ ဝါဒဘဲ"ဟု မှတ်ဥာဏ်နည်းကူ၍ သင်ကြားခဲ့ပါသည်။ အသံထွက်တူရုံမျှမက အဓိပ္ပါယ်လည်း နည်းစပ်သဖြင့် ကျောင်းသားများ အလွယ်တကူ မှတ်သားနိုင်ခဲ့ကြပါသည်။

ဆရာလုပ်သူက ဥပမာပေး ကောင်းကောင်းနှင့် သင်ပြလျှင် တပည့်များကမိမိတို့သိရှိနားလည်ထားသော ဗဟုသုတများကို နောက်ခံထား၍ ဆရာ ပြောပြသော ဥပမာများ၊ ရေးဆွဲပြသောပုံများ၊ အရာဝတ္ထုများ စသည်တို့နှင့် ပေါင်းစပ် ဆက်သွယ်ကာ အလွယ်တကူ မှတ်သား နိုင်ပေသည်။ ဤသို့အားဖြင့် တူညီမှု သဘောတရားသည် မိမိကိုယ်တိုင် မှတ်သားရာ၌၎င်း၊ သူတပါးတို့အား သိရှိ နားလည်အောင် သင်ကြား ပြသရာ၌၎င်း များစွာ အထောက်အပံ့ ဖြစ်စေနိုင်သည်။

---

၄။ Laissez Faire

## ဆန့်ကျင်မှုကို အခြေပြု၍ မှတ်သားခြင်း

ဆန့်ကျင်မှု သဘောကို အခြေ ပြု၍ မှတ် သား နည်းမှာ၊ ကျွန်ုပ်တို့သည် သစ်ဆန်းသော အရာဝတ္ထု အကြောင်းရပ် တခုကို တွေ့မြင်သည့်အခါ သို့မဟုတ် ကြားသိသည့်အခါ ထိုအရာ ဝတ္ထု၊ ထိုအကြောင်းရပ်နှင့် ဆန့်ကျင်ဖက်ဖြစ်သော အတိတ်မှ သိရှိထားသည့် အရာဝတ္ထု၊အကြောင်းရပ်များနှင့် ဆက်စပ်၍မှတ်သားခြင်းပင်ဖြစ်၏။ ဆန့်ကျင်ဖက် အရာဝတ္ထုနှစ်ခုကို ယှဉ်တွဲ၍ မှတ်သားခြင်းသည် စိတ်၌ ပိုမို စွဲမြဲစေနိုင်ပေသည်။

လောက၌ ဆန့်ကျင်မှု သဘောများကား မြောက်မြားစွာ ရှိပေသည်။ ဥပမာအားဖြင့် အရှည်နှင့် အတို၊ အမြင့်နှင့်အနိမ့်၊ အပူနှင့် အအေး၊ ချမ်းသာခြင်းနှင့် ဆင်းရဲခြင်း၊ အကြီးနှင့် အသေး၊ အဝေးနှင့် အနီး၊ ဝခြင်းနှင့် ပိန်ခြင်း၊ အဖိုနှင့် အမ စသည်တို့ ဖြစ်၏။ ထိုဆန့်ကျင်မှုကို အကြောင်းပြု၍ အသစ်တွေ့ရှိသော အရာဝတ္ထု၊ အမည်နာမတို့ကို အဟောင်းဖြစ်သော အရာဝတ္ထု၊ အမည်နာမတို့နှင့် ဆက်စပ် မှတ်ယူနိုင်ပေသည်။

ဥပမာအားဖြင့် အရပ်မြင့်သော ဘအေးကို တွေ့သည့်အခါ ယခင်က သိနှင့်ထားသော အရပ်ပုသော ဘအေးကို သတိမူ၍ ဆက်စပ် မှတ်သားနိုင်ပေသည်။ဆင်းရဲသော ဦးစိန်ဝင်းကို တွေ့သောအခါ ယခင်က ကြားဘူးသော သူဌေးဦးစိန်ဝင်းကို သတိရတတ်ပေသည်။ ထိုအခါ ဤဦးစိန်ဝင်းကား ဆင်းရဲပါဘိ၏။ပဲခူးမှဦးစိန်ဝင်းကား ချမ်းသာပါဘိ၏ဟု ထိုပုဂ္ဂိုလ်နှစ်ဦး၏ ဆန့်ကျင်ဖက်ဖြစ်သော ဝိသေသန နှစ်ခုကို ဆက်စပ်ကာ မှတ်သားနိုင်ပေသည်။ ဖိုးသက်ရှည်ကို တွေ့သောအခါ ယခင်က သိကျွမ်းဘူးသော ဖွားသက်ရှည်ကို သတိရစေနိုင်၏။ ဖိုးသက်ရှည်မှာ ယောကျ်ားဖြစ်၍၊ ဖွားသက်ရှည်မှာ မိန်းမဖြစ်၏ ဟု

သော ဆန့်ကျင်ဖက် လိင်ကိုစွဲမှတ်လိုက်ခြင်းဖြင့် ထိုပုဂ္ဂိုလ်နှစ်ဦးစလုံး၏ အမည်ကို မှတ်သားနိုင်ပေသည်။ ဤသို့ မှတ်သားထားခြင်းဖြင့် တဦးဦး၏ အမည်ကို သတိရရှိရန် မခဲယဉ်းတော့ပေ။ ထို့မှတပါး လိင်ချင်းတူသော်လည်း အမည်၌ ဆန့်ကျင်ဖက်သဘော ပါရှိသော ကိုမြင့်နှင့်ကိုပု ကိုကိုကြီးနှင့် ကိုကိုလေး၊ မဖြူဖြူနှင့် မမဲတူတို့ကိုလည်း ဆက်စပ်၍ မှတ်သားရလွယ်ကူပေသည်။

ဆန့်ကျင်မှု သဘောသည် ပုဂ္ဂိုလ်နှစ်ဦး အရာဝတ္ထု နှစ်ခုတို့၌သာ တွေ့တတ်သည် မဟုတ်၊ တခါတရံ ပုဂ္ဂိုလ်တဦးတည်း၌လည်း တွေ့တတ်ပေ၏။ ဥပမာအားဖြင့် မောင်အေး ဆိုသူမှာ အမည်နှင့် မလိုက်အောင် ပူသောသူ ဖြစ်အံ့၊ "အမည်က အေးပေမဲ့ လူကမအေးပါဘူး" ဆိုသော ဆန့်ကျင်မှုအကွက်ကလေးကိုယူ၍ မှတ်သားထားနိုင်ပေသည်။ ထို့အတူ မောင်ချမ်းသာ ဆိုသော်လည်း မချမ်းသာသူ၊ ရွှေသီးဆိုသော်လည်း ရွှေမသီးသူတို့ကို အထက်ပါ နည်းအတိုင်း အလွယ်တကူ မှတ်သားနိုင်ပေသည်။ စကား အလွန်များသူကို မိကျောင်းသားဟု မှည့်ခေါ်ခြင်းမျိုးသည် ဤသဘောတရား၌ အကျုံးဝင်ပေသည်။

ဆန့်ကျင်ဖက် သဘောများကို သုံးနှုန်းရာဝယ် အရောင်အဆင်းကို မှတ်သား အသုံးပြုသည့်အခါ များစွာ သတိထားသင့်ပေသည်။ အဘယ့်ကြောင့်ဆိုသော် အရောင်အဆင်းတို့၏ ဆန့်ကျင်ဖက်ကို သတ်မှတ်ရာဝယ် များစွာ အခက်အခဲ တွေ့ကြုံတတ်သောကြောင့်ဖြစ်၏။ ဥပမာအားဖြင့် အချို့ပုဂ္ဂိုလ်တို့သည် အဖြူ၏ဆန့်ကျင်ဖက်သည် အမည်း၊ အမည်း၏ ဆန့်ကျင်ဖက်သည် အဖြူဟု နားလည်ကြ၏။ ထိုအယူအဆသည် လွဲမှားသော အယူအဆဖြစ်၏။ အဖြူသည် အမည်းမဟုတ်သဖြင့်၊ အမည်းနှင့် လွဲသော ဆန့်ကျင်မှု သဘောတရားကားရှိ၏။ ထို့အတူ အမည်းသည် အဖြူ မဟုတ်သဖြင့် အဖြူနှင့်လွဲသော ဆန့်ကျင်မှု သဘောတရား ရှိသည်ကား မှန်၏။ သို့ရာတွင် အဖြူနှင့် အမည်း

တို့သည် ဗီလာဆန့်ကျင်ကြသော အရောင်များ မဟုတ်ကြောင်းကို သတိပြုသင့်ပေ၏။ အဖြူမဟုတ်လျှင် အမည်း၊ အစိမ်း၊ အပြာ၊ အနီ တို့လည်း ဖြစ်နိုင်ကြောင်း သိသင့်ပေသည်။

သို့သော် နားလည်မှုနှင့် သုံးသည့်အခါ အမှတ်မှား၊ အဓိပ္ပါယ် အကောက် မှားမှု များကို ရှောင်ကွင်း နိုင်ပေလိမ့်မည်။

ဥပမာ – ကိုဖြူနှင့် ကိုမဲဆိုသော အမည်နှစ်ခုသည် တခုနှင့်တခု ဆန့်ကျင်သည်ဖြစ်စေ၊မဆန့်ကျင်သည်ဖြစ်စေ၊ မိမိစတင်မှတ်သားစဉ်က ကိုဖြူကို ကိုမဲ၏ဆန့်ကျင်ဖက် အနေဖြင့် ဆက်စပ် တွဲဖက်၍ မှတ်သား လိုက်ပါမူ ပြန်လည် တွေးတော သည့်အခါတွင်လည်း အထက်နည်းအ တိုင်း တွေးတော ကြံဆရန်လိုပါသည်။ သို့မှသာ အမှန်သို့ ရောက်၍ မှတ်ဥာဏ် တန်ဖိုး ရှိပေမည်။

အထက်၌ ပြဆိုခဲ့သော ဥပမာများ ထဲတွင် အမည်တူသော်လည်း အခြေ အနေ၊ အရည်အခြင်း ဆန့်ကျင်သော နည်း၊ အမည်တူသော် လည်း လိင်ချင်း ဆန့်ကျင်သောနည်း၊ လိင်ချင်းတူသော်လည်း အမည် အားဖြင့် ဆန့်ကျင်သော နည်းများပါဝင်လေသည်။ ထိုမှတပါး စကား လုံးချင်း အနည်းငယ် လှီးလွှဲဆန့်ကျင်၍ မှတ်သားသော နည်းများ လည်းရှိပါသေးသည်။

တခါက ရန်ကုန်မြို့ တီဘီဆေးရုံတွင် ကိုအောင်သန်း ဆိုသူ တက် ရောက်ကုသနေခဲ့၏။ လက်ထောက် ဆရာဝန်တဦးက ကိုအောင်သန်း ၏ အမည်ကိုခေါ်၍ "ခင်ဗျား နာမယ်ကတော့ အမှတ်ရလွယ်ပါတယ် ဗျာ၊ ကျွန်တော်တို့ ဆရာဝန်ကြီးနာမည်က ဒေါက်တာ သန်းအောင်ဆို တော့၊ ပြောင်းပြန်လုပ်လိုက်ယင် အောင်သန်းဖြစ်ရောပေါ့" ဟု ပြော ပါသည်။ ထိုအချိန်မှ စ၍ ကိုအောင်သန်း၏ အမည်ကို ဆရာဝန်နှင့် တကွ အခန်းထဲရှိ လူနာအားလုံးတို့ မှတ်မိသွားကြပါသည်။

အထက်၌ ပြဆိုခဲ့သော ဥပမာ များကို မှီး၍ ရွာအမည်၊ မြို့အမည်၊

ပစ္စည်းအမည်၊ သစ်ပင်ကျေးငှက်မှ စ၍ များစွာသော အမည်များကို အခါအားလျော်စွာ ကြံဆမှတ်သား နိုင်ပေသည်။

## နီးစပ်မှုကိုအခြေပြု၍ မှတ်သားခြင်း

နီးစပ်မှု သဘောကို မှီး၍ မှတ်သားနည်းမှာ ပတ်ဝန်းကျင် အခြေအနေကို အကြောင်းပြုကာ မှတ်သားထားခြင်းပင် ဖြစ်၏။ ဤမှတ်သားထားနည်းကား အတန်ငယ် ကျယ်ဝန်းသော နည်းပင် ဖြစ်၏။ ဤအခန်းအစ၌ ဖော်ပြခဲ့သော အလုပ်သမားနေ့ အစည်း အဝေး နှိုးဆော်သံကို ကြားသဖြင့် မိမိတက်ရမည့် အစည်း အဝေးကို သတိရရှိပုံ၊ အီးဗနင်းအင်ပါရီရေမွှေးကို မြင်သဖြင့် ရည်းစားဟောင်းကို လွမ်းဆွတ်ပုံတို့မှာ ဤနည်း၌ အကျုံးဝင်နေပေ၏။

ကျွန်ုပ်တို့သည် လမ်းဘေးရှိ စာတိုက်ပုံးကို မြင်သည့် အခါဖြစ်စေ၊ စာတိုက်တခု အနီးမှ ဖြတ်လျှောက်သွားသည့် အခါ ဖြစ်စေ မိတ်ဆွေတဦးထံသို့ စာပြန်ရဦးမည်ကို သတိရတတ်ပေသည်။ အသုဘတခုကို သင်္ချိုင်းသို့ လိုက်ပို့သည့်အခါ နှစ်အနည်းငယ်အတွင်းက ကွယ်လွန်သွားသော ဆွေမျိုးသားချင်း၏ သင်္ချိုင်းကို ဂရုပြုမိသည်။ သို့မဟုတ် သတိရရှိတတ်ပေသည်။ ထိုသို့ သတိရခြင်းမျိုးသည် မိမိ၏စိတ်ကို အတင်းတိုက်တွန်းတွေးတော ခိုင်းခြင်းမျိုး မဟုတ်ဘဲ အမှတ်မထင် သတိရရှိ လာခြင်းမျိုး ဖြစ်၏။ မှတ်ဉာဏ်၏ ဆန်းကြယ်သော ထိုအချက်ကလေးကို ကျွန်ုပ်တို့ အထူး သတိချပ်သင့် ပေသည်။ ကျွန်ုပ်တို့ အထူး တလည် သတိပြု၍ မှတ်မထားသောကိစ္စနှင့် တင်ကြိုတွေးတောနေခြင်း မပြုသော ကိစ္စများသည် အကြောင်းတိုက်ဆိုင်လာသည့် အခါ အမှတ် မထင် သတိရရှိလာတတ်ကြောင်းကို လူတိုင်းတွေ့ကြုံဘူး ကြပေလိမ့်မည်။ သို့တပြီးကား ကျွန်ုပ်တို့သည် နီးစပ်ရာ အခြေ အနေတရပ်ကို သတိနှင့် မှတ်သား ထားပြီးလျှင် အလိုရှိသည့်

အခါ ဘွေးဘောသုယူပါမူ လွယ်ကူစွာ မှတ်မိနိုင်ပေမည်ဟု တွက်ဆကြ
မည်ဖြစ်၏။

ထို့ကြောင့် နီးစပ်မှု သဘောတရားနည်းဖြင့် မှတ်သားသည့် အခ
သတိထား၍ မှတ်သားရမည်။ မိမိမှတ်သားစဉ်က ဦးနှောက်ထဲတွ
စာရင်း တင်လိုက်သော အစီအစဉ် အဆက်အစပ်များကိုပါ မှတ်သာ
ရပေဦးမည်။

ဥပမာ အားဖြင့် စာဖတ်သူ မိတ်ဆွေသည် တနေ့ ညနေခင်း လေ
ဟာပြင် ဈေး၌ ဈေးဝယ်နေစဉ် သိဟောင်း ကျွမ်းဟောင်း ဖြစ်သ
ကိုတင်အေးနှင့် တွေ့ဆုံကြသည် ဆိုကြပါစို့။ ကိုတင်အေးနှင့် စာဖတ်သူ
မိတ်ဆွေတို့ စကား ပြောဆိုနေစဉ် ကိုတင်အေးနှင့် သိကျွမ်းသော
ဇနီးမောင်နှံနှစ်ဦးတို့ ရောက်ရှိလာကြပြန်သည် ဆိုကြပါစို့။ ကိုတင်အေး
က သူ၏ မိတ်ဆွေနှင့် စာဖတ်သူအား မိတ်ဆက်ပေးလိုက်သည်။ ထို
သူ၏ အမည်မှာ ကိုစိန်လှဖြစ်ကြောင်း၊ အတွင်းဝန်ရုံးတွင် အလုပ် လုပ်
ကြောင်း၊ ရန်ကင်းမြို့အစိုးရတိုက်ခန်းတွင်နေကြောင်း၊ ကိုတင်အေးနှင့်
ငယ်သူငယ်ချင်း ဖြစ်ကြောင်း၊ ဇာတိက သံလျင်မြို့က ဖြစ်ကြောင်း
များကို ကိုတင်အေးက တခုပြီးတခု ပြောပြလိုက်သည် ဆိုကြပါစို့။
မိတ်ဆွေကလည်း ထုံးစံအတိုင်း တွေ့ရသည်မှာ ဝမ်းသာပါသည်။ မိမိ
အလုပ်တိုက် မည်သည့်နေရာတွင် ရှိပါသည်။ လမ်းကြုံလျှင် အလည်
ဝင်ခဲ့ပါ စသည်ဖြင့် ပြောဆိုလိုက်သည် ဆိုကြပါစို့။ မိတ်ဆွေသည် အ
ကယ်၍ ကိုစိန်လှကို စိတ်ဝင်စားသဖြင့် မိတ်ဆွေတယောက်အဖြစ်
ဆက်လက် ဆက်သွယ်ရန် မှတ်သား ထားလိုပါမူ၊ ကိုစိန်လှနှင့် စကား
ပြောနေစဉ် အတွင်း၌ မိတ်ဆွေ၏ ဦးနှောက်သည် အလုပ် လုပ်လျက်
ရှိရမည်။ "ကိုတင်အေး၏ မိတ်ဆွေ ကိုစိန်လှ၊ လေဟာပြင်ဈေးတွင်
စတင်တွေ့သည်၊ ဇာတိက သံလျင်ကဖြစ်သည်" ဟု ဦးနှောက်ထဲတွင်
စာရင်းတင်လိုက်ရမည်။ ထိုမျှမကသေး ကိုစိန်လှ သွားတွင် သွားထပ်

ကလေးတခု ပါသည်။ စကားပြောလျှင် သွားပေါ် အောင် ပြုံး၍ ပြော တတ်သည်။ နှုတ်ခမ်းမွေးလည်း ရေးရေးထားတတ်သည်။ အသား ဖြူဖြူ၊ ပိန်ပိန်ပါးပါးဖြစ်၍ သူ၏ ဇနီးမှာလည်း ပိန်ပိန် ပါးပါးဖြစ်သည်။ သူ့ဇနီးတွင် မျက်မှန်တပ်ထားသည် စသည်ဖြင့် ကိုစိန်လှနှင့် ပတ်သက် သော ရရှိနိုင်သမျှ အချက် အလက်အားလုံးတို့ကို စိတ်ထဲတွင် မှတ် တမ်း တင်ထားနိုင်ပေသည်။

ထိုသို့ မှတ်သားနေစဉ် မိမိ ဤနည်း ဤပုံ မှတ်သားနေကြောင်း ကိုလည်း နိုးကြားသော စိတ်ဖြင့် သိရှိနေရပေမည်။

ဤသို့ မှတ်သား ထားလိုက်ခြင်း အားဖြင့် နောင်အခါ ရန်ကင်း မြို့မှ မိတ်ဆွေတဦးကို တွေ့ဆုံလျှင် ကိုစိန်လှကို သတိရနိုင် ပေသည်။ သို့မဟုတ် အတွင်းဝန်ရုံးမှ မိတ်ဆွေ တယောက်ကို တွေ့ဆုံလျှင် ကိုစိန်လှကို သတိရရှိစေနိုင်သည်။ ကိုစိန်လှအမည်ကို မေ့လျော့သွား သည်ဆိုစေဦး မိတ်ဆွေ၌ တွေးတောကြံဆရန် သဲလွန်စများစွာ ရရှိ ထားပြီး ဖြစ်သည်။ ကိုတင်အေး၏ မိတ်ဆွေ သံလျင် မြို့က ဘာဘဲ။ ရန်ကင်းမှာနေတဲ့ လူလေး....စသည်ဖြင့် မိမိသိထားသော အချက် အလက်များကို ကောက်၍ စဉ်းစားလိုက်လျှင် မေ့ပျောက်နေသော ကျန်အချက် ကလေးများ ပေါ်လာ တတ်ပါသည်။

လွန်ခဲ့သည့် နှစ် နှစ်ခန့်က စာရေးသူသည် မိတ်ဆုံပါတီတခုတွင် မိတ်ဆွေတဦး ဖြစ်သူ ကိုခင်မောင်ထွေး အား ရန်ကုန်မြို့ရှိ သံရုံးတရုံးမှ အရာရှိ တဦးနှင့် မိတ်ဆက်ပေးဘူးပါသည်။ ထိုသို့ မိတ်ဆက်ပေးစဉ် က ကိုခင်မောင်ထွေးသည် အားကစားတွင် ဝါသနာပါကြောင်း၊ အား ကစား ဆောင်းပါးများကို သတင်းစာတွင် ရေးလေ့ ရှိကြောင်း၊ ကို ခင်မောင်ထွေးသည် ပျဉ်းမနားမြို့သားဖြစ်ကြောင်းများကို ထည့်သွင်း ပြောဆို ခဲ့ပါသည်။ လွန်ခဲ့သည့် တလခန့်က ကျွန်တော်တို့ သုံးဦးသား ညှော်ခံပွဲတခုတွင် တွေ့ဆုံ ကြပြန်ပါသည်။ စာရေးသူက စတင်၍

သံရိုးအရာရှိအား "ဟောဒီ မိတ်ဆွေကို မှတ်မိမှာပေါ့နော်" ဟုပြောလိုက်ရာ ထိုအရာရှိက အားရဝမ်းသာစွာဖြင့် "မှတ်မိပါတယ်၊ မှတ်မိပါတယ်။ သူက မြန်မာပြည် အလယ်ပိုင်း ကြံထွက်တဲ့မြို့က မဟုတ်လား၊ သူအောင်ဆန်း ကစားကွင်းကိုလဲ မကြာ ခဏ သွားတယ်လေ....ခင်....ထွေး....မောင်ခင်ထွေး...." ဟု နားကိုလက်ထောက်၍ ပြောစဉ် ကိုခင်မောင်ထွေးနှင့် စာရေးသူတို့လည်း အားရဝမ်းသာစွာ သူစကားမဆုံးမီပင် "ခင်မောင်ထွေး" ဟု တပြိုင်နက်တည်း ဝင်၍ ထောက်ပေးလိုက်ကြပါသည်။ လူတဖက်သား အပေါ်တွင် စိတ်ဝင်စားစွာ ဤသို့မှတ်သားထားသော သံအရာရှိအား ဝမ်းထဲမှ ကျိတ်၍ ချီးမွမ်းမိပါသည်။ စာရေးသူသည် ကိုခင်မောင်ထွေးအား သူနှင့် မိတ်ဆက်ပေးစဉ်က ပျဉ်းမနားတွင် ကြံထွက်ကြောင်း၊ ကိုခင်မောင်ထွေးသည် အောင်ဆန်း ကစားကွင်းသို့ သွားလေ့ ရှိကြောင်းကို မပြောမိခဲ့ပါ။ သို့ရာတွင် သူပြောသော စကားများကား အမှန်ချည်း ဖြစ်၏။ သံအရာရှိ၏ ဆက်စပ်မှတ်သား ထားပုံမှာ စိတ်ဝင်စားစရာ ကောင်းလှပါသည်။ ကိုခင်မောင်ထွေးသည် သူ့အရပ်ထက် မြင့်သော ကြံတချောင်းကို ကိုင်၍ အောင်ဆန်းကစားကွင်းထဲသို့ ဝင်သွားသည့်ဟန်ကို မြင်လာအောင် စိတ်ကူး၍ မှတ်သားထားလေသလော မပြောတတ်ပေ။

နှီးစပ်မှု သဘော တရားကို အခြေခံ၍ မှတ်သား နည်းမှာ အလွန်ကျယ်ဝန်းလှပေသည်။ ဥပမာ အားဖြင့် စေတီ၊ ပန်းရံ ဆရာ၊ ထီး၊ ရွှေဆိုင်း၊ ပန်းသယ် စသည်တို့ကို ဆက်စပ်၍ တွေးတောနိုင်ပေသည်။ ထို့အတူ ကျီးကန်း၊ စွန်၊ လင်းတ၊ ခွေးသေကောင် စသည်တို့ကို ဆက်စပ်၍ တွေးတော နိုင်ပေ၏။ ဖျာ၊ ခြင်ထောင်၊ စောင်၊ ခေါင်းအုံး၊ မျက်နှာသုတ်ပုဝါ စသည်တို့ကို ဆက်စပ် မှတ်သား၍ လွယ်ပေသည်။ ထီး၊ ဖိနပ်၊ လက်ပတ်နာရီ၊ ဖောင်တိန်၊ လွယ်အိတ်တို့ကိုလည်း ဆက်စပ်၍ မှတ်သားရန် လွယ်ကူ၏။ ထို့အတူ ကံညွန့်၊ စံညွန့်၊ ခင်ညွန့်၊ တင်ညွန့်၊

အမည်များ၊ လှမောင်၊ ဘမောင် စသည့်ဆင်တူယိုးမှား အမည်များကိုလည်း ဆက်စပ်၍ မှတ်သား နိုင်ပေသည်။ ရုပ်ရှင်များတွင် လန်ဒန်မြို့ဟု ဆိုလိုလျှင် ဗြိတိသျှ ပါလီမန် အဆောက်အဦရှိ နာရီစင်ကို ပြသရုံ ဖြင့်၎င်း၊ ပါရီမြို့ကို အီဖယ်တာဝါ[၅] မျှော်စင်ကြီးကို ပြသရုံဖြင့်၎င်း၊ သရုပ်ဆောင်ခြင်းမှာ အထက်ပါ သဘောတရား အရပင် ဖြစ်၏။

အထက်၌ ပြဆိုခဲ့သော ဆက်သွယ် ပေါင်းစပ်မှု နည်းများကိုအသုံးပြုသည့်အခါ တကယ်ထင်ရှားရှိသော ရုပ်ဝတ္ထုများကို အကြောင်းပြု၍သာ ဆက်သွယ် မှတ်သား ရမည်ဟု မမှတ်သင့်ပေ။ လက်တွေ့အားဖြင့် ဆက်သွယ်ပေါင်းစပ်နည်းကို အသုံးပြုရာဝယ် နည်းသုံးနည်း ရှိပေသည်။ ယင်းတို့မှာ —

၁။ ထင်ရှားရှိသော ရုပ်ဝတ္ထု များကို အကျိုး အကြောင်း ဆင်ခြင်၍ ဆက်သွယ် ပေါင်းစပ်ခြင်း၊

၂။ စိတ်၌ ဖြစ်ပေါ်သော ခံစားမှုများကို အကျိုးအကြောင်း ဆင်ခြင်၍ ဆက်သွယ် ပေါင်းစပ်ခြင်း၊

၃။ စိတ်ကူးယဉ် အရာဝတ္ထုများဖြင့် ဆက်သွယ် ပေါင်းစပ်ခြင်း တို့ဖြစ်၏။

ကျွန်ုပ်တို့သည် နေ့စဉ် သွားလာလုပ်ကိုင် နေစဉ်အတွင်း မှတ်သားစရာ၊ ဂရုပြုစရာ အမျိုးမျိုးတို့ကို တွေ့ရပေသည်။ ထိုအကြောင်းရပ်၊ ထိုကိစ္စများ အားလုံးတို့သည် စိတ်ကူးဖြင့် ဖန်တီးရန် မလိုဘဲ မှတ်သားထားနိုင်မည့် နည်းလမ်းထဲသို့ တိုက်ရိုက် ဝင်လာရန် ခဲယဉ်းပေသည်။ ထို့ကြောင့် ကိစ္စအမျိုးမျိုး အရာဝတ္ထု အမျိုးမျိုးတို့ကို မှတ်သားနိုင်ရန်အတွက် စိတ်ကူးယဉ် အရာဝတ္ထုများနှင့်၊ စိတ်၏ ဖန်တီးမှုများကို ကူညီပေးရသည်။

ဗိုလ်ချုပ် အောင်ဆန်း အမှူး ရှိသော ခေါင်းဆောင်ကြီးများ

၅။ Eiffel Tower

ကျဆုံးသည့်နေ့ကို အဆွေမှီလိုက်ပါမူ ထိုအဖြစ်အပျက်ကို အဆွေစိတ်ကူးဉာဏ်ကူ၍ မှတ်သားရန် လိုမည် မထင်ချေ။ ဗိုလ်ချုပ်တို့ ကျဆုံးကြောင်း ကြားသိကြသည်နှင့် တပြိုင်နက် ရန်ကုန်တမြို့လုံးရှိ ဈေးဆိုင်များ၊ အလုပ်တိုက်ကြီးများသည် အစီအရီ ပိတ်လိုက်ကြသည်။ ရန်ကုန်မြို့ကြီးတခုလုံး တခဏခြင်း ရုတ်ရုတ်သဲသဲဖြစ်သွား၏။ အတွင်းဝန်ရုံးတဝိုက်နှင့် ဆေးရုံကြီး တဝိုက်တွင် စုရုံးနေသော လူထုကြီးမှာ တိုးမပေါက်အောင် ရှိလှသည်။ ရပ်ထဲ ရွာထဲတွင်လည်း လူများသည် ဝမ်းနည်း ကြေကွဲသော အမူအရာဖြင့် ဟိုတစု ဒီတစု စုကာ ဗိုလ်ချုပ်တို့ကျဆုံးသည့် အကြောင်းကို ပြောဆို ဆွေးနွေးနေကြသည်။ ရေဒီယိုမှလည်း ဗိုလ်ချုပ်နှင့် တကွ မည်သူ မည်ဝါများ ကျဆုံးကြောင်း သူသတ်သမားများအတွင်းဝန်ရုံးထဲသို့ မည်သို့ မည်ပုံ ဝင်လာကြောင်းများကို အသံလွှင့်ကျေညာ ပေးခဲ့သည်။ ကြားရသူတိုင်း ဖြေမဆည်နိုင် ရှိကြသည်။ နယ်လူထုကြီးသည်လည်း ရေဒီယိုမှရင်း၊ ညနေထုတ်သတင်းစာများမှရင်း၊ လူကြုံများမှ တဆင့်ရင်း အဆိုပါ သတင်းကို ကြားကြရသဖြင့် ရန်ကုန်လူထုနည်းတူ ဝမ်းနည်းကြေကွဲဖြစ်ရကြရှာလေသည်။

အထက်ပါ အဖြစ် အပျက်မျိုးတွင် လှုပ်ရှားခြင်း သဘောတရားပါ၏။ ဖြစ်တောင့် ဖြစ်ခဲသော အဖြစ်အပျက်မျိုးလည်း ဖြစ်၏။ ထင်ရှားမှုကိုလည်း ဆောင်၏။ သတင်းဖြန့်ချိရာ နေရာမျိုးစုံမှ ထပ်တလဲလဲကြားလိုက်ရသော အဖြစ်အပျက်လည်း ဖြစ်၏။ ထို့ကြောင့် ထိုအဖြစ်အပျက်မျိုးကို မှတ်သားရန် အတွက် စိတ်ကူးဖြင့် ဖန်တီးရမည့် ကိစ္စများ၊ ဖြည့်စွက်စဉ်းစားရမည့် ကိစ္စများ မပေါ် ပေါက်ချေ။ အားလုံးကိုခြုံ၍ တခါတည်း မှတ်ဉာဏ် ထဲတွင် စာရင်းတင်လိုက်ရုံသာ ရှိသည်။

သို့ရာတွင် မင်္ဂလာဆောင်တခုသို့ သွားရမည့် ကိစ္စကလေးမျိုးနှင့် တနင်္ဂနွေ နံနက် သူငယ်ချင်းတဦးနှင့် ရုပ်ရှင်ကြည့်ရန် ချိန်းထားသည့်

ကိစ္စမျိုးများတွင် စိတ်ကူးဖြင့် ဖန်တီးယူရသော ဆက်သွယ်မှုများ လိုပေသည်။ နေ့စဉ် တွေ့ကြုံရသော ကိစ္စများများကို မှတ်သားရာတွင် စိတ်ကူးဖြင့် ဖန်တီးယူသော ဆက်သွယ်ပေါင်းစပ်နည်းကို အသုံးပြုရသည်က များလှသည်။ ထို့ကြောင့် စိတ်ကူးဖြင့် ဖြည့်စွက်ဖန်တီးယူရသော ဆက်သွယ်ပေါင်းစပ်နည်းမှာ မှတ်ဉာဏ် ရင့်သန်စေသည့်နည်းတွင် အထူး အရေးပါ အရာရောက်သော နည်းလမ်း တခု ဖြစ်၏။

ရှေ့လာမည့် အခန်းများတွင် ကျွန်ုပ်တို့ အသုံးများလှသော စိတ်ကူးဖြင့် ဖန်တီးယူရသည့် ဆက်သွယ်ပေါင်းစပ်နည်းများကို ဆက်လက်ဖော်ပြပါဦးမည်။

ဆက်သွယ်ပေါင်းစပ်နည်းများကို အသုံးပြုသည့်အခါ အောက်ပါအချက်ကြီး သုံးရပ်ကို အထူး သတိပြုရန် လိုအပ်ပါသည်။

၁။ မိမိမှတ်သား လိုသော အကြောင်း ကိစ္စ၊ အချက် အလက်နှင့် ပုဂ္ဂိုလ်စသည်တို့ကို မိမိယခင်က သိရှိဘူးသော အကြောင်းကိစ္စ အချက် အလက် ပုဂ္ဂိုလ်များနှင့် ပေါင်းစပ်၍ မှတ်သားပါ။

၂။ မိမိမှတ်သားသားပုံကို တတ်နိုင်သမျှ ပုံကြီးချဲ့၍ တွေးတောပါ။ တွေ့နေကျ မြင်နေကျမျိုး မဟုတ်သော နည်းမျိုးဖြင့် ပေါင်းစပ်ပါ။ ထူးဆန်းအောင် ကြံဆောင်ပါ။ ခိုင်မာအောင် ပြုလုပ်ပါ။

၃။ မိမိစိတ်ကူး ထဲတွင် မှတ်သား ထားလိုက်ပုံကို အထပ်ထပ် ပြန်လည် တွေးဆပါ။ တခါ ထက် တခါ စိတ်ထဲတွင် ပိုမိုစွဲမြဲ သွားအောင် ကြိုးစားအားထုတ်ပါ။

## အခန်း ၃

# ကြည့်ရှုလေ့လာမှတ်သားနည်း

**မှတ်ဉာဏ်အစ သတိက**

တခါက ရန်ကုန်မြို့ လမ်းမတော် ဆေးရုံကြီး ထောင့်တွင် အမျိုးသမီးတဦးအား ကိုယ်ပိုင် ကားတစီးက ပွတ်၍ တိုက်သွားရာ အမျိုးသမီးလည်း ကြောက်အား လန့်အားနှင့် ကိုယ်ကို ယိမ်း၍ ဖယ်လိုက်ရာ လမ်းဘေးကျောက်ပြားပေါ် သို့ လဲကျသွားလေသ ည်။ ကိုယ်ပိုင် ကားသည် မရပ်ဘဲ မောင်းထွက်သွားသည်။ လဲကျသွားသော အမျိုးသမီးတွင် ပွန်းပဲ့သော ဒဏ်ရာကလေးများ ရရှိသွားခဲ့သည်။ ထိုခဏ၌ အနီးရှိ လမ်းစောင့်ရဲတဦး ရောက်ရှိလာပြီးလျှင် အမျိုးသမီးအား ဂရုတစိုက် မေးမြန်းပါတော့သည်။

"အမကြီး တော်တော် နာသွားပါသလား" ဟု ရဲအရာရှိက မေးလိုက်၏။

"သိပ်မနာပါဘူး၊ နဲနဲပါးပါးကလေး ပွန်းသွားဒါလောက် ပါဘဲ" အမျိုး သမီးက ဖြေလိုက်သည်။

"ဒါနဲ့ အမကြီး၊ ကားနံပတ်ကို မှတ်မိလိုက်ပါသလား" ဟု မေးရင်း ရဲအရာရှိသည် အိတ်ထဲမှ စာအုပ်ကို ထုတ်ကာ အမျိုးသမီးပြောသော နံပတ်ကို ရေးမှတ်ရန် ဟန်ပြင်လိုက်လေသည်။

"ဟင့်အင်း- ကားနံပတ်ကိုတော့ မမှတ်မိဘူးရှင့်"

"နို့ဘာမှတ်မိ လိုက်ပါသလဲ ခင်ဗျာ" ရဲအရာရှိကထပ်ဆင့်၍ မေး ပါသည်။

"ကားမောင်းတဲ့ လူအနားမှာ မိန်းမတယောက် ပါတယ်ရှင့်၊ သားသား နားနားပါဘဲ၊ ပုလဲပုတီးသုံးကုံးဆင့်ဆွဲထားတယ်၊ ရွှေချည်ထိုးပုဝါ ခြုံထားတယ်၊ ပြီးတော့ ရွှေရောင်လက်ကိုင်အိတ်ကလေး ကိုင်ထားတယ်၊ သူ့ကိုတော့ မြင်ယင် မှတ်မိတယ်ရှင့်"

အမျိုးသမီးသည် ကရားမှ ရေသွန်သလို တတွတ်ဘွတ် ဖြေလိုက်ပါတော့သည်။

အထက်ပါ အဖြစ်အပျက်တွင် ကားဖြင့် ပွတ်သွားခြင်း ခံရသူအမျိုးသမီးမှာ ကံကြီးပေလို့သာ၊ ကားအကြိတ် မခံလိုက်ရခြင်း ဖြစ်၏။ သို့ပါသော်လည်း သူသည် ကား၏ အရောင်၊ ကား၏နံပတ်၊ သို့မဟုတ် အခြား အမှတ်အသား တခုခုကိုမျှ မမှတ်မိလိုက်ချေ။ သူမှတ်မိလိုက်သူကား မော်တော်ကား ပေါ်မှ ပွဲထိုင်အဝတ်အစားများဝတ်ထားသော မိန်းမပျိုကလေးပင် ဖြစ်ပါသည်။ ကားကြိတ်မိခြင်းမှ ကံကောင်း၍ ကင်းလွတ်ရှာသော အမျိုးသမီးသည် ကားနံပတ်ကိုငင်း၊ ကား၏ အသွေး အရောင်ကိုငင်း စိတ်မဝင်စားချေ။ သူစိတ်ဝင်စားသည်မှာ ကားပေါ်တွင် ပါလာသော အမျိုးသမီးပင် ဖြစ်၏။ ထို့ကြောင့် သူစိတ်ဝင်စားသူကိုသာ မှတ်မိခြင်း ဖြစ်၏။

ထိုအမျိုးသမီး တဦးတည်းသာ မဟုတ်ပါ။ ကျွန်ုပ်တို့ အားလုံးသည် မိမိတို့ စိတ်ဝင်စားသည့် အရာဝတ္ထု အကြောင်းအရာကိုသာ သတိထား၍ ကြည့်ရှုတတ်ကြသည်။ သတိထား၍ နားထောင် တတ်ကြသည်။ ကျွန်ုပ်တို့သည် စိတ်ဝင်စားသော အကြောင်းရပ်တခုကို ဤဖက်အခန်း၌ ဆွေးနွေးနေကြလျှင် အခြားတဖက်ခန်းမှ ကျယ်လောင်စွာဖွင့်ထားသော ရေဒီယိုတေးသံကိုပင် ဂရုစိုက်မိကြမည် မဟုတ်ပေ။ ကျယ်လောင်သော ရေဒီယိုသံကို ကြားကောင်း ကြားပေလိမ့်မည်။ သို့သော် ဘယ်သူက ဘယ်သီချင်းကို ဆိုကြောင်းကိုမူ သိချင်မှ သိလိုက်ပေမည်။

ထို့ကြောင့် တစုံတခုကို မှတ်သားမိရန်အတွက် သတိသည် လွန်စွာ အရေးကြီးပေသည်။

ကျမ်းပြု အကျော် ဦးဇနကာဘိဝံသ ဆရာတော်က "အမှတ်သည် ဉာဏ်မဟုတ်၊ သညာနှင့် သတိသာဖြစ်၏။ ယခု အခါ ကျက်ဉာဏ် ကောင်းသည် ဟု ပြောကြသော်လည်း ဉာဏ်မဟုတ်ပါ။ စာကျက်၍ ရလွယ်မှုမှာ သညာနှင့် သတိကောင်းသောကြောင့်သာ ဖြစ်ပါသည်" ဟု စာရေးသူထံပြန်ကြားဘူးပါသည်။

ထရိုင်းအက်ဒွပ်[၁] ဆိုသူ ပုဂ္ဂိုလ်ကြီးကလည်း "မှတ်ဉာဏ်ကောင်းခြင်း၏ လျှို့ဝှက်ချက်မှာ အခြားမဟုတ်၊ သတိတရားပင် ဖြစ်၍ သတိတရားဆိုသည်မှာလည်း ကျွန်ုပ်တို့ စိတ်ဝင်စားမှု အပေါ် တွင် တည်ရှိ၏" ဟု ဆိုလေသည်။ ထို့ပြင် မှတ်ဉာဏ်သည် သတိ၏သမီးတော်ကလေး ဖြစ်၏ဟုလည်း တင်စားခေါ် ဝေါ်ကြသေးသည်။

"သတိမမူ ဂူမမြင်၊ သတိမူတော့ ဂူမြင်" ဆိုသော မြန်မာစကားပုံမှာလည်း ကြီးမားသော ဂူကြီးကိုပင် သတိထား၍ ကြည့်ပါမှ မြင်နိုင်သည်။ သတိထား၍ မကြည့်မိက မမြင်နိုင်ကြောင်း တိုက်ရိုက်ပင် ဆိုထားပေသည်။ သတိထား၍ ကြည့်ရှုမှတ်သားခြင်းသည် မှတ်ဉာဏ်ရင့်သန် စေရန် အထောက် အပံ့ ဖြစ်စေရုံမျှမက ကျွန်ုပ်တို့၏ အကျိုးစီးပွားကိုလည်း ဖြစ်စေနိုင်၏။ ဘေးအန္တရာယ် အသွယ်သွယ်များမှလည်း ကင်းလွတ် စေနိုင်သည်။

ကျွန်ုပ်တို့သည် နေ့စဉ် နေ့တိုင်းလို ဘတ်(စ)ကား ဖြင့် ခရီးသွားနေကြသော်လည်း၊ မိမိစီးနင်း သွားသော ဘတ်(စ)ကား နံပတ်ကို မှတ်သားမိလိုက်သူများကား အလွန် နည်းပါးကြ၏။ တခါတရံ၌ ဘတ်(စ)ကား နံပတ်၊ သို့မဟုတ် ဘတ်(စ)ကားလက်မှတ်ကလေးများသည် ကျွန်ုပ်တို့၏ အတွက် များစွာ အကျိုးရှိစေပါသည်။ ဥပမာ အားဖြင့်

၁။ Tryon Edwards

အဆွေသည် ဘတ်(စ)ကား ပေါ်၌ ထီးမေ့ကျန်ရစ်ခဲ့သည် ဆိုကြပါစို့။ ဘတ်(စ)ကား နံပတ်ကို မှတ်မိသော် ၎င်း၊ ဘတ်(စ)ကား လက်မှတ်ကလေးကို သိမ်းဆည်းထားလိုက်မိသော်၎င်း၊ အဆွေ၏ ထီးကို စုံစမ်းရန် များစွာလွယ်ကူပေသည်။ ဘတ်(စ)ကားပေါ်တွင် ထီးမေ့၍ကျန်ခဲ့သော ကိစ္စမှာ အလွန်သေးဖွဲ့သော ကိစ္စကလေးမျှသာ ဖြစ်ပါသည်။ ဘတ်(စ)ကား ပေါ်တွင် အခြား မမြှော်လင့်သော ကိစ္စများလည်း တွေ့ကြုံ တတ်ပေသေးသည်။

မည်သို့ ဖြစ်စေ ဘတ်(စ)ကား ပေါ်တွင် ကားနံပတ်နှင့် မောင်းသူ၏ အမည်၊ လက်မှတ်ရောင်းသူ၏အမည်များကို ကပ်ထားခြင်းသည် ခရီးသည်များအတွက် အကျိုး ပြုရန် ရေးကပ်ထားခြင်း ဖြစ်သည်။ မိမိစီးနင်း သွားသော ဘတ်(စ)ကား နံပတ် သို့မဟုတ် ဘတ်(စ)ကား မောင်းသူ၏ အမည်ကို မှတ်သားမိခြင်းသည် မည်မျှ အကျိုး ရှိကြောင်းကို "ပြောမယုံ၊ ကြုံဘူးမှသိ" ဆိုသော စကားအတိုင်း အကြောင်းတစုံတရာ တွေ့ကြုံသောအခါ ပို၍သိသာပေလိမ့်မည်။ ထို့ကြောင့် စာဖတ်သူ အဆွေ၊ အဆွေ ဘတ်(စ)ကား စီးလျှင် ကားနံပတ် သို့မဟုတ် ကားမောင်းသူအမည်၊ လက်မှတ်ရောင်းသူ အမည် တခုခုကို အခိုက်အတန့်ဖြစ်စေ မှတ်သားနိုင်လျှင် ပို၍ကောင်းပေသည်။ ကားနံပတ်ကဲ့သို့ ဂဏန်းများကိုအလွယ်တကူ မှတ်သားသည့် နည်းများကိုရှေ့အခန်းများတွင် ဖော်ပြပါမည်။

စင်စစ်သော်ကား ဘက်(စ)ကား နံပတ်ကိုသာ မဟုတ်ပါ။ ကျွန်ုပ်တို့အတွက် အကျိုးဖြစ်ထွန်းစေနိုင်မည့် အရာဝတ္ထု၊ နေရာဌာနများကို သွားရင်းလာရင်း လေ့လာမှတ်သားသင့်ပေသည်။

အဆွေ မည်မျှ အမှတ်အသား ကောင်းသည်ကို စမ်းသပ်ပါရစေ။ လမ်းဆုံလမ်းခွများတွင် လူများ၊ ကားများ၊ ဖြတ်သန်းရာတွင် လွယ်ကူစေရန်အတွက် အချက်ပြမီးအရောင် သုံးမျိုး တပ်ဆင်ထားသည်ကို

အဆွေ တွေ့ဘူးပေလိမ့်မည်။ ထိုမီးအရောင်သုံးမျိုးကို အပေါ်ဆုံးမှ အောက်ဆုံးအထိ အစဉ်အလိုက် ဖော်ပြပါ။ အဆွေ၏ အဖြေမှန် မမှန်ကို နောက်တကြိမ် မီးရောင်ဖြင့် အချက်ပြသော လမ်းဆုံသို့ ရောက်သော အခါ တိုက်ဆိုင်ကြည့်ပါ။ အဆွေ၏ အဖြေမှားနေလျှင် မီးကို ကြည့်၍ အမှန်အတိုင်း မှတ်သားထားပါ။ ထို့နောက် အခြားမိတ်ဆွေတဦးကို အထက်ပါ မေးခွန်းကို မေးမြန်း၍ စမ်းသပ်ကြည့်ပါ။

အဆွေသည် ရန်ကုန်မြို့မှဖြစ်လျှင် ရန်ကုန်မြို့ မီးရထားဘူတာကြီး အနီးမှ အခေါက်ခေါက် အခါခါ ဖြတ်သန်းသွားဘူး ပေလိမ့်မည်။ ဘူတာကြီးနှင့် ပန်းဆိုးတန်းထောင့်တွင် နာရီစင်ကြီးရှိသည်ကိုလည်း အဆွေသိပြီးဖြစ်သည်။ သို့ပြီးတကား ထိုနာရီကြီး၌ ဂဏန်းများသည် မြန်မာဂဏန်းလော၊ အင်္ဂလိပ် (အာရေဗီ) ဂဏန်းလော၊ ရောမဂဏန်းလော။ အဆွေ၏ အဖြေမှန် မမှန်ကို နောက်တကြိမ် ထိုနေရာသို့ အဆွေရောက်လျှင် သတိထား၍ ကြည့်ပါ။ ထို့နောက် အမှန်ကို မှတ်ထားပါ။ အဆွေ၏ မိတ်ဆွေ သင်္ဂဟ များကိုလည်း မေးမြန်း စမ်းသပ်ကြည့်ပါ။

အဆွေသည် ရန်ကုန်မြို့မှ မဟုတ်လျှင် အဆွေ့ဘိုမြို့မှ ထင်ရှားသော အခြား အရာဝတ္ထုများနှင့် စပ်လျဉ်းသော မေးခွန်းအချို့ကို ကိုယ့်ကိုယ်ကို မေးကြည့်ပါ။ ထို့နောက် မှန်မမှန်ကို တိုက်ဆိုင်ကြည့်ပါ။ အဆွေ၏ မိတ်ဆွေများကိုလည်း ထိုနည်းအတိုင်း မေးကြည့်ပါ။

ဤမေးခွန်းများကို ထည့်သွင်းမေးရသည်မှာ အခြားကြောင့် မဟုတ်ပါ။ လူအများတို့သည် မိမိတို့ မြင်နေကျ၊ တွေ့နေကျဝတ္ထုပစ္စည်းများ၏ စိတ်ဝင်စားစရာ အချက်ကလေးများကိုပင် ဂရုမပြုဘဲ အမှုမဲ့ အမှတ်မဲ့ ဖြတ်ကျော်သွားတတ်သေ့ရှိသောကြောင့်ပင် ဖြစ်သည်။ နာရီစင်ကြီးရှိကြောင်းကို သိရှိငြားသော်လည်း ဂဏန်းများကိုမူ စွဲမြဲစွာ မှတ်ထားချင်မှ မှတ်ထားကြပေမည်။ အမှတ်အသား ကောင်း

ခြင်း ဆိုသည်မှာ နာရီရှိကြောင်းကိုလည်း သိရမည်။ ထိုနာရီ၏ ထူးခြားချက်ကိုလည်း သိရပေမည်။

ယခုဖော်ပြခဲ့သော အချက်များသည် မိမိတို့ ကိုယ်ရေးကိုယ်တာအတွက် အကျိုးရှိချင်မှရှိပေမည်။ သို့သော် မှတ်ဉာဏ် ရင့်သန်စေရန်အတွက် အလေ့အကျင့်တခုကို ရရှိစေရန် အကျိုးပြုမည် ဖြစ်၏။ ကမ္ဘာပေါ်တွင် ထင်ရှား ကျော်စောသော မှတ်ဉာဏ်ဝိဇ္ဇာကြီးများသည် ဤနည်းနှင့်နှင့် သေ့လာကြည့်ရှုခဲ့ကြရာမှ တဖြည်းဖြည်း လေ့လာ မှတ်သားမှု အလေ့အကျင့်ကို ရရှိခဲ့ကြ၏။ ထိုမှတဆင့် မှတ်ဉာဏ်ရင့်သန်လာခဲ့ကြခြင်း ဖြစ်၏။

ကမ္ဘာကျော် အင်္ဂလိပ်စာရေးဆရာကြီး ချားလ်ဒစ်ကင်း ၂ သည် ညနေစောင်းတွင် လမ်းလျှောက်ထွက်ပြီးနောက် ပြန်လာခဲ့လျှင် ထိုလမ်းထဲ၌ တွေ့ခဲ့သော ဆိုင်ရှင်များ၏ အမည်များနှင့် မည်သူသည် မည်သည့် ပစ္စည်းမျိုးကို ရောင်းကြောင်း အပ်ချမတ်ချ ပြောပြနိုင်လေသည်။ ခရစ်ယာန်ဘုန်းတော်ကြီး ဒေါက်တာ တောမတ်ဖူးလား ၃ အားလည်း လန်ဒန်မြို့ရှိ အသွန်လူစည်ကားရာ လမ်းတလမ်းထဲသို့ လျှောက်သွားစေပြီး၊ နောက်တနေရာတွင် သူ့အား ရပ်စေ၍ မေးမြန်းလျှင် သူစတင်ထွက်ခဲ့သည့်နေရာမှ ရပ်သည့်နေရာအတွင်း လမ်းဘေး၌ တွေ့မြင်ခဲ့ရသော ဆိုင်းဘုတ်များကို တခုစီ အစီအစဉ်အတိုင်း ပြန်လည်ပြောပြနိုင်သည်ဟု ဆို၏။

မန္တလေးမြို့ အရှေ့ဝိသုဒ္ဓါရုံတိုက်မှ (ပျံလွန်တော်မူခဲ့သော) တိုက်အုပ် ဆရာတော်ဘုရားကြီးသည်လည်း အမှတ်အသား ကောင်းသော ပုဂ္ဂိုလ်တဦးဖြစ်၏။ ဆရာတော်သည် မန္တလေးမှ ရန်ကုန်မြို့သို့ ရထားစီးလာခဲ့လျှင် ရထားလမ်းတလျှောက်ရှိ ဘူတာရုံများကို အစဉ်အလိုက်ပြောပြနိုင်ရုံမျှမက မည်သည့် ဘူတာတွင် မည်သည့် ပစ္စည်းများကို

၂။ Charles Dickens ၃။ Dr. Thomas Fuller

ရောင်းချကြောင်း၊ ဘုတာရုံအသွင်အပြင်က မည်သို့ရှိကြောင်းများ ကို ဂနသေချာစွာ ပြောပြနိုင်သည်ဟု ဆို၏။ ဆရာတော်ဘုရားသည် မည်သည့်ဒေသသို့ မဆို ခရီးထွက်လျှင်လမ်းခရီးတွင် တွေ့ရှိသမျှ စခန်း၊ လမ်းများနှင့် မှတ်သား အပ်သည့် အချက်အလက် မှန်သမျှကို မှတ်သားခဲ့ပြီးနောက် တခုမကျန်ပြန်၍ ပြောနိုင်ကြောင်းဖြင့် ဆရာတော်ကို သိမှီလိုက်သော ပုဂ္ဂိုလ်များက ယနေ့တိုင် ချီးကျူးပြောဆိုလျက် ရှိကြသည်။

ဤသို့မှတ်မိရန်အတွက် ရှေးဦးစွာ မှတ်သားလိုသည့် ဆန္ဒရှိရန် လိုပါသည်။ ထို့နောက် အာရုံစူးစိုက်စွာ မှတ်သားရပေမည်။ မှတ်သားမှု အလေ့အထများ ကြာရှည်လာသောအခါ ကြီးမားသော ဝါသနာကြီးသဖွယ် အမြစ်တွယ်လာတတ်ပေသည်။ ထိုအခါ၌ မှတ်ဉာဏ်၏ စွမ်းရည်မှာလည်း ပိုမို ထက်မြက်လာပေလိမ့်မည်။

## အမှတ် မမှားစေရန်

မိမိက စိတ်ကူးဖြင့် မဖန်တီးရဘဲ ပင်ကိုယ်ရုပ်ဝတ္ထုများကို ယခုကဲ့သို့ မှတ်သားရာတွင် အမှတ်မမှားမိစေရန်နှင့် မိမိစိတ်ကူးထဲမှ တင်ကြို တွေးဆထားသည့်ဖက်သို့ မလိုက်ပါရန် အရေးကြီးပေသည်။

အမှတ်မှားခြင်းဆိုသည်မှာ ဥပမာအားဖြင့် ကြိုးခွေကို မြွေဟု အမှတ်မှားခြင်း၊ အုန်းပင်ကို ထန်းပင်ဟု မှတ်သားမိခြင်း၊ လကျ်ာဖက်တွင်ရှိသော ပစ္စည်းကို လက်ဝဲဖက်တွင် ရှိသည်ဟု ထင်မိခြင်း စသည်တို့ ဖြစ်၏။

မိမိတင်ကြို တွေးဆထားသည့်ဖက်သို့လိုက်၍ မှတ်သားမိခြင်းဆိုသည်မှာ ကျွန်ုပ်တို့ စိတ်ကဖြစ်စေချင်သည်ကို တကယ် ဖြစ်သွားသည်ဟု ထင်မှတ်ကာ မှတ်သားထားလိုက်ခြင်းမျိုး ဖြစ်သည်။ ဥပမာအားဖြင့် မောင်ဖြူနှင့် မောင်နီတို့ ဘောလုံးလု၍ ကန်ကြသည် ဆိုကြ

ပါစို့။ မောင်ဖြူသည် ယခင်ကလည်း စည်းကမ်းကို မရှိသောဘဲ ဘောကန်ဘူး၏။ ဘောလုံးသမားတဦးနှစ်ဦးလည်း မောင်ဖြူ၏ ခြေချက်ကြောင့် ကျိုးခဲ့ဘူး၏။ ထို့ကြောင့် မောင်ဖြူသည် ရမ်းတတ်သော ဘောသမားတဦး ဖြစ်သည်ဟု စွဲမြဲယုံကြည် နေကြ၏။ ယနေ့လည်း မောင်ဖြူသည် ခပ်ကြမ်းကြမ်းပင် ကစားလာခဲ့၏။ မောင်ဖြူနှင့် မောင်နီတို့ လူချင်းပူးကာ ဘောလုံးလုကန်စဉ် မောင်နီမှာ မိမိအလိုအလျောက် လဲကျရာမှ ခြေထောက်ကျိုးခဲ့သော်လည်း ဘောပွဲကြည့်သူ ပရိသတ် အချို့က မောင်ဖြူ၏ မတရား စော်ကားမှုကြောင့် မောင်နီ ခြေထောက်ကျိုးရသည်ဟု မှတ်ထင်တတ်ကြပေသည်။

တရားရုံးတော်များ၌ သက်သေထွက်ဆိုကြသော သက်သေ အများတို့သည် မုသားထွက်ဆိုလိုသောဆန္ဒ လုံးဝ မရှိပါဘဲ၊ အမှတ်မှားချင်း၊ မိမိက တင်ကြိုတွေးဆထားသော ဖက်သို့ အမှတ်မထင်လိုက်ပါ ဆုံးဖြတ်ထားမိချင်း အလွဲလွဲ အမှားမှား ထွက်ဆိုသွားတတ်ကြပေသည်။ အထက်ပါ အကြောင်းများ အပြင် သက်သေထွက်ချက်များ လွဲမှားတတ်သော အခြား အကြောင်းရပ်တခုလည်း ရှိပေသေးသည်။ ထိုအကြောင်းမှာ အခြားမဟုတ်၊ သက်သေ ထွက်ဆိုသော ပုဂ္ဂိုလ်များစွာတို့သည် မှတ်ဉာဏ် အလေ့အကျင့် ရရှိပြီးသူများ မဟုတ်သည့်အတွက်ဖြစ်၏။ ထို့ကြောင့် သူတို့သည် ရုတ်တရက် မြင်သည့် အရာဝတ္ထုနှင့် အဖြစ်အပျက်များကို အလွယ်တကူ မှတ်သားမိရန် ခဲယဉ်းကြပေမည်။ အကယ်၍ မှတ်မိသည်ဟု ဆိုစေဦး။ ထိုမှတ်သားချက်များကို ကြာရှည်စွာ သိမ်း ထိန်းသိမ်းထားခြင်းငှါ မစွမ်းနိုင်ကြချေ။

ဥပမာအားဖြင့် လမ်းခွဆုံတခုတွင် မော်တော်ကား နှစ်စီးတိုက်မိကြသည် ဆိုကြပါစို့။ ထိုသို့ ကားတိုက်သည်ကို ဝိုင်းအုံကြည့်နေသော လူအများကို တွေ့ရမည်မှာ မလွဲပေ။ ထိုလူစုထဲမှ လူ ၁၀ ယောက်ကို ခေါ်ယူ၍ အောက်ပါ မေးခွန်းများကို မေးမြန်းကြည့်စမ်းပါ။

တိုက်မိကြသော ကားနှစ်စီး၏ အရောင်ကို မှတ်မိသလား။ ဘယ်ကားက ဘယ်ဖက်မှ ဘယ်ဖက်သို့ မောင်းနှင်လာသနည်း။ ကား၏ အမျိုးအစားများကို သိသလား။ ကားများထဲတွင် ဒရိုင်ဘာအပြင် အခြားလူများ ပါလာသေးသလား။ ပါလာလျှင် ဘယ်ကားတွင် ဘယ်နှစ်ယောက် ပါလာသနည်း။ ဒရိုင်ဘာဘေးတွင် ထိုင်လာသူများ ပါသေးသလား၊ ပါသေးလျှင် ဘယ်နှစ်ယောက်နည်း၊ ကားများသည် ဘယ်မောင်းလော၊ ညာမောင်းလော၊ ကားများတွင် လမ်းကျွမည့်အခါ အချက်ပြသည့် မောင်းတံကလေးများ ပါသလား၊ ဘယ်ကားတွင် ပါသနည်း၊ ကားတိုက်သည့် နေရာနှင့် အနီးဆုံး ဓာတ်မီးတိုင် ဘယ်လောက် ဝေးသနည်း။

ထိုမေးခွန်းများကို လူ ၁၀ ဦးက အဖြေ ၁၀ မျိုးမျှပေးသည်ကို တွေ့ရကောင်း တွေ့ရပေလိမ့်မည်။ အချုပ်ကို ဆိုရသော် တဦးနှင့် တဦး အဖြေချင်းမတူဘဲ ကွဲလွဲမှု များစွာရှိနေသည်ကို တွေ့ရမည်မှာမုချဖြစ်၏။

ဤအချက်နှင့် ပတ်သက်၍ အမေရိကန် သတင်းစာဆရာ ဝေါလ်တာလစ်(ပ) မင်း[၄] ဆိုသူ ရေးသားသော လူထုသဘောထား ဆိုသော စာအုပ်တွင် ခိုင်လုံသော အထောက်အထား တခုကို ဖော်ပြထားပေသည်။

အခါ တပါးတွင် အမေရိကန် နိုင်ငံမြို့ကြီးတမြို့ရှိ ခမ်းနားသော ခန်းမကြီးတခုထဲ၌ စိတ်ပညာရှင်ကြီးများ၏ နှီးနှောဖလှယ်ပွဲကြီး တခုကို ကျင်းပလျက် ရှိလေသည်။ ထိုအချိန်တွင် လူတယောက်သည် တံခါးမကြီးကို တွန်း၍ ရုတ်တရက် ပြေးဝင်လာလေသည်။ သူ၏ နောက်မှ ကပ္ပလီလူမျိုးတယောက်သည် ခြောက်လုံးပြူးသေနတ် တလက်ကို ထုတ်၍ ချိန်လျက် ထက်ချပ်မကွာ လိုက်၍လာလေသည်။ ရှေ့က

၄။ Walter Lippmann

ပြေးသူသည် အစည်းအဝေး ထိုင်နေသူများ အကြားသို့ ဝင်ပြေးသဖြင့် ခြောက်လုံးပြူးနှင့် လိုက်သူမှာလည်း မပစ်သာဘဲ ရှိနေတော့၏။ နောက်ဆုံး၌ ပြေးသူနှင့် လိုက်သူတို့သည် ခန်းမအလယ်တွင် ထွေးလုံးသတ်ကြလေတော့သည်။ ပြေးသူမှာ လဲကျသွားသဖြင့် ခြောက်လုံးပြူးကိုင် ကပ္ပလီလူမျိုးသည် ထိုလူ၏ အပေါ်သို့ ပစ်လှဲလိုက်ပြီးနောက် ခြောက်လုံးပြူးဖြင့် သုံးလေးချက် ပစ်လိုက်လေတော့သည်။

ခန်းမအတွင်း၌ရှိ ပုဂ္ဂိုလ်တို့လည်း ပုန်းသူပုန်း ရှောင်သူရှောင်နှင့် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေကြလေသည်။ သို့သော် ခြောက်လုံးပြူးတွင် ကျည်ဆန်မပါ၊ ဘလာယမ်းတောင့်သာ ပါသဖြင့် အသံမြည်ရုံမှတပါး အပစ်ခံရသူမှာ ဒဏ်ရာ တစုံတရာ မရရှိပေ။ ထိုသို့ ရုတ်တရက် အချင်း ဖြစ်ပွားပြီးနောက် နှစ်ဦးစလုံး အခန်းတွင်းမှ ပြေးထွက်ကြလေသည်။ အဖြစ်အပျက်တခုလုံး စသည်မှ ဆုံးသည်အထိ စက္ကန့် ၂၀ မျှသာ ကြာလေသည်။

ထိုနောက်တွင်မှ အစည်းအဝေး သဘာပတိ လုပ်သူက မိမိတင်ကြို စီမံထားသည့်အတိုင်း ပြုလုပ်ကြခြင်း ဖြစ်သည်ဟု ရှင်းလင်းပြလိုက်ရာ ငိုအားထက် ရယ်အားသန်ဆိုသလို ဖြစ်ကြတော့၏။ သဘာပတိလုပ်သူက အစည်းအဝေး တက်ရောက်သူတို့အား ထိုလူနှစ်ဦး၏ အဝတ်အစား၊ ခြောက်လုံးပြူး၏ အမျိုးအစား၊ ထိုလူတို့၏ ပုံပန်းသဏ္ဌာန်၊ ခြောက်လုံးပြူး ပစ်သည့်အချက်ရေပေါင်း မည်မျှ စသော မေးခွန်းတို့ကို မေးပါတော့သည်။ လူ ၄၀ ထံမှ အစီရင်ခံစာ ၄၀ ရရှိသည့်အနက် တစောင်တွင်သာ အရေးကြီးသော အချက်များကို ရာခိုင်နှုန်း ၇၀ မျှ မှန်အောင် ဖြေဆိုထားကြောင်း တွေ့ရလေသည်။ ၂၅ ရာခိုင်နှုန်းမျှသော အဖြေများသည် လုံးဝ မှားယွင်းသော အဖြေများဖြစ်သည်။ လူ ၁၀ ဦး၏ အစီရင်ခံစာမှာ မိမိတို့ စိတ်ကူးယဉ် အချက်များနှင့် ဖြည့်စွက်ရေးသားထားသည်ကို တွေ့ရသည်။ လူ ခြောက်ဦး၏ အစီရင်ခံ

စာတွင် (လုံး၀ မမှန်သော်လည်း) တကယ့် အဖြစ်အပျက် အမှန်ကို အနီးစပ်ဆုံးလိုက်၍ ရေးထားသည်ကို တွေ့ရသည်ဆို၏။

ဤသို့ အမှားနှင့် အမှန်ကို တိတိကျကျ ခွဲခြား သိနိုင်ခြင်းမှာ သဘာပတိ လုပ်သူက အထက်ပါ ဟန်ပြ ရန်ပွဲကလေးကို တင်ကြိုစီစဉ်ထားရုံမျှမက၊ ဓာတ်တိုက်၍လည်း ထားသည်။ ဓာတ်တိုက်စဉ်က ကျကျနန ညွှန်ကြား ပြသပြီးနောက် ခတ်ပုံများလည်း ရိုက်ယူထားခဲ့သောကြောင့်ဖြစ်သည်။

အထက်ပါ သာဓကကို ထောက်ရှုခြင်းအားဖြင့် ကျွန်ုပ်တို့ မျက်စိအောက်တွင်ဖြစ်သော အဖြစ်အပျက်ပင် ဖြစ်စေကာမူ ကျွန်ုပ်တို့သည် လုံးစေ့ပတ်စေ့ မှတ်မိရန် ခဲယဉ်းကြောင်းမှာ ထင်ရှားပေတော့သည်။

## အင်းစိန် စုံထောက်ကျောင်း

အခါတပါး၌ အင်းစိန်မြို့ စုံထောက်ကျောင်းတွင် တက်ရောက်သင်ကြားနေသော ရဲအရာရှိတို့အား ကျောင်းအုပ်ဆရာကြီးက အင်းစိန်ထောင်အတွင်းသို့ ခေါ်ဆောင်သွားပြီးလျှင် တရားခံတဦးအား ကြိုးပေးသတ်ပုံကို စိတ်ဖြင့် မှတ်သား၍ အစီရင်ခံစာရေးစေလေသည်။ ထိုရဲအရာရှိတို့ မှတ်သားရမည်မှာ ကြိုးပေး အသတ်ခံရမည့် တရားခံကို သူ၏ အခန်းထဲမှ ထုတ်ယူခဲ့သည့်အချိန်မှစ၍ ကြိုးပေးပြီးနောက် ဆရာဝန်က သေပြီဟု ကျေညာသည့်အချိန်အထိ ဖြစ်၏။

သင်တန်းသား ရဲအရာရှိများလည်း ထိုကာလအတွင်း မိမိတို့ မြင်သမျှကြားသမျှတို့ကို စိတ်ဖြင့် မှတ်သားကြ၏။ ကျောင်းသို့ ပြန်ရောက်သည့်အခါ အစီရင်ခံစာ အသီးသီး ရေးသား တင်ပြကြလေသည်။ ကျောင်းအုပ်ကြီးက စစ်ဆေးကြည့်ရှုသည့်အခါ အရေးကြီးသော အချက်များနှင့် ပတ်သက်၍ တဦးနှင့်တဦး ကွဲလွဲနေပုံကို တွေ့ရလေသည်။

သင်တန်းသား အားလုံးလိုပင် ထင်ရှားသော အရာဝတ္ထု၊ ငြိမ်သက်သော အရာဝတ္ထုများကို မှတ်သားရာ၌ များစွာ တူညီမှု ရှိကြသည်ဆို၏။ သို့သော် ရုတ်တရက် လှုပ်ရှား ပြီးပြတ်သွားသော အပြုအမူများ၊ လျှပ်တပြက်အတွင်း ဖြစ်ပေါ်သော ကိစ္စများကို မှတ်သားရာ၌ များစွာ ကွဲလွဲကြသည်ဆို၏။

ဆိုလိုရင်းမှာ တရားခံ ဝတ်ထားသော အဝတ်အစား၊ ထောင်မှူး၏ အဝတ်အစား၊ ကြိုးစင်သို့ တက်ရမည့် လှေကားထစ်ပေါင်း၊ ကြိုးစင် ပြင်ဆင်ထားပုံ စသောပုံသေဝတ္ထုများကို ဖော်ပြကြရာတွင် များစွာ တူညီကြသည်ဆို၏။ သို့သော် လက်ကိုကြိုးချည်လိုက်ပုံ၊ တရားခံ၏ ခေါင်းကို အဝတ်အုပ်လိုက်ပုံ၊ အမိန့်ပေးပုံ၊ ဒေါက်ဖြုတ်ပုံ စသော ခဏချင်း တခုပြီးတခု လျင်မြန်စွာ ပြုလုပ်လိုက်ကြသော အဖြစ်အပျက်များကို တင်ပြကြရာ၌ မူကွဲလွဲမှုများစွာ တွေ့ရသည်ဆို၏။

ထိုမှတပါး မိမိတို့ စိတ်မှ တင်ကြိုတွေးထင်မှုကို အမှန်ဟု ယူဆကာ ရေးသားဖော်ပြသည်ကိုလည်း တွေ့ရသေးသည်ဆို၏။ ဥပမာအားဖြင့် ထောင်မှူးကြီးဟု ထင်ရသူကို ထောင်မှူးကြီးဟုဌင်း၊ ခန့်ခန့်ညားညား၊ ဝတ်စားထားသူ အခြားပုဂ္ဂိုလ်တယောက်ကို တရားသူကြီးဟုဌင်း ဆုံးဖြတ်ချက်ချမှတ်ကာ ရေးသားကြခြင်းမျိုး ဖြစ်၏။

ဤသာဓကကို ထောက်ရှုခြင်းအားဖြင့် ကျွန်ုပ်တို့သည် တည်ငြိမ်သော အရာဝတ္ထုများကို အမှတ်ရလွယ်သော်လည်း၊ လှုပ်ရှား ဖြစ်ပျက်သွားသော အခြေအနေများကို အမှတ်ရ ခက်ခဲကြောင်း သိရှိနိုင်ပေသည်။

## တင်ကြိုတွေးထင်ထားသည့်အတိုင်း မမှတ်နှင့်

ကြည့်ရှု လေ့လာခြင်းနှင့် ပတ်သက်၍ အခြားစမ်းသပ်မှု တခုမှာလည်း အထူးစိတ်ဝင်စားဘွယ်ရာ ကော[illegible]လှသည်။

အခါတပါး၌ စိတ်ပညာဆရာကြီး မစ္စတာဝုဒ်ဝပ်[၅] သည် မိမိ၏ သင်တန်းသားများအား ကြည့်ရှုလေ့လာခြင်းနှင့် စပ်လျဉ်းသော လက်တွေ့ စမ်းသပ်နည်း တခုကို ပြသမည်ဟု ကျေညာလိုက်၏။ ကျောင်းသားများသည် မိမိတို့ဆရာသည် မည်သို့ ဆန်းကြယ်သော လက်တွေ့ စမ်းသပ်မှုကို ပြသလိမ့်မည်နည်းဟု အထူးမြော်လင့်လျက် ရှိကြ၏။ ဆရာနှင့် သူ၏လက်ထောက်တဦးတို့သည် ရုပ်ရှင်ပြရာတွင် အသုံးပြုသော ပိတ်ကားကလေးတခုကို ဆရာ့စားပွဲ တဖက်စွန်းတွင် ထောင်လိုက်သည်။ ပိတ်ကားမှာ သစ်သားခြေထောက် တပ်ထားသော အလွယ်တကူ ပြောင်းရွှေ့၍ရသည့် ပိတ်ကားဖြစ်၏။ ဆရာနှင့် သူ့လက်ထောက်တို့သည် ပိတ်ကား၏ နောက်ဖက်တွင် မီးလုံးများ၊ ဝါယာကြိုးများ၊ ရုပ်သေပြစက်ကလေးနှင့် ရုပ်ပုံမှန်ပြားများဟု ထင်ရသော အထုပ်ကလေးများ၊ ဘိလိယက်ထိုးတံနှင့်တူသော တုတ်ချောင်း စသည်တို့ကို စုပုံချထားလိုက်လေသည်။

ထို့နောက် ဆရာလုပ်သူသည် မိမိစားပွဲ အနီးရှိ ခုံငယ်တခုပေါ်မှ ဓာတ်မီးလုံးကို ထွန်းရန် ကြိုးစားလိုက်သည်။ မီးလုံးမှာ ထွန်း၍ မရ။ ဆရာလည်း အထပ်ထပ် အဖန်ဖန် ကြိုးစားလျက်ရှိ၏။ ထိုအခိုက်တွင် ရှေ့ဆုံးတန်းမှ ကျောင်းသားတယောက်သည် ဆရာ့စားပွဲဆီသို့ ထွက်လာပြီးလျှင် ဆရာအား ကူညီပေးသည်။ သူသည် မီးလုံးကို မီးလုံးခေါင်းထဲသို့ အံကိုက်သွားအောင် လှည့်၍ သွင်းလိုက်သည်။ ထိုနောက် သူသည် သူ့နေရာသို့ ပြန်ရန် ခြေဦးလှည့်လိုက်သည်။ ထိုခဏ၌ ထောင်ထားသော ပိတ်ကားသည် ကြမ်းပေါ် သို့ အသံကျယ်လောင်စွာနှင့် လဲကျသွားလေသည်။ ထို့နောက် ဆရာနှင့် သူ၏လက်ထောက်တို့သည် ပိတ်ကားအောက်တွင် ပိနေသော ပစ္စည်းများကို တခုပြီး တခု လျင်မြန်စွာ ကောက်ယူ သိမ်းဆည်းလိုက်ကြ၏။ အစီအစဉ်များ

၅။ Robert s. Woodworth

ချွတ်ယွင်း ပျက်စီးသွားသဖြင့် လက်တွေ့ စမ်းသပ်မှုကို မပြသနိုင်သည့်အတွက် ဝမ်းနည်းကြောင်းကို ဆရာက တိုတိုတုတ်တုတ် ကျေညာပြီးလျှင် ဆရာနှင့် သူ၏ လက်ထောက်တို့သည် အခန်းတွင်းမှ ရုတ်တရက် ထွက်ခွါ သွားကြလေသည်။

နောက် နှစ်ရက်ခန့်ကြာသောအခါ ဆရာက တပည့်တို့အား ပိတ်ကား ပြုတ်ကျခဲ့သည့်နေ့က အဖြစ်အပျက် အစုံကို မိမိတို့ မြင်တွေ့မှတ်မိသလို ရေးသား တင်ပြရန် ခိုင်းလေသည်။

အတန်းရှိ ကျောင်းသား အားလုံးတို့ကပင် ပိတ်ကား လဲကျသွားသည်မှာ ရှေ့ဆုံးတန်းမှ ကျောင်းသားက သူ့ကိုယ်နှင့် ဝင်တိုက်၍ဖြစ်သည်။ ဆရာနှင့် လက်ထောက်တို့သည် စံနစ်တကျ ခေါင်းအေးအေးနှင့် ပြုလုပ်နေစဉ်တွင် ရှေ့တန်းမှ ကျောင်းသားသည် မိမိနှင့် မဆိုင်သော အလုပ်တွင် ဝင်၍ရှုပ်ခဲ့ကြောင်း၊ ထို့ကြောင့် လက်တွေ့ စမ်းသပ်ပြသမည့် အစီအစဉ်ကို ဖျက်သိမ်းလိုက်ရကြောင်း စသည်ဖြင့် ရေးသား တင်ပြကြလေသည်။

ဆရာက သူတို့၏ တင်ပြချက်များ အားလုံးမှားယွင်းကြောင်း၊ မီးလုံးထွန်းမဖြစ်အောင်မိမိဘာမင်သက်သက်သုပ်ကြောင်းနှင့်ပိတ်ကားကိုလည်းမိမိကပင် ကျောင်းသားများ မမြင်အောင် တွန်းလှဲလိုက်ကြောင်းကို ရှင်းပြလိုက်လေသည်။ ထိုသို့ လက်တွေ့စမ်းသပ်မှုတခုကိုပြမည်ဆိုပြီးနောက် ဖျက်သိမ်းလိုက်ခြင်းပင်လျှင်လက်တွေ့စမ်းသပ်မှုကိုပြသခြင်း ဖြစ်သည်ဟု ဆရာက ရှင်းပြလိုက်ရာ တတန်းလုံး ပါးစပ်မပိတ်နိုင်အောင် ရယ်မောကြလေတော့သည်။

အထက်ပါ စမ်းသပ်မှုတွင် တပည့်များက ဆရာနှင့် သူ၏ လက်ထောက်အပေါ်တွင် ယုံကြည် အားထားစွာနှင့် သူတို့ ပြသမည့် လက်တွေ့စမ်းသပ်မှုကို စောင့်မျှော် နေကြသည်။ ထိုအချိန်၌ ဆရာနှင့် သူ၏ လက်ထောက်အပေါ်တွင် ယုံကြည်မှု ကြည်ညိုမှုများ ပို၍

ညွှတ်နေကြ၏။ ရှေ့တန်းမှ တပည့်က သွားရောက်ကူညီသည်ကို ဝင်ရှုပ်သည်ဟု သဘောထားကြသည်။ ပိတ်ကားကြီး လဲကျသည့်အခါ ဝင်ရောက်ကူညီသူကို ကျေးဇူးတင်မည့်အစား မုန်းတီး၍ သွားကြသည်။ ထို့နောက် ဆရာနှင့် သူ၏ လက်ထောက်တို့က အစီအစဉ်များ အဆီအငေါ် မတည့်သဖြင့် စမ်းသပ်မှုကို ဖျက်သိမ်းလိုက်ရကြောင်း ခပ်တိုတိုပြော၍ ရုတ်တရက် အခန်းတွင်းမှ ထွက်ခွါ သွားကြသည်ကို စိတ်ဆိုးသဖြင့် ထွက်သွားကြသည်ဟု ကျောင်းသားများက ယူဆကြသည်။ ထို့ကြောင့် သူတို့၏ အစီရင်ခံစာများတွင် ထိုအဓိပ္ပါယ်မျိုး သက်ရောက်အောင် ရေးသား ဖော်ပြကြခြင်း ဖြစ်၏။

ဤသာဓကကို ထောက်ရှုခြင်းအားဖြင့် လူများစွာတို့သည် တိကျမှန်ကန်သော အဖြေကို ရအောင် အချိန်ယူ လေ့လာစဉ်းစားခြင်း မပြုလုပ်ဘဲ လိုလျှင်လိုသည့်အလျောက် မလိုလျှင်မလိုသည့်အလျောက် ဘက်လိုက်သော ဆုံးဖြတ်ချက်များကို ချမှတ်တတ်ကြောင်း ထင်ရှားပေသည်။

ထို့ကြောင့် ကျွန်ုပ်တို့သည် အဖြစ်အပျက် တခုခုကို ကြည့်ရှုလေ့လာသည့် အခါ အမှတ်မှားသည်လည်း ရှိတတ်သည်။ မိမိစိတ်က တင်ကြိုတွေးထင်ထားသောဖက်သို့လိုက်လျော၍ မှတ်သားမိသည်လည်း ရှိတတ်သည်။ ဤသို့ အမှတ်မှားခြင်း၊ တင်ကြိုတွေးထင်ထားသော ဖက်သို့လိုက်၍ မှတ်သားမိခြင်းများသည် တခါတရံ ကြီးစွာသော မှားယွင်းမှုကြီးကို ဖြစ်စေနိုင်ပါသည်။ အထူးသဖြင့် သက်သေ ထွက်ချက်များအပေါ် တွင် အထောက်အထားပြု၍ တရားစီရင်ရသော တရားသူကြီးများ၊ တရားမဏ္ဍိုင်ကို ထိန်းသိမ်းပေးသော ရှေ့နေရှေ့ရပ်များသည် အထက်ပါ အချက်များကို အထူးသတိပြုသင့်လှပေသည်။

ကျွန်ုပ်တို့သည် အရာဝတ္ထုတခုခုကိုဖြစ်စေ၊ အဖြစ်အပျက်တခုခုကိုဖြစ်စေ မှတ်သားသည့်အခါ စိတ်ဝင်စားစွာ မှတ်ခြင်း၊ သတိနှင့်

အာရုံစူးစိုက်၍ မှတ်ခြင်း၊ အမှတ်မမှားရန်လိုခြင်းနှင့် တင်ကြိုတွေးထင်ထားသလို မမှတ်မိဘဲ အမှန်ကိုသာ မှတ်ရန်လိုကြောင်းများကို ရှင်းလင်း ဖော်ပြခဲ့ပေပြီ။ အရာဝတ္ထု အများကို မှတ်လိုလျှင် မည်သို့မှတ်သားပါမည်နည်း။

အောက်ပါပုံကို ငါး မိနစ် မျှ အာရုံစိုက်၍ ကြည့်ပါ။ ထို့နောက် စာအုပ်ကိုပိတ်၍ မှတ်မိသမျှ ပစ္စည်း အမည်များကို ရေးသားပါ။ အဆွေ၏ အဖြေ မည်မျှမှန်သည်ကို ရုပ်ပုံနှင့် ပြန်၍ တိုက်ကြည့်ပါ။



ပုံထဲတွင် — ၁။ မဂ္ဂဇင်းများ ၁၀။ စိကရက်ဗူး
၂။ မင်အိုး ၁၁။ ဖန်ခွက်
၃။ ပုလင်း ၁၂။ မြေပုံ
၄။ ဆေးလိပ်ပြာခွက် ၁၃။ ဆေးတံ
၅။ မီးခြစ် ၁၄။ ပုလင်းဖွင့်
၆။ ကုလားထိုင် ၁၅။ သတင်းစာ
၇။ စာအုပ် ၁၆။ ကလောင်တံ
၈။ စက္ကူပြန်ငယ် ၁၇။ ဆေးပေါ့လိပ်
၉။ စားပွဲ ၁၈။ စာရေးစက္ကူစာအုပ်

ပစ္စည်း ၁၈ မျိုးကို တွေ့ပေလိမ့်မည်။ ထိုပစ္စည်း ၁၈ မျိုးကို ယခုရေးသားထားသည့် နံပတ်အစဉ်အတိုင်း မှတ်မည်ဆိုလျှင် အတန်ငယ်ခဲယဉ်းပေလိမ့်မည်။ ထိုပစ္စည်း ၁၈ မျိုးကို ကိုးယိုးကားယားပုံများအဖြစ် စိတ်ကူးဖြင့် ဆက်သွယ်ပေါင်းစပ်ကာ မှတ်သားနိုင်သော်လည်း ရှုံးချိုးမှတ်သည်ထက်ပင် ခက်သွားမည်ကို စိုးရိမ်ရပေသည်။ ထို့ကြောင့် အခြားတနည်းကို စဉ်းစားကြပါစို့။ တည်နေရာကို မူထား၍ စဉ်းစားကြည့်ကြပါစို့။ ရှေးဦးစွာ ကျွန်ုပ်တို့၏ လက်ျာဖက်တွင်ရှိသောပစ္စည်းများကို သတိပြုကြည့်ပါ။ ပုလင်း၊ ဖန်ခွက်၊ စက္ကူပြန်၊ ပုလင်းဖွင့်၊ စိကရက်ဗူးများကို တွေ့ရမည်။ လက်ဝဲဖက်တွင်ရှိသော ပစ္စည်းများကို ကြည့်ပါ။ ဆေးတံ၊ မီးခြစ်၊ ပြာခွက်၊ ဆေးပေါ့လိပ်၊ မဂ္ဂဇင်းများကို တွေ့ရမည်။ ထို့နောက် ကုလားထိုင်နှင့် စားပွဲအပါအဝင် အလယ်တဲ့တဲ့တွင် ရှိသော ပစ္စည်းများကိုကြည့်ပါ။ မြေပုံ၊ ကုလားထိုင်၊ စားပွဲ၊ သတင်းစာ၊ ကလောင်တံ၊ မင်အိုး၊ စာရေးစက္ကူ စာအုပ်တို့ကို တွေ့ရမည်။ တည်ရာ ဌာနအလိုက် ဤသို့အစုသုံးစုခွဲ၍မှတ်သားနိုင်ပေသည်။ ဤနည်းအပြင် အခြားတနည်းရှိပါသေးသလော။ အကယ်၍ ထိုပစ္စည်း

များကို လုပ်ငန်းဆိုင်ရာ အလိုက် အစုခွဲ၍ရလျှင် ထိုနည်းတနည်းကျန် သေးသည်ဟု ဆိုရပေမည်။ လုပ်ငန်းအလိုက် အစုခွဲ၍ ရမရကို ကြံဆ ကြည့်ကြပါဦးစို့။

ပုံနှိပ်လုပ်ငန်းနှင့် ဆက်စပ်ရာတွင် စာအုပ်၊ မဂ္ဂဇင်း၊ သတင်းစာ နှင့် မြေပုံတို့ကို ရရှိ၏။

စာရေးခြင်းနှင့် ဆက်စပ်ရာတွင် စားပွဲ၊ ကုလားထိုင်၊ မင်အိုး ကလောင်တံနှင့် စာရေး စက္ကူ စာအုပ်တို့ကို ရရှိ၏။

ဆေးလိပ်သောက်ခြင်းနှင့်ဆက်စပ်ရာတွင် စီကရက်၊ ဆေးပေါ့လိပ်၊ မီးခြစ်၊ ဆေးလိပ်ပြာခွက်နှင့် ဆေးတံတို့ကို ရရှိ၏။

အရည်ကို သောက်ခြင်းနှင့် ဆက်စပ်ရာတွင် ပုလင်း၊ ပုလင်းဖွင့်၊ ဖန်ခွက်၊ စက္ကူ ပြွန်ငယ်တို့ကို ရရှိ၏။

ဤသို့ လုပ်ငန်းဆိုင်ရာနှင့် ဆက်စပ်မှတ်သား လိုက်လျှင် တခုစီ လိုက်၍ မှတ်သားရသကဲ့သို့ အားမထုတ်ရကြောင်းကို တွေ့ရှိရပေလိမ့် မည်။ ရှေးဦးစွာ ပစ္စည်းအားလုံးကို ခြုံ၍ ဂရုစိုက်ကြည့်ရှုပြီးနောက် ပုံနှိပ်ခြင်းနှင့် ဆိုင်သော ပစ္စည်း၊ စာရေးခြင်းနှင့် ဆိုင်သော ပစ္စည်း၊ ဆေးလိပ်သောက်ခြင်းနှင့် ဆိုင်သော ပစ္စည်း၊ အရည်သောက်ခြင်းနှင့် ဆိုင်သော ပစ္စည်းဟု အုပ်စု လေးခုကို မှတ်သားထားလိုက်ရမည်။ ဤသို့ အရေးကြီးသည့် ခေါင်းစဉ်ကြီးလေးရပ်ကို မှတ်သားထားလိုက် လျှင် ခေါင်းစဉ်တခု တခုစီ၏ အောက်တွင် ပါဝင်သော ပစ္စည်းများကို အလွယ်တကူ စဉ်းစား၍ ရနိုင်ပေ၏။

အောက်ပါ အမည် ၁၂ မျိုးကို ကြည့်ကြပါဦးစို့။

၁။ ကြက်ဘူရွှေး
၂။ ခွေး
၃။ နှင်းဆီပန်း
၄။ ကျား
၅။ တောင်ဇလပ်ပန်း
၆။ လင်းတ
၇။ ကြောင်
၈။ သိမ်းငှက်

၉။ ရင်ခတ်ပန်း
၁၀။ ဝက်ဝံ
၁၁။ ဇီဇဝါပန်း
၁၂။ သာလိကာ

ထိုအရာဝတ္ထု ၁၂ ရပ်ကို အောက်ပါအတိုင်း အမျိုးအစားအလိုက် ခွဲခြားနိုင်ပေ၏။

| **ခြေလေးချောင်း** | **ငှက်** | **ပန်း** |
|---|---|---|
| ၁။ ကြောင် | ၅။ ကြက်ဘူရွေး | ၉။ နှင်းဆီ |
| ၂။ ခွေး | ၆။ သာလိကာ | ၁၀။ တောင်ဇလပ် |
| ၃။ ကျား | ၇။ သိမ်းငှက် | ၁၁။ ရင်ခတ်ပန်း |
| ၄။ ဝက်ဝံ | ၈။ လင်းတ | ၁၂။ ဇီဇဝါပန်း |

ဤနည်းအပြင် အခြားတနည်းဖြင့်လည်း ခွဲခြားနိုင်သေး၏။

| **တောနှင့် နီးစပ်သောအရာ** | **အိမ်နှင့်နီးစပ်သောအရာ** |
|---|---|
| ၁။ ကျား | ၇။ ကြောင် |
| ၂။ ဝက်ဝံ | ၈။ ခွေး |
| ၃။ သိမ်းငှက် | ၉။ ကြက်ဘူရွေး |
| ၄။ လင်းတ | ၁၀။ သာလိကာ |
| ၅။ တောင်ဇလပ် | ၁၁။ နှင်းဆီ |
| ၆။ ရင်ခတ်ပန်း | ၁၂။ ဇီဇဝါပန်း |

ပဌမ ခွဲခြားပြသောနည်းတွင် ထပ်မံခွဲခြားလိုက်လျှင် အောက်ပါအတိုင်း ဖြစ်လာပေဦးမည်။

| | **ခြေလေးချောင်း** | **ငှက်** | **ပန်း** |
|---|---|---|---|
| တော တွင်းနေ | ကျား | လင်းတ | တောင်ဇလပ် |
| | ဝက်ဝံ | သိမ်းငှက် | ရင်ခတ် |
| အိမ်နေ | ကြောင် | ကြက်ဘူရွေး | နှင်းဆီ |
| | ခွေး | သာလိကာ | ဇီဇဝါ |

စာကြည့်တိုက်များတွင် စာအုပ်ပေါင်း ထောင်သောင်းများစွာကို သိမ်းထားရာ၌ အလွယ်တကူ ရှာဖွေတွေ့ရှိစိမ့်သောငှါ အထက်ပါ အမျိုးအစားအလိုက် ခွဲခြားသောမှုအတိုင်း ထားရှိကြသည်။ စာကြည့်တိုက်များတွင် စာအုပ်များကို အမျိုးအစား ခွဲခြားထားသည့် စံနစ်ကို မစ္စတာမယ်လ်ဗီးလ်ဒူဝီ[၆] ဆိုသူ ပုဂ္ဂိုလ်က ၁၈၇၃ ခုနှစ်ခန့်က စတင် တီထွင်လိုက်ခြင်း ဖြစ်၏။ ထိုစံနစ်ကို ဒူဝီစံနစ်ဟု ခေါ်ဆိုကြသည်။ ကမ္ဘာအရပ်ရပ်ရှိ များစွာသော ပိဋကတ်တိုက်ကြီးများသည် ယင်းစံနစ်အတိုင်း လိုက်နာ ကျင့်သုံးလျက် ရှိကြ၏။

ဒူဝီစံနစ်အရ ဘာသာရပ်အမျိုးအစား ခွဲခြားထားပုံကို အနည်းငယ် ဖော်ပြလိုပါသည်။

ရှေးဦးစွာ ဘာသာရပ် အသီးသီးကို အောက်ပါအတိုင်း ဂဏန်းတပ်၍ အခန်းကြီး ဆယ်မျိုးခွဲခြားလိုက်ပါသည်။

၀၀၀ – အထွေထွေ
၁၀၀ – ယထာဘူတပညာ (ဒဿနိကဗေဒ)
၂၀၀ – အယူဝါဒ၊ ဘာသာရေး
၃၀၀ – လူမှုရေး သိပ္ပံပညာ
၄၀၀ – ဘာသာစကား ဆိုင်ရာပညာ
၅၀၀ – ရိုးရိုး သိပ္ပံပညာ
၆၀၀ – အသုံးချသိပ္ပံပညာ၊ လက်တွေ့ သိပ္ပံပညာ
၇၀၀ – အနုပညာနှင့် ကိုယ်စိတ်ရွှင်လန်းမှုများ
၈၀၀ – စာပေ၊ အနုစာပေ
၉၀၀ – နိုင်ငံသမိုင်း၊ သမိုင်း (ရာဇဝင်)

ဤသို့ ခွဲခြားထားသော အခန်းကြီးများကို အခန်းခွဲကလေးများ အဖြစ် တဖန်ထပ်၍ ခွဲလိုက်ပြန်သေးသည်။

---

၆။ Melville Dewey

ဥပမာ ဂဏန်း ၃၀၀ ဖြင့် မှတ်သားထားသော လူမှုရေးပညာကို အောက်ပါအတိုင်း အခန်းများ ခွဲခြားထားပြန်၏။

**၃၀၀ လူမှုရေးပညာများ**

၃၁၀ – စာရင်းအင်းစုဗေဒ
၃၂၀ – နိုင်ငံရေး ပညာ
၃၃၀ – ဘောဂဗေဒ၊ စီးပွါးရေး
၃၄၀ – ဥပဒေ၊ တရားဥပဒေ၊ ဓမ္မသတ်
၃၅၀ – အုပ်ချုပ်ရေး
၃၆၀ – လူမှုဝန်ထမ်း၊ ဝန်ထမ်းလုပ်ငန်းများ
၃၇၀ – ပညာရေး
၃၈၀ – ကူးသန်းရောင်းဝယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးများ
၃၉၀ – ဝတ်စားဆင်ယင်မှု၊ ဓလေ့ထုံးစံ၊ ရိုးရာအလေ့များ

ဂဏန်း ၅၀၀ ဖြင့် မှတ်သားထားသော ရိုးရိုး သိပ္ပံဘာသာကို အောက်ပါအတိုင်း ခွဲခြားထား ပေသည်။

**၅၀၀ ရိုးရိုးသိပ္ပံ**

၅၁၀ – သင်္ချာ
၅၂၀ – နက္ခတ္တဗေဒ
၅၃၀ – ရူပဗေဒ
၅၄၀ – ဓာတုဗေဒ
၅၅၀ – မြေသိပ္ပံ၊ ဘူမိဗေဒ
၅၆၀ – ရုပ်ကြွင်းကျောက်ဗေဒ
၅၇၀ – ဇီဝဗေဒ
၅၈၀ – ရုက္ခဗေဒ
၅၉၀ – ပါဏဗေဒ (တိရစ္ဆာန်များပါဝင်သည်)

တဖန် ၅၀၀ မှ ၅၁၀ကို ဆယ်မျိုးခွဲ၍ထားပြန်၏။ ယင်းတမျိုးကို ဒသမနည်းဖြင့် အစိတ်စိတ်ထပ်မံ ခွဲထားပြန်သေးသည်။

အခြားအခန်းကြီးများကိုလည်း ဤနည်းအတိုင်းပင် အသီးသီး ခွဲခြားထားရှိလေသည်။

အကယ်၍ စာဖတ်သူ မိတ်ဆွေသည် စံနစ်တကျ တည်ထောင်ထားသော စာကြည့်တိုက်ကြီး တခုအတွင်းသို့ ဝင်သွားလျှင် စာအုပ်များ၏ အဖုံး အနှောင့်တွင် ဂဏန်းများရေးထိုး၍ ထားသည်ကို တွေ့ရပေလိမ့်မည်။ အသက်၌ ဖော်ပြခဲ့သော အခန်းကြီး ၁၀ ခန်း၏ အမှတ်အသားကို သိရှိထားလျှင် မိမိအလိုရှိသော စာအုပ်ကို ရှာဖွေရန်လွယ်ကူပေတော့သည်။

ကြည့်ရှုလေ့လာမှတ်သားသည့် နည်းတွင် အကျဉ်းချုပ်အားဖြင့် အောက်ပါ အချက်များကို နှလုံးပိုက်သင့်ပါသည်။

၁။ မိမိ၏ လုပ်ငန်းဆောင်တာများတွင် အထောက်အကူ ဖြစ်စေနိုင်မည့် ကိစ္စများကို သတိထား၍ မှတ်ပါ။
၂။ ပိုမို ထူးခြားသည့် အချက်ကို ပိုမိုအာရုံစိုက်၍ မှတ်သားပါ။
၃။ အမှတ်မမှားရန် ဂရုမူပါ။
၄။ မိမိစိတ်မှ တင်ကြိုတွေးထင်ထားသည့်ဖက်သို့လိုက်၍ မမှတ်ပါနှင့်။
၅။ ခဏတဖြုတ်အတွင်း လှုပ်ရှား ဖြစ်ပျက်သွားသော အခြင်းအရာများကို ပိုမိုစူးစိုက်၍ မှတ်သားပါ။
၆။ အမျိုးတူ၊ ဘာသာတူ စသော တူညီမှု နီးစပ်မှုများကို ပေါင်း၍ တစုစီခွဲမှတ်ပါ။
၇။ ကြည့်ရှု မှတ်သားနည်း ရင့်သန်စေရန် လေ့ကျင့်ပေးပါ။

## လေ့ကျင့်ခဏ်းများ

၁။ (က) အဆွေနေထိုင်သော ရပ်ကွက် သို့မဟုတ် အဆွေ၏ နေအိမ်နှင့် အနီးဆုံးတွင် နေသော ဆရာဝန်များ၏ အမည်နှင့် လိပ်စာ အပြည့်အစုံကို ရေးသားပါ။

(ခ) အဆွေ နေထိုင်သော ရပ်ကွက် သို့မဟုတ် အဆွေ၏ နေအိမ်နှင့် အနီးဆုံးတွင် နေသော သားဖွား ဆရာမ များ၏ အမည်နှင့် လိပ်စာ အပြည့်အစုံကို ရေးပါ။ (အကယ်၍မှတ်သားထားခြင်းများမရှိလျှင် လေ့လာ မှတ်သား၍ထားပါ။)

၂။ (က) အဆွေ နောက်ဆုံး လုံချည်ဝယ်ခဲ့သော ဆိုင်ကို မိတ် ဆွေတဦးအား တိကျ မှန်ကန်စွာ ညွှန်ကြားပါ။

(ခ) ဖဲထုပ်တွင် ကုလားရုပ် လေးရုပ်ရှိရာ ဘယ်ကုလားရုပ် သည် ဘယ်ဖက်သို့ လှည့်နေသနည်း (အဖြေမှန် မ မှန် ဖဲထုပ်ကိုယူ၍ တိုက်ကြည့်ပါ။)

၃။ အောက်ပါ ပစ္စည်းများကို မည်သို့ အခန်းခွဲ၍ မှတ် မည်နည်း။

(က) ထီး၊ ဘိုင်စကယ်၊ လက်ပတ်နာရီ၊ လွယ်အိတ်၊ ပြောင်း ဖူး၊ မျက်မှန်၊ ကြံ၊ ဖိနပ်၊ ကိတ်မုံ့၊ မော်တော်ကား၊ ဓား၊ ဖောင်တိန်၊ အင်္ကျီ၊ ကွမ်းညှပ်။

(ခ) ပြွေ၊ ပန်းစည်း၊ ဇွန်း၊ မီးခြစ်၊ ဖယောင်းတိုင်၊ အိုး စည်၊ အမွှေးတိုင်၊ လင်းကွင်း၊ ဆေးပုလင်း၊ လက် သတ်ပုဝါ။

၄။ ဆိုင်ကြီးတဆိုင်ရှေ့သို့ ဖြတ်၍ရှောက်ကြည့်ပါ။ ထိုဆိုင် မျက်နှာစာတွင်ပြသထားသောပစ္စည်းများကိုရေးပါ။

## အခန်း ၄

# ဂဏန်းများကို မှတ်သားနည်း

တနေ့ညနေပိုင်းတွင် လူငယ်တယောက် စာရေးသူ၏ အိမ်သို့ သုတ်သီးသုတ်ပျာ ဝင်လာပါသည်။ ထိုလူငယ်က "ဒီလမ်းထဲက ဦးသာညွန့်တို့အိမ်-ဟာ ဘယ်အိမ်ပါလဲခင်ဗျာ" ဟု မေးပါသည်။

"အော်-ဒီအိမ်ပါဘဲ ထိုင်ပါဦး၊ ဘာကိစ္စများရှိလို့ပါလဲ"

"ပလီက ကျွန်တော့်အကိုက ငါးခြောက်နဲ့နဲ့ လူကြုံပါးလိုက်တယ်ဆိုလို့ လာယူဒါပါ"

"ဟုတ်ပါတယ်၊ ထိုင်ပါဦး၊ ကျွန်တော်တို့လဲ စောင့်နေဒါပါဘဲ။ ဗိုလ်ခင်ဦးက ပေးလိုက်တာ မဟုတ်လား"

"ဟုတ်ပါတယ်။ ဟုတ်ပါတယ်။ ယူဘီအေ ရုံးမှာ မနေ့က ငါးခြောက် ယူလာတဲ့ကြီးကြီးနဲ့ တွေ့ပါတယ်။ ပစ္စည်းတွေက အားလုံး ရှေ့ကကားမှာ ပါသွားဒါနဲ့၊ ကြီးကြီးကဦးလေးနာမယ်ရယ်၊ အိမ်နံပတ်ရယ်၊ လမ်းနံပတ်ရယ် ပြောပါတယ်။ ကျွန်တော်လဲ စီကရက်ခွံပေါ်မှာ ရေးထားလိုက်ပါတယ်။ အိမ်ရောက်တော့ စီကရက်ခွံကို အမှတ်တမဲ့ လွှင့်ပစ်လိုက်မိတော့၊ တခါထဲ ဒုက္ခရောက်တော့ဒါဘာဘဲ"

"နို့နေပါဦး၊နောက်ဆုံး ဒီအိမ်ကို ဘယ့်နှယ် ရောက်လာခဲ့တာလဲ" စာရေးသူက ဝင်၍ မေးလိုက်ပါသည်။

"ကျွန်တော်က အိမ်နံပတ်ကိုသာ မမှတ်မိဒါပါ။ လမ်းကိုတော့ မှတ်မိပါတယ်။ ဒါနဲ့ တလမ်းလုံး ရှောက်ပြီးမေးရတော့ဒါဘာဘဲ။ တအိမ်တက် တအိမ်ဆင်းဆိုပါတော့"

ထိုလူငယ်သည် ငိုအားထက် ရယ်အားသန်ဆိုသလို သူ့ရှာပုံတော် အကြောင်းကို ဇာတ်လှန်၍ ပြောပြပါတော့သည်။

"အော် မောင်ရယ်၊ ဒီလိုကိစ္စမှာ စာနဲ့ ရေးပြီးတော့ မှတ်တာလဲ မှတ်ပေါ့၊ ဒါထက်ခေါင်းထဲမှာ စွဲသွားအောင် အစီပွါယ်တမျိုး ဖော်ပြီး မှတ်ယင် ပိုပြီးလွယ်တယ်ကွဲ။ ဦးတို့လမ်းက ၉၂ လမ်း၊ အိမ်နံပတ်က ၅၆ ဆိုတော့ **'ကိုးနှစ်က ငါးခြောက်'** လို့ မှတ်ထားလိုက်ပေါ့ကွယ်။ ကိုးနှစ်က ၉၂ လမ်း၊ ငါးခြောက်က ၅၆ ဖြစ်တယ်မဟုတ်လား" စာရေးသူက လူငယ့်လက်သို့ ကော်ပီခွက်ကို ကမ်းပေးရင်း ရှင်းလင်း ပြောပြလိုက်ပါသည်။

"အဦး-ဟင်-ဟုတ်သားဘဲ။ ငါးခြောက်နဲ့ ငါးဆယ့်ခြောက်က တခါထဲ ကိုက်နေဒါဘဲ။ ပြီးတော့ ကျွန်တော် ယူရမဲ့ ပစ္စည်းကလဲ ငါး ခြောက်ဆိုတော့ မှတ်လို့လဲလွယ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်နဲ့နဲ လေးမှ သတိမပြုမိလိုက်ဖူး။ နောင်ကိုတော့ မှတ်မိပါပြီ"

စာဖတ်သူ အများအပြားပင် အထက်ပါ အဖြစ်အပျက်မျိုးကို တွေ့ဘူးမြင်ဘူး ကြားဘူးကြလိမ့်မည်ဟု ယုံကြည်ပါသည်။ လူအများ တို့သည် မိတ်ဆွေ သင်္ဂဟတို့၏ နေရာများ၊ ဆွေမျိုး ဉာတိတို့၏ နေ အိမ်များကို တိတိကျကျ မှတ်သားထားလေ့ မရှိဘဲ၊ အလိုရှိခါမှ က မန်းကတန်း လိုက်လံရှာဖွေတတ်ကြပေသည်။

အိမ်လိုက်ရှာသော လူများကို အခါခါ တွေ့ဘူးပါသည်။ အချို့က "ကျွန်တော် အယင်တခေါက်လာတုန်းကတော့ သူ့အိမ်ရှေ့မှာ ပိန္နဲပင် တပင်ရှိတယ်" ဆိုသော ညည်းညူသံကို ကြားရသည်။ အချို့ကလည်း "လွန်ခဲ့တဲ့ နှစ်နှစ်လောက်တုန်းကတော့ သူ့အိမ်ရှေ့မှာ သင့်မိတ်ဆွေ လက်ဖက်ရည်ဆိုင်ရှိတယ်" ဟု ညည်းညူသော အသံကို ကြားရပါ သည်။ ထိုပုဂ္ဂိုလ်များသည် သူတို့၏ မိတ်ဆွေအိမ်ရှေ့ရှိ ပိန္နဲပင်မှာ မျူနီစီပယ်မြေပေါ်တွင် ကျူးကျော်စိုက်ထားသဖြင့် ခုတ်ပစ်ကောင်း

ခုတ်ပစ်ပြီး ဖြစ်မည်ဟု စဉ်းစားကြဟန် မတူချေ။ ထို့အတူ သင့်မိတ်ဆွေ လက်ဖက်ရည် ဆိုင်မှာလည်း အခြား တနေရာသို့ ပြောင်းရွှေ့ကောင်း ပြောင်းရွှေ့သွားပေလိမ့်မည်။ ထိုမျှမကသေး ထိုနေရာတွင် အဆောက်အဦအသစ်တခု ဆောက်ထားကောင်းလည်း ဆောက်ထား ပေလိမ့်မည်။

ပိန္နဲပင်ကိုမှတ်၊ လက်ဖက်ရည်ဆိုင်ကိုမှတ် စသော မှတ်နည်းမျိုးများသည် မသေချာ မရေရာသော နည်းများပင် ဖြစ်၏။ လူအမည်၊ လမ်းအမည်၊ သို့မဟုတ် လမ်းနံပတ်နှင့် အိမ်နံပတ်တို့ကို တိတိကျကျ မှတ်သားထားပါမူ ထိုနေရာမှ ထိုပုဂ္ဂိုလ် မပြောင်းမခြင်းလွဲမှားစရာလည်း မရှိ၊ တအိမ်ထွက်တအိမ်ဝင် မေးမြန်းနေစရာလည်း မလိုတော့ပေ။ ဤသို့သေချာဂနစ္စာ မှတ်မိရန် စာအုတ်တွင် ရေးမှတ်ထားသင့်သည်။ စာအုပ်ထဲမှ တဖန် အရေးကြီးလျှင် ကြီးသလို ဦးနှောက်ထဲတွင် စွဲမြဲစေရန် မှတ်သားထားသင့်ပေသည်။

ရန်ကုန်မြို့မှ ထင်ရှားသော ရုပ်ရှင် ဒါရိုက်တာ ရွှေဒုံးဘိအောင်၏ လိပ်စာမှာ ၁၆၄ လမ်း အိမ်နံပတ် ၆၇ ဖြစ်၏။ ထို့ကြောင့် ဒါရိုက်တာ ရွှေဒုံးဘိအောင်က သူ၏ မိတ်ဆွေများအား သူ့အိမ်နံပတ်ကို မှတ်ချင်လျှင် "ရေ"ကို မှတ်ထားကြပါဟု ပြောလေ့ရှိ၏။ "ရေ" စာလုံးမှာ ၆၇ နှင့် ခပ်ဆင်ဆင်တူသဖြင့် အမှတ်ရလွယ်ကူပေသည်။

စာပေဗိမာန်မှ ဝန်ထမ်းတဦးဖြစ်သူ ဦးက၏အိမ်လိပ်စာမှာ သီရိလမ်း နံပတ် ၅၂ ဖြစ်၏။ ဦးကသည် သူ၏မိတ်ဆွေများအား သူ့အိမ်နံပတ်ကို မှတ်သားလိုလျှင်- "မောင်ကဟု မှတ်ထားပါ"ဟု ပြောလေ့ရှိပါသည်။ ဗေဒင်ဂဏန်းအရ မောင်မှာ ကြာသပတေးနံ ၅ ဖြစ်၍ ကမှာ တနင်္လာနံ ၂ ဖြစ်သဖြင့်၊ မောင်ကဆိုလျှင်၅၂ ရသောကြောင့် ဖြစ်ပေ၏။

မည်သို့ဖြစ်စေ ရုပ်ဝတ္ထုမဲ့သော ဂဏန်းများကို မှတ်သားရခြင်း

သည် ရေတွင်း ရေကန် အိမ်ယာအဆောက်အဦစသော ဝတ္ထုပစ္စည်း များကို မှတ်သားရသည်ထက် ပိုမိုခက်ခဲပေသည်။ အဘယ့်ကြောင့် ဆိုသော် ဆက်သွယ်ပေါင်းစပ်၍ မှတ်ယူနည်း အခန်း၌ ဖော်ပြခဲ့သည့် အတိုင်း မျက်စိထဲတွင် ပုံသဏ္ဌာန်ရုပ်လုံးများ ထင်မြင်လာအောင် တွေးတော ကြည့်ရှု၍ရနိုင်သော အရာဝတ္ထုများသည် အမှတ်ရလွယ်၍ ရုပ်လုံးများ ထင်မြင်လာအောင် တွေးတောကြည့်ရှု၍ မရသည့် ဂဏန်း များကဲ့သို့သော အရာများသည် အမှတ်ရ ခက်သောကြောင့်ဖြစ်၏။

အချို့ပုဂ္ဂိုလ်များသည် အကြောင်းကြောင်းတို့ကြောင့် ဂဏန်း သင်္ချာကိုရင်း၊ ဂဏန်း သင်္ကေတများကိုရင်း လုံးဝ စိတ်မဝင်စားကြ ချေ။ ဥပမာအားဖြင့် ငယ်စဉ်က ဂဏန်း သင်္ချာ ဘာသာတွင် ညံ့ သော သူငယ်တဦးသည် ခပ်ဆိုးဆိုးဆရာနှင့် တွေ့ခဲ့ရပါမူ ဆရာ၏ ကြိမ်း မောင်း ပြစ်တင်မှုများကြောင့် ထိုဘာသာရပ်တွင် စိတ်မဝင်စားတော့ ဘဲ မုန်းပြီးသွားတတ်လေသည်။ ထိုသို့ ဂဏန်းသင်္ချာ ဘာသာရပ်ကို ငယ်စဉ်ကပင် လျစ်လျူရှုထားခဲ့သဖြင့် ကြီးပြင်းလာသည့်အခါတွင် လည်း စိတ်ဝင်စားမှု နည်းပါးလာမည်မှာ ဓမ္မတာပင် ဖြစ်တော့သည်။ ထိုပုဂ္ဂိုလ်များသည် ငယ်စဉ်က အစွဲအလမ်းအတိုင်း "ငါဂဏန်းသင်္ချာ ဘာသာကိုတော့ သင်လို့တတ်မှာမဟုတ်တော့ပါဘူး၊ ဂဏန်းတွေကို ငါ ဘယ်နည်းနဲ့မှ စိတ်ဝင်စားအောင် လုပ်လို့ မရပါဘူး" စသော စိတ်ပျက် စကားများကို ပြောဆိုတတ်ကြပေသည်။ သို့သော် အသက်အရွယ် ကြီးပြင်းလာသောအခါ၌ မိမိ၏ဝမ်းရေး အလုပ်ကိစ္စများတွင် အတွက် အချက် ဂဏန်းသင်္ချာများကို အသုံးချရန် လိုအပ်လာသည့်အခါ ထိုသို့ သော ငယ်စဉ်က အစွဲအလမ်းမျိုးကို ဖျောက်ဖျက်သင့်ပေသည်။ စာ ရေးသူ၏ မိတ်ဆွေတဦးမှာ ငယ်စဉ်က ဂဏန်း သင်္ချာတွင် အလွန်ညံ့ သော ကျောင်းသားတဦး ဖြစ်ခဲ့သည်။ သို့ရာတွင် ကြီးပြင်းလာ၍ ပရိယေသန ဝမ်းစာရှာဖွေရသည့်အခါ သူ၏ အလုပ်မှာ ငွေစာရင်း

အင်းများကိုင်တွယ်ရသော အလုပ်ဖြစ်လေသည်။ ပဌမသော် ဂဏန်းရေးမှတ်ရခြင်းကို သူမနှစ်သက်လှသော်လည်း တဖြည်းဖြည်း ဂဏန်းနှင့် ဆက်စပ်သော ပညာရပ်များတွင် အထူးကျွမ်းကျင်သော ပုဂ္ဂိုလ်တဦး ဖြစ်လာခဲ့သည်။

ကျွန်ုပ်တို့သည် အတွက်အချက် ဂဏန်းသင်္ချာများကို စိတ်မဝင်စားသည် ဖြစ်စေ၊ မုန်းတီးသည်ဖြစ်စေ အရေးကြုံက သက်လုံကောင်းစေဆိုဘိသကဲ့သို့ မှတ်သင့်မှတ်ထိုက်၊ ကျက်သင့်ကျက်ထိုက်သည်များကို ကျက်မှတ်ထားပါမူ မိမိ၏ လုပ်ငန်းဆောင်တာများတွင် များစွာ အထောက်အပံ့ ဖြစ်စေနိုင်ပေသည်။

တခါက စာရေးသူ၏ မိတ်ဆွေတဦးသည် ရန်ကုန်ဘူတာကြီးရှိ အများသုံး တယ်လီဖုံးမှနေ၍ ရုံးတရုံးရှိ သူ၏မိတ်ဆွေတဦးနှင့် စကားပြောဆိုကြ၏။ ထိုသို့စကားပြောကြရင်း သူက သူ့တွင် ငွေအရေးတကြီး လိုနေသဖြင့် သူ့ဂျစ်ကားကို အမြန်ရောင်းလိုကြောင်း ပြောလိုက်၏။ တဖက်မှ မိတ်ဆွေက သူ့အား တယ်လီဖုံး နံပတ်တခုပေးသည်။ ထိုတယ်လီဖုံး နံပတ်ကို ညနေ ၃ နာရီနှင့် ၄ နာရီအတွင်းခေါ်၍ ထိုမှတဆင့် သထုံမှဧည့်သည် ကိုအောင်ခင်နှင့် ဆက်သွယ်ရန် ညွှန်လိုက်သည်။

ကိုအောင်ခင်မှာ ဂျစ်ကား ဝယ်လိုသူ ဖြစ်သည်။ သို့သော် ကိုအောင်ခင်၏ လိပ်စာကို တယ်လီဖုံးနံပတ် ပေးသူလည်း မသိပေ။ တယ်လီဖုံး နံပတ်ပိုင်ရှင်မှတဆင့် သိထားဟန်တူပါသည်။ တယ်လီဖုံးနံပတ်မှာ ၁၁၇၁၂ ဖြစ်၏။ ယင်း တယ်လီဖုံးနံပတ်ကိုရစဉ် စာရေးသူ၏ မိတ်ဆွေတွင် ရေးမှတ်စရာ ခဲတံ၊ ဖောင်တိန် တစုံတရာ မပါလာချေ။ သို့သော် ထိုတယ်လီဖုံး နံပတ်သည် သူ့အဖို့ သေရေးရှင်ရေးတမျှ အရေးကြီးကြောင်းကို သူနားလည်၏။ ခဲတံနှင့် စက္ကူမရသေးမီ၊ ထိုနံပတ်ကို မမေ့ပျောက်မသွားရန် ကြိုးစားရပေမည်။ ထို့ကြောင့် တဖက်ရှိ သူ၏

မိတ်ဆွေအား ထိုတယ်လီဖုံးနံပတ်ကို နှစ်ကြိမ်သုံးကြိမ်ထပ်၍ ပြောရန် တောင်းပန်ရလေသည်။ ထိုနောက် ၁၁၈၁၂-၁၁၈၁၂ ဟု ထပ်ရွတ်ဆိုရပြန်သည်။ ပါးစပ်မှ တတွတ်တွတ် ရွတ်နေရသည်မှာလည်း အမောပင်၊ သူ့အာခေါင်များလည်း ခြောက်ကပ်၍လာခဲ့သည်။ ထိုသို့ တတွတ်တွတ်ရွတ်နေသော်လည်း ထိုဂဏန်းများကို မမေ့တော့ပြီဟု သူကိုယ်သူ မယုံကြည်နိုင်ချေ။ ထိုခဏတွင် သူ့ဦးနှောက်ဆီသို့ အကြံသစ်တခု ဝင်လာခဲ့လေသည်။

သူ့အာခေါင် ခြောက်သဖြင့် ဂဏန်းများ လည်ချောင်းတွင် တစ်ဆို့နေသည်ဟု သူထင်မိသည်။ ထို့ကြောင့် သူ့လည်မျိုကိုလက်ဖြင့် နှစ်ချက်ပုတ်ကာ တစ်တစ်ဟု မှတ်လိုက်၏။ ၈ မှာ သူ့မော်တော်ကားနံပတ်၏ အစဆုံး ဂဏန်းဖြစ်သဖြင့် သူ့အမှတ်ရလွယ်ကူ၏။ ၁၂ ဂဏန်းကို သူဆက်သွယ်ရမည့် ကိုအောင်ခင်နှင့် စပ်ဟပ်၍ ရမည်လောဟု ကြံစည်ကြည့်သည်။ အောင်မှာ တနင်္ဂနွေ ၁ ဖြစ်၍၊ ခင်မှာ တနင်္လာ ၂ ဖြစ်နေကြောင်းကို သူတွေ့ရသည်။ ယခုသော် သူ့အတော် စိတ်ပျော်၍ သွားခဲ့လေပြီ။ သူ့ခေါင်းပေါ်မှ လေးလံသော ဝန်ထုပ်ကြီးတခု ကျသွားသည်ဟု ထင်မိလိုက်သည်ဟုဆိုသည်။ လည်ပင်းကို ထပ်၍ နှစ်ချက်ပုတ်ပြီးလျှင် ‘တစ်တစ်-၈-အောင်ခင်က-၁၂’ဟု ပါးစပ်မှ တိုးတိုးကလေး ရွတ်ဆိုကာ တယ်လီဖုံး အနီးမှခွါခဲ့လေသည်။ ထိုနေ့ညနေ ၃ နာရီတွင် ၁၁၈၁၂ သို့ ဖုံးဆက်လိုက်ရာ ကားဝယ်မည့်သူနှင့် အဆက်အသွယ်ရကြသဖြင့် သူ့မော်တော်ကား ရောင်းစုံသွားလေသည်။

ဂဏန်းများကို အလွယ်တကူ မှတ်သားနိုင်ရန်မှာ အထက်၌ ဖော်ပြသည့် ဥပမာအတိုင်း ဆက်သွယ်ပေါင်းစပ်သည့် နည်းများ၊ ဂဏန်းကို စာဖြင့် ပြောင်းသည့်နည်းများ၊ သို့မဟုတ် ထိုနှစ်နည်းစလုံး ပူးပေါင်းသော နည်းများဖြင့် ဉာဏ်ထွင်ကာ မှတ်သားရလေသည်။

မြန်မာစာပေ ဂန္ထဝင်တွင် ဗေဒင်နည်း၊ ပိဋကတ်သင်္ချာနည်းများ

ဖြင့် မှတ်သားထားသော ဆောင်ပုဒ်များ အများအပြားပင် ရှိသည်။ ဗေဒင်နည်းတွင်—

| | | |
|---|---|---|
| အ | တနင်္ဂနွေ | ၁ |
| က-ခ-ဂ-ဃ-င | တနင်္လာ | ၂ |
| စ-ဆ-ဇ-ဈ-ည | အင်္ဂါ | ၃ |
| ယ-ရ-လ-ဝ | ဗုဒ္ဓဟူး | ၄ |
| ပ-ဖ-ဗ-ဘ-မ | ကြာသပတေး | ၅ |
| သ-ဟ | သောကြာ | ၆ |
| တ-ထ-ဒ-ဓ-န<br>ဋ-ဌ-ဍ-ဎ-ဏ- | စနေ | ဝ-သို့မဟုတ်-၇ |
| ဠ-အ | ရာဟု | ဂ |

ဟု မှတ်သားထားရသည်။

ထို့ကြောင့် "လှည်းဝင်ရိုးသံတညံ့ညံ၊ ပုဂံဘုရားပေါင်း" ဆိုသော ဆောင်ပုဒ်အရ ပုဂံပြည်ရှိ စေတီပုထိုးပေါင်း ၄၄၄၆၇၃၃ ဆူကိုရ၏။ "ရွှေလသာ ဝါဝါဝင်း" ဆိုသော ဆောင်ပုဒ်အရ ဖိုးဝန်းတောင်ရှိ စေတီပုထိုးပေါင်း ၄၄၆၄၄၄ ဆူရ၏။ "ဥသြအော်စ၊ တန်ခူးလ၊ အင်းဝပျက်ခဲ့ပြီ" ဆိုသော ဆောင်ပုဒ်အရသက္ကရာဇ် ၁၁၁၃ -ခု တန်ခူးလတွင် အင်းဝမြို့ပျက်ကြောင်း မှတ်သားနိုင်၏။ "ဥသြအော်မြည်၊ ကုန်းဘောင်တည်" ဆိုသောဆောင်ပုဒ်အရ၊ ကုန်းဘောင်(ရွှေဘို)မြို့ကို အလောင်းဘုရားဦးအောင်ဇေယျသည်သက္ကရာဇ် ၁၁၁၅ ခုနှစ်တွင် တည်ကြောင်း မှတ်သားနိုင်၏။ မန္တလေးမြို့တည်သော ၁၁၂၀ ကို "အုတ်အစ်ကျော်အေး မန္တလေး" ဆိုသော ဆောင်ပုဒ်ဖြင့် မှတ်သားနိုင်၏။ မြန်မာနိုင်ငံ အောက်ပိုင်းကို အင်္ဂလိပ်တို့ သိမ်းယူသော နှစ်ကို "အောက်ကအောင်လံ၊ စိုက်ထူပြန်၊ စစ်သံဒုတိယ" ဆိုသော ဆောင်ပုဒ်အရ

သက္ကရာဇ် ၁၂၁၄ ခု ဖြစ်ကြောင်းကို မှတ်သားနိုင်၏။ မြန်မာနိုင်ငံအထက်ပိုင်း အင်္ဂလိပ်တို့ သိမ်းယူခဲ့သော ၁၂၄၇ ခုနှစ်ကို "အင်္ဂလိပ်တက်၊ မန်းမြို့ပျက်" ဆိုသော ဆောင်ပုဒ်ဖြင့် မှတ်သားထားနိုင်ပေသည်။ "ကျွန်မအသက် သပြေခက်၊ ရလဒ်စားခြေမှန်ပါစေ" ဆိုသော စကားထဲတွင် သပြေခက်သည် ၆၅၂–ရ၏။ ရလဒ်စားခြေ မှန်ပါစေဆိုသဖြင့် ၆၅၂ ကိုပြောင်းပြန် ပြန်၍ရေးသားလိုက်လျှင် ၂၅၆ ကိုရ၏။ ၂၅၆ ကို ၁၆ ဖြင့်စားလျှင် ရလဒ် ၁၆ ကိုရ၏။ ထို့ကြောင့် သူမ၏ အသက်သည် ၁၆ နှစ်ဖြစ်ကြောင်းသိရှိနိုင်၏။

စကြဝဠာအချင်း ယူဇနာကို "အင်ကြင်း နေဘ်ဇာယင်းမာတော" ဆိုသော ဆောင်ပုဒ်အရ ယူဇနာ ၁၂၀၃၄၅၀ ကိုရ၏။ စကြဝဠာ၏ အဝန်း ယူဇနာကို၊ "ဆပ်သွားအနန်း စပယ်ဒန်း" ဆိုသော ဆောင်ပုဒ်အရ ယူဇနာ ၃၆၁၀၃၅၀ ကိုရ၏။

အထက်ပါ ဗေဒင်နည်းဖြင့် မှတ်သားရာတွင် အခက်အခဲအချို့ကို တွေ့ရပါသည်။ ဥပမာအားဖြင့် ရကောက်ကို ရာဟု အနေဖြင့်ရှစ်ဂဏန်းကောက်ယူသည့်အခါလည်းရှိသည်။ ဗုဒ္ဓဟူးနံ အနေဖြင့် လေးဂဏန်းကောက်ယူသည့်အခါလည်း ရှိပါသည်။ တ-ထ-ဒ-ဓ-န ကို ခုနစ်ယူသည့်အခါလည်း ရှိပါသည်။ သုညကောက်ယူသည့်အခါလည်း ရှိပါသည်။ ထို့အပြင် ဤဗေဒင်နည်းအရ ကိုး ဂဏန်းကို မှတ်သားသော အက္ခရာဟူ၍ မရှိချေ။

ရှေးပညာရှင်များ ရေးသားခဲ့သော ဗိုလ်လင်္ကာနှင့် ရာဇဝင်သံခိပ်စသော ကျမ်းများတွင်လည်း သက္ကရာဇ်များကို ပါဠိအခေါ် အဝေါ်ဖြင့် ရေးသားခဲ့ကြသည်။ ဥပမာအားဖြင့် 'ဒေါ-ဒေါ-ရသ၊ ဖြိုကိန်းကျ'ဆိုသော ဆောင်ပုဒ်အရ သုမုန္ဒရီမင်း လက်ထက် သက္ကရာဇ် ၆၂၂ ကို ဖြိုပစ်လိုက်ကြောင်း သိနိုင်၏။ 'ခ ဆ ပဥ္စ၊ ဖြိုကိန်းချ' ဆိုသော ဆောင်ပုဒ်အရ ပုပ္ပါးစောရဟန်မင်း လက်ထက် သက္ကရာဇ်

၅၆၀ ကိုဖြိုပစ်ခဲ့ကြောင်း မှတ်သားနိုင်ပေသည်။ သို့သော် ထိုဂဏန်းများကို ရေးရိုးရေးစဉ် မရေးဘဲ လက်ျာမှ လက်ဝဲသို့ ရေးမှသာ အမှန်သို့ ရောက်ရှိနိုင်ပေသည်။ မြန်မာရာဇဝင်တွင် သက္ကရာဇ် ၈၈၈ ခုနှစ်၌ မိုးညှင်းစလုံနှင့် သားသိုဟန်ဘွားတို့ အင်းဝမြို့ကို ဝင်ရောက် တိုက်ခိုက်ကြသဖြင့် မြန်မာနိုင်ငံကြီး ဖရိုဖရဲ ဖြစ်ခဲ့ရ၏။ ထိုသက္ကရာဇ်ကို ဂ ငယ်သုံးခုဥသျှစ်ထု ဆိုသော ဆောင်ပုဒ်ဖြင့် ရာဇဝင်ဆရာတို့ မှတ်သားခဲ့ကြပေ၏။ ဤကား ဂဏန်းကို အက္ခရာဖြင့် လှယ်၍ မှတ်ထားခြင်းပင် ဖြစ်၏။

ဤစာအုပ်တွင် ယခုပြဆိုမည့် ဂဏန်းကို အက္ခရာဖြင့် လှယ်၍ မှတ်သားရမည့်နည်းများမှာ ဗေဒင်နည်း၊ ပိဋကတ်နည်းလည်း မဟုတ်၊ ပါဠိနည်းလည်း မဟုတ်ဘဲ စာရေးသူကိုယ်တိုင် ကြံဆထားသော နည်းပင် ဖြစ်ပါသည်။

အနောက်နိုင်ငံများတွင် ဂဏန်းကို စာဖြင့်ရေးသည့် စံနစ်ကို ခရစ်နှစ် ၁၆၄၈ ခုနှစ်ခန့်က စတင်နီလပ်(စ) မင့်ဗွန်ဝင်းရှိန်[၁] ဆိုသူကစတင် တီထွင်ခဲ့သည်။ ခရစ်နှစ် ၁၇၃၀ ပြည့်နှစ်တွင် အင်္ဂလန်နိုင်ငံမှဒေါက်တာ ရစ်ချတ်ဂရေး[၂] ဆိုသူက ပိုမိုချောမွေ့အောင် ပြင်ဆင်ခဲ့လေသည်။

အနောက်နိုင်ငံနည်းတွင် ဂဏန်းကို အက္ခရာဖြင့် လဲလှယ်ရာ၌ မျက်စိထဲတွင် ကွင်းကွင်းကွက်ကွက် ပေါ်လာစေနိုင်သော ဝတ္ထုပစ္စည်း အမည်များကို အဓိကထား၍ လဲလှယ်ခဲ့ကြလေသည်။ ထိုမှတပါး အက္ခရာ စာလုံးကို သုံးစွဲသည့်အခါတွင်လည်း လဲလှယ် ထားသည့် ဂဏန်းကို ဆက်စပ်တွေးတောယူနိုင်သည့် အက္ခရာများကို တတ်နိုင်သမျှသုံးစွဲထားလေသည်။ ဥပမာအားဖြင့် (t) အက္ခရာမှာ တချောင်းတည်းဖြစ်၍ တစ် (1) ဂဏန်းနှင့်တူသဖြင့် တစ်ဂဏန်းကို (t) ဖြင့်လဲလိုက်၏။ (n) စာလုံးတွင် ခြေထောက်နှစ်ခု တွေ့မြင်ရသဖြင့် နှစ်

၁။ Stanislaus Mink Von Wennsshein ၂။ Dr- Richard Grey

ဂဏန်းကို (n) အက္ခရာဖြင့် လဲလှယ် သုံးစွဲလိုက်၏။ ထို့အတူ(m)မှာ ၃၊ (r) မှာ ၄ စသည်ဖြင့် လဲလှယ် သုံးစွဲထားလေသည်။

စာရေးသူက ဂဏန်းများကို အောက်ပါအတိုင်း အက္ခရာဖြင့် လဲလှယ် သုံးစွဲပါမည်။

| | | | |
|---|---|---|---|
| အ၊ | ၁ | တ ထ ဒ ဓ | ၇ (ခုနစ်) |
| က ခ ဂ ဃ င | ၂ | ဋ ဌ ဍ ဎ | ၇ (ခုနစ်) |
| စ ဆ ဇ ဈ ည | ၃ | ရ | ၈ |
| ယ လ ဠ | ၄ | န ဏ | ၉ |
| ပ ဖ ဗ ဘ မ | ၅ | ဝ | သုည (၀) |

တဖန်ထိုစာလုံးများဖြင့် စိတ်ကူးထဲတွင် မြင်လွယ်မှတ်လွယ်သော ဝတ္ထုပစ္စည်းများကို တီထွင်ထားရန် လိုပါသည်။



၁ ကို အပ်ဟု ထားကြပါစို့။ အပ်တွင် နဖားပေါက် တပေါက်တည်းရှိသည်။ သံနှင့် စပ်သော ပစ္စည်းများရေတွက်လျှင် ယေဘုယျအားဖြင့် အသေးဆုံးအပ်ကို အစပြု၍ ရေတွက်ကြသည်။ ဂဏန်း များကို ရေတွက် လျှင်လည်း ၁ ကစ၍ ရေတွက်ကြသည်။ ထို့ကြောင့် အပ်ကို ၁ ဟု မှတ်ယူရန် လွယ်ကူပေ၏။



၂ ကို ကျားဟု မှတ်ပါ။ကျား
တွင် ယေဘုယျအားဖြင့် လိမ္မော်
ရောင်နှင့် အနက်ရောင်အစင်းနှစ်
မျိုး ကိုယ်ပေါ်တွင် ရှိသည်။



၃ ကို စောင်းဟု မှတ်ပါ။
စောင်းတွင် အရေးကြီးသော
အစိတ်အပိုင်း သုံးခုရှိ၏။ ယင်း
တို့မှာ စောင်းအိုး၊ လက်ရိုးဟု
ခေါ်သော ကောက်ကွေး နေ
သည့် အစိတ်အပိုင်းနှင့်ကြိုးများ
ဖြစ်၏။ ထို့ကြောင့် စောင်းကို
၃ ဟု မှတ်မိနိုင်ပေမည်။



၄ ကို လေးဟုပင် မှတ်ပါ။
အသံတူသဖြင့် မှတ်ရလွယ်ကူပါ
သည်။



၅ ကို ဖားဟု မှတ်ပါ။ မြန်မာ စာပေ များတွင် ငါးနှင့် ဖားကိုတွဲ၍ ငါးဖားဟု ခေါ်ဝေါ် သုံးစွဲလေ့ရှိသည်။ ဖားမှာ ငါးကဲ့သို့ပင် လူများ စားသောက်သော ရေသတ္တဝါ တမျိုးပင် ဖြစ်၏။



၆ ကို သော့ဟု မှတ်ပါ။ သော့ကို ခပ်စောင်းစောင်းကလေး ထောင်၍ ထားလိုက်လျှင် ၆ ဂဏန်းနှင့် တူပေသည်။ ထို့ကြောင့် သော့ကို ၆ ဟု မှတ်ရန် လွယ်ကူပါသည်။



၇ ကို တူဟုမှတ်ပါ။ တူကို ထောင်ထားလိုက်လျှင် ၇ ဂဏန်းနှင့် ခပ်ဆင်ဆင် တူသဖြင့် တူကို ၇ ဟု မှတ်ရန် လွယ်ကူပါသည်။



၈ ကို ရှဉ့်ဟု မှတ်ပါ။ ရှစ်နှင့် ရှဉ့်မှာ အသံထွက်ချင်း နီးစပ်သဖြင့် မှတ်ရန် လွယ်ပါ သည်။ (ပရိက္ခရာ ရှစ်ပါးကို လွယ်ထားသော ရှင်ဖြင့်လည်း မှတ်နိုင်ပေ သည်။)



၉ ကို နွားဟု မှတ်ပါ။ 'နွား' သည် နနှင့်ဝ ပေါင်း ထားခြင်း ဖြစ်၏။ ပါဠိလို နဝ (နွော)မှာ ၉ ဂဏန်းအနက် ပေးသဖြင့် နွား နှင့် နဝ (ကိုး)ကို ဆက်စပ်မှတ် သားရန် လွယ်ပါသည်။



၀(သုည)ကို ဝ ဖြင့် လဲလှယ်ထားပါသည်။ ဝ ကဲ့သို့ ဝသော ဝက်သတ္တဝါဖြင့် မှတ်သားထား နိုင်၏။



၁၀ ကို အိမ်ဝင်းဟု မှတ်ပါ။ အ-မှာ ၁ ဖြစ်၍ ဝ မှာ သုည ဖြစ်သဖြင့် အထက်တွင် ကျွန်ုပ်တို့ သတ်မှတ်ခဲ့သည့် သင်္ကေတ အရ အိမ်ဝင်းမှာ ၁၀ ဟု အဓိပ္ပါယ် ဖော်ရလွယ်ပါသည်။

ဂဏန်း ၁ ကို အပ်ဟု မမှတ်ဘဲအိုး၊ သို့မဟုတ် အိမ်စသည်ဖြင့် မှတ်မည်ဆိုကလည်း မှတ်နိုင်ပါသည်။ ထို့အတူ ၂ ဂဏန်းကို ကြံ၊ သို့မဟုတ် ခွေး၊ ခို စသည်ဖြင့်လည်း မှတ်နိုင်ပါသည်။ ထို့အတူ ၃ စသော အခြား ဂဏန်းများကိုလည်း သတ်မှတ်ထားသော အက္ခရာစာလုံး ပါသော အခြားအမည်ဖြင့် မှတ်သားမည်ဆိုကလည်း မှတ်သားနိုင်သည်။ သို့သော် စာတလုံးတည်း၊ အသံထွက်တခုတည်းဖြင့် မျက်စိထဲတွင် အလွယ်တကူ ထင်မြင်စေနိုင်ရန်၎င်း၊ ဆက်သွယ် ပေါင်းစပ်နည်းဖြင့် အဓိပ္ပါယ်ကောက်၍ လွယ်စေရန်၎င်း၊ အထက်ပါအတိုင်း တီထွင် လိုက်ခြင်းဖြစ်ပါသည်။ ဆယ်ဂဏန်း၊ ရာဂဏန်း၊ ထောင်ဂဏန်းများကို ရေးသားသည့်အခါတွင်မူကား အထက်ပါ အမည်များနှင့်သာ မဟုတ်ဘဲ သတ်မှတ်ထားသော အက္ခရာများဖြင့်၎င်း၊ အသံထွက် လွယ်ကူသော အမည် များဖြင့်၎င်း လိုအပ်သလို သုံးစွဲသွားမည် ဖြစ်၏။

အရေးအကြီးဆုံးမှာ မည်သည့် အမည်နှင့်ပင် မှတ်သားစေကာမူ တသမတ်တည်း မှတ်သားသွားရန် လိုပါသည်။ ထို့အပြင် ဤအမည်

များကို စွဲမြဲမှတ်သားထားရန်လည်း လိုပါသည်။ စိတ်ကူးဖြင့် အထပ်ထပ် လေ့ကျင့်မှတ်သားရန် လိုပါသည်။ ဥပမာအားဖြင့် ဖားကြီးတကောင်ကို မျက်စိထဲတွင် ပေါ်လာအောင် စိတ်ကူး၍ ကြည့်လိုက်ပြီးနောက် ၅ ဟုမှတ်သားရမည်။ စောင်းတခုကို မျက်စိထဲတွင် ပေါ်လာအောင် စိတ်ကူးပြီးနောက် ၃ ဟု မှတ်သားရမည်။ ထို့အတူ ကျန်ဂဏန်းများကိုလည်း သက်ဆိုင်ရာ ရုပ်ဝတ္ထုများနှင့် ယှဉ်၍ ခိုင်မြဲစွာ မှတ်သားထားရမည်။

ဂဏန်း ၁၀ လုံးကို ကျေကျေညက်ညက် နားလည် မှတ်မိပြီးသည့်နောက် ဤဂဏန်း ၁၀ လုံးကို အရင်းခံထား၍ ဆက်သွယ်ပေါင်းစပ်နည်းဖြင့် အမျိုးမျိုး ဥာဏ်ကွန့် တီထွင်နိုင်ပေသေးသည်။

ဥပမာ စာဖတ်သူ မိတ်ဆွေအား သူငယ်ချင်းဖြစ်သူ ကိုအောင်ဒင်က နက်ဖြန်နံနက် ၉ နာရီတွင် ရုပ်ရှင်ကြည့်ရန် ဆူးလေဘုရားလမ်းရှိ ဂလုပ်ရုံမှ စောင့်နေမည်ဟု ချိန်းထားသည် ဆိုကြပါစို့။ အထက်ပါကိစ္စတွင် အရေးအကြီးဆုံး အချက်များမှာ ကိုအောင်ဒင်၊ ဂလုပ်ရုပ်ရှင်ရုံနှင့် ၉ နာရီအချိန်ဖြစ်၏။ ထို့ကြောင့် ယင်းအချက်သုံးခုကို မမေ့ရန်လို၏။ ၉ မှာ နွားဖြစ်ကြောင်းကို မိတ်ဆွေသိပြီး ဖြစ်သည်။ အကယ်၍ ကိုအောင်ဒင်သည် နွားကြီးတကောင်ကို စီး၍ ဂလုပ်ရုံ လှေကားဝမှ မိတ်ဆွေအား ကြိုဆိုနေပုံကို ထင်လာမြင်လာအောင် စိတ်ကူးပြီး ကြည့်လိုက်ပါ။ ထို့နောက် မှတ်သားထားပါ။ မိတ်ဆွေ၏ စိတ်ကူးထဲတွင် ပေါ်လာသောကိုအောင်ဒင်၊ ဂလုပ်ရုံနှင့် နွားတို့ ပါဝင်သော ရုပ်ပုံကားချပ်သည် အမှတ်ရလွယ်ကူပါလိမ့်မည်။ ရုပ်ရှင်ရုံဝတွင် နွားနှင့် ကြိုဆိုလေ့မရှိသဖြင့် မိတ်ဆွေ၏စိတ်ကူးထဲတွင် ပေါ်လာသော ကားချပ်သည် ကိုးယိုးကားယားကားချပ်တခုပင် ဖြစ်၏။ ကိုးယိုးကားယားရုပ်ပုံကားချပ် ဖြစ်သဖြင့် ပိုမို၍ အမှတ်ရလွယ်ကူပါသည်။ အရေးကြီးသော ပင်မအချက်ကြီးများကို သတိရရှိပြီး ဖြစ်သည့်အခါ ၉ နာရီ



ကိုးနာရီတွင် မိတ်ဆွေတဦး ရုပ်ရှင်ရုံဝမှ ကြိုနေမည်ကို ဤသို့ စိတ်ကူးကြည့်နိုင်၏

ဆိုသည်မှာ နံနက် ကိုးနာရီဖြစ်သည်။ ရုပ်ရှင်ရုံသို့ သွားလျှင် ရုံဝင်ခ အတွက် ပိုက်ဆံ ယူသွားရဦးမည် စသည့် ဘေးပန်းအချက်အလက် ကလေးများကို အလိုလို မှတ်မိလာပေလိမ့်မည်။ ထိုသို့ မှတ်မိစေရန် လည်း ကြိုးစားရပေမည်။

ဤသို့သော စံနစ်ဖြင့် ၅၁ ဂဏန်းကို ရုတ်တရက် မှတ်ချင်သည်ဆို

ကြပါစို့။ ၅ မှာဖားဖြစ်၍ ၁ မှာအပ်ဖြစ်ကြောင်းကို မိတ်ဆွေ သိရှိပြီး ဖြစ်သည်။ ရောမဖားကြီး တကောင်က အပ်ကလေးကို ကိုင်၍ အဝတ်ချုပ်တော့မည်ဟန်ကို ကာတွန်း အရုပ်သဖွယ် ထင်မြင်လာအောင် စိတ်ကူးကြည့်ပါ။ ဖားနှင့် အပ်ပေါင်းလျှင် ၅၁ ဖြစ်ကြောင်းကို အလွယ်တကူ သိနိုင်ပေလိမ့်မည်။ အရေး အကြီးဆုံး အချက်မှာ ပဌမ အလိုရှိသော ပုံကိုဇာတ်လိုက်သဖွယ်ထား၍ ဒုတိယ အလိုရှိသော ပုံကို အရံအဖြစ်ထားကာ မှတ်သားရပေမည်။ ၅၁ ဂဏန်းတွင် ၅ ကို



၅၁ကို မှတ်မိရန် စိတ်ကူးယဉ် ကားချပ်

ပဉ္စမ ရေးရပြီးလျှင် ၁ ကိုနောက်မှ ရေးရဘိသကဲ့သို့ စိတ်ကူးယဉ်ကား ချပ်ထဲတွင်လည်း ဖားကို ပဉ္စမထား၍ အပ်ကို ဒုတိယထားကာမှတ်သင့် ပေသည်။ ထိုအခါအပ်သည် စာဖတ်သူ၏ လက်ျာဖက်တွင် ရှိနေပေ လိမ့်မည်။ ၅၁ ကိုမီးအိမ်အမည်ဖြင့်လည်း မှတ်သားနိုင်ပါသည်။

ယခုပြဆိုခဲ့သော နည်းလမ်းများအတိုင်း အမျိုးမျိုး ဉာဏ်ကွန့် ၍ ချဲ့ထွင်မှတ်သားထားနိုင်ပေသည်။ ထိုကဲ့သို့ ဂဏန်းအမျိုးမျိုးတို့ကို အလွယ်တကူ ဆက်သွယ်မှတ်သားနိုင်ရန်အတွက် အထက်တွင် ဂဏန်း ၁၀ လုံးကို မှတ်သားထားသကဲ့သို့ ကျန်ဂဏန်း အချို့ကိုလည်း တင်ကြို မှတ်သားထားရန် လိုပါသည်။ သို့မဟုတ်ဘဲ အလိုရှိမှသာ ကြံစည် စိတ်ကူး၍ အမည်များကို အစားထိုး နေရလျှင် အချိန်ကြန့်ကြာပြီး လျှင်အခက်အခဲများလည်း ကြုံတတ်ပေသည်။ ထို့ကြောင့် ဆက်လက် ၍ ဂဏန်းများကို အမည် (ရုပ်ဝတ္ထု) များဖြင့် လဲလှယ် မှတ်ကြပါဦးစို့။

## ဂဏန်းနှင့် အမည်များ

၁–အပ်
၂–ကျား
၃–စောင်း
၄–လေး
၅–ဖား
၆–သော့
၇–တူ
၈–ရှဥ့်
၉–နွား
၀–ဝက်
၁၀–အိမ်ဝင်း
၁၁–ဥသြ
၁၂–အင်းခွေး
၁၃–အိုးစည်
၁၄–အာလူး
၁၅–အမြောက်
၁၆–အုန်းသီး
၁၇–အင်တုံ

၁၈—အရှပ်
၁၉—အနာ
၂၀—ခဝါ
၂၁—ခေါင်းအုံး
၂၂—ခြင်းကြား
၂၃—ကွမ်းညှပ်(ကျောက်ဆူး)
၂၄—ခေါင်းလောင်း
၂၅—ကျောက်ပျဉ်
၂၆—ကွမ်းသီး
၂၇—ခဲတံ (ခုတင်)
၂၈—ကရား
၂၉—ကနန်း
၃၀—ဆင်ဝင်
၃၁—စဥ့်အိုး
၃၂—ဇိကွက် (စကြာ)
၃၃—ဆင်စွယ် (ဆီဆုံ)
၃၄—စလောင်း
၃၅—ဆင်ဖြူ
၃၆—စစ်သား
၃၇—ဆေးတံ
၃၈—ဆရာ (ဆက်ရက်)
၃၉—ဆိတ်နက် (ဆီးနှင်း)
၄၀—လူဝံ
၄၁—လွယ်အိတ်
၄၂—လေးခွ
၄၃—လုံစွပ်
၄၄—လင်းယုန်
၄၅—လှည်းဘီး (ယောက်မ)
၄၆—ယက်သဲ့ (ယဥ်သွား)
၄၇—လေထီး၊ (ယပ်တောင်)
၄၈—လက်ရန်း (လက်ရိုက်)
၄၉—လင်းနို့
၅၀—မြို့ဝန် (မြစ်ဝ)

ဤယခု ဖော်ပြထားသော ဂဏန်း ၅၀ မျှအထိကို နှုတ်တက်ရထားရန် လိုပါသည်။ သို့မှသာ အရေးရှိ အရာပေါ် ဆိုသကဲ့သို့ ဂဏန်းတခု တွေ့မြင်လိုက်သည်နှင့် တပြိုင်နက် ရုပ်ဝတ္ထု ထင်ရှားသော ပုံသဏ္ဌာန်အဖြစ်ဖြင့် ပြောင်းလဲ မှတ်သား နိုင်ပေသည်။ ဥပမာ ၄၃ ဆိုလျှင် လုံစွပ်၊ ၂၂ ဆိုလျှင် ခြင်းကြား၊ ၂၃ ဆိုလျှင် ကွမ်းညှပ်ဟု နှုတ်တွင် ရွရွရွတ်ဆိုနိုင်မှ မြန်မြန်ဆန်ဆန် မှတ်သား နိုင်ပေလိမ့်မည်။

အထက်၌ ဖော်ပြထားသော အမည်များကိုသာ တထစ်ချ မှတ်ယူရမည်ဟု မဆိုလိုပါ။ မိမိအဖို့ အမှတ်ရလွယ်ကူသော အမည်များ

ဖြင့် ပြောင်းလဲ မှတ်သားမည်ဆိုကလည်း ပြောင်းလဲ မှတ်သားနိုင်ပါသည်။ သို့သော် ထိုအမည်ကို တသမတ်တည်း စွဲစွဲမြဲမြဲ အသုံးပြုသွားရန်လိုပါသည်။

တခါက စာရေးသူသည် မိတ်ဆွေတယောက်အိမ်သို့ အလည်သွားစဉ် စကားစပ်မိရင်း ဂဏန်းကို ရုပ်ဝတ္ထု ပစ္စည်းတခုခုဖြင့် ပြောင်းလဲမှတ်နိုင်ပုံကို ပြောပြပါသည်။ ကျွန်ုပ်၏ မိတ်ဆွေက ၅၅ ကို ဘယ်လိုမှတ်မလဲဟု မေးပါသည်။ ကျွန်ုပ်က ပေါင်မုံ့ မှတ်မည်ဟု ပြန်ပြောပါသည်။ ထိုအခါသူက ရယ်သွမ်းသွေးပြီးနောက် 'ခင်ဗျားပေါင်မုံ့က ဝေးကွာလွန်းပါတယ်ဗျာ။ ဟောဒီမှာ ကျွန်တော့ဇနီး မြမြ၊ ခင်ဗျားသတ်မှတ်ထားတဲ့ သင်္ကေတအတိုင်း ဆိုရင် ၅၅ မဟုတ်ဘူးလား'ဟု ပြန်ပြောပါသည်။ တဖန်သူက '၄၀ ကို ဘယ်လိုမှတ်မလဲ'ဟု မေးပြန်သည်။ စာရေးသူက 'လူဝံပေါ့ဗျာ'ဟု ဖြေလိုက်ပါသည်။ သူကဆက်လက်၍ 'ကျွန်တော့အဖို့တော့ လူဝံ မမှတ်ချင်ပါဘူး။ ဟောဟိုမှာ ကျွန်တော့သား လှဝင်း။ လှဝင်း ဆိုတော့ ၄၀ နဲ့ကိုက်မနေဘူးလား'ဟု ဆော့နေသော သူ့သားချောလှဝင်းကို လက်ညှိုးထိုးပြရင်း ပြောလိုက်ပြန်ပါသည်။

စာရေးသူက ပြန်လှန်၍ ဆင်ခြေ မတက်ဝံ့တော့ပါ။ ဘယ်လိုနည်းနှင့်ဖြစ်စေ ကိုယ့်အတွက် အမှတ်ရ အလွယ်ကူဆုံး အမည်မှာ အကောင်းဆုံးဖြစ်သည်ဟု ဝန်ခံခဲ့ရပါသည်။

## သတ်ပုံ

ဂဏန်းကို စာဖြင့် မှတ်ရာတွင် သတ်ပုံ အရေးအသား ကွဲလွဲမှုများကြောင့် အခက်အခဲ တွေ့လိမ့်မည်လောဟု တွေးတောစရာ ရှိပါသည်။ စင်စစ်သော် အခက်အခဲများစွာ မရှိလှပါ။ ဂဏန်းတရပ်ကို စာဖြင့်ရေးသားသည့်အခါ မိမိသုံးလိုသော စာလုံးပေါင်း သတ်ပုံဖြင့် ဆီ

လျှော်အောင် ရေးသားထားလျှင် အစိပ္ပါယ်ကောက်ယူသည့်အခါတွင်လည်း မိမိသုံးထားသော ထိုသတ်ပုံစံနစ်ဖြင့်သာ အဓိပ္ပါယ် ကောက်ယူရပေမည်။

ဥပမာအားဖြင့် ၄၂၃ ဂဏန်းကို ယက်ကန်းစင်ဟု မှတ်သားထားပြီးနောက် ရက်ကန်းစင်ဟု ပြောင်းလဲကာ အဓိပ္ပါယ် ကောက်ယူလျှင် ဂ၂၃ ဖြစ်သွားပေလိမ့်မည်။ ထို့ကြောင့် မူလသုံးစွဲစဉ်က မိမိသုံးနှုန်းထားသော စာလုံးပေါင်းအတိုင်း ပြန်၍ သုံးရန် အရေးကြီးပေသည်။ ထို့အတူ ရောင်နှင့်ယောင်၊ ယားနှင့်ရား လျား၊ ငြိမ်းနှင့်ညိမ်း၊ ရှောက်နှင့် လျှောက် စသော အသံတူစကားလုံးများကို သုံးစွဲရမည့်အခါ မိမိသုံးနေကျ သတ်ပုံနှင့် အံကိုက်အောင် သုံးစွဲသွားခြင်းက ပိုမိုသင့်မြတ်လှပေသည်။ သုံးနေကျ မဟုတ်ဘဲ တမင်္ဂလာပြုလုပ် သုံးစွဲခြင်းသည် တဖန် ပြန်၍ စဉ်းစားရသည့်အခါ များစွာအခက်အခဲ တွေ့ကြုံတတ်ပေသည်။

ရက်ကန်းစင်ကို ရကောက်နှင့် ရေးလေ့ရှိသော ပုဂ္ဂိုလ်သည် ၄၂၃ ကို မှတ်မည့်အခါ ရက်ကန်းစင်ဟု မမှတ်သင့်ပေ။ "လိပ်ကန်စောင်း" သို့မဟုတ် "ယိမ်းကစင်" စသည်ဖြင့် မိမိသုံးစွဲလေ့ရှိသော သတ်ပုံနှင့် ကိုက်ညီအောင် ကြံစည် မှတ်သားသင့်ပေသည်။ သတ်ပုံမှားတတ်သော အမည်များကို ရှောင်နိုင်လျှင် အကောင်းဆုံးဖြစ်၏။

ဂဏန်းကို အက္ခရာဖြင့် ပြောင်းလဲ သုံးစွဲသည့် စံနစ်တွင် မူလအက္ခရာကိုသာ အဓိက ထားသဖြင့် မသတ်နသတ်စသော အသတ်များ လွဲမှားရုံနှင့်ကား အဓိပ္ပါယ် လွဲမသွားနိုင်ပေ။ ဥပမာအားဖြင့် ၃၅၄ ဂဏန်းကို စွန်ပလွံ သို့မဟုတ် စုံပလွန်ဟု ရေးသားစေကာမူ ဂဏန်းဖော်ထုတ်ရာ၌ မှားယွင်းခြင်း မဖြစ်နိုင်ပေ။ ထို့အတူ မရမ်းသီးနှင့် မရန်းသီး၊ ရှောင်ကြည်နှင့် ရှောင်ကြဉ်၊ အခန်းနှင့်အခမ်း စသည်တို့မှာလည်း ထိုနည်းနှင်နှင်ပင် ဖြစ်၏။

**လူအမည်ဖြင့် ပြောင်းလဲခြင်း**

ဂဏန်းကိုအက္ခရာဖြင့် ပြောင်းလဲသုံးစွဲရာတွင် လူအမည်နှင့် ပြောင်းလဲသုံးစွဲသည့်အခါ အထူးသတိပြု၍ သုံးစွဲသင့်ပေသည်။ လူအမည်များတွင် ဦး၊ မောင်၊ မ စသော ဝိသေသနများကို တတ်နိုင်သမျှ ရှောင်လွှဲ၍ သုံးလျှင် ပြန်လည်၍ တွေးဆသည့်အခါ လွယ်ကူပါသည်။ သို့သော် မိမိဦးခေါင်းထဲတွင် နကိုယ်ကပင် စွဲမြဲ နားလည်ထားသော အမည်များကို မိမိမှတ်လိုသည့် ဂဏန်းနှင့် ဆီလျော်အောင် တမင်သက်သက် ပြောင်းလဲ မပစ်သင့်ပေ။

ဥပမာ မိမိကိုယ်တိုင် စွဲမြဲနားလည်ထားသော ဦးသန့်အမည်ကို မောင်သန့်ဟု ပြောင်းလဲ သုံးစွဲမိသည့်အခါ ပြန်လည် တွေးတောရာဝယ် သို့လောသို့လော ဖြစ်တတ်ပေသည်။ အကယ်၍ မမှားနိုင်ဟု ဆိုစေဦး။ ဦးသန့်ကို မောင်သန့်ဟု မိမိသုံးစွဲထားကြောင်းကို ပြန်လည်သတိရဖို့ လိုပေသည်။ ထိုသို့ တဖန်ပြောင်းလဲရလျှင် စဉ်းစား တွေးတောရာတွင် အဆင့်တဆင့် ပိုနေပြန်သည်။ထို့ကြောင့် မိမိဦးနှောက်ထဲတွင် စွဲမြဲနားလည်ထားသော အမည်အချို့တွင် ဦး၊ မောင်၊ မ စသည့် ဝိသေသနများ ပါနေလျှင်မူ မိမိစွဲမြဲ နားလည်ထားသည့်အတိုင်း သုံးစွဲစေလိုသည်။ ဦးဝိစာရ၊ ဦးဥတ္တမ၊ ဦးကောင်း (ကင်းဝန်မင်းကြီး) ဦးဖိုးလှိုင်(ယောအတွင်းဝန်)မောင်ရင်မောင်၊ မမယ်မ(ဂျိမ်းလှကျော် မြန်မာပြန်ထားသော ဝတ္ထု)စသော အမည်မျိုးများတွင် မူလပဌမကမိမိခိုင်မာစွာ မှတ်သားထားသော စကားလုံးများအတိုင်း သုံးနှုန်းသွားလျှင် ပိုမို လွယ်ကူပေလိမ့်မည်။

**စိတ္တဇနာမ်များ**

ဂဏန်းများကို တလုံးချင်း၊ နှစ်လုံးချင်း မှတ်သားသည့်အခါ မျက်စိထဲတွင် ပုံသဏ္ဌာန် ပေါ်မလာနိုင်သော စိတ္တဇ နာမ်များကို တတ်နိုင်သမျှ ရှောင်ရှား သင့်ပေသည်။

**ရေလဲအမျိုးမျိုး**

အထက်၌ ပြဆိုခဲ့သော ဂဏန်းမှ အက္ခရာသို့ ပြောင်းလဲ သုံးစွဲနည်း သင်္ကေတများကို ပိုင်နိုင်ပြီဆိုကြပါစို့။ ထိုသို့ ပိုင်နိုင်ပြီးသည့်အခါ ထိုစံနစ်ကို မှီး၍ ရေလဲ အမျိုးမျိုးနှင့် သုံးစွဲသွားနိုင်ပေသည်။

ဥပမာ ၂၂၇ ကို မှတ်သားလိုလျှင် ၂၂ နှင့် ၇ ဟုနှစ်စုခွဲခြားကြပါစို့။ ၂၂ မှာ ခြင်းကြားဖြစ်၏။ ၇ မှာ တူဖြစ်၏။ ခြင်းကြားသည် မူလဇာတ်ကောင်ဖြစ်၍ တူသည် ဇာတ်ရံ ဒုတိယပစ္စည်းဖြစ်ကြောင်းကို စိတ်ကူးထဲတွင် အစီအစဉ်နှင့် သိထားလျှင်ပင် မှတ်မိရန် အတန်ငယ်လွယ်ကူလာပေပြီ။ မြန်မာဂဏန်းများကို လက်ဝဲဖက်မှ လကျ်ာဖက်သို့ ရေးသားလေ့ရှိသဖြင့် ခြင်းကြားပုံ၏ လက်ဝဲဖက်တွင် တူပုံရှိကြောင်း မှန်းဆကြည့်နိုင်လျှင် တဆင့်ပို၍ အမှတ်ရလွယ်ကူလာပါသည်။ ထိုသို့ မဟုတ်ဘဲ ခြင်းကြားကြီးတခုထဲမှ လက်ဝဲဖက် လက်ကြီးထွက်လာပြီးလျှင် တူကြီးတလုံး ကိုင်ထားသည့် ကာတွန်းဆံဆံပုံကို မျက်စိထဲ၌ ကွင်းကွင်း ကွက်ကွက် ပေါ်အောင် စိတ်ကူး၍ ကြည့်ပါ။ ယခင်နည်းများထက် အမှတ်ရလွယ်ကူသည်ကို တွေ့ရပေလိမ့်မည်။ တူကို သာမန်တူကလေးအသွင် မမှန်းဆဘဲ ကြီးမားသောတူကြီးပုံဖြင့် မှတ်ထားပါ။

အခြားတနည်းမှာ ၂၂၇ ကို အထက်၌ ပြဆိုခဲ့သော သင်္ကေတများအရ အမည်တခုခုဖြင့်လည်း ပြောင်းလဲ ရေးသားနိုင်ပေ၏။ 'ကြည်ကြည်ဌေး' ဟု မှတ်သားလိုက်လျှင် ၂၂၇ ရနိုင်၏။ မှတ်ရလည်း လွယ်ကူ၏။ ရဟန်းတပါးအဖို့မှာမူ ၂၂၇ ကို မမေ့စေရန် ထွေထွေထူးထူး မှတ်သားရန် လိုမည်မထင်ချေ။ ရဟန်းတို့ စောင့်ထိန်းအပ်သော သိက္ခာပုဒ်တော် ပေါင်းမှာ ၂၂၇ ပါးရှိသဖြင့် ဤ ၂၂၇ သည် မမေ့နိုင်သော ဂဏန်းဖြစ်၏။



၂၂၇ ကို ဤကာတွန်းပုံဖြင့် မှတ်သားနိုင်သည်

တဖန် ၂၂၇၁ ကို မမေ့အောင် မည်သို့ မှတ်မည်နည်း။ ယင်း ဂဏန်းကို ၂၂ နှင့် ၇၁ ဟု နှစ်လုံးစီခွဲလိုက်ပါ။ ၂၂ မှာ ခြင်းကြားဖြစ်၍ ၇၁ ကို ဒယ်အိုးဟု မှတ်ပါ။ ခြင်းကြားပေါ်တွင် ဒယ်အိုးကြီးတလုံး ဆောင်းထားသည့် ပုံကို စိတ်ကူး၍ မှတ်သားနိုင်ပေသည်။ ဤ

နေရာ၌ ပဌမဆုံး ရေးရမည့် ဂဏန်းက အောက်တွင်ရှိ၍ ဒုတိယ ရေးရမည့်ဂဏန်းက အထက်တွင်ရှိကြောင်း အစဉ်အလိုက် မှတ်သား သင့်ပေသည်။

အခြားတနည်း ကြံဆကြဦးစို့။ အထက်၌ ၂၂၇ ကို ကြည်ကြည် ဌေးဖြင့် မှတ်နိုင်ကြောင်း ဖော်ပြပြီးဖြစ်၏။ စတုတ္ထ ဂဏန်းဖြစ်သော ၁ ကို တွဲဖက် မှတ်ရန်လိုပေသည်။ ၁ မှာ အပ်ဖြစ်၏။ ကြည်ကြည်ဌေး သည် အလွန်ကြီးမားသော အပ်ကြီးတချောင်းကို ဘယ်ဖက်လက်ဖြင့် ကိုင်၍ နေပုံကို မျက်စိထဲတွင် အကွင်းသားမြင်အောင် စိတ်ကူးကြည့် ပါ။ ကြည်ကြည်ဌေးက ၂၂၇ ဖြစ်၍ သူ၏လက်ဝဲဖက်တွင်ရှိသော အပ် က ၁ ဖြစ်သောကြောင့် ပေါင်းစပ်လိုက်လျှင် ၂၂၇၁ ကို ရနိုင်ပါသည်။

၂၂၇၁၁ ကိန်းကို မည်သို့ မှတ်မည်နည်း။ ဤဂဏန်းလေးလုံးတွင် ခုနစ်ဂဏန်းမှာ အလယ်တွင် ရှိပါသည်။ ပဌမ နှစ်လုံးမှာ ၂၂ ဖြစ်၍ နောက်ဂဏန်း နှစ်လုံးမှာ ၁၁ ဖြစ်ကြောင်း ပါးစပ်မှ သုံးလေးကြိမ် ရွတ်ဆိုကာ ရိုးရိုးကလေး မှတ်သားနိုင်၏။ သို့မဟုတ်ပါက အထက်၌ ပြခဲ့သည့်အတိုင်း ၂၂ = ခြင်းကြား၊ ၇၁ = ဒယ်အိုးနှင့် ၁ = အပ်ဖြစ် ကြောင်းကို သတိမူပါ။ ခြင်းကြားခေါင်တွင် ဒယ်အိုးကြီးတခုကို ဆောင်းထားပြီးလျှင် ဒယ်အိုးမှ လက်ဝဲဖက် လက်ကြီးထွက်လာကာ အပ်ကြီးကို ကိုင်လျက် ဒယ်အိုးပေါ်တွင် စိုက်မည့် ပုံကို မျက်စိထဲတွင် မြင်လာအောင် ကြည့်ရှုသည့် နည်းဖြင့်လည်း မှတ်သားနိုင်ပေသည်။

အထက်ပါ နည်းများအတိုင်း ၂၉၃၇ ကို မှတ်သားလိုလျှင် နှစ်လုံး စီခွဲ၍ ၂၉ မှာ ကနန်း၊ ၃၇ မှာ ဆေးတံဟု မှတ်သားနိုင်၏။ ကနန်းကြီး တကောင်သည် ဆေးတံကြီးကို မိမိ၏ လက်ဝဲဖက်တွင်ထား၍ ခဲနေ သည့်ပုံကို မြင်ယောင်အောင် မှန်းဆကြည့်ခြင်းက ပို၍ အမှတ်ရ လွယ်ကူပေလိမ့်မည်။ ၂၂၇၁၇ ကို မှတ်သားလိုလျှင် ၂၂ မှာ ခြင်းကြား၊ ၇၁ မှာ ဒယ်အိုး၊ ၇ မှာ တူဖြစ်သည်ဟု မှတ်ရာ၏။ အကယ်၍ ခြင်း

ကြားကြီး တခုက ဒယ်အိုကြီးကို ခေါင်းဆောင်းထားပြီးလျှင် ထိုခြင်းကြားကြီးမှ လက်ဝဲဖက် လက်ထွက်ကာ တူကြီးတလုံးကို ကိုင်လျက် ဒယ်အိုးကြီးကို ထုမည့်ပုံကို မှန်းဆ၍ ကြည့်ပါလျှင် မှတ်မိရန် ပိုမိုလွယ်ကူပေလိမ့်မည်။ "**တာတေသည်** **တွံတေးသို့** သွား၍ **တောက်တဲ့** ကို ဝယ်သည်" ဟု ကျောင်းသားကလေးများ ဟာသပါပါ ရွတ်ဆိုလေ



၂၂၇၁၇ ကို မှတ်ရန် စိတ်ကူးယဉ် ကာတွန်းပုံ

ရှိသကဲ့သို့ "**ခြင်းကြားသည် ဒယ်အိုးကိုဆောင်း၍ တူ ဖြင့်ထုသည်**" ဟု ရွတ်ဆိုခြင်းဖြင့်လည်း မှတ်မိနိုင်ပါသည်။

အချို့ဂဏန်းများမှာ အမည်တစုံတရာသို့ ပြောင်းလဲရန် မလိုဘဲ ရိုးရိုး သူ့အတိုင်းပင် အမှတ်ရလွယ်ကူနေသည်ကိုလည်း တွေ့ရတတ်ပေသည်။ ဉပမာ ၂၄၆၇ ကိုမှတ်ရန် ဆိုကြပါစို့။ ပဌမဂဏန်းဖြစ်သော ၂ ကို မမေ့အောင် မှတ်သားလိုက်ပြီးလျှင်၊ ၂ တွင် ၂ တိုး ၄၊ ၄ တွင် ၂ တိုး ၆၊ ၆ တွင် ၂ တိုး ၇ ဟုမှတ်သားပါ။ ဂဏန်းလေးလုံးသာ ပါဝင်သော ကိန်းဖြစ်ကြောင်းကိုလည်း သတိပြုရန် လိုပေသည်။ ဤအထက်၌ ပြဆိုခဲ့သော နည်းပရိယာယ်များဖြင့် အိမ်နံပတ်၊ လမ်းနံပတ်၊ တယ်လီဖုံးနံပတ် ထိုလက်မှတ်စသည်တို့ကို အမျိုးမျိုး ဉာဏ်ဆင်၍ မှတ်သားထားနိုင်ပေသည်။ အရေး အကြီးဆုံးမှာ ဖြတ်ထိုးဉာဏ် ရှိရန်လိုပေသည်။ သို့မှသာ အရေးကြီးလျှင် ကြီးသလို အလွယ်တကူ မှတ်သားနိုင်ပေလိမ့်မည်။

ဂဏန်းရှစ်လုံး၊ ဆယ်လုံးပါဝင်သော ကိန်းများကို မှတ်သားရမည့်အခါ နှစ်လုံး နှစ်လုံးစီခွဲ၍ အမည်ဖြင့် လဲလှယ်သောနည်း၊ ပေါင်းစပ်သောနည်း၊ ထိုနည်းနှစ်ခုစလုံး ပေါင်းစပ်သော နည်းများကို အသုံးပြုသင့်ပေသည်။ သို့မဟုတ်ပါက ဆောင်ပုဒ်သဖွယ် ပြုလုပ်၍ မှတ်သားသင့်ပေသည်။ မည်သည့်နည်းနှင့်မျှ အလွယ်တကူ ကြံဆ၍ မရနိုင်တော့သည့်အခါ ရေဒီယိုမှ ထိပေါက်စဉ်များ ကျေညာသကဲ့သို့ ဂဏန်းများကို နှစ်လုံး တတွဲစီ လေးလေးဆို၍ မှတ်သားပါ။

# ဂဏန်းနှင့် ပုံများ



၁။ အပ်



၂။ ကျား



၃။ စောင်း



၄။ လေး



၅။ ဖား



၆။ သော့



၇။ တူ



၈။ နွား



၉။ ရှဉ့်



၀။ (သုည)ဝက်



၁၀။ အိမ်ဝင်း



၁၁။ ဥဩ



၁၂။ အင်းခွေး



၁၃။ အိုးစည်



၁၄။ အာလူး



၁၅။ အမြောက်



၁၆။ အုန်းသီး



၁၇။ အင်တုံ



၁၈။ အရုပ်



၁၉။ အနာ



၂၀။ ခဝါ



၂၁။ ခေါင်းအုံး



၂၂။ ခြင်းကြား



၂၃။ ကွမ်းညှပ်



၂၄။ ခေါင်းလောင်း



၂၅။ ကျောက်ပျဉ်



၂၆။ ကွမ်းသီး



၂၇။ ခဲတံ



၂၈။ ကရား



၂၉။ ကနန်း



၃၀။ ဆင်ဝင်



၃၁ ။ စဉ့်အိုး



၃၂။ ဇီကွက်



၃၃။ ဆင်စွယ်



၃၄။ စလောင်း



၃၅။ ဆင်ဖြူ



၃၆။ စစ်သား



၃၇။ ဆေးတံ



၃၈။ ဆရာ



၃၉။ ဆိတ်နက်



၄၀။ လူဝံ



၄၁။ လွယ်အိတ်



၄၂။ လေးခွ



၄၃။ လှံစွပ်



၄၄။ လင်းယုန်



၄၅။ လှည်းဘီး



၄၆။ ယက်သဲ့



၄၇။ လေထီး



၄၉။ လင်းနို့



၄၈။ လက်ရန်း



၅၀။ မြို့ဝန်

## အရေးပေါ်သုံးရန်

ဂဏန်းများကို အမည်ဖြင့် လှယ်၍ မှတ်သားရာတွင် လေ့ကျင့်မှု များလျှင် များသည်နှင့်အမျှ လျင်မြန် လွယ်ကူ လာပါလိမ့်မည်။ ဤစာအုပ်တွင် ကိန်းဂဏန်း ၅၀ အထိ အမည်များဖြင့် လဲလှယ်ပုံကို ပြဆိုထားပါသည်။ အကယ်၍ ငါးဆယ်ထက် ကျော်သော ကိန်းဂဏန်းများကို အမည်များဖြင့် လဲလှယ်ထားပြီးနောက် အာဂုံဆောင်

ထားနိုင်လျှင် ဂဏန်းများများကို ပိုမိုလျင်မြန်စွာ မှတ်သားမိပေလိမ့်မည်။ ထိုမှတပါး အလွန်ထင်ရှားသော အမည်များကို ဂဏန်းအဖြစ်သို့ လဲလှယ်၍ထားပြီးနောက် ကျက်မှတ်ထားလိုက်လျှင် အရေးကြုံက ကြုံသလို အလွယ်တကူ ယူငင် သုံးစွဲနိုင်ပေသည်။

ဥပမာ ရွှေတိဂုံ ၇၂၊ ရန်ကုန်မြို့ ၇၂၅၊ မန္တလေး ၅၇၄၊ မော်လမြိုင် ၅၄၅၊ ကမ္ဘာ့အေး ၂၅၁၊ မြသလွန် ၅၆၄ စသည့် အမည်များကို ဂဏန်းနှင့်ယှဉ်၍ ကျက်မှတ်ထားလျှင် နောင်အခါ ထိုဂဏန်းမျိုးများကို မှတ်ရန်ကြုံသည့်အခါ အထူးအထွေ ကြိုးစား ကြံဆရန် မလိုဘဲ ချက်ခြင်းကောက်ယူ သုံးစွဲနိုင်ပေသည်။ ထို့ကြောင့် အနောက်နိုင်ငံများတွင် မှတ်ဉာဏ် ထက်သန်စေနည်း ကျမ်းများကို ပြုစုသော ပုဂ္ဂိုလ်များသည် ဂဏန်း အဘိဓာန်ကျမ်းများကိုပင် ပြုစု ထုတ်ဝေကြလေသည်။

ဂဏန်း အဘိဓာန်ဆိုသည်မှာ အခြားမဟုတ်ပါ။ အထက်၌ ပြခဲ့သည့်အတိုင်း ကိန်းဂဏန်းများကို အမည်အသီးသီးဖြင့် လဲလှယ်ရေးထားသော အဘိဓာန် စာအုပ်ပင် ဖြစ်သည်။

ဥပမာ ၇၂ ကို ရန်ကုန်၊ ရဲကား၊ ရောဂါ၊ ရွှေချို၊ ရေငန်၊ ရှောက်ချိုစသည်ဖြင့်၎င်း၊ ၇၃ ကို ရေစပ်၊ ရေဆိပ်၊ ရေညှိ၊ ရေဆန်၊ ရေစုန်စသည်ဖြင့်၎င်း၊ ကိန်းတခုကို အမည်အမျိုးမျိုးဖြင့် ဖော်ပြထားသော အဘိဓာန် စာအုပ်ပင် ဖြစ်၏။

**ဝိသေသန သင်္ကေတများ**

အရေးကြုံက အလွယ်တကူ ဆွဲယူ အသုံးပြုနိုင်ရန်အတွက် ဝိသေသနနှင့် စပ်လျဉ်းသော အောက်ပါ သင်္ကေတအချို့ကိုလည်း ဖော်ပြပါဦးမည်။ ဤဝိသေသန စာသုံးအစ အက္ခရာများမှာ အထက်၌ ပြဆိုခဲ့သည့် နည်းအတိုင်း ဂဏန်းဖြင့် လဲလှယ်သုံး၍ ရသော စာသုံးများဖြစ်သဖြင့် အမှတ်ရ ခဲယဉ်းမည်မဟုတ်ပါ။ ဝိသေသနပုဒ်ကို အမည်

တခု၏ ရှေ့ကလည်း ထည့်နိုင်၍ နောက်မှလည်း ထည့်နိုင်ကြောင်းကို သတိပြုစေလိုပါသည်။

ဥပမာ ဝသော မစိန်ခင်ဟုဆိုသော စာစုနှင့် မစိန်ခင်ဝ၏ ဆိုသော စာစုတို့မှာ ဆိုလိုရင်း အဓိပ္ပါယ် အတူတူပင် ဖြစ်ပေသည်။ ထို့ကြောင့် အောက်၌ ဖော်ပြလတ္တံ့သော ဝိသေသနပုဒ်များကို အမည်၏ ရှေ့မှဖြစ်စေ နောက်မှဖြစ်စေ လိုအပ်သည့်အခါ လိုအပ်သလို သုံးစွဲရန်ဖြစ်၏။ အောက်တွင် ဖော်ပြလတ္တံ့သော ဝိသေသနများတွင် ပဌမဆုံး စာလုံးကိုသာ ဂဏန်းဖြင့် လဲလှယ်ထားကြောင်း သတိပြုစေလိုပါသည်။

၁။ အ—အရုပ်ဆိုးသော။ အရုပ်ဆိုး၏။
ဆ—အသုံးဝင်သော။ အသုံးဝင်၏။
အ—အလှန်းသော။ အလှန်း၏။
အ—အသံကောင်းသော။ အသံကောင်း၏။

၂။ က—ကောင်းသော။ ကောင်း၏။
က—ကြီးသော။ ကြီး၏။
ခ—ချောသော။ ချော၏။
ခ—ခင်မင်တတ်သော။ ခင်မင်တတ်၏။
င—ငြူစူတတ်သော။ ငြူစူတတ်၏။

၃။ စ—စည်းကမ်းရှိသော။ စည်းကမ်းရှိ၏။
ည—ညှိုးငယ်သော။ ညှိုးငယ်၏။
ည—ညစ်ညမ်းသော။ ညစ်ညမ်း၏။

၄။ ယ—ယဉ်ကျေးသော။ ယဉ်ကျေး၏။
လ—လှပသော။ လှပ၏။

၅။ ပ–ပိန်သော။ ပိန်၏။
ပ–ပုသော။ ပု၏။
ဖ–ဖောင်းသော။ ဖောင်း၏။
မ–မြင့်မြတ်သော။ မြင့်မြတ်၏။
မ–မိုက်မဲသော။ မိုက်မဲ၏။

၆။ သ–သိမ်မွေ့သော။ သိမ်မွေ့၏။
သ–သိမ်ဖျင်းသော။ သိမ်ဖျင်း၏။
သ–သေးငယ်သော။ သေးငယ်၏။

၇။ တ–တောက်ပသော။ တောက်ပ၏။
တ–တောင့်တင်းသော။ တောင့်တင်း၏။
ဒ–ဒေါသကြီးသော။ ဒေါသကြီး၏။

၈။ ရ–ရိုးသားသော။ ရိုးသား၏။
ရ–ရန်မူသော။ ရန်မူ၏။
ရ–ရင့်ကြီးသော။ ရင့်ကြီး၏။
ရ–ရှိုင်းသော။ ရှိုင်း၏။

၉။ န–နုနယ်သော။ နုနယ်၏။
န–နောင်တရသော။ နောင်တရ၏။
န–နုပျိုသော။ နုပျို၏။

၀။ (သုည) ဝ–ဝသော။ ဝ၏။
ဝ–ဝမ်းပိုက်ကြီးသော။ ဝမ်းပိုက်ကြီး၏။

ဤယခုဖော်ပြခဲ့သောဝိသေသနများတွင် "မဟုတ်စာပိုဒ်" "မဟုတ ဝိသေသနများ" မပါဝင်ကြောင်း သတိပြုမိပေလိမ့်မည်။ ဆိုလိုရင်း

မှာ ဝိသေသနပုဒ်များကို သုံးနှုန်းရာတွင် 'မရိုးသားသော' 'မယဉ်ကျေးသော' 'မလှပသော' စသည့် 'မ' သို့မဟုတ် 'မဲ့' တတ်ထားသော ဝိသေသနပုဒ်များ မပါဟု ဆိုလိုပါသည်။

အထက်၌ ပြခဲ့သော ဝိသေသနများကို ဝိသေသနအနေဖြင့်လည်း သုံးနိုင်၏။ ဂဏန်းအဖြစ်ဖြင့်လည်း ပြောင်းလဲ၍ သုံးနိုင်၏။

ဥပမာ ၅၅၄၉ ဂဏန်းကို အမည်တခုခုနှင့် လဲလှယ်ရန် ကြံသည် ဆိုပါစို့။ ရုတ်တရက် ၅၅၄ ကို မမလေးဟု ကြံဆမိပါသည်။ သို့သော် ၉ ဂဏန်းကို ဆက်ရန် ခက်နေပါသည်။ ကျွန်ုပ်သိသော မမလေးမှာ အသက်ကြီးသော်လည်း နုပျိုသော အမျိုးသမီး ဖြစ်ကြောင်း သတိထားမိပါသည်။ ထို့ကြောင့် 'မမလေး-နု၏' ပါးစပ်မှ ရေရွတ်လိုက်မိပါသည်။ ဝိသေသန စာလုံးဖြစ်သော နုမှာ ၉ ဂဏန်း ဖြစ်သဖြင့် အလိုရှိသော ၅၅၄၉ ဂဏန်း ရရှိပါတော့သည်။

ထို့အတူ ၅၅၇၀ ဂဏန်းကို မှတ်ရန်အတွက် ၅၅၇ ကို မြင့်မြင့်ဌေး အမည်ဖြင့် လဲလိုက်ပြီးနောက်၊ နောက်ဆုံး ၀ (သုည)ကို ဝဖြင့်လဲရန် လိုပါသည်။ မြင့်မြင့်ဌေးမှာ ဝသူတဦး ဖြစ်သဖြင့် မြင့်မြင့်ဌေး ဝ၏ဟု မှတ်သားလိုက်ပါမူ အထက်ပါ နည်းအတိုင်း ၅၅၇၀ ကို အလွယ်တကူ ရရှိပါလိမ့်မည်။

ဝိသေသနများကို ဂဏန်း အဖြစ်ဖြင့် လဲလှယ်သုံးစွဲသည့်အခါ ရုပ်ဝတ္ထုအမှန်နှင့် မိမိသုံးစွဲသော ဝိသေသန စာလုံးတို့ ကိုက်ညီရန် လိုပါသည်။ သို့မှသာ ပြန်လည် တွေးတောသည့်အခါ အမှန်သို့ ရောက်ရှိနိုင်ပေလိမ့်မည်။ မိမိသုံးစွဲသော ပုဂ္ဂိုလ် အရာဝတ္ထုတို့၏ ထင်ရှားသော ဝိသေသနများကိုသာ သုံးသင့်ပါသည်။

ဝိသေသနပုဒ်များမှာ အလွန်ကျယ်ဝန်းလှသဖြင့် စုံစုံစေ့စေ့ မဖော်ပြတော့ပါ။ ဝသော၊ လှသော၊ ရိုးသားသော စသည့် ဝိသေသနများအပြင် စိမ်းသော၊ မဲသော၊ ဖြူသော၊ အရပ်ပုသော စသည့် ဝိသေ

သနမျှားကိုလည်း သူနေရာနှင့်သူ အကွက်ဆိုက်အောင် ဉာဏ်ကွန့်၍ သုံးသွားနိုင်ပါသည်။ အရေး အကြီးဆုံးမှာ မိမိသုံးစွဲလိုက်သော ဝိသေသနကို ဂဏန်းအဖြစ်သို့ ပြောင်းလဲမည့်အခါ လွဲချော်မသွားစေရန် လိုပေသည်။

ဥပမာ ချော်သည်။ လှသည်။ ယဉ်သည်ဆိုသော စကားများမှာ အဓိပ္ပါယ် အလွန်နီးစပ်သော စကားများ ဖြစ်ကြသည်။ ထို့ကြောင့် မိမိက လှသည်ဟု ဆုံးဖြတ်ပြီးလျှင် "လှသည်" သို့မဟုတ် "လှသော" ဆိုသည့် ဝိသေသနကို သုံးစွဲလိုက်ပါမူ အနက် အဓိပ္ပါယ် ဖွင့်သည့်အခါ လှနှင့် ဖွင့်ရမည်ကို သတိမူသင့်သည်။ လှသော ဝိသေသနကို သုံးစွဲထားပြီးမှ အဓိပ္ပါယ် ဖွင့်သည့်အခါ ချောသည်နှင့် သွား၍ ဖွင့်လျှင် လွဲမှား ပေလိမ့်မည်။

## ကိုယ်အင်္ဂါနှင့် သင်္ကေတ

မှတ်ဉာဏ် ရင့်သန်စေနည်း ကျမ်းများကို ပြုစုသော အချို့ဆရာတို့သည် အရေးပေါ် သုံးစွဲနိုင်ရန်အတွက် ကိုယ်ခန္ဓာ အစိတ်အပိုင်းများကိုလည်း ဂဏန်းတပ်၍ သင်္ကေတ ပြုထားတတ်ကြပေသည်။ ဤစံနစ်မှာ လွယ်ကူသော စံနစ်တခုဖြစ်ပြီးလျှင် စိတ်ဝင်စားဖွယ်ရာလည်း ကောင်းလှသည်။ မှတ်ဉာဏ် ရင့်သန်စေနည်း လေ့လာသူများအဖို့ အထောက်အကူ ဖြစ်စေရန်နှင့် အလိုရှိက သုံးစွဲနိုင်ရန်အတွက် အောက်တွင် ဖော်ပြလိုက်ပါသည်။

| | | | |
|---|---|---|---|
| ၁။ ဆံပင် | ၄။ မျက်လုံး | ၇။ ပါးစပ် | ၁၀။ နားရွက် |
| ၂။ နဖူး | ၅။ နှာခေါင်း | ၈။ မေးစေ့ | ဝ။ လည်ပင်း |
| ၃။ မျက်ခုံး | ၆။ နှုတ်ခမ်း | ၉။ ပါး | |




လူတယောက်၏ မျက်နှာတွင် နှာခေါင်းသည် အလယ်၌ရှိပေသည်။ ယခုစီမံထားသော သင်္ကေတတွင်လည်း နှာခေါင်းသည် ၁၀ ၏ ထက်ဝက် ဂဏန်း ၅ ဖြစ်ကြောင်းကို သတိမူသင့်သည်။ ကျွန်ုပ်တို့သည်

မျက်နှာကို ပွတ်သပ်သည့်အခါ အထက်ဆံစမှနေ၍ မေးစေ့အထိ ပဌမ ပွတ်သပ်လေ့ရှိကြောင်းကို သတိမူပါ။ ပါးနှင့် နားမှာ ရှေ့ဖက်မျက်နှာပြင်မှ အနည်းငယ် နောက်သို့ယို့လျက် ရှိပေသည်။ သို့ဖြင့် မျက်နှာကို ဒုတိယအကြိမ် ပွတ်သပ်သည့်အခါ ပါးနှင့်နားကို တဆက်တည်း ပွတ်သပ်တတ်ကြပေသည်။ ထို့ကြောင့် ပါးနှင့်နားမှာ နောက်မှ ရေတွက်သော အင်္ဂါအစိတ်အပိုင်းအဖြစ် ၉ နှင့် ၁၀ ဟု သတ်မှတ်ထားပါသည်။ လည်ပင်းကို ၀ (သုည) ဟု သတ်မှတ်ထားပါသည်။

ဤဂဏန်း ၁၁ လုံးကိုလည်း ယခင်က ပြခဲ့သော နည်းများအတိုင်း ပေါင်းစပ် ဆက်သွယ်သည့် နည်းများကို မှီး၍ ရေလဲ အမျိုးမျိုးနှင့် သုံးစွဲနိုင်ပါသည်။

ဥပမာအားဖြင့် နဖူးပြင်ကို လက်ဖြင့် နှစ်ကြိမ်ပွတ်သပ်လိုက်ခြင်းဖြင့် ၂၂ ဟု မှတ်သားနိုင်ပေသည်။ ဆံပင်တပင်ကို နုတ်ယူဟန်ပြု၍ ပါးစပ်ဖြင့် တဖန် ကိုက်ဟန်ပြုလိုက်လျှင် ၁၇ ဟု မှတ်သားနိုင်ပါသည်။ ပါးစပ်ကို လက်ဖြင့် ရှေးဦးစွာ တို့ပြီးနောက် ဆံပင်ကို ထပ်မံတို့လိုက်ခြင်းဖြင့် ၇၁ ဟု မှတ်သားနိုင်လေသည်။ အခြား ဂဏန်းများကိုလည်း ဤနည်းနှင်နှင် ဉာဏ်ထွင်၍ မှတ်သားနိုင်ပေသည်။ ဤနည်းကို နားလည်ထားသူ နှစ်ဦးသည် အခက်အခဲ တွေ့ကြုံသည့်အခါ လက်ဟန်ခြေဟန်ဖြင့် အချက်ပြ၍ ဆက်သွယ်နိုင်ကြပေမည်။

## လေ့ကျင့်ခဏ်းများ

၁။ အောက်ပါ အမည်များကို ဂဏန်းအဖြစ်သို့ ပြောင်းလဲရေးသားပါ။

စေတီ၊ မဒ္ဒီဒေဝီ၊ ခပေါင်း၊ ရွှေစည်းခုံ၊ မင်းတုန်းမင်း၊ ကင်းဝန်မင်းကြီး၊ ဘီလူးချောင်း၊ နယူးဒေလီမြို့၊ ကချင်ပြည်နယ်၊ ပြောင်းဖူးဖက်၊ ကျောက်သင်ပုန်း၊

၂။ အောက်ပါ ဂဏန်းများကို အမည်များသို့ ပြောင်းလဲရေးသားပါ။

၅၂။ ၈၂။ ၁၄၂။ ၁၈၇။ ၂၅၄။ ၄၆၂။ ၅၇၂။ ၅၇၂။

၃။ အောက်ပါ ဆောင်ပုဒ်များကို အနက်အဓိပ္ပါယ် ဖွင့်ပါ။

(က) အိုးအိမ် အင်းဆုံး၊ အင်းဝသည်း

(ခ) ဉာဉ်အောင်မြည်၊ ကုန်းဘောင်တည်။

(ဂ) ဉာဉ်အောင်တုန်၊ မြို့ဒဂုန်၊ ရန်ကုန်ခေါ် သမုတ်။

၄။ လူကိုယ်ခန္ဓာ အစိတ်အပိုင်းကို သင်္ကေတ ပြုလုပ်ထားသော နည်းဖြင့် အောက်ပါ ကိန်းဂဏန်းများကို မည်သို့ မှတ်မည်နည်း။

၂၆။ ၅၅။ ၈၅။ ၉၀။ ၁၀၀။

အခန်း ၅

# လူပုံသဏ္ဍာန်နှင့် အမည်ကိုမှတ်သားနည်း

လွန်ခဲ့သည့် ၁၉၅၂ ခုနှစ်က နိုင်ငံတဝှန်းလုံး ဟိုးလေးတကျော် ဖြစ်သွားသော မန္တလေးမြို့ ကျောက်သွေးတန်းမှ လူသတ်မှုကြီး အကြောင်းကို အဆွေမှတ်မိကောင်း မှတ်မိပေလိမ့်မည်။ သို့မဟုတ် ကြားဘူးပေလိမ့်မည်။ အသတ်ခံရသူမှာ မန္တလေးမြို့ ကျောက်သွေး တန်းမှ ပိုက်ဆံအတော်အသင့် ချမ်းသာသူ ဆရာဝန် ဘော်ဘီစံကြူး ၏ဇနီး အသက် ၂၃ နှစ်ရှိ မစိန်စိန် ဖြစ်လေသည်။

အချင်းဖြစ်ပွါးသည့်နေ့မှာ ဇူလိုင်လ ၂၂ ရက်ဖြစ်သည်။ မန္တ လေးမြို့တွင် တနေ့လုံးလိုလို မိုးရွာသွန်းလိုက်ပြီးနောက် မိုးအုံ့မှိုင်းကာ အေးမြမြ ဖြစ်နေသော အချိန်ဖြစ်၏။ လူသတ်သမား နှစ်ဦးတို့သည် ညနေ ၃ နာရီကျော်ကျော် အချိန်တွင် မစိန်စိန်၏ အိမ်ကို နောက်ဖေး ဖက်မှဝင်လာခဲ့ကြသည်။ မစိန်စိန်မှာ ထမီရင်ရှားနှင့် ရေချိုးရန် ပြင်ဆင်နေဆဲ ဖြစ်၏။ ရုတ်တရက်ဖြစ်သဖြင့် မစိန်စိန်မှာ မှင်သက် မိသလိုဖြစ်ကာ မအော်ဟစ်နိုင်ဘဲ ဖြစ်ဟန်ရှိလေသည်။

လူသတ်သမား နှစ်ဦးတို့သည် မစိန်စိန်အား ပါးစပ်တွင် အဝတ် ဆို့ပြီးနောက် လည်ပင်းကို တံပက်စနှင့်လိမ်၍ သတ်လိုက်ကြသည်။ ထို့နောက် မစိန်စိန်၏ လက်ဝက်လက်စားများနှင့် တကွ ဘီရိုထဲမှ ရွှေ ငွေရတနာများကိုပါ ယူဆောင်၍ သွားလေသည်။

အခင်းဖြစ်ပွါးစဉ်တွင် မစိန်စိန်၏ ခင်ပွန်းမှာ ရန်ကုန် ဆေးတက္က သိုလ်တွင် ပညာသင်ကြားလျက် ရှိသည်။ မစိန်စိန်နှင့်အတူ နှစ်နှစ်

နှင့် နှစ်လအရွယ် သမီးကလေးအတူးနှင့် ၁၇ ရက်သား မွေးစက လေးတို့သာ ရှိကြသည်။

ရဲအဖွဲ့ဝင်တို့သည် ရုတ်တရက် မစိန်စိန်ကို မည်သူမည်ဝါ သတ်လိမ့်မည်ဟု ခန့်မှန်းရန် ခဲယဉ်း နေသေးသည်။ တရားခံများကို ဖမ်းဆီးမိနိုင်ရန်အတွက် အခြား သဲလွန်စ၊ အထောက်အထားများလည်း မတွေ့ကြချေ။ သို့သော် နှစ်နှစ်နှင့် နှစ်လအရွယ် အတူးကလေးက "မာမီကို ဘသန်းရိုက်.... မာမီကို ဘသန်းရိုက်" ဟု ဆိုလိုက်ရာတွင်မှ တရားခံများကို ဖမ်းမိနိုင်ရန် သဲလွန်စ ပေါ်လေတော့သည်။

အတူးကလေးပြောသော ဘသန်းဆိုသူမှာကား အခြားသူ မဟုတ်ချေ။ မစိန်စိန်တို့အိမ်တွင် ကာလအတော်ကြာအောင် ကားမောင်းသမားအဖြစ် အသုပ်လုပ်ကိုင် သွားဘူးသူပင် ဖြစ်၏။

ထို့ကြောင့် ရဲအဖွဲ့ဝင်တို့သည် ဒရိုင်ဘာ မောင်ဘသန်းကို ဖမ်းဆီးရန် ကြိုးစားကြတော့သည်။ ဘသန်းမှာ ထွက်ပြေး တိမ်းရှောင်နေသဖြင့် ရုတ်တရက် မဖမ်းမိနိုင်ခဲ့ချေ။ သို့သော် ထိုနေ့က ဘသန်းနှင့်အတူ သွားသည်ဟု သတင်းရသော ထွန်းတင်ကို ဖမ်းဆီးမိကြလေသည်။ ထွန်းတင်ကို စစ်ဆေးသောအခါ ထိုနေ့က မောင်ဘသန်းနှင့် ထွန်းတင်တို့သည် မစိန်စိန်အားသတ်ကာ ပစ္စည်းများကို ယူခဲ့ကြကြောင်း ဝန်ခံထွက်ဆိုလေသည်။ ထို့နောက် သုံးရက်မျှအကြာတွင် ဘသန်းကို ဖမ်းဆီးရမိလေသည်။

အဆိုပါ လူသတ်မှုကြီးကို တနှစ်ကြာမျှ စစ်ဆေးခဲ့ကြပြီးနောက် လူသတ်သမားဘသန်းနှင့် ထွန်းတင်တို့မှာ ပြစ်မှုထင်ရှားသဖြင့် ကြိုးမိန့်ပေးခြင်းကို ခံကြရလေသည်။ ဤအမှုတွင် နှစ်နှစ်နှင့် နှစ်လအရွယ် ကလေးမကလေးက မိမိအိမ်တွင် ဒရိုင်ဘာ လုပ်သွားဘူးသူ ဘသန်းသည် သူ၏မိခင်ကို သတ်နေစဉ် ထိုသူသည် ဘသန်းဖြစ်သည်ဟု မှတ်မိလိုက်ခြင်း ဖြစ်၏။ အတူးကလေးသည် ဘသန်း၏ ပုံသဏ္ဍာန်ကိုသာ

မက အမည်ကိုပါ မှတ်မိသဖြင့် ထိုနှစ်ခုကို ဆက်စပ်ပြောဆိုနိုင်ခဲ့ခြင်းကြောင့် လူသတ်ကောင်များကို အချိန်မနှောင်းမီ အလွယ်တကူ ဖမ်းဆီးခဲ့နိုင်လေသည်။

ဤကား မိမိမြင်ဘူး တွေ့ဘူးသူကို မှတ်မိခြင်း၏ အကျိုးထူးတရပ်ပင် ဖြစ်ပေသည်။ သို့သော် အမည်ကို မှတ်မိခြင်း၊ မျက်နှာကို ကျက်စားမိခြင်း၊ အသံကို ကျက်စားမိခြင်း စသည်တို့မှာ မိမိ၏ ဘေးအန္တရာယ်ကို ကာကွယ်ရန်အတွက်သာ အသုံးဝင်သည် မဟုတ်ပါ။ သိကျွမ်းဘူးသောမိတ်ဆွေကို ခင်မင်သော မိတ်ဆွေ အဖြစ်သို့ ရောက်စေနိုင်သည်။ ခင်မင်သော မိတ်ဆွေကို အလွန်ရင်းနှီးသော မိတ်ဆွေအဖြစ်သို့ ပြောင်းလဲ စေနိုင်ပါသည်။ မိတ်ဆွေသစ်၊ အဆွေခင်ပွန်းကောင်း သစ်များလည်း ပွါးများစေနိုင်ပါသည်။ လူအများ၏ ချစ်ခင်လေးစားခြင်းကိုလည်း ခံယူရရှိနိုင်ပေသည်။

အကယ်၍ အဆွေသည် စစ်သားအချို့ကို အုပ်ချုပ်ရသော စစ်ဗိုလ်တဦးဖြစ်အံ့၊ သို့မဟုတ် အဆွေသည် ရဲတပ်သားအချို့ကို အုပ်ချုပ်ရသောရဲအရာရှိတဦးဖြစ်အံ့၊ အဆွေသည် မိမိ၏ လက်အောက်ငယ်သားများကို တဦးမကျန် သူတို့၏ အမည်ကိုခေါ်၍ ပြောဆိုဆက်ဆံနိုင်ပါလျှင် အဆွေ ဆောင်ရွက်ရမည့် တာဝန်များသည် မည်မျှအောင်မြင်လိမ့်မည်နည်း။ "လောက၌ လူတယောက်အဖို့ အသာယာဆုံးတူရိယာ အသံမှာ သူ၏အမည်ကို သူပြန်၍ ကြားရသော အသံပင်ဖြစ်၏" ဟု ကမ္ဘာကျော် မိတ္တဗလဋ္ဌိကာကျမ်းပြု ဆရာကြီး ဒေးလ်ကာနက်ဂျီ[၁]က ဆိုခဲ့သည်။

ခရစ်မပေါ်မီ လေးရာစုနှစ်ခန့်က ဂရိနိုင်ငံမှ စစ်သေနာပတိကြီးဖြစ်သော သမစ္စတိုကလီး[၂]သည် အက်သင်မြို့သူမြို့သားပေါင်း နှစ်သောင်းကျော်ကို အမည်နှင့်တကွ မှတ်မိခဲ့လေသည်။ ရောမ စစ်သေ

၁။ Dale Carnegie ၂။ Themistolecs

နာပတိကြီး လူစီးယပ်(စ) စစ်ပီယို[၃] သည် ရောမမြို့သူမြို့သား အားလုံးတို့ကို တယောက်စီ၏ နာမည်ကို ထုတ်ဖော် ခေါ်ယူနိုင်စွမ်းရှိသည်ဟု ဆို၏။ ထို့ကြောင့် ထိုပုဂ္ဂိုလ်ကြီးများကို သူတို့ တိုင်းသူပြည်သားများက အထူးကြည်ညိုလေးစားကြလေသည်။

ခရစ်မပေါ်မီ နှစ်ပေါင်း ၅၀၀ ခန့်က ထင်ရှားကျော်စောခဲ့သော ပါရှားဘုရင်ကြီး ဆိုင်းရပ်(စ)[၄] သည် ထောင်ပေါင်းများစွာသော မိမိ၏ စစ်သားများကို တဦးမကျန် အမည်နာမကိုခေါ်၍ ပြောဆိုဆက်ဆံနိုင်သည်ဟု ဆိုသည်။ ထို့ကြောင့် သူ့စစ်သည်တော်များသည် သူ့အား အထူးကြည်ညိုကြ၏။ အသက်ပေး၍ ချစ်ကြ၏။ ဆိုင်းရပ်(စ) ဘုရင်သည် ထိုသို့သော အရည်အချင်းများနှင့် ပြည့်စုံရကား အာရှမိုင်းနား ကျွန်းစွယ်တခုလုံးကို သာမက၊ ဗယ်ဗီလုံနိုင်ငံ၊ ဆီးရီးယားနိုင်ငံနှင့် ဂရိမြို့အချို့ကိုပါ တိုက်ခိုက် သိမ်းယူနိုင်ခဲ့လေသည်။

ခရစ်မပေါ်မီ နှစ်ရာစုက ထင်ရှားခဲ့သော အာရှမိုင်နားရှိ ပွန်းတပ်[၅] ပြည့်ရှင်မီသရီဒေးတီး[၆] သည်လည်း အလွန်မှတ်ဉာဏ်ကောင်းသော ပုဂ္ဂိုလ်ကြီးတဦး ဖြစ်လေသည်။ သူသည် ဘာသာစကားပေါင်း ၂၂ မျိုးကို သွက်လက်စွာ တတ်မြောက်ပြောဆိုနိုင်ရုံမျှမက ဆိုင်းရပ်(စ) ဘုရင်နည်းတူ သူ၏ စစ်တပ်ကြီးထဲမှ စစ်သားတိုင်း၏ အမည်နာမကို ထုတ်ဖော် ခေါ်ယူနိုင်သူ ဖြစ်၏။

ရာဇဝင်တွင် ထင်ရှားသော အမေရိကန် တော်လှန်ရေး ဗိုလ်ချုပ်ကြီး ဂျော့ဝါရှင်တန်[၇] နှင့် ပြင်သစ် စစ်ဘုရင်ကြီး နပိုလီယန်[၈] တို့အကြောင်းကို ကြားဘူးကြပေလိမ့်မည်။ ထိုပုဂ္ဂိုလ်ကြီးများသည် ဇွဲသတ္တိရှိသော သူရဲကောင်းကြီးများ ဖြစ်သည့်ပြင် တိုက်တိုင်းအောင်၊ ဆောင်တိုင်းမြောက်ခဲ့သော ပုဂ္ဂိုလ်ကြီးများလည်း ဖြစ်၏။ ထိုစစ်

၃။ Lucius Scipio
၄။ Cyrus
၅။ Pontus
၆။ Mithridates
၇။ George Washington
၈။ Napoleon

ဘုရင်ကြီးများသည်၊ အကြိမ်ကြိမ် အောင်ပွဲ ရရှိခဲ့ကြသည်မှာလည်း အခြားကြောင့် မဟုတ်၊ သူတို့သည် မိမိတို့၏ တပ်သားများနှင့် လက်ပွန်းတတီး နေထိုင်စားသောက်ခဲ့ကြယုံမျှမက စစ်သားတိုင်း၏ နာမည်များကို မှတ်မိခဲ့ကြခြင်းကြောင့် ဖြစ်သည်ဟု အဆိုရှိလေသည်။

စစ်သေနာပတိကြီး တဦးက မိမိ၏ အမည်နာမကို အရေးတယူ မှတ်သားထားရုံမျှမက မိမိ၏ အမည်ကို ခေါ်ယူ၍ ကြင်နာယုယစွာ ဆက်ဆံခြင်း ခံရသော တပ်သားတဦးသည် ထိုစစ် သေနာပတိကြီးအတွက် အသက်စွန့်ရန် အဘယ်မှာ ဝန်လေးပါတော့ မည်နည်း။

ကမ္ဘာပေါ်တွင် မှတ်ဉာဏ် အကြောင်းကို စာတစောင် ပေတဖွဲ့ ဖြစ်အောင် ပဌမဆုံး စုဆောင်းရှာဖွေ ရေးသားခဲ့သော ဂရိစာဆိုကြီး ဆိုင်မွန်နီဒီး[၉]၏ မှတ်ဉာဏ်ကြီးပုံကို ကြည့်ရှုပါဦး။ အခါတပါး၌ ဂရိပြည် အက်သင်မြို့တော်တွင် အလွန်ကြီးကျယ်ခမ်းနားသော ထမင်းစားပွဲကြီးတခု ကျင်းပခဲ့လေသည်။ ထိုထမင်းစားပွဲသို့ မြို့မျက်နှာဖုံး မင်းစိုးရာဇာ သူဌေးသူကြွယ် အများပင် တက်ရောက်ခဲ့သည်။ ထိုအထဲတွင် စာဆိုတော်ကြီး ဆိုင်မွန်နီဒီးလည်း ပါဝင်လေသည်။ သို့သော် စာဆိုတော်ကြီးသည် အကြောင်းကိစ္စတခုရှိသဖြင့် ထမင်းစားပွဲကြီး မပြီးမီ အိမ်သို့ ပြန်ခဲ့လေသည်။ ထိုသို့ ပြန်လာခြင်းသည် သူ့အဖို့ ကံကောင်းသည်ဟု ဆိုရပေမည်။ အကြောင်းသော်ကား သူထမင်းစားခန်းမှ ထွက်လာခဲ့ပြီးနောက် မကြာမီအတွင်း ထမင်းစားခန်းမကြီး၏ အမိုးသည် ရုတ်တရက် ပြိုကျကာ ထမင်းစားပွဲ တက်ရောက်သူ အားလုံး သေဆုံးကြရရှာ၏။ ထိုသို့ သေဆုံးကြသူအားလုံးတို့မှာ ရုပ်ပျက်ဆင်းပျက် ဖြစ်နေကြသဖြင့် မည်သူ့ ရုပ်အလောင်းများ ဖြစ်သည်ကို ခွဲခြားရန် ခဲယဉ်း နေကြလေသည်။

စာဆိုကြီး ဆိုင်မွန်နီဒီးသည် ထမင်းစားပွဲသို့တက်ရောက်လာစဉ်က

---

[၉] Simonides

မည်သူမည်ဝါများသည် မည်သည့် စားပွဲတွင် ထိုင်ကြသည်။ မိမိနှင့် အတူ မည်သူမည်ဝါများ ထိုင်ကြသည်။ မည်သူက မည်သည့် အဝတ်အစားများကို ဝတ်ဆင်ထားသည်ဟု ဂရုတစိုက် ကြည့်ရှု မှတ်သားခဲ့လေသည်။ ထို့ကြောင့် သေဆုံးသူတို့၏ အလောင်းများကို သူ၏ အကူအညီဖြင့် မမှားမယွင်းရအောင် ထုတ်ဖော် ယူနိုင်ကြလေသည်။

လူကို မှတ်မိခြင်း၊ အမည်ကို မှတ်မိခြင်းများသည် အထက်၌ ပြဆိုခဲ့သည့်အတိုင်း မိတ်ဆွေပေါများစေခြင်း၊ လူတဖက်သားကို မိမိဖက်သို့ ပါအောင် ဆွဲဆောင်နိုင်ခြင်းများကြောင့် နိုင်ငံရေး သမားတို့အဖို့ အထူးလိုအပ်သော အရည်အချင်းတရပ်ပင် ဖြစ်၏။ မြန်မာနိုင်ငံတွင် နာမည်ကြီးခဲ့သော နိုင်ငံရေး သမားများစွာတို့သည် မှတ်ဉာဏ်ပါရဂူကြီးများ မဟုတ်စေကာမူ ဤအရည်အချင်းတွင် ညံ့ကြသူများမဟုတ်ပေ။ ထို့ကြောင့်လည်း သူတို့သည် မိမိတို့ ပါတီအဖွဲ့အစည်းအတွင်း နှစ်ကာလ ရှည်မြင့်စွာ ခေါင်းဆောင် နေရာများကို ရယူနိုင်ခဲ့ကြသည်ဟု ဆိုက မှားနိုင်မည် မဟုတ်ချေ။

အမေရိကန် နိုင်ငံတွင် လူကို မှတ်မိသည့်နေရာတွင် ထင်ရှားသည့် နိုင်ငံရေး သမားကြီးတဦးရှိ၏။ သူ၏အမည်မှာ မစ္စတာဂျိမ်း၊ အေ၊ ဖာလေး[၁၀] ဖြစ်၏။ သူသည် အမေရိကန် နိုင်ငံမှ ကွယ်လွန်သူ သမတကြီး ရူးဇဗဲ့[၁၁] သမတရာထူးကို ယှဉ်ပြိုင် အရွေးခံစဉ်က မစ္စတာ ရူးဇဗဲ့အတွက် နိုင်ငံတဝှန်းလုံးသို့ လှည့်လည်၍ မဲဆွယ်တရားများကို ဟောခဲ့သည်။ မစ္စတာဖာလေးသည် မဲဆန္ဒရှင်တဦးနှင့် တကြိမ်တခါ တွေ့ဘူးလျှင် ဒုတိယ အကြိမ်၌ ထိုသူ၏ အမည်ကိုခေါ်၍ နှုတ်ဆက်နိုင်စွမ်းရှိလေသည်။ သမတကြီး ရူးဇဗဲ့ အောင်နိုင်မှုတွင် သူ၏ကူညီစွမ်းဆောင်ပေးမှု များစွာ ပါခဲ့သည်ဟု ယနေ့တိုင် ပြောဆိုလျက် ရှိကြသည်။

၁၀။ James A. Farley
၁၁။ Franklin D. Roosevelt

လူ၏ မျက်နှာပုံကို ကျက်မိခြင်း၊ အမည်နာမကို မှတ်မိခြင်းများသည် စစ်သူကြီးများနှင့် နိုင်ငံရေး သမားများအဖို့သာ အထောက်အကူရသည် မဟုတ်ပါ။ စုံထောက် အရာရှိများ၊ ရဲအရာရှိများ၊ သံအရာရှိများ၊ ကုန်သည်ပွဲစားများနှင့် သတင်းစာဆရာများအဖို့ပါ အထူးအရေးပါ အရာရောက်သော အရည်အခြင်း တရပ် ဖြစ်လေသည်။

ကမ္ဘာအရပ်ရပ်ရှိ စုံထောက် သင်တန်းကျောင်းများနှင့် ရဲအရာရှိ သင်တန်းကျောင်းများတွင် လူပုံသဏ္ဌာန်ကို မည်သို့ မည်ပုံ မှတ်သားသင့်သည်ဆိုသော အချက်ကို ဘာသာတရပ် အနေဖြင့် သင်တန်းများတက်၍ သင်ကြားကြရလေသည်။ ဒုတိယ ကမ္ဘာစစ်ကြီး မဖြစ်မီက အင်းစိန်မြို့ရှိ စုံထောက် ကျောင်းကြီးတွင် ဘာတီလောင်[၁၂] စံနစ် ဟု ခေါ်သည့် ပြင်သစ်လူမျိုး ဘာတီလောင် တီတွင်သော လူပုံပန်းသဏ္ဌာန် မှတ်နည်းကို အထူးအလေးအနက်ထား၍ သင်ပေးခဲ့သည်။ ရဲအရာရှိများသည် လူပုံသဏ္ဌာန် အမျိုးမျိုးတို့ကို လက်တွေ့ လေ့လာနိုင်ရန်အတွက် အကျဉ်းထောင်များသို့ သွားရောက်၍ အကျဉ်းသား အမျိုးမျိုးတို့ကို လေ့လာကြည့်ရှုခဲ့ကြရလေသည်။ ယခုတိုင်လည်း ရဲအရာရှိသင်တန်းကျောင်းနှင့် စုံထောက်သင်တန်းများတွင် ဤဘာသာရပ်ကို အတော်အသင့် သင်ကြားကြရပေသေးသည်။ ဝရမ်းပြေးများနှင့် ထွက်ပြေး တိမ်းရှောင်နေသူများကို မှတ်ပုံတင်သော စာရင်းတွင် လူပုံသဏ္ဌာန်ကို မှတ်မိနိုင်စေရန် မျက်နှာ အနေအထား၊ နဖူး၊ မျက်စိ၊ နား၊ နှာခေါင်းစသည်တို့ကို မှတ်သားနိုင်ရန် ပုံစံဇယားများ ချထားပါရှိသည်။

လူပုံသဏ္ဌာန်ကို မှတ်မိခြင်း၊ အမည်နှင့် မျက်နှာကို တွဲ၍ ကျက်စားမိခြင်းများသည် စုံထောက် အရာရှိများ၊ ရဲအရာရှိများအတွက်

---

၁၂။ Bertillon System

သာ အသုံးဝင်သည် မဟုတ်ပါ။ သာမန်အရပ်သားများအတွက်လည်း များစွာ အသုံးဝင်ပေသည်။

လူပုံသဏ္ဌာန်ကို အမှတ်မှားမိသဖြင့် အပြစ်ကင်းမဲ့သူတဦး ထောင်ကျခံရဘူးသော အမှုတမှုမှာ အမေရိကန် နိုင်ငံတွင် ဟိုးလေတကျော် ဖြစ်ခဲ့သည်။ ၁၉၃၈-ခုနှစ်က မစ္စတာ ဗာထရမ်း အမ်၊ကင်ဘဲလ်[၁၃] ဆိုသူအား သူတပါး၏ ငွေကို လက်မှတ်လိမ်ထိုးကာ ထုတ်ယူမှုဖြင့် ရုံးတင်တရားစွဲဆိုခဲ့သည်။ ဘဏ်တိုက်မှ အမှုထမ်း ငါးဦးတို့က မစ္စတာ ကင်ဘဲလ်သည် ဘဏ်တိုက်၌ ငွေသွင်းထားသူ မစ္စတာ ဂျော့ဝပ်မတ်စတား[၁၄] ၏ လက်မှတ်ကို တုထိုးလျက် ငွေနှစ်ကြိမ်တိုင်တိုင် ထုတ်ယူခဲ့သည်ဟု ထွက်ဆိုကြလေသည်။ တရားစွဲခံရသူက မိမိ မထုတ်ယူရကြောင်း၊ မိမိမှာ အပြစ်ကင်းမဲ့သူဖြစ်ကြောင်း ထုချေခဲ့သော်လည်း ရုံးမင်းက မယုံကြည်ခဲ့ချေ။ သို့ဖြင့် သူ့အား နာမည်ကြီးသော စင်းစင်း[၁၅] ထောင်ကြီးတွင် ငါးနှစ်အထိ အကျဉ်းချခံစေရန် တရားရုံးတော်က အမိန့်ချမှတ်လိုက်လေသည်။

၁၉၄၅-ခုနှစ် ဇူလိုင်လတွင် မစ္စတာအလက်ဇန္ဒာ သီအဲလ်[၁၆] ဆိုသူအား ဘော်စတွန်မြို့ရှိ ဘဏ်တခုမှ ဒေါ်လာ ငွေ လေးထောင်ကို လက်မှတ်တုဖြင့် ထုတ်ယူသောကြောင့် ဖမ်းဆီး တရားစွဲ ဆိုပြန်သည်။ ထိုတွင်မှ မစ္စတာ ကင်ဘဲလ်အမှုတွင် လိုက်ပါ ဆောင်ရွက်သော စုံထောက်အရာရှိများက မစ္စတာ သီအဲလ်နှင့် ကင်ဘဲလ်တို့မှာ ခွဲမရအောင် တူညီနေကြောင်းကို တွေ့ရလေသည်။ အမှုကို ဆက်လက် စစ်ဆေးသည့်အခါ မစ္စတာ ကင်ဘဲလ် ထောင်ကျခဲ့ရသော အမှုတွင် ငွေလိမ်ထုတ်သူမှာလည်း မစ္စတာ သီအဲလ်ပင် ဖြစ်ကြောင်းကို သူကိုယ်တိုင်ပင် ဝန်ခံလေသည်။ ထိုအချိန်တွင် မစ္စတာ ကင်းဘဲလ်

---

၁၃။ Bartram M. Cambell
၁၄။ George Workmaster
၁၅။ Sing Sing
၁၆။ Alexander D. L. Thiel

မှာ ထောင်တွင်း၌ အကျင့်စာရိတ္တ ကောင်းမွန်မှုကြောင့် လျှော့ရက်များ ရရှိကာ ထောင်အပြင်သို့ ရောက်ရှိနေသည်မှာပင် ကြာမြင့်လေပြီ။ မစ္စတာ ကင်ဘဲလ်သည် အပြစ်တစုံတရာ မရှိဘဲလျက် မျက်မြင်သက်သေအချို့၏ မှားယွင်းစွာ ထွက်ဆိုမှုကြောင့် ထောင်ထဲတွင် သုံးနှစ်ကျော်မျှနေခဲ့ရသည်မှာ အလွန်တရာနစ်နာလှပေသည်။ ထို့ကြောင့် နောက်ဆုံး၌ သူ့အား အမေရိကန် အစိုးရက ဒေါ်လာငွေ ၁၁၅,၀၀၀ (မြန်မာငွေ ၅၇၅,၀၀၀ ကျပ်ခန့်) ကို လျော်ကြေးအဖြစ် ထုတ်ပေးရလေသည်။ စုံထောက်အဖွဲ့များ၊ ရဲအဖွဲ့များ အလွန်တရာ တိုးတက်လှပါသည် ခေတ်မှီလှပါသည်ဟု ဂုဏ်ယူပြောဆိုလေ့ရှိသော အမေရိကန်နိုင်ငံ၌ပင် ထိုကိစ္စမျိုး ပေါ်ပေါက်သေးလျှင် အခြားနိုင်ငံ အခြားဒေသများတွင်လည်း မပေါ်ပေါက်နိုင်ဟု မဆိုသာချေ။ ထို့ကြောင့် လူပုံသဏ္ဍာန်ကို မှတ်မိခြင်းသည် သူ့အကျိုး၊ ကိုယ့်အကျိုး အများအကျိုးအတွက် မည်မျှ အသုံးဝင် အရာရောက်ကြောင်းကို ခန့်မှန်းနိုင်ကြပေလိမ့်မည်။

## မျက်နှာကို ကျက်မိရန်

ကျွန်ုပ်တို့သည် လူတစုံတယောက်နှင့် တွေ့ဆုံသည့်အခါ ရှေးဦးစွာ သတိပြုကြည့်ရှုသည့် ကိုယ်အင်္ဂါ အစိတ်အပိုင်းမှာ မျက်နှာပင် ဖြစ်၏။ မျက်နှာမှာ ဖုံးလွှမ်းထားလေ့ရှိသော အစိတ်အပိုင်း မဟုတ်သဖြင့် မြင်လွယ်၏။ မှတ်သားရလည်း လွယ်ကူပေ၏။ မျက်နှာပုံသဏ္ဍာန် အမျိုးမျိုးကို အကြမ်းအားဖြင့် ခွဲခြားရသော်၊ လေးထောင့်စတုရန်း ဆံသော မျက်နှာ၊ လေးထောင့် စတုဂံ ရှည်မျောမျောမျက်နှာ၊ မျက်နှာဝိုင်း၊ ဝမ်းဘဲဥပုံဆံသော မျက်နှာ။ ပါးပြည့်ပြည့်နှင့် အပေါ်သို့ ညီညီတက်သွားသော မျက်နှာ၊ ပါးပြည့်ပြည့်နှင့်ခေါင်းရှူးသွားသော မျက်နှာဟု ခြောက်မျိုး ခွဲခြား သတ်မှတ်နိုင်ပါသည်။

## မျက်နှာပုံသဏ္ဌာန် အမျိုးမျိုး



လေးထောင့်စတုရန်းဆံသောမျက်နှာ



လေးထောင့်စတုဂံဆံသောမျက်နှာ



မျက်နှာဝိုင်း



ဝမ်းဘဲဥပုံဆံသောမျက်နှာ



ပါးပြည့်ပြည့်နှင့်
အပေါ် ညီညီတက်သွားသောမျက်နှာ



ပါးပြည့်ပြည့်နှင့်
ဦးခေါင်းရှူးသွားသောမျက်နှာ

တဖန် နားရွက်ကို လေ့လာရာတွင် နားရွက်ကြီးကြီး၊ နားရွက်သေးသေး၊ နားရွက် ကားကား၊ ဦးခေါင်းနှင့် ကပ်နေသော နားရွက်၊ နားရွက်ဝိုင်းဝိုင်း၊ နားရွက်ဖျား (နားပန်) တွဲကျနေသော နားရွက်ဟူ၍ ခြောက်မျိုး ခွဲခြား မှတ်နိုင်ပေသည်။

နှာခေါင်းနှင့် ပတ်သက်၍ ခွဲခြားရန်မှာ ဖြောင့်တန်းသော နှာခေါင်း၊ ခုန်းနေသော နှာခေါင်း၊ နှာခေါင်းပြားပြား၊ နှာခေါင်းဖျားအပေါ်သို့ လန်သော နှာခေါင်း၊ နှာခေါင်းဖျားအောက်သို့ ကောက်သော နှာခေါင်း၊ နှာခေါင်းဖျား ချွန်သော နှာခေါင်းနှင့် နှာခေါင်းအဖျားပွသောနှာခေါင်းဟု အကြမ်းဖျင်းအားဖြင့် ခုနစ်မျိုး ရရှိပါသည်။

ပါးစပ် အနေအထားကို ကြည့်ပါဦး။ ပါးစပ်ကြီးကြီး၊ ပါးစပ်ပေါက်ကျဉ်းကျဉ်း၊ နှုတ်ခမ်းပြည့်ပြည့်ပါးစပ်၊ ဖြောင့်တန်းသော ပါးစပ်၊ အပေါ် နှုတ်ခမ်းထွက်သော ပါးစပ်၊ အောက်နှုတ်ခမ်းထွက်သော ပါးစပ်၊ နှုတ်ခမ်းနှစ်ခုစလုံးရှေ့သို့ ထွက်နေသော (သွားခေါနေသည့်) ပါးစပ် ဟူ၍ ခုနစ်မျိုးခွဲခြား မှတ်နိုင်၏။

မေးစေ့ အနေအထားနှင့် စပ်လျဉ်း၍ ကား ဝိုင်းသော မေးစေ့၊ ဘဲဥပုံသဏ္ဌာန် ရှိသော မေးစေ့၊ အပေါ်သို့ ကောက်ယောင်ယောင်ရှိသောမေးစေ့၊ လေးထောင့်စပ်စပ်ရှိသော မေးစေ့၊ တိုသောမေးစေ့၊ (အထဲသို့ တိုဝင်နေသည်ဟုထင်ရသော)မေးစေ့အချွန်နေရာတွင် ချိုင့်ဝင်နေသောမေးစေ့၊ မေးစေ့အဖျားတွင် ချွန်နေပြီးနောက် ဘေးတဖက်တချက်သို့ ကားသွားသော မေးစေ့ဟု ခုနစ်မျိုးခွဲခြား မှတ်သားနိုင်ပေသည်။ မေးစေ့အနေအထားမှာ မျက်နှာ အနေအထားနှင့် ဆက်စပ်နေသဖြင့် မေးစေ့ကို မျက်နှာနှင့်တွဲ၍ မှတ်သားလျှင် ပိုမိုလွယ်ကူတတ်ပေသည်။ ယခုပြဆိုခဲ့သော အင်္ဂါ အစိတ်အပိုင်းများအပြင်၊ မျက်ခုန်းမျက်လုံး၊ မျက်တောင် အနေအထားများသည်လည်း လူကို

## နားရွက်အမျိုးမျိုး



နားရွက်ကြီးကြီး



နားရွက် သေးသေး



နားရွက် ကားကား



ဦးခေါင်းနှင့်ကပ်သောနားရွက်



နားရွက် ဝိုင်းဝိုင်း



နားပန်တွဲကျနေသောနားရွက်

# နှာခေါင်း ပုံသဏ္ဌာန်များ



ဖြောင့်တန်းသောနှာခေါင်း



ခုန်းနေသောနှာခေါင်း



နှာခေါင်းပြား



အပေါ်သို့ လန်နေသော
နှာခေါင်း



အောက်သို့ ကောက် နေ
သောနှာခေါင်း



အဖျားချွန်သော
နှာခေါင်း



အဖျားပွသော နှာခေါင်း

## ပါးစပ်ပုံအချိုးနှင့် မေးစေ့ပုံအချိုးတွဲပြထားပုံ



ပါးစပ်ကြီးကြီး
(ဝိုင်းသောမေးစေ့)



ပါးစပ်ပေါက် ကျဉ်းကျဉ်း
(ဘဲဥပုံသဏ္ဍာန် မေးစေ့)



နှုတ်ခမ်းပြည့်ပြည့် ပါးစပ်
(အပေါ်သို့ကောက်ယောင်ယောင်မေးစေ့)



ဖြောင့်တန်းသောပါးစပ်
(လေးထောင့် စပ်စပ်မေးစေ့)



အပေါ်နှုတ်ခမ်းထွက်သော ပါးစပ်
(တိုသောမေးစေ့)



အောက်နှုတ်ခမ်းထွက်သော ပါးစပ်
(ချိုင့်ဝင်နေသော မေးစေ့)



နှုတ်ခမ်းနှစ်ခု ရှေ့သို့ထွက်သော ပါးစပ်
(အဖျားချွန်သော မေးစေ့)

မှတ်သားရန် အတွက် အထောက်အကူ များစွာ ပြုနိုင်ပေသည်။ စစ်အတွင်းက ဂျပန်စစ်စုံထောက်(ကင်ပေတိုင်)များသည် မိမိတို့ ဖမ်းဆီးထားသော နိုင်ငံရေးသမားနှင့် လူဆိုး သူဆိုးများ၏ ပုံသဏ္ဍာန်ကို မိမိတို့ထံတွင် အသင့်ရိုက်နှိပ်ထားရှိသည့် မျက်နှာပုံ၊ ပါးစပ်ပုံ၊ နှာခေါင်းပုံ၊ မေးစေ့ပုံများနှင့် တိုက်ဆိုင်ကြည့်ရှု၍ မှတ်သားထားလေ့ရှိပါသည်။

ဆံပင်အနေအထား၊ နှုတ်ခမ်းမွေး၊ မုဆိတ်မွေးနှင့် မျက်မှန်တပ်ပုံ၊ လုံချည်ဝတ်ပုံ၊ ခေါင်းဖီးထားပုံ၊ ဆံပင်ပုံပြင်ပုံ စသည်တို့မှာ ပြုပြင်ပြောင်းလဲ၍ ရသော အပြင်အဆင်များ ဖြစ်သဖြင့် လျှန်ခေါးထစ် မှတ်သား၍ မရနိုင်ပေ။ သို့ရာတွင် လူတို့သည် မိမိတို့ ပြုလေ့ ပြုထရှိသော ဟန်အမူအရာနှင့် ဝါသနာတို့ကို စွန့်ခဲလှပေသည်။ ထို့ကြောင့် မျက်မှန်တပ်သူ၊ နှုတ်ခမ်းမွေးထားသူ၊ မုဆိတ်မွေးထားသူများကို မှတ်သားရာ၌ သူတို့၏ထူးခြားချက် များကို ဂရုတစိုက် မှတ်သားသင့်ပေသည်။

အထက်၌ ပြဆိုခဲ့သော မျက်နှာပုံသဏ္ဍာန်၊ နားရွက်၊ နှာခေါင်း၊ ပါးစပ်နှင့် မေးစေ့များ၏ အနေအထားများကို ပိုမို သဘောပေါက်နိုင်ရန် အတွက် တဖက်မှ ပုံကြမ်းများကို ကြည့်ရှုလေ့လာ သင့်ပါသည်။

လူပုံပန်း သဏ္ဍာန်ကို ကျက်စားလွယ်သော ပန်းချီဆရာများ အဖို့မှာမူ လူတယောက်ကို တခါမြင်ရုံနှင့် ထိုသူ၏ပုံကြမ်းကို ရေးဆွဲနိုင်ကြလေသည်။ ထိုသူ၏ ပုံကို ချက်ခြင်း ရေးဆွဲမထားစေဦး နောင်အလိုရှိသည့်အခါ ထိုသူ၏ ပုံပန်းသဏ္ဍာန်ကို စိတ်ကူးထဲတွင် ထင်လာမြင်လာအောင် ဖန်တီးကြည့်ရှုပြီးနောက် ရုတ်ခြည်း ဆွဲနိုင်ကြလေသည်။

ကွယ်လွန်သူ ကာတွန်း ဆရာကြီး ဦးဘဂျမ်းသည် ဗိုလ်ချုပ်အောင်ဆန်း၊ ဦးဘဘေ၊ ဂဠုန်ဦးစော၊ ဒေါက်တာဗမော်၊ သခင်စိုး၊ သခင်သန်းထွန်း၊ ဆာပေါ်ထွန်း အစရှိသော နိုင်ငံရေးသမားများ၏

ရုပ်ပုံကို လူကိုယ်တိုင်၊ ဓာတ်ပုံကိုယ်တိုင်း မကြည့်ရှုဘဲနှင့် တကြောင်းဆွဲ ပန်းချီဖြင့် ပုံကြမ်းရေးဆွဲနိုင်လေသည်။ ထိုသို့ရေးဆွဲနိုင်ခြင်းမှာ ဆရာကြီးသည် ထိုပုဂ္ဂိုလ်များ၏မျက်နှာမှ အရေးကြီးသော အချက်များကို မြင်စွမ်းသောကြောင့် ဖြစ်၏။ ကျွန်ုပ်တို့သည် လူပုံပန်း သဏ္ဍာန်ကို မှတ်သား လိုလျှင် မိမိတို့မှတ်သားလိုသော ပုဂ္ဂိုလ်များကို ပန်းချီဖြင့် ရေးဆွဲမပြနိုင် သော်လည်း ပန်းချီဆရာများမြင်သကဲ့သို့ အရေးကြီး သော အကွက်များကို မြင်နိုင်စွမ်း ရှိရန် လိုပါသည်။

## ဗြိတိသျှပါလီမန်မှ ရဲများ

လူပုံပန်း သဏ္ဍာန်ကို မှတ်သားခြင်းနှင့် စပ်လျဉ်း၍ လန်ဒန်မြို့၊ ဗြိတိသျှ ပါလီမန်တွင် တာဝန်ကျသော ရဲအမှုထမ်းများ၏ မှတ်သား ကြပုံကို အနည်းငယ် ဖော်ပြလိုပါသည်။



ဗြိတိသျှပါလီမန်အမတ်များကို စောင့်ရှောက်ရသော ရဲများ

ဗြိတိသျှ ပါလီမန်တွင် အမတ်ပေါင်း ၆၃၀ ရှိသည်။ ထိုအမတ်များ၏ လုံခြုံရေး၊ ပါလီမန်၏ လုံခြုံရေးနှင့် ပါလီမန်သို့ လာရောက်နှောင့်ရှက်သူများအား ပိတ်ပင်တားဆီးရေးများ အတွက် ရဲအမှုထမ်း ၆၄ ဦးကို တာဝန်ချထားပေးလေသည်။ ထို ၆၄ ဦးအနက် အင်စပိတ်တော် တဦးနှင့် ဆာဂျင်တဦးပါဝင်သည်။ ပျမ်းမျှခြင်းအားဖြင့် တွက်ယူလျှင် အမတ် ၁၀ ဦးလျှင် ရဲအရာရှိတယောက်ကျ တာဝန်ယူ၍ စောင့်ရှောက် ရပေမည်။

ပါလီမန်သို့ ဝင်ရန် တံခါးမကြီး ငါးခုရှိရာ၊ ထိုတံခါးများမှ ခြေလျင်ဖြင့်၎င်း၊ မော်တော်ကားဖြင့်၎င်း ဝင်ရောက်နိုင်လေသည်။ ပါလီမန် တံခါးမများမှ ရောက်ရှိ နိုင်သော ဗဟိုခန်းမဆောင်၊ အမတ်များ အနားယူရာအခန်း၊ ထမင်းစားခန်းများသို့ အသီးသီးဝင်လာကြသော အမတ်များကို ရဲအရာရှိများသည် အဆင့်ဆင့် မသိမသာ အကဲခပ်၍ စောင့်ရှောက်ကူညီကြရလေသည်။ အမတ်များ၏ ဆေးလိပ်သောက်ခန်းတံခါးဝတွင်မူ အစောင့်အရှောက် ထားလေ့ မရှိချေ။

ပါလီမန် အမတ်ပေါင်း ၆၃၀ လုံးတွင် အမတ် မှတ်ပုံတင်ကပ်ပြားများ ရှိကြပေသည်။ ရဲအရာရှိများသည် အလိုရှိက ထိုမှတ်ပုံတင်ကပ်ပြားကို တောင်း၍ ကြည့်ရှုနိုင်ပေသည်။ သို့ရာတွင် အမတ်တဦးထံမှ မှတ်ပုံတင်ကပ်ပြားတောင်းယူကြည့်ရှုခြင်းသည် ယဉ်ကျေးသော အပြုအမူ မဟုတ်ဟု ယူဆကြသဖြင့် အမတ် သို့မဟုတ် ဝန်ကြီးတဦးဦးထံမှ မှတ်ပုံတင်ကပ်ပြားကို တောင်းယူကြည့်ရှုလေ့ မရှိကြချေ။ သို့တပြီးကား အမတ် အစစ်နှင့် ပါလီမန်ကို နှောင့်ရှက်မည့်သူ မည်သို့ခွဲခြား သိနိုင်ပါအံ့နည်း။

ရဲအမှုထမ်း ၆၄ ဦးတို့သည် အမတ်အသီးသီးတို့၏ ပုံပန်းသဏ္ဌာန်ကို မြင်ရုံဖြင့် ကျက်စားမိနိုင်ရန် လေ့ကျင့် မှတ်သား ထားကြရလေသည်။ ရဲအရာရှိများသည် အမတ်များ၏ ပုံပန်းသဏ္ဌာန်ကို ကျက်မှတ်

သည့် အခါ အောက်ပါ အချက်များကို မူတည်၍ ကျက်မှတ်ကြရသည် ဟုဆို၏။

ယင်းအချက်များမှာ —

(၁) အမတ်များ၏ အသက် (ခန့်မှန်းခြေ)
(၂) အရပ်အမြင့်
(၃) ကိုယ်လုံး ကိုယ်ထည် နေဟန် (အကြီး အသေးစသည်ဖြင့်)
(၄) ဆံပင် (အနေအထားနှင့် အရောင်အဆင်း)
(၅) မျက်လုံး (အနေအထားနှင့် အရောင်)
(၆) အထက် နှုတ်ခမ်း (နှုတ်ခမ်းအနေအထားနှင့် နှုတ်ခမ်းမွေးရှိ မရှိ၊ ရှိလျှင်ထားပုံ ပုံသဏ္ဌာန်စသည်တို့)
(၇) အဝတ် အစား (အင်္ဂလိပ် လူမျိုးတို့သည် မိမိကြိုက်နှစ်သက်သော အသွေး အရောင်နှင့် ပုံစံများကို တသမတ်တည်း ဝတ်လေ့ ရှိသော်လည်း ပုံသေမှတ်ထား၍ မရချေ။)
(၈) နှာခေါင်း အနေအထား
(၉) မျက်နှာ အနေအထား (ရှည်ရှည်၊ ဝိုင်းဝိုင်း စသည်ဖြင့်)

တို့ဖြစ်လေသည်။

ထိုအချက်များ အပြင် တဦးတဦးစီ၌ ထူးခြားသော အချက်များ ရှိလျှင် ထိုအချက်များကိုလည်း မှတ်သား ထားရလေသည်။ ဥပမာအားဖြင့် ခါးအလွန်ကုန်းသော အမတ်၊ အရပ်အလွန် ရှည်သောအမတ်၊ လမ်းသွားသည့် ဟန်ပန် ထူးခြားသောအမတ်၊ မည်သည့် တံခါးဝမှ အစဉ်ဝင်လေ့ ရှိသည့် အမတ်စသည့် အချက်များကို မှတ်သားထားခြင်းဖြင့် လူပုံကို မှတ်ရာတွင် များစွာ လွယ်ကူသွားလေတော့သည်။

ဗြိတိသျှ ပါလီမန်ကို ငါးနှစ်တကြိမ် ဖျက်သိမ်းကာ ရွေးကောက်ပွဲ အသစ်ကျင်းပ၍ အမတ်များ တင်မြှောက်လေ့ ရှိသဖြင့် ရွေးကောက်ပွဲပြီးချိန်တွင် အမတ်သစ်များ ပါဝင် လာတတ်ကြလေသည်။

သို့ရာတွင် များသောအားဖြင့် ယခင် အမတ်ဟောင်းထဲမှ သုံးပုံ တပုံခန့်မှာ အပတ်စဉ် ပြန်၍ ပါလာတတ်သည်ဟု ဆို၏။ အမတ်များ အပြောင်း အလဲ ရှိသကဲ့သို့ ရဲအရာရှိများလည်း အပြောင်းအလဲရှိတတ်လေသည်။ အချို့ရဲအရာရှိများ အငြိမ်းစား ယူသည့် အခါ သို့မဟုတ် အခြားတနေရာရာသို့ ပြောင်းရွှေ့သွားသည့်အခါ သူတို့၏နေရာသို့ လူသစ်များ ရောက်ရှိလာတတ် ကြပေသည်။ လူသစ်ရဲများကို လူဟောင်းရဲများက အမတ်များနှင့် အခါအားလျော်စွာ မိတ်ဆက်ပေး၍၎င်း၊ ခပ်လှမ်းလှမ်းမှ ပြသ၍၎င်း အလုပ်ဝတ်တရားလွယ်ကူစေရန် ကူညီပေးလေ့ ရှိသည်။ ထိုနည်းတူစွာ အမတ်ဟောင်းများကလည်း အမတ်သစ်များကို ရဲအမှုထမ်းများနှင့် ကြုံကြိုက်သည့်အခါ မိတ်ဆက်ပေးလေ့ ရှိလေသည်။

ဗြိတိသျှ ပါလီမန်၌ တာဝန်ကျသော ရဲအမှုထမ်းများ အဖို့ အမတ်ပေါင်း ၆၄၀ ကို မှတ်မိမှသာ မိမိတို့လုပ်ငန်း ချောမွေ့အောင်မြင်မည်ဖြစ်သဖြင့် ရဲအမှုထမ်း အားလုံးလိုလို အမတ်များကို မှတ်မိစေရန် ကြိုးစားအားထုတ်၍ ထားကြရလေသည်။ အချို့ ရဲအမှုထမ်းများသည် ရွေးကောက်ပွဲမကျင်းပမီကပင် ဘယ်နယ်မှ ဘယ်အမတ်လောင်းများ အရွေးခံလိမ့်မည်ဆိုသော သတင်းနှင့် ဓာတ်ပုံကို တင်ကြို လေ့လာထားကြ၏။ ရွေးကောက်ပွဲပြီးဆုံး၍ အမတ်ဖြစ်ကြောင်း ကျေညာခံရသည့် အခါ ထိုအမတ်၏ ရုပ်ပုံကို သတင်းစာထဲမှ ဖြတ်တောက်၍ ရှေ့ဦးစွာ လေ့လာ မှတ်သားထားကြ၏။ ဓာတ်ပုံကို တွေ့ရှိထားပြီးဖြစ်သဖြင့် လူကိုယ်တိုင် တွေ့မြင်ရသည့်အခါ ထိုပုဂ္ဂိုလ်အား မှတ်မိရန်များစွာ လွယ်ကူလေတော့သည်။ ပါလီမန်တွင် နှစ်ကာလ အတော်ကြာညောင်းစွာ တာဝန်ကျခဲ့သည့် ရဲအမှုထမ်းများအဖို့ ဝန်ကြီးများအပါအဝင် အမတ်ပေါင်း ၆၄၀ စလုံးကို အမည်နာမနှင့် တကွ သိရှိထားကြသည်ဟု ဆိုသည်။

## ဟော်တယ် အင်္ကျီထိန်း

အနောက် နိုင်ငံများတွင် ဟော်တယ်ကြီးများ၏ အဝင်ဝ အင်္ကျီထားခန်း၌ နှင်းခံအင်္ကျီများကို စောင့်၍ သိမ်းဆည်းရသူများနှင့် အချို့ကစားဝိုင်းများတွင် စောင့်ကြပ်ရသော လုံခြုံရေးမှူးများ၏ မှတ်သားပုံကို ဖော်ပြပါဦးမည်။

ထုံးစံ အားဖြင့် ဆိုလျှင် ဟော်တယ် တခုသို့ ဝင်သွားပြီးနောက် အင်္ကျီထားခန်းသို့ သွားကာ မိမိဦးထုပ်နှင့်အင်္ကျီကို ချွတ်ပေးလိုက်လျှင် အင်္ကျီလက်ခံသူက နံပတ် ကပ်ပြားကလေးတခုကို ပေးလေ့ရှိပါသည်။ အလားတူ (နံပတ်တူ) ကပ်ပြားတခုကို အင်္ကျီတွင်ချိတ်၍ဖြစ်စေ၊ အင်္ကျီအိတ်တွင် ထည့်၍ဖြစ်စေ ထားတတ်ကြ၏။ အင်္ကျီပိုင်ရှင်သည် ဟော်တယ်၌ စားသောက်ပြီးသော် မိမိကပ်ပြားကလေးကို ထုတ်၍ အင်္ကျီထိန်းသူအား ပြသလျှင် ထိုသူက ကပ်ပြားပေါ်မှ နံပတ်နှင့် တိုက်ဆိုင်ကြည့်ရှုပြီး အင်္ကျီကို ပိုင်ရှင်အားပြန်၍ ပေးလိုက်လေသည်။ ထိုအခါ အင်္ကျီပိုင်ရှင်က သဒ္ဒါကြေး ငွေအသင့်အတင့် ပေးတတ်လေသည်။

သို့ရာတွင် တခါတရံ အင်္ကျီထိန်းသူများသည် မိမိတို့၏ ကျွမ်းကျင်မှုကို ပြသလို၍ရှင်း၊ မေတ္တာလက်ဆောင် ပိုမိုလိုချင်၍ရှင်း၊ အင်္ကျီကိုလာရောက် အပ်နှံစဉ်တွင် ကပ်ပြားကလေးကို ထုတ်မပေးဘဲ "ကပ်ပြားယူသွားရန် မလိုပါဘူး ခင်ဗျာ။ လူကြီးမင်းလို ပုဂ္ဂိုလ်ကို မှတ်မိပါတယ်" ဟု မြှောက်ပင့် ပြောဆိုကာ အင်္ကျီကို သိမ်းဆည်းထားလေ့ရှိ၏။

အင်္ကျီပိုင်ရှင်သည် ဟော်တယ်မှ ပြန်ခါနီးတွင် မိမိအင်္ကျီကို သွားရောက် တောင်းယူသည့် အခါ အင်္ကျီထိန်းကြီး ပြောသည့် အတိုင်းပင် ကပ်ပြားမလိုဘဲ အင်္ကျီကို အလွယ်တကူ ယူငင်ပေးလိုက်တော့သည်။ ကပ်ပြားမလိုဘဲနှင့် မိမိအင်္ကျီကို အလွယ်တကူ ယူငင်ပေးခြင်း

ခံရသဖြင့် မိမိသည် ထိုဟော်တယ်သို့ မကြာခဏ လာလေ့ရှိသူဟူ၍ ၎င်း၊ အင်္ကျီထိန်းကြီးပင် မှတ်မိနေသော ထင်ရှားသည့် ပုဂ္ဂိုလ်ကြီးတဦး ဖြစ်သည်ဟု၎င်း၊ အနီးအနားရှိ လူများကို အထင်ရောက် သွားစေလေ သည်။ ထိုသို့ အထင်ရောက်သွားစေခြင်းသည် အနောက်နိုင်ငံ၌ ဂုဏ် ယူစရာ တခုဖြစ်သည်ဟုလည်း မှတ်ထင် ထားတတ်ကြသောကြောင့် ပင်ဖြစ်၏။

ထိုသို့ လူပေါ်လူဇော် လုပ်နည်းဖြင့် မြှောက်ပင့်ခြင်း ခံရသူ ရှေ့ဧည့်သည်ကြီးအဖို့ ခါတိုင်း ပြား ၅၀ ပေးရမည့် နေရာတွင် ငွေ့တ ကျပ် ထွက်သွားလေတော့သတည်း။

မည်သို့ပင် ဖြစ်စေ များစွာသော ဧည့်ပရိသတ်များ အနက်မှ ပုဂ္ဂိုလ် အချို့ကို တခဏချင်း တွေ့ရုံဖြင့် မှတ်မိတတ်သော အင်္ကျီထိန်း ကြီး၏ စွမ်းရည်မှာ ချီမွမ်းဘွယ်ပင် ဖြစ်၏။ အင်္ကျီထိန်းကြီး အသုံးပြု သော မှတ်သားနည်းများမှာ အောက်ပါအတိုင်း ဖြစ်၏။

ပဌမနည်းမှာ အကယ်၍ ထိုပုဂ္ဂိုလ်သည် ဟော်တယ်သို့ ထိုအချိန် ၌ ရောက်ရှိနေကြသော ဧည့်သည်အားလုံး အနက် အဝတ်အစား၊ အသား အရောင်၊ ကိုယ်နေ ကိုယ်ဟန်စသည်ဖြင့် တမူထူးခြား နေသူ ဖြစ်ပါမူ ထိုထူးခြားချက်ကို မှတ်သား၍ အင်္ကျီကို အလွယ်တကူ ထုတ် ပေးနိုင်၏။ ဥပမာအားဖြင့် ခြေထောက်ခွင်နေသူ၊ မှတ်မိလွယ်နိုင် သော ကပ္ပလီဧည့်သည် စသည်တို့အား ဤနည်းကို အသုံးပြုလေ့ ရှိသည်။

ဒုတိယ နည်းမှာ ဧည့်သည် မမြင်အောင် ဧည့်သည်၏ အင်္ကျီ အတွင်းဖက်ကို လှန်၍ ကြည့်လိုက် ပြီးလျှင် အင်္ကျီ ချုပ်သော အပ်ချုပ် သမား၏တံဆိပ်ကို မှတ်သား ထားခြင်း ဖြစ်၏။ အထည် ကောင်း အဝတ်ကောင်းများကို ထင်ရှားသော အပ်ချုပ်သမားများ ထံတွင် အပ်နှံ တတ်ကြပေသည်။ ထင်ရှားသော အပ်ချုပ် သမား

များသည် မိမိတို့၏ဆိုင်နာမည်ကို အင်္ကျီအတွင်းဖက်တွင် ကပ်၍ ချုပ် ထားတတ်ကြပေသည်။

သို့သော် ဤနည်းမှာ အခါခပ်သိမ်း စိတ်မချရချေ။ အချို့ကုမ္ပဏီ များသည် အများသုံးအတွက် နှင်းခံအင်္ကျီအရွယ် အစား အမျိုးမျိုးကို ချုပ်လုပ်ရောင်းချတတ်ကြသဖြင့် အင်္ကျီ အတော်များများတွင် တံဆိပ် များ တူညီမည်ဆိုက တူညီနိုင်ဘွယ်ရာ အကြောင်းရှိပေသည်။

ဒုတိယ နည်းဖြင့် ခိုင်လုံသေချာမည်ဟု မထင်သည့် အခါတွင် တတိယ နည်းကို အသုံးပြုလေ့ရှိ၏။ တတိယ နည်းမှာ အင်္ကျီထိန်းကြီး သည် မိမိထံသို့ အင်္ကျီအပ်ရန် ရောက်လာသောသူကို စေ့စေ့ စပ်စပ် ကြည့်ရှုထားလိုက်၏။ မိမိနေရာမှ ပြန်၍ ထွက်သွားစဉ်တွင်လည်း စေ့စေ့ စပ်စပ် တဖန် ပြန်၍ ကြည့်ထားလိုက်ပြန်၏။ ထို့နောက် မိမိ တသက်တာတွင် တွေ့ဘူး မြင်ဘူးသော ပုဂ္ဂိုလ်များ အနက် ထိုဧည့် သည်နှင့် အတူဆုံးသော ပုဂ္ဂိုလ်၏အမည်ဖြင့် တွဲ၍ မှတ်သားထား လိုက်သည်။ တခါတရံ နံပတ်ပြား မပေးလိုက်သော ပုဂ္ဂိုလ် ခပ်များ များဖြစ်နေလျှင် အထက်၌ ဖော်ပြခဲ့သည့် အတိုင်း မိမိခန့်မှန်းထား သော အမည်ကို စက္ကူစကလေးပေါ် တွင် ရေး၍ ထိုဧည့်သည်၏အင်္ကျီ၊ ဦးထုပ် စသည်တို့တွင် ညှပ်၍ ထားလိုက်လေသည်။ ဥပမာ အားဖြင့် ဇာတ်သိုက်မင်းသား ဂျွန်ဝိုင်းနှင့် တူသူကို ဂျွန်ဝိုင်း၊ ဇာတ်လိုက် မင်း သမီး ရီတာဟေးဝပ်နှင့် တူသူကို ရီတာဟေးဝပ်၊ အခြားသူသိသော စမစ်၊ ပေါလ်၊ ဂျက် စသည့်သူများနှင့် တူသူကို စမစ်၊ ပေါလ်၊ ဂျက် အသီးသီး နာမည်တပ်၍ ရေးမှတ် ထားခြင်း ဖြစ်သည်။

ဧည့်သည်များက မိမိတို့ အင်္ကျီများကို လာရောက် တောင်းဆို သည့် အခါ ဧည့်သည်များ မမြင်အောင် ကိုယ်နှင့် ကွယ်၍ သူညှပ်ထား သော စက္ကူစကလေးများကို ဆွဲထုတ်ကာ ပြန်ပေးလေ့ ရှိသည်။ ဤ ကား သဒ္ဒါကြေး ငွေ ပို၍ ရနိုင်စေသည့် နည်းမျိုးတရပ်ပင် ဖြစ်၏။

**ကစားဝိုင်းလုံခြုံရေးမှူး**

ပြင်သစ် နိုင်ငံ တောင်ပိုင်း မြေထဲပင်လယ် ကမ်းခြေရှိ ကစားဝိုင်းကြီးများ၊ မော်နာကို[၁၇] နိုင်ငံရှိ ကစားဝိုင်းကြီးများတွင် လုံခြုံရေးမှူး အဖြစ် ခန့်ထားခြင်းခံရသူတို့မှာ လိမ်မာပါးနပ်၍ တက်တက် ကြွကြွ လျင်လျင် မြန်မြန် ဆောင်ရွက်လုပ်ကိုင် တတ်သူများဖြစ်ကြ၏။ အချို့ လုံခြုံရေးမှူးများသည် အင်္ဂလိပ် စကား၊ ပြင်သစ်စကား၊ စပိန်စကား၊ ဂရိ စကား စသည်ဖြင့် စကားလေးငါးမျိုးပြောတတ်ကြသည့် အပြင် ဗန်တို ဗန်ရှည် သိုင်းပညာ တတ်ကျွမ်းထားသူများလည်း ဖြစ်၏။

သူတို့၏ တာဝန်မှာ ကစားဝိုင်းသို့ ရောက်ရှိလာသူများကို ဧည့်ဝတ် ကျေပြွန်စွာ ဧည့်ခံပြီးလျှင် ကစားဝိုင်း၌ ရှုန်းရင်းဆန်ခတ် မဖြစ်ပွါးစေရန် စောင့်ရှောက်ရသည့် တာဝန်ဖြစ်လေသည်။ အချို့ ကစားဝိုင်းများမှာ ကလပ်သဖွယ် စီမံထားသဖြင့် စာရင်း ပေးသွင်းထားသူများသာ ပါဝင်ကစားခွင့် ရရှိလေသည်။ အချို့ကလပ်များမှာ စာရင်းပေးသွင်းထားသူများအပြင် သူတို့နှင့်အတူပါလာသော ဧည့်သည်များကိုပါ ကစားခွင့်ပြုလေသည်။

မည်သို့ ဖြစ်စေ လုံခြုံရေးမှူးသည် ရှေးဦးစွာ ကလပ်၏ စည်းမျဉ်း ဥပဒေအတိုင်း အသက် ၂၁ နှစ် မပြည့်သူများ ကစားဝိုင်းသို့ ဝင်မလာရန် စောင့်ကြပ်ရ၏။ ထို့ပြင် ကလပ်၏ စည်းမျဉ်းကို ချိုးဖောက်၍ ဖြစ်စေ၊ ဖဲလိမ်မှု၊ ငွေလိမ်မှုများကြောင့် ဖြစ်စေ ကစားဝိုင်း အတွင်းသို့ မဝင်ရန် ဝိုင်းပယ်ထားခြင်း ခံရသူများအား အခန်းတွင်းသို့ ဝင်မလာ စေရန် စောင့်ကြပ်ရလေသည်။ ကစားဝိုင်း၌ ရှုန်းရင်းဆန်ခတ် မဖြစ် ပွါးစေရန် လူစိမ်းဧည့်သည် များကိုလည်း အထူးဂရုစိုက်၍ ကြည့်ရှုရ လေသည်။

ကလပ်အသင်းဝင်များကိုမူ အခန်းတွင်းသို့ ဝင်လာစဉ်ကပင် အ

၁၇။ Monaco

သင်း မှတ်ပုံတင် ကပ်ပြားကို စောင်းယူ ကြည့်ရှုခြင်းဖြင့် သိနိုင်လေသည်။ အသင်းဝင်နှင့် အတူ ပါလာသော ဧည့်သည်ကိုမူ အသင်းဝင်က ထုံးစံအတိုင်း လုံခြုံရေးမှူးနှင့် မိတ်ဆက် ပေးလေသည်။ ထိုအခါ လုံခြုံရေးမှူးသည် ထိုသူ၏ အမည်ကို ခေါ်ဝေါ် နှုတ်ဆက်ရင်း သူ၏ ပုံပန်း သဏ္ဍာန်ကို ဂရုစိုက်၍ မှတ်သားထားလေသည်။ တခါတရံ ထိုသို့စိတ်ဖြင့် မှတ်သားထားခြင်းဖြင့် မလုံ လောက်ဟု ထင်မြင်လျှင် မိမိကိုယ်တိုင် တီထွင်ထားသော လက္ခဏာ ကလေးများဖြင့် မှတ်သားထားလေ့ ရှိလေသည်။

ဥပမာ အားဖြင့် သက်ာမကင်း ဘွယ်ရာ မိန်းမတဦးဟု ဆိုလျှင် စက္ကူပေါ်တွင် အနီကြောင်းကလေး သား၍ မှတ်သားလိုက်၏။ ပြင်သစ် စစ်မှုထမ်းတဦး ဖြစ်သည်ဟုဆိုလျှင် အနီစက်ကလေးဖြင့် မှတ်လိုက်၏။မျက်ခုန်းမွေးထူထူရှိသော လူစိမ်းတဦးကို အဝိုင်းကလေး နှစ်ခု ဆွဲ၍ မှတ်လိုက်၏။ မျက်မှန်တပ်ထားပုံမှာ သူများထက် ထူးခြား နေသည်ဟု ထင်ရသော သူကို ခပ်ထူထူစက်ဝိုင်းတခု ရေးဆွဲ၍ မှတ် သားလိုက်၏။ အရပ်အလွန် ရှည်သူကို ၂.၅ ဟုရေး၍ မှတ်သားလိုက်၏။ (၂.၅ မှာ နှစ်မီတာခွဲဟု ဆိုလိုရင်း ဖြစ်သည်။) ဧည့်သည်လူစိမ်း တယောက်စီ၏ ထူးခြားသော အချက်ကို ရှေးဦးစွာ မှတ်သားလိုက်ပြီး နောက် ထိုထူးခြားသော အချက်ကို မိမိတီထွင်ထားသော လက္ခဏာ ဖြင့် မှတ်သားထားခြင်း ဖြစ်လေသည်။ ဤသို့ လက္ခဏာဖြင့် မှတ်ရ ခြင်းမှာ အထွက် အဝင်များလှသဖြင့် အချိန်တိုဘိုဖြင့် ရေးမှတ် လွယ် အောင် စီစဉ် ထားခြင်း ဖြစ်လေသည်။ ထိုမှ တပါး ကစားဝိုင်းသို့ လာသူများမှာ လူကုံထံကြီးများလည်း ဖြစ်နိုင်သည်၊ လူရှုပ် လူပွေ များလည်း ဖြစ်နိုင်သည်။ လုံခြုံရေးမှူးက လူဝင်လူထွက်ကို စောင့်၍ မှတ်နေကြောင်း ထိုလူတန်းစား နှစ်မျိုးစလုံး မသိစေသင့်ဟု ယူဆ သောကြောင့် ဖြစ်၏။

ထိုသို့ မှတ်သားထားရုံဖြင့် မလုံလောက်သေး။ ထိုဧည့်သည်ကို မမှတ်မိနိုင်သေးဟု ထင်မြင်လျှင် လုံခြုံရေးမှူးသည် သင့်တင့်လျောက်ပတ်မည့် အချိန်ကို စောင့်မျှော်ကာ ထိုဧည့်သည်အနီးသို့ ချဉ်းကပ်သွားပြီးနောက် ယဉ်ကျေးသိမ်မွေ့စွာ နှုတ်ဆက်ပြီးလျှင် ထိုသူနှင့် အသိဖွဲ့တတ်ပေ၏။ သို့မဟုတ်ကလည်း အသင်းဝင် ပုံစံတခုကို ပေးကမ်း၍ "ကျွန်တော်တို့ကလပ်ကို ဝင်ပါလားခင်ဗျား၊ ကလပ်ဝင်မဟုတ်သော်လဲ အချိန်မရွေး ဝင်ထွက် နိုင်ပါတယ်ခင်ဗျား၊ သို့သော် ကလပ်ဝင်ထားယင် ပိုမို ကောင်းဒါပေါ့။ ကျွန်တော်တို့ ကလပ်ကို ချီးမြှင့်ရာလဲ ရောက်မှာပေါ့" ဟု စကား မရှိ စကားရှာ၍ ပြောဆိုရင်း ထိုဧည့်သည် မည်သည့်နိုင်ငံသားဖြစ်သည်၊ မည်သည့် မြို့မှလာသည်၊ ဤမြို့တွင် မည်မျှကြာအောင် နေထိုင်မည် စသည် အချက်များကို နှိုက်ထုတ်တတ်လေသည်။ ဤကား ကစားဝိုင်းလုံခြုံရေးမှူးများ၏ လိမ်မာပါးနပ်မှု တရပ်ပင်တည်း။

## မျက်နှာမှ အရေးကြီးသော နေရာ

လူပုံပန်း သဏ္ဌာန်ကို လေ့လာ ခြင်းနှင့် ပတ်သက်၍ မြန်မာနိုင်ငံ ရဲဖက်ဌာန၏ အသုံးပြုသောနည်းများကို သိလိုသဖြင့် စာရေးသူသည် ရန်ကုန်မြို့မှ မှုခင်းဖက်ဆိုင်ရာ လက်ထောက် ရဲမင်းကြီး ဦးဆက်(ယခု ဒု ညွှန်ကြားရေးမှူး)နှင့် သွားရောက်တွေ့ဆုံခဲ့ပါသေးသည်။ ဦးဆက်၏ ပြောပြချက်အရ လူတယောက်၏ မျက်နှာကိုမှတ်သားသည့်အခါ မျက်နှာတခုလုံးကို ခြုံကြည့်ပြီးနောက် မျက်စိနှင့် နှာခေါင်းဆုံရာ နေရာကို အထူးမှတ်သား ကျက်စားမိရန်လိုသည်ဟုဆိုပါသည်။ အဘယ်ကြောင့်ဆိုသော်ဒိမိတွေ့ဘူး မြင်းဘူးသော သူသည် နားရွက်ကိုအုပ်၍ ခေါင်းစည်းထားသည့်အခါ ဖြစ်စေ၊ မေးနှင့် နားရွက်ကိုအုပ်၍ အဝတ်စည်းထားသည့်အခါဖြစ်စေ ရုတ်တရက် မှတ်မိရန် ခဲယဉ်းသည်ဟု ဆိုသည်။

နှာခေါင်းနှင့်မျက်စိမှာ သွားလာလှုပ်ရှားနေသော သာမန် လူတာယောက်အဖို့ အုပ်ထားလေ့မရှိသဖြင့် ထိုနေရာ အစိတ်အပိုင်းမှာထင်ထင်ရှားရှား မြင်ရသော အပိုင်း ဖြစ်၏။ ထို့ကြောင့် ယင်းနေရာကို မှတ်မိရန်အရေးကြီးသည် ဆိုသည့် အချက်မှာယုံမှားဘွယ်ရာမရှိချေ။

စာရေးသူသည် လက်ထောက်ရဲမင်းကြီး ဦးဆက်နှင့် တွေ့ဆုံပြီးနောက် ရန်ကုန်ဆေးရုံကြီးနှင့် မျက်နှာချင်းဆိုင်တွင် ရှိသော တီဘီဆေးရုံသို့ သွားရောက်ခဲ့ပါသည်။ တီဘီဆေးရုံဘွင် တာဝန် ကျသော သူနာပြု ဆရာမများသည် ခေါင်းအုပ် ဆင်တူ၊ အဝတ်အစား ဆင်တူဝတ်ဆင်ထားကြပါသည်။ ထို့အပြင် နှားခေါင်းနှင့် ပါးစပ်ကိုလည်းအဝတ်ပါးပါးဖြင့် စည်းထား ကြပြန်သေးသည်။ သူတို့၏ မျက်နှာကိုမှတ်သားရန် နေရာမှာ လက်ထောက်ရဲမင်းကြီး ဦးဆက်ပြောပြသည့်မျက်လုံးနှင့် နှာခေါင်းဆုံရာသာ ရှိပါတော့သည်။

စာရေးသူသည် တီဘီဆေးရုံတွင် တက်ရောက်ကုသနေသောလူနာ



နှာခေါင်းနှင့် ပါးစပ်ကို
စည်းမထားမီ



နှာခေါင်းနှင့် ပါးစပ်ကို
စည်းထားပြီးနောက်

အချို့အား မျက်နှာစည်းထားသော ထိုဆရာမများသည် မည်သူ မည ဝါ ဖြစ်ကြောင်းကို ပြောနိုင်ပါမည်လားဟု ဝုံခမ်းကြည့်ရာ လူနာ အဟောင်း အချို့သာ ပြောပြနိုင်သည်ကို တွေ့ရပါသည်။ တရက် နှစ်ရက်အတွင်း ဆေးရုံသို့ ရောက်လာခဲ့ကြသော လူနာသစ်များကမူ နှာခေါင်းစည်းထားသော ဆရာမများကို မဆိုထားဘဲ၊ နှာခေါင်း မစည်းဘဲ ထားသော ဆရာမများကိုပင် တဦးနှင့် တဦး ခွဲခြားသိရှိရန် ခဲယဉ်းနေပါသေးသည်ဟု ဖြေကြားပါသည်။

ထို့ကြောင့် လူတယောက်၏ မျက်နှာကို မှတ်သားရာ၌ မျက်စိနှင့် နှာခေါင်းဆုံရာ နေရာတဝိုက်ကို ကောင်းမွန်စွာ ကျက်စားမိလျှင် ထိုသူသည် အကယ်၍ ဦးခေါင်း၊ နှာခေါင်းနှင့် မေးစေ့များကို စည်း၍ ရုပ်ဖျက်ထားစေကာမူ ကောင်းစွာ မှတ်မိနိုင်ပေသည်။ လူတယောက် ကို မှတ်သားရာ၌ မျက်နှာတခုတည်းကိုသာ ဂရုစိုက် မှတ်သားရမည် ဟု မဆိုလိုပါ။ မျက်နှာသာ အဓိက မှတ်သားသင့်သော အင်္ဂါအစိတ် အပိုင်း ဖြစ်သည်ဟုသာ နားလည်စေချင်ပါသည်။ မျက်နှာနှင့် တကွ တကိုယ်လုံးကို ခြုံ၍ မှတ်သားထားလိုက်ပြီး နောက် ထိုပုဂ္ဂိုလ်၏ ထူး ခြားသော အချက် ကလေးများကိုလည်း မျက်စိရှင်ရှင်နှင့် မှတ်သား စေချင်ပါသည်။ ထိုထူးခြားသော အချက်ကလေးသည် လူတယောက် ကို မှတ်မိရန်အတွက် သော့ချက် ကလေးတခုပင် ဖြစ်၏။ ဥပမာအား ဖြင့် ပါးပေါ်တွင် မှဲ့ကလေးတလုံး ရှိသည့် အချက်၊ သွားတက်ကလေး တခုရှိသည့် အချက်၊ နှုတ်ခမ်းဖျားတွင် အမှတ်ကလေးရှိသည့် အချက် စသော ထူးခြားချက်ကလေး တချက်ကိုပါ မှတ်သား ထားမိလိုက်လျှင် ထိုပုဂ္ဂိုလ်ကို နောက်တကြိမ် တွေ့မြင်သည့် အခါ ထိုထူးခြားချက်က လေးကို စတင်သတိ ပြုမိတတ်ပါသည်။ ထိုအချက်ကလေးကို သတိပြု မိလိုက်လျှင် ထိုပုဂ္ဂိုလ်နှင့် ပတ်သက်သော အခြား အချက်အလက်များ မှာ တခုပြီးတခု ပေါ် လာတတ်ပါသည်။

"ဒီပါးချိုင့်ကလေးနှင့် အမျိုးသမီးကို မြင်ဘူးပါတယ်၊ ဘယ်တုန်းကများ ဘာလိမ့်၊ ရထားပေါ် မှာလား၊ ပုသိမ်သင်္ဘောပေါ် မှာလား" စသော ညည်းညူသံမျိုးကို မကြာခဏ ကြားဘူးကြပေလိမ့်မည်။ ထိုသို့ စဉ်းစားတွေးတောသည့် အတိုင်းလည်း မှန်ကန် တတ်ကြပေသည်။ မှတ်သားသည့် နည်းမျိုးစုံ တွင် ဆက်သွယ်ပေါင်းစပ်၍ မှတ်နည်းသည် မူလ ပဌမဖြစ်ကြောင်းကို ဤစာအုပ်အစတွင် ဆိုခဲ့ပါပြီ။ စင်စစ်သော်ကား မည်သည့်အကြောင်း ကိစ္စကို ဖြစ်စေ အရာဝတ္ထုကိုဖြစ်စေ၊ တခုထီးတည်းအနေဖြင့် ငုံးတိတိမှတ်သား၍မရနိုင်ပေ။ အခြား ကိစ္စတရပ်ရပ်နှင့် ဆက်စပ်မှတ်သားမှသာ ပြန်လည်ဖော်ထုတ်ရန် လွယ်ကူပေသည်။ ထို့ကြောင့် လူကို မှတ်သားသည့်အခါ၌လည်း အထက်၌ ဖော်ပြခဲ့သော မျက်နှာပုံသဏ္ဌာန်၊ ထူးခြားသည့်အချက် များအပြင် မိမိနှင့် စတင်တွေ့ဘူးခဲ့သောနေရာ၊ သူ၏ ဟန်အမူ၊ မိမိနှင့် မိတ်ဆက်ပေးသူ စသည့်အချက်များကိုလည်း ထည့်သွင်း မှတ်သားသင့်ပေသည်။ နောင် တဖန် ပြန်လည်စဉ်းစားသည့် အခါ ထိုအချက်အလက်ကလေးများသည် တခုကို တခု ကျေးဇူးပြု၍ မှတ်မိစေရန် အထောက် အကူပေးကြပေလိမ့်မည်။

## အရပ် အမြင့် ခန့်မှန်းရန်

မိမိမှတ်သား ထားလိုသူ၏ အရပ် အမြင့်ကိုလည်း ခန့်မှန်း ထားသင့်ပေသည်။ အရပ်အမြင့်ကို အတိအကျ မသိနိုင်သော်လည်း ခန့်မှန်းနိုင်သည့် နည်းကား ရှိပါသည်။ ထိုနည်းမှာ အခြား မဟုတ်ပါ။ မိမိအရပ်နှင့် နှိုင်းယှဉ်မှတ်သားရန် ဖြစ်ပါသည်။ မိမိအရပ်က ၅ ပေ ၄ လက်မရှိပြီးလျှင် မိမိမှတ်သားလိုသူက အနည်းငယ် မြင့်နေလျှင် ၅ ပေ ၅ လက်မ၊ ၅ ပေ ၆လက်မဟု ခန့်မှန်းနိုင်ပေ၏။ မိမိအရပ်ထက် နိမ့်နေ

လျှင် ၅ ပေ ၃ လက်မ၊ သို့မဟုတ် ၅ ပေ ၂ လက်မစသည်ဖြင့် အသီးသီး ခန့်မှန်းနိုင်ပေသည်။

**အမည် စာလုံးပေါင်း**

လူတယောက်ကို အခြားမိတ်ဆွေ တဦးက မိတ်ဆက်ပေး၍ ဖြစ်စေ၊ သို့မဟုတ် ခရီးအတူသွား၍ ဖြစ်စေ အသိအကျွမ်းဖြစ်ကြသည် ဆိုကြပါစို့။ ထိုပုဂ္ဂိုလ်၏ အမည်ကို အဆွေက သိလိုသကဲ့သို့ ထိုပုဂ္ဂိုလ်ကလည်း အဆွေ၏ အမည်ကို သိလိုပေလိမ့်မည်။ အဆွေ၏ အမည်ကို ပြောပြသည့် အခါ တဖက်သား နားလည်အောင် ရှင်းရှင်းနှင့် လေးလေး ပြောပြပါ။ ထိုမိတ်ဆွေသစ်၏ အမည်ကိုလည်း ဂရုတစိုက် နားထောင်မှတ်သားပါ။ အကယ်၍ ကောင်းစွာ နားမလည် လိုက်လျှင် သူစကား ဆုံးသောအခါ "နာမည်ကလေးကို တဆိတ်လောက် ပြန်ပြောပါ" ဟု မေတ္တာရပ်ခံသင့်ပါသည်။ အားနာစရာမရှိပါ။ အကယ်၍ ထိုပုဂ္ဂိုလ်၏ အမည်ကို စာလုံးပေါင်းရာတွင် တမျိုးမဟုတ်ဘဲ နှစ်မျိုးနှစ်နည်း ပေါင်း၍ ရသည်ဟု သံသယ ဖြစ်နေလျှင် မည်သို့ စာလုံးပေါင်းရကြောင်းကိုပါ မေးမြန်းသင့်ပါသည်။ ထိုသို့ မေးမြန်းသဖြင့် အမေးခံရသူက စိတ်ကွက်မည်ဟုမထင်ပါ။ သူ့ကို လေးစား၍ မေးမြန်းကြောင်း သဘောပေါက်နိုင်မည့် ဟန်အမူအရာကို ပြနိုင်လျှင် ပို၍ ကောင်းမွန်ပါသည်။ စာလုံးပေါင်းနှစ်မျိုးဖြင့် ပေါင်း၍ရသောနာမည်မျိုးမှာ ဥပမာအားဖြင့် ကိုသိန်း၊ (ကိုသိမ်း) မကျင် (မကြင်) ရင်ရင် (ယဉ်ယဉ်) စသော အမည်များ ဖြစ်ပါသည်။ ထိုသို့ ထပ်ဆင့် မေးမြန်းခြင်းများ၊ အမည်စာလုံးပေါင်းပုံ ထူးခြားသည့် အချက်များမှာ မှတ်သားရန် အတွက် ချိတ်ဆက်ကလေးများ ဖြစ်ပါသည်။

တစုံတယောက်က မိတ်ဆက်ပေး သဖြင့် လက်ဆွဲ နှုတ်ဆက်ရသော မိတ်ဆွေသစ် ဖြစ်လျှင် သူ၏ အမည်ကို ထုတ်ဖော်၍ ဆွဲလက်

နှုတ်ဆက်ခြင်းသည် အကောင်းဆုံး ဖြစ်၏။ ဥပမာ ကိုသိန်းမောင်ဆိုသူ မိတ်ဆွေသစ်နှင့် တွေ့ဆုံရသည့်အခါ "တွေ့ရဒါဝမ်းသာပါတယ် ကိုသိန်းမောင်၊ ကိုသိန်းမောင်က ငွေစာရင်းမင်းကြီးရုံးကကိုး" စသည်ဖြင့် သူ၏ အမည်ကို အဆင်ပြေစွာ ထည့်သွင်း၍ နှုတ်ဆက်ပါ။ လူချင်း ခွဲခွါရမည့် အခါ နှုတ်ဆက်ပြန်လျှင်လည်း "ကျွန်တော် ပြန်ပါအုံးမယ် ကိုသိန်းမောင်၊ ကျွန်တော်တို့ အိမ်ကိုလဲ လမ်းကြုံတဲ့ အခါ ဝင်လည်ပါ ကိုသိန်းမောင်" ဟု မိတ်ဆွေသစ်၏အမည်ကို တတ်နိုင်သမျှ ထည့်သွင်းခေါ်ဝင်၍ နှုတ်ဆက် သင့်ပါသည်။ ထိုသို့ အမည်ကို အထပ်ထပ် ထုတ်ဖော် ပြောဆိုခြင်းသည် လူပုံသဏ္ဍာန်နှင့် အမည်ကို တွဲ၍ မှတ်ရာ၌ လွယ်ကူစေပါသည်။

"လောက၌ လူဘူမရှား၊ နာမည်တူမရှား" ဆိုသော ဆိုရိုးစကားရှိသည့် အတိုင်း မိတ်ဆွေသစ် တဦးကို တွေ့ဆုံသည်နှင့် တပြိုင်နက် ထိုသူနှင့် ပုံပန်းသဏ္ဍာန်တူသူ၊ အမည်တူသူများကို ရုတ်ခြည်း စဉ်းစား၍ ဆက်စပ် မှတ်သင့်ပေသည်။ ချွတ်စွပ် ပုံတူများကား ရှားပါးလှပါသည်။ သို့ရာတွင် ခပ်ဆင်ဆင် တူသူနှင့်လည်း ဆက်စပ်၍ မှတ်သားနိုင်၏။ ဥပမာအားဖြင့် "ဒီမိတ်ဆွေကတော့ ဇာတ်လိုက် မင်းသားကျော်ဆွေနှင့် မျက်နှာကျပုံချင်း တူပါပေ၏။ သို့သော် မင်းသားကျော်ဆွေထက် သူက နဖူးနည်းနည်း ကျယ်၏။ ပိန်လည်း ပိန်၏" ဟု နှလုံးသွင်းထားနိုင်ပေ၏။ အမည်ကို မှတ်ရာ၌လည်း ထပ်တူ အမည်များ မရနိုင်လျှင် ဆင်တူရိုးမှား အမည်၊ ဆန့်ကျင်ဖက် ဖြစ်သော အမည်များကို ရှာကြံယှဉ်တွဲ၍ မှတ်သင့်သည်။ ဥပမာအားဖြင့် ကိုစိန်အမည်ကို မိမိ၏ မိတ်ဆွေဟောင်း ကိုပိန်နှင့်ယှဉ်ကာ "စိန်နှင့် ပိန်တလုံးသာလွဲသည်" ဟု ဂရုထား၍ မှတ်သား နိုင်၏။ ကိုရေချမ်းအမည်ကို မှတ်ရာ၌ ရေချမ်းဆိုလျှင် အေးမှာဘဲ ဟု အစားထိုးသည့် နည်းဖြင့် မှတ်မည်ဆိုကလည်း မှတ်သားနိုင်၏။ အချို့ အမည်များမှာ ထူးခြားခြင်း

သီးခြား အဓိပ္ပါယ်ဆောင်ခြင်း စသော ဂုဏ်အင်္ဂါများနှင့် ပြည့်စုံရကား တပါးသောအမည်နှင့် ယှဉ်၍မှတ်ရန်မလိုဘဲ သူ့အထီးတည်းပင် မှတ်ရန် လွယ်ကူလှပေသည်။ ဥပမာ အားဖြင့် ဝါဝါဝင်းရွှေဆိုလျှင် ဝသုံးလုံး ဆင့်နေသည်ကို တွေ့ရသည်။ ရွှေမှာလည်း ဝါဝင်းသော အဓိပ္ပါယ်ကိုဆောင်သည်။ ထို့ကြောင့် သူ့ချည်းသက်သက်မှတ်ရန် မခဲယဉ်းလှချေ။ ထိုအတူ သိန်းထိုက်၊ သန်းထိုက်၊ ယမင်း၊ မထွေး၊ ကြော့ရှင်း၊ ယဉ်ယဉ်၊ လှလှစသော အမည်မျိုးများသည် သူ့ချည်းသက်သက် အဓိပ္ပါယ်ဖွင့်၍ မှတ်သား ထားနိုင်ပေသည်။

လူပုံသဏ္ဍာန်ကို မှတ်မိရန်နှင့် အမည်ကို မှတ်မိရန် ကိစ္စတွင် စိတ်ဝင်စားမှုသည် အဓိက အချက်ပင် ဖြစ်၏။ အချို့ ပုဂ္ဂိုလ်များသည် မိမိနှင့် သိကျွမ်းသူကိုသာ မဟုတ်ဘဲ၊ မသိမကျွမ်းသူများကိုလည်း မှတ်သားလေ့ ရှိကြ၏။ ထိုမျှမကသေး အချို့ သူများသည် သတင်းစာထဲ၌ ပါလာသော ဓာတ်ပုံနှင့် အမည်များကိုပင် မှတ်သားကာကြပြီးလျှင် နောင်တနေ့ဓာတ်ပုံရှင်များနှင့် တွေ့ဆုံသည့်အခါ မည်သည့် သတင်းစာတွင် ထိုပုဂ္ဂိုလ်၏ ဓာတ်ပုံကို တွေ့ဘူးကြောင်း ထုတ်ဖော် ပြောဆိုကာ မိတ်ဖွဲ့တတ်ကြလေသည်။ အမေရိကန် နိုင်ငံမှ မိတ္တဗလဋ္ဌိကာနှင့် လူမှု ပေါင်းသင်း ဆက်ဆံရေး စာအုပ်များကို ရေးသားခဲ့သော ပညာရှင်ကြီး ဒေးလ်ကာနက်ဂျီ က "လူတဖက်သား အပေါ်တွင် စိတ်ဝင်စားခြင်း၊ သူ၏ အမည်ကို မှတ်မိခြင်းများသည် မိတ်ဆွေဖွဲ့ရန် အတွက် အကောင်းဆုံး ဆေးတလက် ဖြစ်သည့် အပြင် မိမိ၏ ကြီးပွါးတိုးတက်ရေးတွင်လည်း များစွာ အထောက် အကူ ပြုနိုင်ပေသည်" ဟု အကြိမ်ကြိမ် ထုတ်ဖော် ရေးသား ခဲ့လေသည်။

**ဈေးရောင်း စွံနည်းတရပ်**

သူကို မှတ်မိခြင်း၊ အမည်ကို မှတ်မိခြင်းများသည် နိုင်ငံရေးသမားများ၊ သံအာရာရှိကြီးများ၊ စစ်ဗိုလ်ကြီးများ၊ ကုန်သည်ကြီးများ၊ သတင်း

စာ ဆရာကြီးများ အဖို့ မဆိုသားဘိ၊ သာမန် ငါးပိရောင်းသော ဈေးသည်မကလေး တဦးအတွက်ပင် အကျိုးရှိကြောင်း သာဓကတခု ကို ပြလိုပါသည်။

ရန်ကုန်မြို့ သိမ်ဖြူဈေး (ဘီလူးမဈေး)တွင်ဖော်ဖော်ရွေရွေရှိသည်၊ ချေချေ ငံငံ ဆက်ဆံတတ်သည်ဟု ယူဆထားခြင်း ခံရသော ငါးပိ သည်တဦးရှိပါသည်။ သူ၏ ဖော်ရွေမှု၊ ချိုသာမှုတို့ကြောင့် သူငါးပိ များ အရောင်းရသွက်ပါသည်။ သူ၏ ထူးခြားသော အရည်အခြင်း တရပ်မှာ သူသည်ဈေးလာဝယ်သူများကို အမည်နာမတပ်၍ ဖိတ်ခေါ် လေ့ ရှိခြင်းပင်ဖြစ်၏။ ဥပမာအားဖြင့် "မမသိန်း၊ ငါးပိဝယ်သွားပါ အုံး၊ မမသန်း ငါးပိ မဝယ်တော့ဘူးလား" စသည်ဖြင့် ဖိတ်ခေါ် ရောင်းချလေ့ ရှိသည်။ ဈေးဝယ်လာသူများသည် တခါတရံ မိမိတို့ အမည်များကို ငါးပိသည်က ထုတ်ဖော် ခေါ်ငင်လိုက်သော အခါ တအံ့တသြဖြစ်မိကြသည်ဟု သိရပါသည်။ တနေ့တွင် စာရေးသူသည် ထိုငါးပိသည်အမျိုးသမီးနှင့် သွားရောက် တွေ့ဆုံကာ သူ၏ အရောင်း စံနည်း လျှို့ဝှက်ချက်ကို မေးမြန်းကြည့်ပါသည်။ငါးပိသည်၏ ဖြေကြား ချက်များကို အတိချုပ် ရေးသားရလျှင် သူသည် အဆစ်တောင်းသူ များကို စိတ် ငြိုငြင်ခြင်းမရှိဘဲ အစဉ်ပင် အနည်းအကျဉ်း အဆစ် ထည့်ပေးလေ့ ရှိသည်ဟု ပြောပါသည်။ ဈေးဆစ်သည့် ပုဂ္ဂိုလ်များ ကိုလည်း စိတ်မဆိုးဘဲ သာယာချေငံစွာ ပြန်ပြောပါသည်ဟု ဆိုပါ သည်။ ထို့အပြင်သူသည် ဈေးဝယ်သူများ၏ အမည်ကို တတ်နိုင်သမျှ မှတ်သားထားသည်ဟု ပြောပြပါသည်။ ဈေးဝယ်သူများ၏ အမည်ကို တိုက်ရိုက် မေးမြန်းခြင်းမပြုဘဲ ဈေးဝယ်သူ အချင်းချင်း ပြောဆိုကြ သည့်အခါ၊ သို့မဟုတ် တဦးကို တဦး ခေါ်သည့် အခါ ကြားရသော အမည်များကို မှတ်သားထားခြင်း ဖြစ်သည်ဟု ဆိုပါသည်။ နောင် တနေ့တွင် သူမှတ်မိထားသော အမျိုးသမီးတဦး သူ့ဆိုင်ရှေ့မှ ဖြတ်

သွားလျှင် "မမသိန်း ငါးပိ ဝယ်ပါဦးလား"ဟု ဖိတ်ခေါ် လိုက်ကြောင်း ပြောပြပါသည်။ လောက၌ မိမိမသိကျွမ်းသူ တဦးက မိမိ၏ အမည်ကို ထုတ်ဖော်၍ လေးလေးစားစား နှုတ်ခွန်းဆက်ခြင်းကို အဘယ်သူသည် သဘောမကျဘဲ ရှိပါအံ့နည်း။

ထို့ကြောင့် လူပုံသဏ္ဌာန်နှင့် အမည်များကို မှတ်မိစေရန် အတွက် လူတဖက်သား အပေါ် တွင် စိတ်ဝင်စားမှု ရှိပါ။ ဂရုတစိုက် မှတ်သားပါဟု ထပ်လောင်းတိုက်တွန်း ရပေသည်။

အဆွေသည် ပုံသဏ္ဌာန်များကို မှတ်သားရာ၌ မည်မျှအောင်မြင်နေပါသနည်း။ စမ်းသပ်ပါရစေ။

စာမျက်နှာ ၁၅၀၊ ၁၅၁ တို့တွင် ရုပ်ပုံ ၁၂ ပုံကို သူတို့၏ အမည်များနှင့် ယှဉ်တွဲ၍ ဖော်ပြထားပါသည်။ ထိုပုံများကို ငါးမိနစ်ပြည့်အောင် ဂရုတစိုက်ကြည့်ရှု မှတ်သားပါ။

ထိုသို့ မှတ်သားထားပြီးသည့်နောက် စာမျက်နှာ ၁၅၂၊ ၁၅၃ တို့တွင် ဖော်ပြထားသော သူတို့၏ ပုံများအောက်တွင် သူတို့၏ အမည်မှန်များကို ခဲဖြင့်ရေးသားကြည့်ပါ။ အဆွေ၏ အဖြေတွင် ရှစ်ပုံ မှန်ကန်လျှင် အဆွေသည် လူပုံသဏ္ဌာန်များကို မှတ်သားရာ၌ ပျမ်းမျှအရည်အခြင်းထက် ပိုမိုသည်ဟု ယူဆနိုင်ပါသည်။

## အကျဉ်းချုပ် မှတ်သားရန်

၁။ လူပုံသဏ္ဍာန်ကို ကြည့်ရှုသည့် အခါ ပန်းချီ ဆရာများ မြင်သကဲ့သို့ မြင်နိုင်အောင် ကြိုးစားပါ။
၂။ ရှေးဦးစွာ မျက်နှာကို ခြုံ၍မှတ်ပါ။ ထို့နောက် ထူးခြားသော အကွက် ကလေးများကို မှတ်ပါ။
၃။ မျက်စိရှင်ပါ။
၄။ မိမိအရပ် (အမြင့်) ကို မူတည်၍ အရပ်ချင်း နှိုင်းယှဉ်ကြည့်ပါ။
၅။ လူတူ နာမည်တူများကို ယှဉ်တွဲ၍ မှတ်ပါ။ သို့မဟုတ် ဆန့်ကျင်မှု နီးစပ်မှုများနှင့် ဖက်စပ်၍ မှတ်ပါ။
၆။ အဓိပ္ပါယ် ရှိသော အမည်ကို အဓိပ္ပါယ် ဖွင့်၍ မှတ်ပါ။ အဓိပ္ပါယ် မရှိသော အမည်တွင် အဓိပ္ပါယ်ထွင် ကြည့်ပါ။ သို့မဟုတ် အစားထိုးကြည့်ပါ။
၇။ နှုတ်ဆက်သည့် အခါ တဖက်သား၏ အမည်ကို ထုတ်ဖော်၍ နှုတ်ဆက်ပါ။
၈။ တဖက်သား အပေါ်၌ စိတ်ဝင်စားပါ။



တင်တင်



ဦးလှ



မသိန်းဟန်



မောင်လှဝင်း



ဒေါ်တင်လှိုင်



မောင်ဘသိန်း



မောင်စံတင်



မမြဝေ



ဦးစံလှိုင်



မခင်ဝင်း



ဦးဘတင်



ဒေါ်မြမြ

























## လေ့ကျင့်ခဏ်းများ

၁။ အဆွေ၏ အိမ်သို့ စာပို့လေ့ ရှိသော စာပို့လုလင်၏ အမည်ကို အဆွေ သိပါသလား။ မသိသေးလျှင် မေး၍ မှတ်သားထား ပါ။ နှုတ်ခွန်းဆက်ပါ။

၂။ အဆွေ၏ လမ်းထဲမှ အဆွေ သိသော သူများ၏ စာရင်းတခု ပြုလုပ်ကြည့်ပါ။ မသိသေးသော သူများနှင့် နှိုင်းယှဉ်ကြည့် ပါ။ မသိသေးသော သူများကို သိအောင် ကြိုးစားပါ။

၃။ ရထားဖြင့် ခရီးသွားစဉ် ဖြစ်စေ၊ ဘတ်(စ) ကားဖြင့် ခရီး သွားစဉ် ဖြစ်စေ၊ မိမိရှေ့မှောက်မှ ရှိသူများကို ကျက်စား မိအောင် လေ့လာကြည့်ရှုပါ။

၄။ မိတ်ဆွေဘဦးအား သတင်းစာထဲတွင်ပါသော နိုင်ငံအသိး သီးမှ ထင်ရှားသော ပုဂ္ဂိုလ်ရှစ်ဦး၏ ရုပ်ပုံများကို ညှပ်ခိုင်း ပါ။ ထိုနောက် သူတို့၏အမည်များကို ရေးကြည့်ပါ။

၅။ သတင်းစာ ထဲမှ ဓာတ်ပုံ အချို့ကို ညှပ်၍ သူငယ်ချင်း တယောက်ကို အမည် အမျိုးမျိုး တပ်ခိုင်းပါ။ထိုနောက် ဤ အခန်းတွင် ဖော်ပြသကဲ့သို့ အမည်များကို ဖြုတ်ပြီးနောက် ထိုအမည်များသို့ သူပုံနှင့် သူ ဆီလျော်အောင် ရေးသားပါ။

၆။ မျက်နှာဖုံးတွင် ရုပ်ပုံ ပါသော မဂ္ဂဇင်း ၁၂ အုပ်ကို သုံးတန်း တန်း၍ စီပါ။ စာအုပ်ကျောတွင် တစ်၊ နှစ်၊ သုံးစသည်ဖြင့် နံပတ်စဉ်ထိုး၍ နေရာများကို မှတ်ထားပါ။ သုံးမိနစ်ခန့် ကြည့်ရှုပြီးနောက် စာအုပ်များကို ရောထွေးပစ်လိုက်ပါ။ ထိုနောက် မူလ အတိုင်း ရုပ်ပုံကို အပေါ်ထား၍ အစဉ် အလိုက် ဖြစ်အောင် စီကြည့်ပါ။ နေရာ မှန်မမှန် ကျောဖက် သို့ လှန်၍ မိမိရေးထားသော နံပတ်များကို ကြည့်ပါ။

အခန်း ၆

# စာပေလေ့လာနည်း

မှတ်ဉာဏ်နှင့် ပညာ သင်ကြားခြင်း၊ ပညာဆည်းပူးခြင်းတို့မှာ ခွဲမရကောင်းသော ကိစ္စတရပ်ပင်ဖြစ်၏။ "ကျွန်ုပ်တို့ ရှာဖွေသိမ်းထားသော အသိပညာနှင့် ဗဟုသုတ မှန်သမျှကို သတ္တုချလိုက်သော် စွဲမြဲမှတ်မိခြင်းပင် ဖြစ်၏" ဟု ဂရိတ်ပညာရှင်ကြီး ပလေးတို[၁] က ဆိုခဲ့သည်။ ကျွန်ုပ်တို့သည် စာပေ သင်္ခန်းစာများကို ဖြစ်စေ၊ အတတ်ပညာတခုခုကို ဖြစ်စေ၊ တတ်မြောက်သည် ကျွမ်းကျင်သည်ဆိုရာ၌ မိမိသိရှိနားလည်ထားသော ပညာကို ပြန်လည် ထုတ်ဖော်နိုင်စွမ်းခြင်းပင်ဖြစ်၏။ "ပညာတော်သူမှန်သမျှသည် မှတ်ဉာဏ်ကောင်းသူများဖြစ်၏" ဟု ဒေါက်တာကားလ်မင်နင်းဂျာ[၂] ဆိုသူ ပုဂ္ဂိုလ်ကြီးက ဆိုသည်။ ထို့ကြောင့် မည်သည့် အတတ်ပညာကိုမဆို တတ်မြောက်ကျွမ်းကျင်လိုလျှင် ထိုပညာကို မှတ်မိရန် ကြိုးစားခြင်းသည် အဓိကအချက်ပင်ဖြစ်၏။ တနည်းအားဖြင့် ဆိုလျှင် မိမိဆည်းပူးထားသော ပညာကို ကြာရှည်စွာ သိမ်းထားနိုင်ရန် လိုပေသည်။

သို့သော်မည်သည့် ပညာရပ်ကိုမဆို လေ့လာရာတွင် စံနစ်တကျနှင့် လေ့လာပါမှ လူမပင်ပန်းဘဲ သင့်လျော်သော ကာလအတွင်း၌ တတ်မြောက်နိုင်ပေသည်။ သို့မဟုတ်မူ၍ တတ်ချင်သည့်ဇောတခုနှင့် ကသောကမျော လေ့လာပါလျှင် "ပိုးသာကုန်မောင်ပုံစောင်းမတတ်"

---

၁။ Plato

၂။ Dr. Karl Menninger

ဆိုသော စကားပုံကဲ့သို့ စိတ်ပင်ပန်း လူပင်ပန်း ဖြစ်ပြီးလျှင် သင်ရကျိုးမနပ် ဖြစ်တတ်သည်။

ကျွန်ုပ်တို့သည် စာပေ ပညာကို သင်ကြား ကြမည်ဆိုကြပါစို့။ စာပေကို လေ့လာရာ၌ နှစ်မျိုး ရှိပေသည်။ ပဌမ တမျိုးမှာ မိမိအလိုရှိသည့်ဝတ္ထု၊ ဆောင်းပါး၊ ကဗျာ စသော စာအားလုံးကို မူရင်းအတိုင်း တလုံးမကျန် နှုတ်တက် ကျက်ယူ မှတ်သားခြင်းပင် ဖြစ်၏။ ဒုတိယ တမျိုးမှာ ထိုဝတ္ထု၊ ဆောင်းပါး၊ ကဗျာများကို သဘောပေါက်ရုံ၊ နားလည်ရုံ လေ့လာမှတ်သား ထားခြင်းပင် ဖြစ်သည်။

## နှုတ်တက် ကျက်နည်း

ပဌမ အမျိုးအစား၌ အကျုံးဝင်သော နှုတ်တက် စာကျက်နည်းအကြောင်းကို ရေးသားလိုပါသည်။ စာတပုဒ်ကို နှုတ်တက် အံပြန်နိုင်အောင် မည်သို့ ကျက်ရမည်နည်းဟု မေးလျှင် နှုတ်တက် ရအောင် အဖန် ဖန် အထပ်ထပ် ကျက်ရမည်ဟု သာမန်အားဖြင့် ဖြေဆိုရပေလိမ့်မည်။ "ကျွန်ုပ်တို့သည် ကိစ္စ တရပ်ကို ကြာရှည်စွာ မှတ်မိနေစေရန် အတွက် မင်နှိပ် စက္ကူပေါ်တွင် ခဲတံမာမာဖြင့် စောက်နက်နက်ပုံဖော် သကဲ့သို့ ဦးနှောက်ထဲတွင်လည်း စောက်နက်နက် ခပ်ထင်ထင် ပုံဖော်ထားရန် လိုပါသည်" ဟု စာအုပ် အစပိုင်းတွင် ရေးသားခဲ့ပါသည်။ စာတပုဒ်ကို အဖန်ဖန်အထပ်ထပ် ဖတ်ခြင်းသည် ဦးနှောက်ထဲတွင် စောက်နက်နက် ပုံထင်အောင် ကြိုးစားခြင်းပင် ဖြစ်၏။ ထို့ကြောင့် စာတပုဒ်ကို နှုတ်တက်ရရန် အတွက် အဖန်ဖန် ဖတ်ခြင်းသည် မူအားဖြင့် မှန်ပါသည်။ သို့ရာတွင် မည်သို့သော စံနစ်ဖြင့် ဖတ်သင့်သည့် အကြောင်းနှင့် စပ်လျဉ်း၍ သိပ္ပံပညာရှင်ကြီးများ၊ စိတ်ပညာဆရာကြီးများ၏ လေ့လာ စမ်းသပ်ချက်များကို တင်ပြလိုပါသည်။

စာကျက်ရသည်ချင်း အတူတူတွင် အဓိပ္ပါယ် မဲ့သော က ဆ န ဝ၊

လ လ ပ န စသော စာများနှင့် အဓိပ္ပါယ်ရှိသော စာများကို ကျက်ရာတွင် မည်သည့် စာမျိုးက ပိုမိုအရလွယ်သနည်း ဆိုသော အချက်ကို ပဋ္ဌမတင်ပြလိုပါသည်။

၁၈၈၅ ခုနှစ်က မှတ်ဉာဏ်နှင့် ပတ်သက်သော စာတအုပ်ကို ရေးသားခဲ့ဘူးသူ ဂျာမန်စိတ်ပညာရှင်ကြီး အက်ဗင်ဟော[3]၏ သုတေသနပြုချက်အရ အင်္ဂလိပ်ကဗျာဆရာကြီး ဗိုင်ရွန်[4]ရေးသည့် ကဗျာထဲမှ စာလုံးရေ ၈၀ ပါသော စာပိုဒ်ကို အာဂုံရရန်အတွက် ကိုးကြိမ်တိုင်တိုင် ကျက်မှတ် ရသည်ဆို၏။ သို့ရာတွင် အဓိပ္ပါယ်မဲ့သော စာလုံး ၈၀ ကို အာဂုံ ရရန် အတွက် အကြိမ်ပေါင်း ၈၀ တိတိ ရွတ်ဆိုခဲ့ရသည် ဆို၏။ ထို့ကြောင့် အဓိပ္ပါယ်မဲ့သော စာလုံးများကို ကျက်မှတ်ရခြင်းသည် အဓိပ္ပါယ် ပြည့်ဝသော စာကြောင်းများကို ကျက်မှတ်ရသည်ထက် ကိုးဆမျှ ပိုမို ခက်ခဲသည်ဟု ဆရာကြီးက မှတ်ချက် ချလေသည်။ စာတပုဒ်တွင် စကားလုံးများချောမွေ့ခြင်း၊ ကာရန်မိခြင်း၊ အသံနေအသံထား ညီညွတ်ခြင်းတို့သည် မှတ်မိလွယ်ရန်အတွက် များစွာ အထောက်အကူ ပြုသည်ဟုလည်း ဆရာကြီးက ဆိုလေသည်။

စာကျက်ရာတွင် ကြက်တူရွေး ပမာ အထပ်ထပ် ရွတ်ဆိုရုံမျှကိုသာ အဓိက ထားသော ခေတ်သီချင်း စက်ဆံသောနည်း။ မိမိကျက်သည့် စာကို အဓိပ္ပါယ် နားလည်ပြီးနောက် တခုနှင့် တခုဆက်စပ်ပုံ၊ အကျိုး အကြောင်းပြုပုံကို ဉာဏ်နှင့်ယှဉ်၍ ဖတ်သောနည်း။ အကျိုး အကြောင်း ဆက်စပ်ရန် မလွယ်သော သို့မဟုတ် မှတ်သားရန်များသော စာပိုဒ် များကို မိမိကိုယ်တိုင် ဆက်စပ် ကြည့်ခြင်း၊ အဓိပ္ပါယ် ဖွင့်ခြင်း အတိုကောက် မှတ်သားခြင်းတို့ကို တီထွင်ဖန်တီးကာ ကျက်သော နည်းဟု အကြမ်းအားဖြင့် စာကျက်နည်း သုံးမျိုး ရှိရာတွင်

၃။ Hermann Ebbinghaus

၄။ George G. Byron

ပဌမနည်း ဖြစ်သော ကြက်တူရွေး ကျက်နည်းမျိုးကို ရှောင်ရှားသင့်ပေသည်။

ကျွန်ုပ်တို့သည် စာတပုဒ်ကို ကျက်မည်ဟု ဆုံးဖြတ်လျှင် ရှေးဦးစွာ ထိုပုဒ်တွင် ပါဝင်သော စာလုံးများ၏ အဓိပ္ပါယ်ကို တလုံးမကျန် နားလည် သင့်ပေသည်။ အဓိပ္ပါယ် မသိလျှင် အဘိဓာန်ကို ချက်ခြင်း ဆွဲယူနှီးနှောသင့် ပေသည်။ စာတလုံး၏ တိကျသော အဓိပ္ပါယ်ကို ချက်ခြင်း မသိစေကာမူ အခြားစကားလုံးနှင့် ဆက်စပ်ယူလျှင် လျော်ကန်မည့် အဓိပ္ပါယ် မျိုးကို မှန်းဆနိုင်ရပေမည်။ ထို့နောက် ရှေးစကားနှင့် နောက်စကား ဆက်စပ်ပုံ၊ ကျေးဇူးပြုပုံတို့ကို ဆင်ခြင်ရာ၏။ ထို့နောက် စာတပုဒ်လုံး၏ ဆိုလိုရင်းအဓိပ္ပါယ်ကို နားလည်သင့်၏။ ထိုသို့ နားလည်ပြီးသည့် နောက်ပိုင်းတွင် အာဂုံဆောင်ရာ၌ များစွာ လွယ်ကူသွားပေလိမ့်မည်။

စာတပုဒ်ကို ကျက်မှတ်သည့် အခါ စာတကြောင်း သို့မဟုတ် နှစ်ကြောင်း စီ ခွဲ၍ခွဲ၍ ကျက်မှတ်မည်လော၊ သို့မဟုတ် အစမှ အဆုံး အထိ တစု တပေါင်းတည်း ကျက်မှတ် မည်လောဟု အဆွေအား မေးလျှင် အဆွေမည်သို့ဖြေကြားမည်နည်း။စာရေးသူသည် ဤမေးခွန်းကို ပုဂ္ဂိုလ်အများအား မေးမြန်း စုံစမ်းကြည့်ရာ အဖြေအမျိုးမျိုးပင် ပေးကြပါသည်။ အချို့က စာတကြောင်းစီ နှစ်ကြောင်းစီ ခွဲခြား၍ ဖတ်သင့်သည်။ ထို့နောက်မှ စုပေါင်း၍ ဖတ်ယူသင့်သည်ဟု ဆိုကြ၏။ အချို့ကမူ အစမှ အဆုံး စာအားလုံးကို တစုတပေါင်းတည်း ကျက်မှတ်သင့်သည်ဟု ဆိုကြသည်။ အချို့ကလည်း ရှေးဦးစွာ တကြောင်း နှစ်ကြောင်းကို ကျက်သင့်သည်။ ထိုစာစုကို ရလျှင် ဒုတိယ စာစုကို ကျက်သင့်သည်။ ထို့နောက် ပဌမ တစုနှင့် ဒုတိယတစုကို ပေါင်း၍ ကျက်သင့်သည်ဟု ဆိုကြ၏။

စာရေးသူသည် ရန်ကုန်မြို့ ပြည်လမ်းရှိ ပဌာန်း ကျောင်းတိုက်မှ

ပဋ္ဌာန်း ဆရာတော်နှင့် ကန်ဘက်ကျောင်းတိုက်မှ အဂ္ဂမဟာပဏ္ဍိတ မေဒိနီ ဆရာတော် (၂၂-၅-၆၆ နေ့က ပျံလွန်တော်မူပြီး) တို့အား လျှောက်ထား ကြည့်ရာ ဆရာတော်များက ဂါထာခွဲ၍ ကျက်သော စံနစ်ကို ပိုမိုနှစ်သက်ကြောင်း ပြောပြပါသည်။ ဂါထာခွဲ၍ကျက်သည့် စံနစ်ဆိုသည်မှာ ပဌမ ဂါထာကို နှုတ်ဘက်ရရှိပြီးသည့်အခါ ဒုတိယ ဂါထာကိုကျက်၏။ထို့နောက် ပဌမဂါထာနှင့်ဒုတိယဂါထာကို ပေါင်း၍ ကျက်သည့်နည်းပင် ဖြစ်၏။ ဤသို့ကျက်မှတ်သဖြင့်ခိုင်ခိုင် မြဲမြဲ မှတ်မိ နိုင်သည်ဟု ဆိုကြသည်။

စိတ်ပညာ ဆရာကြီး ရောဗတ် ဝုဒ်ဝပ်[၅] ၏ အဆိုမှာ တပိုင်း တပိုင်းစီခွဲ၍ လေ့ကျက်သည့် အခါ ထိုအပိုင်းများကို ပိုင်နိုင်ကျွမ်းကျင် သွားပြီ ဖြစ်၍ ကျန်အစိတ် အပိုင်းကို ကျက်ရာတွင် ပို၍ လွယ်ကူသွား ပေသည်ဟု ဆိုလေသည်။ သို့ရာတွင် ထိုသို့ အပိုင်းပိုင်း လေ့ကျင့်သူ သည် မိမိကျက်မှတ်ပြီးသော အစိတ် အပိုင်းများကို တစုတပေါင်း တည်း ဖြစ်အောင် ပြုလုပ်ရပေဦးမည်ဟု ဆိုပြန်သည်။

စာတပုဒ်ကို အပိုင်းပိုင်း ခွဲ၍ ကျက်ခြင်းသည် မှတ်မိသည့် နေရာ တွင် ပိုမို စွဲမြဲသွားသည်ဟု အဆိုရှိသော်လည်း၊ ထိုစာတပုဒ်လုံးကိုရရန် အတွက် အချိန်များစွာ ကုန်သည့် အချက်ကိုကား ယုံမှားဘွယ်ရာ မရှိပေ။ ဥပမာအားဖြင့် စာတပုဒ်ကို ၁၀ ပိုင်းပိုင်း၍ ကျက်သည်ဆိုကြ ပါစို့။ တပိုင်းကို နှုတ်တက်ရရန် ခြောက်ခေါက် ဖတ်ရသည်ဟုလည်း ထားကြပါဦးစို့။ ပဌမတပိုင်းကို နှုတ်တက်ရပြီးနောက် ဒုတိယတပိုင်း နှင့် ပေါင်း၍ ကျက်ရဦးမည်။ ဒုတိယ တပိုင်းကို နှုတ်တက်ရသောအခါ ပဌမတပိုင်း ဒုတိယ တပိုင်းကို ပေါင်း၍ကျက်ရဦးမည်။ တတိယပိုင်းကို နှုတ်တက်ရသော အခါ ပဌမပိုင်း ဒုတိယပိုင်း တတိယပိုင်းတို့နှင့် ပေါင်း ၍ ကျက်ရဦးမည်။ ဤနည်းအတိုင်း ကျက်သွားသဖြင့် အပိုင်း ၁၀ ပိုင်း

၅။ Robert S. Woodworth

ကို နှုတ်တက်ရရှိပြီးသော အချိန်၌ ပဌမ ပိုင်းသည် အကြိမ်ပေါင်း ၆၀ တိတိရွတ်ဆိုပြီးသော အပိုင်း ဖြစ်နေလေပြီ။ ဒုတိယ ပိုင်းသည် ၅၄ ကြိမ်ရွတ်ဆိုပြီးသော အပိုင်းဖြစ်၏။ တတိယပိုင်းသည် ၄၈ ကြိမ်ရွတ်ဆိုပြီးသော အပိုင်းဖြစ်၏။ ဤသို့ ရွတ်ဆိုသည့် အကြိမ်ပေါင်း လျော့၍ လျော့၍ သွားခဲ့ရာ နောက်ဆုံးအပိုင်း ၁၀ သည် ခြောက်ခေါက်တိတိ (နှုတ်တက်ရရှိ) မျှသာ ရွတ်ဆိုထားသော အပိုင်းဖြစ်နေလေသည်။ ဤသို့ တိကျစွာ တွက်ချက်ကြည့်သည့်အခါ အပိုင်းပိုင်း ခွဲခြား၍ လေ့ကျက်ခြင်းသည် ပိုမိုစွဲမြဲ မှတ်မိစေသည်ဆိုသော အချက်ကို သံသယ ဖြစ်ဘွယ်ရာရှိပါသည်။ အဘယ့်ကြောင့် ဆိုသော် ထိုနည်းအတိုင်းဆိုလျှင် ရှေးတပိုင်း နှစ်ပိုင်းသာလျှင် အကြိမ်ပေါင်း များစွာ ရွတ်ဆိုခြင်း ခံရ၍ နောက်ဆုံးကျသော အပိုင်းများသည် အကြိမ်နည်းစွာ ရွတ်ဆိုခြင်း ခံကြရသောကြောင့် ဖြစ်၏။

နောက်ဆုံးကျသော အပိုင်းများကို ပိုမိုစွဲမြဲစေရန်အတွက် နှုတ်တက်ရရန် စံပြုထားသော ခြောက်ခေါက်အစား ၁၀ ခေါက် ရွတ်မည်ဆိုပါလျှင်၊ ပဌမဆုံး အပိုင်းကို ၆၄ ခေါက် ရွတ်ဆိုရပေလိမ့်မည်။

စာရေးသူသည် ရှစ်တန်းနှင့် ကိုးတန်း ကျောင်းသား ၃၀ ကို ဦးကြင်ဥ ရေးသားသော ပဒေသာသီချင်း တပုဒ်ကို နှုတ်တက်ရအောင် အကျက်ခိုင်းပါသည်။ ထို့နောက် သူတို့စာကျက်ပုံနှင့် နှုတ်တက် ရအောင် ကျက်ရသော အခေါက်ပေါင်းကို မေးမြန်းပါသည်။ ကျောင်းသား ၂၂ ဦးတို့သည် အစမှအဆုံး တပေါင်းတလုံးတည်း ကျက်သူများဖြစ်ကြ၍ နှုတ်တက်ရအောင် ၁၂ ခေါက်မှ ၁၅ ခေါက်အထိ အံကြရသည်။ ကျန်ရှစ်ယောက်တို့မှာ အပိုင်းခွဲ၍ ကျက်ကြသူများ ဖြစ်၏။ သူတို့သည် နှုတ်တက်ရရန် အခေါက် ၂၀ မှ ၃၀ အထိ ကျက်ခဲ့ကြရသည်ဟု ဆိုပါသည်။

အထက်၌ ရေးသားလာခဲ့သော စာတပုဒ်ဆိုသည်မှာ ယေဘုယျ

အားဖြင့် စာတမျက်နှာ သို့မဟုတ် စာတမျက်နှာ နီးပါးခန့်ရှိသော အဓိပ္ပါယ် ပြည့်ပြည့်စုံစုံရှိသော စာပုဒ်ကိုဆိုလိုပါသည်။ ငါးရာ့ငါးဆယ် ဇာတ်တော်လာ စာမျက်နှာ ၁၀ မျက်နှာခန့်ရှိသော ဝတ္ထုတပုဒ်ကိုမူ တပေါင်းတည်း ကျက်မှတ်ရန် ခဲယဉ်းပေလိမ့်မည်။ ထိုမျှ ရှည်လျားသော စာတပုဒ်ကိုမူ အာဂုံရလိုက မုချ အပိုင်းခွဲ၍ ကျက်ရပေမည်။

စိတ်ပညာရှင်တဦးဖြစ်သူ လူဝီ-အေ-ပက်(ခ)စတိန်[၆] ကမူ အဓိပ္ပါယ်မဲ့သော စာလုံးများ၊ လျှို့ဝှက်ရေးအတွက် ရေးသားထားသော အက္ခရာစာလုံးများကို ကျက်ရာ၌ အပိုင်းခွဲခြား၍ ကျက်ပြီးနောက် တဖြည်းဖြည်းပေါင်းစပ်ယူသည့်နည်းသည် အကောင်းဆုံးနည်းဖြစ်ကြောင်းကို ရှာဖွေစမ်းသပ်ခဲ့သဖြင့် သိခဲ့ရသည်ဆို၏။

စာတပုဒ်ကို အပိုင်းပိုင်း ခွဲခြား၍ ကျက်ခြင်းသည် ဟင်းချိုဟင်းကို ဟင်းချိုဇွန်းနှင့်သောက်ရမည့်အစားလက်ဖက်ရည်ဇွန်းဖြင့်သောက်သည်နှင့်တူပါသည်။ ထို့ကြောင့် စာကျက်ရသည့် အချိန်မှာ လိုသည့်ထက်ပို၍ ကြန့်ကြာစေပါသည်။ ကျွန်ုပ်တို့၏ ဦးနှောက်ကို အစာကျွေးသည့်အခါ တကြိမ်လျှင် ဟင်းချိုဇွန်းတဇွန်းကို လက်ခံနိုင်စွမ်းရှိပါလျက် လက်ဖက်ရည်တဇွန်းမျှကို မကျွေးသင့်ပေ။

စိတ်ပညာရှင်ကြီးများ၏ စမ်းသပ်ရှာဖွေချက်များအရ စာတပုဒ်ကို အစမှအဆုံး တစုတပေါင်းတည်း ကျက်ခြင်းသည် အပိုင်းပြု၍ ကျက်ခြင်းထက် ၁၂ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအထိ အချိန်ကုန် သက်သာကြောင်း တွေ့ရှိရသည်ဟု ဆိုသည်။ ဂျွန်မက် ဂျော့(ချ်)[၇] ဆိုသူ စိတ်ပညာရှင်ကြီးကမူ မှတ်ဉာဏ်ရင့်နေသူ လူကြီးတဦးအဖို့ တစုတပေါင်းတည်း ကျက်မှတ်သော နည်းက ပိုမို အကျိုးသက်ရောက်သည်ဟု ဆိုလေသည်။

---

၆။ Louis A. Pechstein

၇။ John Mc Geoch

## နားနားနေနေ ကျက်ခြင်း

စာကျက်ရာတွင် မိမိအာဂုံဆောင်လိုသော စာတပုဒ်ကို အာဂုံရသည်အထိ ဆက်တိုက်ကျက်ခြင်းနှင့် နားနားနေနေ ကြားကာလခြား၍ ကျက်ခြင်းတွင် မည်သည့်နည်းက ပိုမို ခရီးရောက်သနည်း ဆိုသော အချက်ကို ဆွေးနွေး ကြပါဦး။

ဤအချက်နှင့် ပတ်သက်၍လည်း ရှေးအခါက စိတ်ပညာရှင် အချင်းချင်း အနည်းငယ် သဘော ကွဲလွဲမှုများ ရှိခဲ့ကြသည်။ သို့ရာတွင် သုတေသနပြု၍ အဖြေကိုရှာလိုက်ကြရာတွင် ထိုသဘော ကွဲလွဲမှုမှာ ပပျောက် သွားလေတော့သည်။

ထိုအချက်နှင့် စပ်လျဉ်း၍ သုတေသန ပြုသူများထဲတွင် ဂျာမန် စိတ်ပညာဆရာကြီး အက်ဗင်ဟောလည်း ပါဝင်လေသည်။ အက်ဗင်ဟော သည် မှတ်ဉာဏ်နှင့် ပတ်သက်၍ သုတေသန မပြုခဲ့ဘူးသေးသော အချက်သည် မရှိဟု အဆိုရှိကြသည်။ ထိုဆရာကြီး၏ စူးစမ်းချက်အရ တနေ့တည်းတွင် ၆၈ ခေါက် ရွတ်ဆိုမှ အာဂုံရသော စာတပုဒ်ကို သုံးရက်မျှကာလအတွင်း နေနေနားနားနှင့် အနားယူ၍ ရွတ်ဆိုရာဝယ် ၃၈ ခေါက်ရွတ်ရုံမျှဖြင့် နှုတ်တက်ရကြောင်း တွေ့ရှိရသည်ဆို၏။

တနေ့တည်း၌ အကြိမ်ပေါင်း ၅၀၄ ကြိမ် ရွတ်ဆိုမှ နှုတ်တက်ရသော ခက်ခက်ခဲခဲ စာတပုဒ်ကို ပဌမနေ့တွင် ၁၅၈ ကြိမ်၊ ဒုတိယနေ့တွင် ၁၉၀ ကြိမ်၊ တတိယနေ့တွင် ၇၅ ကြိမ် စုစုပေါင်း ၃၄၂ ကြိမ် ရွတ်ဆိုရုံမျှဖြင့် အာဂုံဆောင်နိုင်ကြောင်း တွေ့ရပြန်သည်ဟုလည်း ဆိုသည်။

အချိန်ခြား၍ လေ့ကျက်ခြင်းသည် တချိန်တည်းဆက်တိုက် လေ့ကျက်ခြင်းထက် ခရီးပေါက်ကြောင်းကိုကား သိရှိရပေပြီ။ သို့သော်

ပဌမ လေ့ကျက်သည့်အခါ မည်မျှကြာအောင် လေ့ကျက်သင့်သည်။ ထိုနောက် မည်မျှကြာအောင် နားနေသင့်သည် ဆိုသော ကန့်သတ်ချက် ထားပုံတို့မှာလည်း တဦးနှင့်တဦး မတူကြချေ။

ဘာသာပေါင်း ၃၅ မျိုးခန့် တတ်ကျွမ်း၍ စကား ၂၇ မျိုးကို တိုင်းရင်းသားများကဲ့သို့ လည်ပတ်စွာ ပြောဆိုနိုင်သူ၊ တထောင့်တည ဝတ္ထုများကို အာရပ်ဘာသာမှ အင်္ဂလိပ် ဘာသာသို့ ပြန်ဆိုခဲ့သော ဆာ၊ ရစ်ချတ်၊ ဗာတန်[၈] က မိမိသည် ဘာသာအမျိုးမျိုးကို တတ်ကျွမ်းသော်လည်း ဘာသာတမျိုး သို့မဟုတ် စကားတမျိုးကို တကြိမ်လျှင် ၁၅ မိနစ်ထက်ပို၍ မလေ့ကျင့်ခဲ့ပါဟု ဆိုသည်။ ထိုအချိန်ထက်ပို၍ တဆက်တည်း လေ့လာလျှင် ကြည်လင်သော ဦးနှောက်ကို ထိုင်းမှိုင်းစေလိမ့်မည်ဟုလည်း ဆိုခဲ့လေသည်။

ယခုအခါ စာသင်ကျောင်းများတွင် ဘာသာတရပ်ကို တချိန်တည်းနှင့် ကြာရှည်စွာ မသင်ကြားစေဘဲ အခြား မတူညီသော ဘာသာရပ်များကို ကြားညှပ်၍ သင်ကြားစေခြင်းမှာ ဘာသာတရပ်ကို လေ့လာပြီးနောက် ကြားကာလထားလိုက်ခြင်းပင် ဖြစ်၏။ အကယ်၍ ကျောင်းသားတဦးသည် ဂဏန်းသင်္ချာ ဘာသာကို ဖြစ်စေ၊ ပထဝီဘာသာကိုဖြစ်စေ တနေ့လုံး ဆက်တိုက်သင်ကြားရမည် ဆိုလျှင် ပျင်းရိဘွယ်ရာ ဖြစ်လာပြီးလျှင် စိတ်ဝင်စားတော့မည်လည်း မဟုတ်ပေ။ သင်ကြားသလောက်လည်း အကျိုးဖြစ်ထွန်းမည် မဟုတ်ပေ။ သို့ရာတွင် ခြွင်းချက် ကလေးကား ရှိပါသေး၏။ လေ့ကျက်သင်ယူရမည့်ဘာသာကလည်း လွယ်ကူသည်။ သင်ယူမည့် ပုဂ္ဂိုလ်ကလည်း အထူး စိတ်ပါဝင်စားလျက်ရှိသည်။ ငိုက်မြည်းခြင်း၊ သမ်းဝေခြင်း ကင်းလျက် သင်ယူရန် ဆန္ဒပြင်းပြလျက်ရှိသော ပုဂ္ဂိုလ်များအဖို့ကား တခါတရံ တထိုင်တည်းတွင် ဆက်တိုက် လေ့ကျက်သင်ယူသင့်ပေသည်။

၈ ။ Sir Richard Burton

## ဘယ်အချိန် စာကျက်မည်နည်း

ကြားကာလခြားခြင်းနှင့် ပတ်သက်၍ မှတ်ဉာဏ် ပညာရှင်ကြီး များအဆိုအရ စာတပုဒ်ကို ဖတ်အံ လေ့ကျက်ပြီးနောက် အိပ်ရေးဝ အောင်အိပ်လိုက်ပါ။ တဖန်အိပ်ရာမှ နိုးသောအခါတွင်မှ ဆက်၍ လေ့ ကျက်ခြင်းသည် ပိုမို၍ ပေါက်မြောက် စေသည်ဟုဆို၏။ မည်သို့ဖြစ်စေ ကာမူ အိပ်ရေးဝအောင် အိပ်ခြင်းသည် စာကျက် လျင်မြန်စေရန် (ဝါ) မှတ်ဉာဏ်ကောင်းစေရန် များစွာ အထောက်အကူ ပေးသည် ဟု မှတ်ဉာဏ် ပညာရှင်ကြီးများက တညီတညွတ်တည်း ထောက်ခံ အဆိုပြုကြသည်။

ယေဘုယျအားဖြင့် ညဥ့်ဦးပိုင်းတွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ကောင်း သူတို့သည် နံနက်ပိုင်းတွင် စာကျက်၍ရလွယ်ကြသည်ဟု အဆိုရှိသည်။ မိုးသောက်ယံတွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ကောင်းသူတို့သည် ညဥ့်ဦးပိုင်း တွင် စာကျက်၍ ရလွယ်ကြသည်ဟု အဆိုရှိသည်။ ဤနေရာ၌ အိပ်၍ ကောင်းသော အချက်တခုတည်းကိုသာ မှတည်လျက် ဆုံးဖြတ်ရန် ခဲ ယဥ်းပါသည်။ အခြားအချက်အလက်များကိုလည်း ထည့်သွင်း စဉ်း စားသင့်သည်ကို သတိပြုစေလိုပါသည်။

ကျွန်ုပ်တို့သည် စာတပုဒ်ကို နှုတ်တက်ရရှိပြီးနောက် နာရီအနည်း ငယ်ကြာသောအခါ ထိုစာပုဒ်ကို ပြန်လည်ရွတ်ဆိုကြည့်လျှင် ပဌမ အကြိမ်ကကဲ့သို့ သွက်သွက်လက်လက်မရှိလှသည်ကို တွေ့ရတတ်သည်။ ဤနေရာ၌ အာဂုံရသည်ဆိုသော စကားမှာ စာတပုဒ်ကို အနည်းဆုံး နှစ်ကြိမ် မထစ်မငေါ့ ရွတ်ဆိုပြနိုင်ခြင်းကို အာဂုံရသည်ဟု စံထားခြင်း ဖြစ်၏။ စိတ်ပညာရှင်ကြီးများ စမ်းသပ်လေ့လာချက်အရ ကျွန်ုပ်တို့ သည် ထိုသို့ အာဂုံရထားသော စာများကို နာရီအနည်းငယ် (၈ နာရီ ခန့်) အတွင်း "မေ့လျော့မှု" ဖြစ်ပေါ်လာတတ်သော်လည်း ၁၅ ရက်

သို့မဟုတ် တလခန့် ကြာသောအခါ ကောင်းစွာ သတိရလာတတ်သည် ဟုဆို၏။ ဤကား မှတ်ဉာဏ်၏ ဆန်းကြယ်သော ဝိသေသ လက္ခဏာ တရပ်ပင် ဖြစ်၏။

ကျွန်ုပ်တို့သည် မိမိတို့၏ ကျက်စာများ အနည်းငယ် မေ့လျော့ နေလျှင် ဝမ်းမနည်းပါနှင့်၊ အသင့်အတင့် ပြန်လည်နွှလုံးသွင်းလိုက် လျှင် ပြန်လည်ရရှိလာတတ်ပါသည်။

အချို့က တပွဲတိုး ကျက်နည်းနှင့် တသက်လုံး မှတ်ရန်ကျက်နည်း တွင် မည်သည့်နည်းကို အတုယူသင့်သနည်းဟု မေးမြန်း လေ့ရှိကြ ပါသည်။ ထိုမေးခွန်းကို မဖြေမီ ရှေးဦးစွာ တပွဲတိုးကျက်နည်း၊ တ သက်လုံး မှတ်ရန်ကျက်နည်း ဆိုသော စကားလုံးများ၏ အဓိပ္ပါယ်ကို ရှင်းပြပါရစေ။ တပွဲတိုးကျက်နည်း ဆိုသည်မှာ ဥပမာအားဖြင့် စာ မေးပွဲထဲတွင် ဖြေဆိုနိုင်ရန်အတွက် အားသွန်ကြိုးစား၍ ကျက်သော နည်း ဖြစ်၏။ အကယ်၍ ထိုကျက်စာများသည် စာမေးပွဲပြီးသည် နှင့် တပြိုင်နက် မေ့ပျောက်သွားလျှင် ထိုကျက်စာမျိုးကို တပွဲတိုး ကျက်စာဟု ခေါ်ဆိုနိုင်ပါ၏။ သို့သော် ထိုစာများ မမေ့မပျောက်ဘဲ နေခဲ့သော် တပွဲတိုးကျက်စာဟု ခေါ်ဆိုနိုင်ပါမည်လော။ တသက်လုံး မှတ်ရန် ကျက်ထားသော စာဆိုသည်မှာ အသက်အရွယ် ကြီးရင့် သည့်တိုင်အောင် (ငါ) သေသည့်တိုင်အောင် မမေ့မပျောက် သော ကျက်စာများကို ဆိုပါသည်။ သို့သော် တသက်လုံး သုံးရန် ရည်ရွယ် ချက်နှင့် ကျက်ထားသော စာများသည် ကာလအနည်းငယ်အတွင်း မေ့ပျောက်သွားခဲ့သော် တသက်လုံး သုံးရန် ကျက်ထားသောစာဟု ခေါ်ဆိုနိုင်ပါမည်လော။ တပွဲတိုး ကျက်စာနှင့် တသက်လုံး ကျက်စာ တို့၏ နယ်နိမိတ်မှာ အလွန်သေးကွေး သိမ်မွေ့ကြောင်းကို သတိပြုသင့် ပေသည်။ ဤကိစ္စနှင့် ပတ်သက်၍ ရန်ကုန်မြို့ ပြည်လမ်းမှ ပဋ္ဌာန်း ကျောင်း ဆရာတော်၊ သာသနာရေးဌာနမှ ပဌမကျော် ဦးဆိုင်ကျော်

နှင့် ကန်ဘက်မေဒိနီ ဆရာတော်ဘို့၏ မိန့်ကြားချက်များကို အောက်တွင် ဖော်ပြပါမည်။

ပဌာန်းကျောင်း ဆရာတော်က "စာကျက်သည့်အခါတွင် ပဌမဦးစွာ သမာဓိတရား လိုသည်။ သမာဓိတရား လွတ်ကာ စိတ်ပျံ့လွင့်နေလျှင် စာကျက်၍ ရမည် မဟုတ်ချေ။ စာကျက်နေစဉ် ခေတ္တရပ်နား၍ မိမိကျက်နေသောစာပုဒ်၏ အဓိပ္ပါယ်အဆက်၊ အကျိုးအကြောင်းများကို ဆင်ခြင်ပါ။ အဓိပ္ပါယ်ကို ရှင်းလင်းပြတ်သားအောင် ကြံဆပါ။ ထို့နောက် ဆက်၍ ကျက်ပါ။ အာဂုံရပြီးသည့်နောက်တွင်လည်း ငါအာဂုံရပြီဟု ပစ်မထားနှင့် မကြာခဏစာအံရမည်။ သို့မဟုတ် နှလုံးသွင်းရမည်။ သို့မှသာ မိမိကျက်သော စာကို ကြာရှည်စွာ ထိန်းသိမ်းထားနိုင်ပေလိမ့်မည်"ဟု မိန့်ဆိုဘူးပါသည်။

သာသနာရေးဌာနမှ ပဌမကျော် ဦးဆိုင်ကျော်က "မိမိသည် စာသင်သား ဘဝက အဘိဓာန် ဂါထာများကို တနေ့လျှင် လေးဆယ်ငါးဆယ်အထိ ကျက်မှတ်နိုင်ခဲ့သည်။ သို့သော် ထိုစာများသည် တာရှည်မခံပါ။ ခေတ္တခဏအတွင်း မေ့ပျောက် သွားတတ်ပါသည်။ ထိုဂါထာများကို မမေ့မပျောက်ရန်အတွက် မကြာခဏ အံကြည့်ရပါသည်။ သူတပါးကို ပို့ချပေးရပါသည်။ သို့မဟုတ်က ဘယ်နည်းနှင့်မျှ စွဲမြဲ နေမည် မဟုတ်ပါ။ ယခင်က တသက်ပတ်လုံး မေ့မည် မဟုတ်ဟု ထင်သောစာများ ယခုအစကို မနည်းရှာယူရသည်။ မမေ့အောင် အရေးအကြီးဆုံးမှာ အထပ်ထပ်လေ့လာခြင်းပင်ဖြစ်၏"ဟု ပြောကြားဘူးပါသည်။

## စာအုပ်ပြောင်း ကျက်လျှင်

ကျမ်းပြု ပုဂ္ဂိုလ် ကန်ဘက် ကျောက်ကုန်းတောရ မေဒိနီ ဆရာတော် ဘုရား (ပျံလွန်တော်မူပြီး)က မိန့်ဆိုသည်မှာ "စာတပုဒ်ကို ငါနှုတ်တက်ရထားပြီးပိုင်ပြီဟူ၍ မမှတ်သင့်၊ မေ့ချင်လျှင် ကြက်ဥ အစ

ရှာမတွေ့သလို မေ့သွားတတ်သည်။ ထို့ကြောင့် မကြာခဏ ပြန်အံရန် လိုသည်။ သို့မဟုတ် စိတ်ထဲမှ နှုတ်လုံးသွင်းရန် လိုသည်။ မိမိရဟန်းငယ်ဘဝက ညဥ့်ပိုင်းတက်သည့်စာများကို နံနက် ဆွမ်းခံထွက်စဉ် ခပ်ဘိုးတိုး အံ၍ သွားရသည်။ သို့မှ နေ့လယ်ပိုင်းစာတက်ချိန်၌ မိမိဆရာအား ပြန်၍ ရွတ်ဆိုပြနိုင်ပေသည်”ဟု အမိန့်ရှိဘူးပါသည်။ ကန်ဘက် ဆရာတော်ဘုရားက “စာကျက်သည့်အခါ မိမိကိုယ်ပိုင်စာအုပ်ဖြင့် တသမတ်ဘည်း ကျက်သွားရန်လိုသည်ဟု ဆိုပါသည်။ သို့မှသာ ကျက်သော စာများကို ဦးနှောက်တွင် စွဲမြဲစေရုံမျှမက မျက်စိတွင်လည်း ထင်မြင်စေနိုင်သည်။ စာအုပ်အမျိုးမျိုးပြောင်း၍ ကျက်လျှင် စာကြောင်းများ၊ စာအထားအသိုများ လွဲတတ်သဖြင့် မှတ်သားသည့်နေရာတွင် အခက်တွေ့တတ်သည်။ မိမိငယ်စဉ်က လေ့လာခဲ့သော စာအုပ်နှင့် ယခု ဗုဒ္ဓသာသနာ့အဖွဲ့မှ ရိုက်ထုတ်သော စာအုပ်များ စာကြောင်းရေချင်း မတူသဖြင့် စာအုပ်အသစ်ကိုကိုင်၍ စာချပေးရသည့်အခါ အနည်းငယ် သတိထားရသည်”ဟု မိန့်ကြားဘူးပါသည်။

စာကျက်ခြင်း အကြောင်းနှင့် စပ်လျဉ်း၍ စိတ်ပညာရှင်များ၊ မှတ်ဉာဏ်ပညာရှင်များ အားလုံး သဘောတူလက်ခံသော အချက်တခု ရှိပါ၏။ ထိုအချက်ကား အခြား မဟုတ်ပါ။ “စာကျက်သည့်အခါ အသံကျယ်ကျယ် ထွက်၍ ဖတ်ပါ။ထပ်မံ ရွက်ဆိုသည့်အခါ အသံကျယ်ကျယ်ထွက်၍ ရွတ်ဆိုပါ” ဆိုသော အချက်ပင် ဖြစ်၏။ အမေရိကန်နိုင်ငံမှ ကွယ်လွန်သူ သမတကြီး လင်ကွန်းသည် ငယ်ရွယ်စဉ်အချိန်မှစ၍ ကွယ်လွန်သည်အထိ မှတ်မိလိုသော စာများကို အသံကျယ်လောင်စွာ ရွတ်ဆိုလေ့ရှိလေသည်။

**သဘောပေါက်ရုံ ဖတ်နည်း**

စာပါမူရင်းအတိုင်းကို နှုတ်တက်မကျက်ဘဲ သဘောပေါက်ရုံ ဖတ်သည့်နည်းအကြောင်းကို ဖော်ပြသလိုပါသည်။ ဤနည်းမှာ နှုတ်တက်

အာဂုံဆောင်သည့်နည်းကဲ့သို့ အခေါက်ခေါက် အခါခါ ရွတ်ဆိုရန် မလိုပေ။ သို့သော် နားလည် သဘောပေါက်ရန်ကား လိုပါသည်။ နားလည် သဘော မပေါက်သေးလျှင်ကား သဘော ပေါက်သည်အထိ အထပ်ထပ် ဖတ်ရန် လိုပါသည်။ ဤလေ့ကျက်နည်းတွင် စာ၏ အနေအရင့်၊ အမျိုးအစား အပေါ်တွင် များစွာ တည်ပေသည်။ လွယ်ကူသော သာမန်ဝတ္ထု စာအုပ်တအုပ်ကို ခွဲ၍ ဖတ်ရန်လည်း မလို၊ နား၍ ဖတ်ရန်လည်း မလိုဘဲ တထိုင်တည်းနှင့်ပင် အပြီးဖတ်ရှုနိုင်ကြပေသည်။ စာဖတ်နေစဉ် ဝတ္ထု၏ အချိတ်အဆက်၊ အလှည့်အပတ်တို့ကို နှလုံးသွင်းသင့်သည်။ ဝတ္ထု ကြောင်းကို မှတ်သည့်အခါ ဝတ္ထုအခန်းခွဲသည့်အတိုင်း အခန်းခန်း ခွဲပြီးနောက် ဆက်စပ်မှတ်သားနိုင်ပေသည်။ သို့မဟုတ်လျှင်လည်း ဆက်သွယ် ပေါင်းစပ်သည့်နည်းကို ကူ၍ စိတ်ကူးယဉ် ဖန်တီးမှုများနှင့် ပေါင်းစပ်ကာ မှတ်သား သင့်ပေသည်။သရုပ်ဖော်ကောင်းသော ဝတ္ထုများ၊ ဇာတ်လမ်းများဖြစ်ခဲ့လျှင် စိတ်ကူးယဉ် ဖန်တီးမှုများ မလိုဘဲ ရုပ်ရှင်ကြည့်သည့်ပမာ ဇာတ်လမ်းအတိုင်း ဦးနှောက်တွင်းသို့ တကွက်ပြီးတကွက် ဝင်သွားတတ်ပေသည်။ ဝတ္ထုဇာတ်လမ်းများကို ဖတ်ရှုလေ့လာပြီးနောက်၊ မမေ့မပျောက်စေရန် အကောင်းဆုံး နည်းမှာ သူတပါးအား တဆင့် ပြောပြခြင်းပင် ဖြစ်၏။

ဝတ္ထုစာပေမျိုးလည်း မဟုတ်၊ အပျော်ထမ်းဖတ်သည့် စာနယ်ဇင်းမျိုးလည်း မဟုတ်သော သမိုင်းစာပေ၊ စာပေ ဆောင်းပါး၊ သို့မဟုတ် စာမေးပွဲအတွက် လေ့လာရမည့် ဘာသာ တရပ်ရပ်၌ အကျုံးဝင်သော စာပေမျိုးကို မှတ်မှတ်သားသား လေ့လာလိုလျှင် ရှေးဦးစွာ သတိနှင့် ဖြည်းဖြည်း ဖတ်ရမည်။ တပိုဒ်ပြီးလျှင် ခေတ္တနားပြီးနောက် ထိုအပိုဒ်မှ အရေးကြီးသော အချက်ကို မှတ်သားရမည်။ ဤနည်းအတိုင်း ဖတ်သွားပြီးနောက် စာတပုဒ်လုံး ပြီးဆုံးသွားသောအခါ စာအုပ်ကို ခေတ္တပိတ်၍ မိမိမှတ်သားထားသော အချက်

များကို တချက်ပြီးတချက် ပြန်လည် စဉ်းစားရမည်။ ဆက်စပ်၍ မှတ်သားရမည်။ မှတ်သားရမည့် အချက်ကို မေးခွန်းကလေးများ ထုတ်၍ မိမိကိုယ်တိုင် ဖြေကြည့်ခြင်းသည် အကောင်းဆုံးဖြစ်၏။

ဥပမာအားဖြင့် မြန်မာ့စွယ်စုံကျမ်း ပဌမတွဲမှ ကုလသမဂ္ဂ အကြောင်းကို ဖတ်ရှုလေ့လာသည် ဆိုကြပါစို့။ ကုလသမဂ္ဂအကြောင်းကို ဖတ်ရှုပြီးသည့်နောက် အောက်ပါ မေးခွန်းများကို တခုပြီးတခု ထုတ်ကြည့်ရမည်။

(၁) ကုလသမဂ္ဂအဖွဲ့ကြီး ဖွဲ့ရခြင်း၏ ရည်ရွယ်ချက်များကား အဘယ်နည်း။
(၂) မည်သည့် အခြေခံသဘောတရားများ အပေါ်တွင် အခြေခံ၍ တည်ထောင်ခဲ့သနည်း။
(၃) စိန့်ဂျိမ်းနန်းတော်ကျေညာစာတမ်း ဆိုသည်မှာ အဘယ်နည်း။
(၄) အတ္တလန္တိတ် စာချုပ်အကြောင်း အဘယ်မျှ သိသနည်း။
(၅) မော်စကို ကျေညာစာတမ်း၊ ဒင်ဗာတန်အုတ် အစည်းအဝေး၊ ယောလတာ ဆွေးနွေးပွဲများ အကြောင်း အဘယ်မျှ သိသနည်း။
(၆) ဆန်ဖရန်စစ္စကို ညီလာခံကြီး။ ကုလသမဂ္ဂကြီး ပေါ်ပေါက်လာသည့်နေ့။ (၂၄-၁၀-၄၅)
(၇) ကုလသမဂ္ဂတွင် ပါဝင်သော အဖွဲ့ကြီး ၆ ဖွဲ့။
(၈) မြန်မာနိုင်ငံအား ကုလသမဂ္ဂ အဖွဲ့ကြီးက လက်ခံသောနေ့ (၁၉-၄-၁၉၄၈)

ထိုမေးခွန်း တခုစီကို စိတ်ဖြင့် မေးပြီးနောက် စိတ်ဖြင့် အဖြေတခုစီဖြေရန် ဖြစ်ပါသည်။ မိမိဖြေသောအဖြေ မှန် မမှန်ကို စာအုပ်ကို ဖွင့်၍ တိုက်ဆိုင် ကြည့်ရှုနိုင်ပါသည်။

စိတ်ဖြင့် ဖြေကြည့်ရုံမျှမက မိမိအလိုရှိရာကို မှတ်စုမှတ်ရာ စာအုပ်ထဲတွင် ကူးယူရေးသားထားနိုင်ပါမူ အတိုင်းထက်အလွန် ကောင်း၏ဟု ဆိုရချေမည်။

စာရေးသူများ ကျမ်းပြု ပုဂ္ဂိုလ်များသည် အကြောင်းရပ် တခုကို ပြုစု ကြရာဝယ် စံနစ်တကျ ရေးသားကြသူများချည်းသာ ဖြစ်၏။ ဥပမာဆိုသော် စာတပုဒ်ကို ဖတ်ရှုကြည့်ပါ။ ထိုစာပုဒ်တွင် အရေးကြီးသော အချက်တချက် သို့မဟုတ် နှစ်ချက်မျှသာ ပါပေလိမ့်မည်။ ထိုအချက်တခုကို စာကြောင်းများစွာဖြင့် စာဖတ်သူ နားလည်စေရန် ချဲ့ထွင်၍ ရေးသားထားကောင်းရေးသားထားပေလိမ့်မည်။ သို့မဟုတ် ကလည်း သူဆိုလိုသောအချက် ခိုင်လုံစေရန်အတွက် စာကြောင်းများ များဖြင့်အထောက်အကူပြုကာ ရေးသားဖော်ပြကောင်း ဖော်ပြထားပေလိမ့်မည်။ လိုရင်း အချုပ်မှာကား ဆိုလိုသောအချက် တချက်နှစ်ချက်မျှသာဖြစ်ပေသည်။ ထိုအချက် တချက်နှစ်ချက်ကို သိရှိမှတ်သားရန်လိုပါသည်။ သတင်းထောက်များသည် ဤနည်းအတိုင်း လိုရင်းအချက်များကိုမှတ်၍ နောက်မှ အကျယ်ချဲ့ရေးသားလေ့ရှိကြ၏။

ကျောင်းသုံး စာအုပ်များတွင် သင်ခန်းစာတခုပြီးလျှင် လေ့ကျင့်ခန်းများ၊ မေးခွန်းများကပ်၍ ပါလာတတ်သည်ကို သတိမူမိပေလိမ့်မည်။ ထိုမေးခွန်းများသည် ကျောင်းသားများအား မိမိတို့ ဖတ်ရှုလေ့လာခဲ့သော သင်ခန်းစာကို မှတ်မိသည် မမှတ်မိသည်ကို စမ်းသပ်သော သမရိုးကျ နည်းများပင် ဖြစ်၏။ ကျွန်ုပ်တို့သည် စာတပုဒ်ကို ဖတ်ပြီးသည့်အခါ မိမိတို့ သိလိုမှတ်လိုသော အချက်များကို အထက်ပါ သမရိုးကျ နည်းအတိုင်းပင် မှတ်သား နိုင်ကြပေသည်။ နိုင်ငံရေး ခေါင်းဆောင်ဟောင်းကြီးတဦး ဖြစ်သူ ဦးဘဘေသည် စာပေကို လေ့လာရာ၌ ဤနည်းကိုအသုံးပြုသော ပုဂ္ဂိုလ်တယောက်ဖြစ်၏။ (အခန်း ၁၀ တွင်ရှုပါ) ။

## သင်္ခေပ၊ သင်္ကေတ နည်းဖြင့်ကျက်ခြင်း

မိမိလေ့လာရမည့် စာသည် အပျော်တမ်း ဖတ်သည့်စာမျိုး မဟုတ်ဘဲ သဘောပေါက်ရန်လည်း လိုသည်။ အချို့အချက်အလက်တို့ကို တိတိကျကျ မှတ်သားရန်လည်း လိုသည်ဟုဆိုလျှင် သင်္ခေပ၊ သင်္ကေတများဖြင့် တေး၍ ဖတ်ရှုသင့်သည်။ ဥပမာအားဖြင့် ဇာတ်ကြီး ဆယ်ဖွဲ့၏ အမည်ကို မှတ်ရာတွင် တေ၊ ဇ၊ သု၊ နေ၊ မ၊ ဘူ၊ စံ၊ နာ၊ ဝိ၊ ဝေ ဆိုသော အစစာလုံးများကို ကျက်မှတ်ထားရုံဖြင့် ဇာတ်နာမည် အားလုံးကို မှတ်မိနိုင်ပါသည်။ ဤသို့ မှတ်မိလွယ်စေသော စာလုံးကလေးများကို သီ၍ မှတ်ခြင်းကြောင့် ရှေးပညာရှိကြီးများက ဤမှတ်နည်းကို သီတံလုပ်၍ မှတ်နည်းဟု ခေါ် ဆိုကြပါသည်။

အလင်္ကာ ကျမ်းများကို လေ့လာသည့်အခါ ချစ်ခြင်း၊ ရှင်ပျခြင်း၊ သနားခြင်းစသော ရသကိုးပါးကို တွေ့ရပေမည်။ ထိုရသ ကိုးပါးကို "ချစ်ရှင်သနား၊ တည်ညား ကြမ်းကြုတ်၊ စက်ဆုပ် ကြောက်၍၊ ရယ်ဖွဲ့ အံ့ဩ" ဆိုသော ဆောင်ပုဒ်ဖြင့် မှတ်သားနိုင်ပေသည်။

ရဟန်းတော်တို့ စောင့်ထိန်းအပ်သော ဝိနည်း သိက္ခာပုဒ်များမှာ အကျဉ်းအားဖြင့် ၂၂၇ သွယ်၊ အကျယ်အားဖြင့် ကုဋေ ကိုးထောင်ကျော် ရှိလေသည်။ ထိုမျှများပြားသော သိက္ခာပုဒ်များ အနက် အချို့ကို အမှတ်ရ လွယ်ကူစေရန် ရဟန်းတော်များသည် ဆောင်ပုဒ်ကလေးများ ပြုလုပ်၍ ကျက်မှတ်ကြသည်။ ဥပမာအားဖြင့် ရဟန်းတော်တို့ ဆွမ်းမခံအပ်သော နေရာခြောက်ရပ်ရှိ၏။ ယင်းတို့မှာ –

၁။ မုဆိုးမ အိမ်
၂။ ဘိက္ခုနီမ နေရာ
၃။ အပျိုဟိုင်းကြီးများ အိမ်
၄။ ပဏ္ဍုက် အိမ်

၅။ အရက်သေစာ ရှောင်းသောဆိုင်
၆။ ပြည့်တန်ဆာအိမ်တို့ ဖြစ်၏။

ထိုခြောက်ရပ်ကို သင်္ကေတအားဖြင့် မူ-နီ-ဟိုင်း-ဒျက်၊ သေတင်းကုပ်၊ အယုတ်ပြည့်တန်ဆာဟု မှတ်သားထားကြ၏။

ဆေးမီးတို့ (ဆေးနည်းတို့) ကျမ်းများတွင် သွားနာဆေး ဖော်စပ်ရန်အတွက်

၁။ ကန့်ပလူမြစ်
၂။ ပရွတ်
၃။ ကျောက်ချဉ်
၄။ ငရုတ်ကောင်း
၅။ ဇာဒိပ္ဖိုလ်သီး
၆။ လေးညှင်း
၇။ ဒုတ္ထာ

ဟု ခုနစ်မျိုးရှိရာ ယင်းခုနစ်မျိုးကို အကျဉ်းချုပ်အားဖြင့် လူရွတ်-ကျောက်-ရုတ်-ဇာ-လေး-ဒုတ်ဟု မှတ်သားလေ့ ရှိကြ၏။

ဥပဒေကျောင်းသားများသည် ဥပဒေနှင့် ဆိုင်သော အရေးကြီးသည့် အချက်များကို မှတ်မိစေရန် အတွက် ထိုအချက်များ၏ ပဌမစာလုံးများကို စုစည်း၍ ဝါကျတိုများ ပြုလုပ်ကာ မှတ်သားလေ့ရှိကြသည်။ အထူးသဖြင့် အင်္ဂလိပ်အက္ခရာများကို ထိုနည်းဖြင့် မှတ်သားကြ၏။ မြန်မာနည်းဖြင့် မှတ်သား ကြသည်လည်း ရှိပါ၏။ ဥပမာအားဖြင့် ရာဇသတ်ကြီး ပုဒ်မ ၁၀၀ တွင် မိမိကိုယ်ကို ကာကွယ်ပိုင်ခွင့်နှင့် စပ်လျဉ်း၍ –

(၁) သေဘေးသို့ ရောက်စေခြင်း အတွက် စိုးရိမ် စေသည့် လက်ရောက်မှု၊

(၂) အပြင်းအထန် နာကျင်စေခြင်း အတွက် စိုးရိမ်စေသည့် လက်ရောက်မှု၊
(၃) မုဒိမ်းကျင့်ရန် အကြံနှင့် ကျူးလွန်သည့် လက်ရောက်မှု၊
(၄) မတရား မေထုန်ပြုရန် အကြံနှင့် ကျူးလွန်သည့် လက်ရောက်မှု၊
(၅) လူကိုခိုးရန် သို့မဟုတ် သွေးဆောင်ခေါ်ငင်ရန် အကြံနှင့် ကျူးလွန်သည့် လက်ရောက်မှု၊
(၆) အစိုးရမင်းထံ မတိုင်ရလေအောင် ချုပ်နှောင်ထားရန် အကြံနှင့် ကျူးလွန်သည့် လက်ရောက်မှုတို့တွင် အန္တရာယ်ပြုသူကို သေစေသည်အထိ ကာကွယ်ခုခံပိုင်ခွင့် ရှိသည် ဟု ဆိုလေသည်။

ထိုအချက် ခြောက်ချက်ကို သခေၤပနည်းအားဖြင့် "ကိုယ်ကိုကွယ်ကာ၊ သေ-နာ-မု-မေ၊ ခိုး-ချုပ်ပေ" ဟူ၍ မှတ်သားကြ၏။

ပစ္စည်းဥစ္စာကို ကာကွယ်ပိုင်ခွင့် ရှိခြင်းနှင့် စပ်လျဉ်း၍ ရာဇသတ်ကြီး ပုဒ်မ ၁၀၃ တွင် —

(၁) ဥစ္စာကို လုယက်လျှင်ရင်း
(၂) မိမိနေအိမ် သို့မဟုတ် မိမိနေသော လှေ- သမ္ဗန်- သင်္ဘောပေါ်သို့ ညဉ့်အခါနှိဖောက်ထွင်းတက်ရောက်လျှင်ရင်း
(၃) အိမ်နှင့်ပစ္စည်းတို့ကို မီးရှို့လျှင်ရင်း
(၄) အသက်သေမည် သို့မဟုတ် အပြင်းအထန် နာကျင်ခြင်းခံရမည်ဟု စိုးရိမ်ရသည့် ခိုးမှုကျူးလွန်လျှင်ရင်း၊ ကျူးလွန်သူကို သေသည်အထိ၊ ကာကွယ်ခုခံပိုင်ခွင့် ရှိသည်ဟု ဆိုထားသည်။

ထိုအချက်လေးခုကို "ဥစ္စာလုယက်၊ ညဉ့်အိမ်တက်၊ ဖောက်ဖျက်မီးရှို့ ခိုး" ဆိုသော အကျဉ်းသခေၤပအားဖြင့် မှတ်သားကြလေသည်။

ဂဏန်းသင်္ချာ၊ အက္ခရာသင်္ချာ စသော သင်္ချာဘာသာရပ်များ

တွင် ပါရှိသော ကိန်းသေပုံစံများ၊ စိန္တိတ ကထာများကိုမူ သဘော ကို နားလည်အောင် လေ့လာဖတ်ရှုရမည်။ ထို့နောက် ကိန်းသေနည်း ဖြစ်ပေါ် လာပုံကို လက်တွေ့ စမ်းသပ်ကြည့်ရမည်။ နောက်ဆုံးတွင်မှ ထိုကိန်းသေပုံစံကို လွယ်ကူစွာ ကျက်မှတ်နိုင်မည့် နည်းကို ရှာကြံ သင့်ပေသည်။

ဥပမာ-အက္ခရာအချို့ ဘာသာ၌ နှစ်ထပ်ကိန်းများကို သင်ကြား ရာတွင် (က + ခ) ၂ = က၂ + ၂ကခ + ခ၂ ဆိုသော ပုံသေနည်းကို နှုတ်တက် မကျက်မီ (က + ခ) ကို (က + ခ) နှင့် မြှောက်၍ ကြည့်သင့်ပါသည်။ ထို့နောက်တွင် အထက်၌ ဖော်ပြထားသော အ ဖြေကို အလွယ်တကူ မှတ်မိရန် ကြိုးစားရမည်။ အဖြေကို မှတ်ရန်ကား ပဌမ တွေ့သော က ကို နှစ်ထပ်ပြု၍ ရေးပါ။ ဒုတိယ တွေ့သော ခ ကို နှစ်ထပ်ပြု၍ ပဌမ ရေးထားသော က၂ နှင့် ခပ်ခွါခွါ ရေးထားပါ။ အလယ်တွင် ၂ကခ ကို ရေးပါ။ ထိုကိန်းသုံးခု အကြားတွင် အပေါင်း လက္ခဏာများ ထည့်ပါ။ အဘယ်ကြောင့်ဆိုသော် (က + ခ) နှင့် (က + ခ)အပေါင်းလက္ခဏာချင်း မြှောက်သဖြင့်အဖြေတွင် အပေါင်း လက္ခဏာချည်းရမည်ဆိုသော အချက်ကြောင့် ဖြစ်သည်။ ဤသို့ စဉ်း စား ဝေဖန်မှုစွက်၍ အဆင့်ဆင့် မှတ်သားလျှင် မှတ်မိရန် လွယ်ကူ စေ ပါသည်။

အဓိပ္ပါယ်မဲ့သော ကိန်းသေ ပုံစံများကိုအထက်နည်းအတိုင်း ဉာဏ် ကွန့်၍ မှတ်သားသင့်ပေသည်။ ဥပမာအားဖြင့် ဓာတုဗေဒ ဘာသာ တွင် ( 4 metaphosphoric acid molecule ) ဓာတ်ဆေး၏ ပုံသေ နည်းမှာ 4 H $PO_3$ ဖြစ်၏။ ထို ပုံသေနည်းကလေးကို အဓိပ္ပါယ် တနည်းနည်း ဖော်၍ ကျက်လျှင်ပို၍ လွယ်ကူပေမည်။ ထို့ကြောင့် 4 High Priests O! O! O! ဆိုသော စာတမ်းကလေးဖြင့် မှတ်သားလေ့ရှိကြသည်။

နိုင်ငံရေး ပညာနှင့် သမိုင်းပညာရပ်များကို သင်ကြားကြရာဝယ်၊ ၁၉ရာစုနှစ်အစတွင် ကမ္ဘာ အရပ်ရပ်မှ မတိုးတက် မဖွံ့ဖြိုးသေးသော နိုင်ငံကလေးများစွာကို အနောက်နိုင်ငံကြီး ခြောက်နိုင်ငံက သိမ်းပိုက်ထားပြီး ဖြစ်ကြောင်း သင်ကြားကြရ၏။ ထိုနယ်ချဲ့ နိုင်ငံများမှာ ဟောလန်၊ ပြင်သစ်၊ ပေါ်တူဂီ၊ အင်္ဂလန်၊ စပိန်နှင့် အမေရိကန် နိုင်ငံများ ဖြစ်ကြသည်ဆိုသော အချက်ကို မှတ်သားလိုသည် ဆိုကြပါစို့။ ယင်းနိုင်ငံကြီးများ၏အမည် ပဌမစာလုံးများကို အမျိုးမျိုးစီကြည့်ပါ။

H. Holland – ဟောလန်
S. Spain – စပိန်
F. France – ပြင်သစ်
A. America – အမေရိက
P. Portugal – ပေါ်တူဂီ
E. England – အင်္ဂလန်

တဖန် ထိုစာခြောက်လုံးကို အဓိပ္ပါယ် ထွက်သော အမည်တို့ဖြင့် ဖလှယ်ကြည့်ပါ။ ( High School Final APE ) ဆိုသော အမည်ဖြင့် လဲလှယ်ထားလျှင် ပိုမို၍ မှတ်သားရလွယ်ကူကြောင်း တွေ့ရပေလိမ့်မည်။

အထက်ပါ နမူနာများကို စံပြုကာ အထူးတလည် မှတ်သားရန် ပေါ်ပေါက်လာသည့်အခါတွင် ဉာဏ်သုံး၍ တီထွင်မှတ်သားကြစေလိုပါသည်။ ဤနည်းများမှာ မိမိသင်ယူလေ့လာရန်အတွက်သာ မဟုတ်ဘဲ၊ မိမိက တခြားသူများကို သင်ကြားပေးရန်အတွက် သော်၎င်း၊ ပရိသတ်ရှေ့တွင် စကားပြောရန်အတွက် မိန့်ခွန်းများကို စီစဉ်ရာ၌၎င်း အသုံးပြုနိုင်ပေသည်။

## အကျဉ်းချုပ်

၁။ စာကျက်သည့်အခါ ကြက်တူရွေး ကျက်နည်းမျိုး မကျက်ပါနှင့်၊ ဉာဏ်နှင့်ယှဉ်၍ ကျက်ပါ။ အာရုံစူးစိုက်၍ ကျက်ပါ။
၂။ စာတပုဒ်ကို ကျက်လျှင် ခွဲ၍ မကျက်ပါနှင့်။ တပေါင်းတလုံး တည်းကျက်ပါ။
၃။ စာတပုဒ်ကို ဆက်တိုက် မကျက်ဘဲ၊ နေနေနားနား အချိန်ခြား၍ ကျက်လိုက ကျက်နိုင်သည်။
၄။ အာဂုံရပြီးသား စာများကို မကြာခဏ ပြန်လည် နှလုံးသွင်းပါ။ ရွတ်ဆိုကြည့်ပါ။
၅။ စာဖတ်ရင်း မျက်စိထဲတွင် ထင်မြင်လာအောင် (ရုပ်ပုံ ဖော်၍ ရလျှင်) ရုပ်ပုံဖော်စဉ်းစားပါ။
၆။ နှုတ်တက်ကျက်ရန် မလိုသော စာများကို သဘောပေါက်အောင် ဖြည်းဖြည်းဖတ်ပါ။ စာတပုဒ် ဖတ်ပြီးလျှင် စာအုပ်ကို ခေတ္တပိတ်၍ အရေးကြီးသော အချက်များကို အစဉ်အလိုက် မေးခွန်းထုတ်၍ ဖြေဆိုကြည့်ပါ။
၇။ မိမိ ဖတ်ရှုထားသော အချက်အလက်များကို အခွင့်ရတိုင်း တဆင့် ဖောက်သည်ချပါ။
၈။ မှတ်သင့်သော အချက်များကို အကျဉ်းချုံး၍ မှတ်ပါ။ သင်္ကေတ၊ သင်္ချေပများ ပြုလုပ်၍ မှတ်သင့်က မှတ်ပါ။
၉။ ပုံသေနည်းများကို အရမကျက်မီ စမ်းသပ်ပြုလုပ်ကြည့်ပါ။
၁၀။ အဓိပ္ပါယ်မဲ့သော စာလုံးများကို အဓိပ္ပါယ် ထွက်အောင် ကြံဆောင်၍ မှတ်ပါ။

## အခန်း ၇

# နေ့ရက်များကိုမှတ်သားနည်း

### ဘယ်လက ဘယ်နေ့ကို သိချင်သလဲ

စာရေးသူသည် အထက်တန်းကျောင်းတွင် ပညာသင်ကြားနေစဉ် ၁၉၃၉ ခုနှစ်က ဖြစ်ပါသည်။ နွေရာသီ ကျောင်းပိတ်ရက် အတွင်း၌ ရန်ကုန်မြို့မှ ကောလိပ် ကျောင်းသားတဦး ကျွန်ုပ်တို့၏ မြို့သို့ရောက်ရှိလာပါသည်။ ထိုသူသည် ဗမာပြည်ပေါက် ကုလားလူမျိုးဖြစ်၍ သူ၏ အမည်မှာ မစ္စတာ တေဝါဒီ ဖြစ်ပါသည်။ သူ၏ ဖခင်မှာကျွန်ုပ်တို့ မြို့တွင် အထည်ဆိုင် ပိုင်ရှင်တဦး ဖြစ်လေသည်။ ထိုစဉ်ကကောလိပ် ကျောင်းသား (တက္ကသိုလ် ကျောင်းသား) ဆိုလျှင် သွားလေရာ လာလေရာ နေရာ တကာတွင် မျက်နှာပွင့်လန်းသော အချိန်ကာလ လည်း ဖြစ်လေသည်။

စာရေးသူနှင့်တကွ အခြား အထက်တန်းကျောင်းသား အချို့တို့ ပါ ထိုကောလိပ်ကျောင်းသား မစ္စတာ တေဝါဒီနှင့် အသိအကျွမ်း မ ဖြစ် ဖြစ်အောင် ကြိုးစား၍ မိတ်ဆွေဖွဲ့ခဲ့ကြလေသည်။ ကျောင်းသား စုစုမြင်လျှင် ထိုကုလားကလေး ပါသည်ချည်း ဖြစ်လေတော့သည်။ သူသည် မြန်မာစကားကို လည်လည်ပတ်ပတ် ပြောဆိုနိုင်သည့် အပြင် မိတ်ဆွေသင်္ဂဟများ ချစ်ခင်လေးစားအောင် ဆွဲဆောင်နိုင်စွမ်း ရှိသူ တဦးလည်း ဖြစ်၏။

သူသည် ကျွန်ုပ်တို့ ကျောင်းသားများအား ဖဲမျက်လှည့်ဟု ခေါ် သော ဖဲချပ်များကို အမျိုးမျိုး အဖုံဖုံ ပြသနိုင်သော လှည့်ကွက်ကလေး များကို ပြသပေးလေသည်။ သူ့ဆီမှာ သင်ယူထားသော လှည့်ကွက်

ကလေးများကို လူစုစုရှိရာ အလှူအတန်းများနှင့် မိတ်ကြီးဒွေးဒေါ် စသော ဆွေမျိုးဉာတိများရှေ့၌ ပြသကြသည်မှာ ကျွန်ုပ်တို့ လူငယ် ကျောင်းသားများ အဖို့ အထူးကျေနပ် ဝမ်းမြောက်ဖွယ်ရာ ဖြစ်လေ သည်။

တနေ့သော် တေဝါဒီနှင့် ကျွန်ုပ်တို့ လူစုလက်ဖက်ရည်ဆိုင်တဆိုင် သို့ ရောက်ရှိသွားပြီးနောက် သေရာလေးပါး စကားပြောကြရင်း၊ "ကိုင်းဗျာ၊ ခင်ဗျားတို့ ဟိုပြက္ခဒိန်ထဲက ရက်တရက်ကို ပြော၊ ကျွန် တော်က အဲဒီရက်ဟာ ဘယ်နေ့ ဆိုဒါ ပြောမယ်" ဟု မစ္စတာတေဝါဒီ က ဆိုင်တွင် ဆွဲချိတ်ထားသော ပြက္ခဒိန်ကို လက်ညှိုးညွှန်ကာ ပြော လိုက်သည်။

အနီးရှိ လူတယောက်က "ခင်ဗျား တကယ်ပြောနိုင်ပါ့မလား၊ ဟုတ်မှလဲ လုပ်ပါကိုယ့်လူ" ဟု ရယ်သွမ်းသွေးပြောလိုက်ပါသည်။

"ကျွန်တော် မဖြေနိုင်ယင် ဒီဆိုင်ထဲမှာ ရောက်နေတဲ့ လူတွေအား လုံးကို လက်ဖက်ရည်တိုက်မယ်။ ဖြေနိုင်ယင် ခင်ဗျားက ဒီလူတွေကို လက်ဖက်ရည် တိုက်ရမယ်၊ ဟုတ်လား"

ကုလားကျောင်းသား တေဝါဒီက စိမ်ခေါ် လိုက်သည်။

"ကောင်းပြီ စိမ်လိုက်" ဟု ပြန်ပြောရင်း ထိုသူသည် အနီးရှိ ၁၉၃၉ ခုနှစ် ပြက္ခဒိန်ကို ဆွဲယူကာ "မေလ ၂ ရက်နေ့ဗျာ" ဟု ဆိုလိုက်၏။

မစ္စတာ တေဝါဒီက ခေတ္တမျှ စဉ်းစားပြီးလျှင် "အင်္ဂါနေ့ဗျ" ဟု ဖြေလိုက်၏။

ဆိုင်ရှိ လူအားလုံးတို့ ဝိုင်းအုံကြည့်ကြရာ ဟုတ်မှန်နေကြောင်းကို တွေ့ရလေသည်။ တဖန် ဆက်လက်၍ "ဒီဇင်ဘာလ ၇ ရက်နေ့" ဟု ဆိုလိုက်ပြန်၏။

မစ္စတာ တေဝါဒီက ထုံးစံအတိုင်း ခေတ္တမျှ လက်ချိုးရေတွက်ပြီး နောက် "ကြာသပတေးဗျ" ဟု ဖြေလိုက်ပြန်သည်။

သို့မှန်ကန်သဖြင့် စာရေးသူနှင့်တကွ ဆိုင်တွင်းရှိသူ အားလုံးတို့ကို မစ္စတာတေဝါဒီနှင့် အလောင်းအစား ပြုသူက တကာခံ၍ တိုက်ကျွေးလိုက်ရလေသည်။

စာရေးသူနှင့်တကွ ဆိုင်တွင်းရှိ ပုဂ္ဂိုလ်အားလုံးတို့ပင် တေဝါဒီ၏ မှတ်ဉာဏ်ကောင်းပုံကို အံ့သြချီးကျူးကြရလေသည်။ မစ္စတာ တေဝါဒီသည် ရုတ်တရက် ရန်ကုန်သို့ ပြန်သွားသဖြင့် ထိုပညာကို ကျွန်ုပ်တို့ မရရှိလိုက်ပေ။

စာရေးသူသည် မစ္စတာ တေဝါဒီ၏ ပြက္ခဒိန် ရက်တွက်ပုံကို အနည်းနည်း အဖုံဖုံ ကြံဆကြည့်ပါသည်။ သို့ရာတွင် ထိုစဉ်က မည်သို့မျှ လမ်းစမပေါ်ခဲ့ပါ။ မှတ်ဉာဏ် ထက်သန်စေနည်း စာအုပ်များကို လေ့လာသည့်အခါမှ လှည့်ကွက်ဆန်လှသော အဆိုပါ တွက်ချက်နည်းကို သိရှိရပါတော့သည်။

ဆယ့်နှစ်လအတွင်းရှိ နေ့တနေ့၏ ရက်ကို သိရှိရန် မခဲယဉ်းပါ။ ရှေးဦးစွာ သိရှိထားရမည့် အချက်မှာ ထို ၁၂ လ မှ လဆန်း တရက်၏ နေ့များကို ကျက်မှတ်ထားရန်ပင် ဖြစ်၏။ ထို ၁၂ နေ့ကို သိရှိထားခြင်းဖြင့် ထိုနှစ်အတွင်းရှိ မိမိအလိုရှိသော ရက်တို့ကို နေ့အဖြစ်ဟောနိုင်ပေတော့သည်။

၁၉၆၂ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ လဆန်း တရက်နေ့များကို ကောက်ယူလျှင် အောက်ပါအတိုင်း ရရှိပေမည်။

၁၉၆၂ ခုနှစ်

| | | | |
|---|---|---|---|
| ဇန်နဝါရီလ | ၁ ရက်၊ | တနင်္လာ | ၂ |
| ဖေဖော်ဝါရီလ | ၁ ရက်၊ | ကြာသပတေး | ၅ |
| မတ်လ | ၁ ရက်၊ | ကြာသပတေး | ၅ |
| ဧပြီလ | ၁ ရက်၊ | တနင်္ဂနွေ | ၁ |

| | | | |
|---|---|---|---|
| မေလ | ၁ ရက်၊ | အင်္ဂါ | ၃ |
| ဇွန်လ | ၁ ရက်၊ | သောကြာ | ၆ |
| ဇူလိုင်လ | ၁ ရက်၊ | တနင်္ဂနွေ | ၁ |
| ဩဂုတ်လ | ၁ ရက်၊ | ဗုဒ္ဓဟူး | ၄ |
| စက်တင်ဘာလ | ၁ ရက်၊ | စနေ | ၇ |
| အောက်တိုဘာလ | ၁ ရက်၊ | တနင်္လာ | ၂ |
| နိုဝင်ဘာလ | ၁ ရက်၊ | ကြာသပတေး | ၅ |
| ဒီဇင်ဘာလ | ၁ ရက်၊ | စနေ | ၇ |

အထက်တွင် ဖော်ပြထားသည့်အတိုင်း နေ့များကို ဂဏန်းဖြင့် လဲလှယ်ထားသည်ကို တွေ့မြင်ရပေလိမ့်မည်။ ထိုဂဏန်း ၁၂ လုံးကို အလွယ်တကူ မှတ်မိစေရန် အောက်ပါအတိုင်း သီတံ ဆောင်ပုဒ်ကလေး ပြုလုပ်ထားပါသည်။

ကို မင်း မောင်၊ အောင် စေ သား
၂ ၅ ၅ ၊ ၁ ၃ ၆
အား ယူ ထိုင်၊ ကိုင် ပေါ့ ခါး။ ။
၁ ၄ ၇၊ ၂ ၅ ၇

၁၉၆၂ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်သည် ဘယ်နေ့ ဖြစ်ကြောင်း သိလိုသည် ဆိုကြပါစို့။ အထက်ပါ ဆောင်ပုဒ်အရ နိုဝင်ဘာ ၁ ရက် နေ့သည် ကြာသပတေးဖြစ်ကြောင်း သိရ၏။ ထို့ကြောင့် နိုဝင်ဘာ ၈ ရက်နေ့သည် ကြာသပတေး၊ ၁၅ ရက်နေ့ သည်လည်း ကြာသပတေး ဖြစ်၏။ ၁၅ ရက်နေ့မှ ၁၈ ရက်နေ့အထိ ရေတွက် ကြည့်လိုက်လျှင် ၁၈ ရက်နေ့သည် တနင်္ဂနွေနေ့ ဖြစ်ကြောင်းကို သိနိုင်ပေ၏။

ယခုဖော်ပြခဲ့သော နည်းထက် လွယ်ကူသည့် ကိန်းသေနည်းတခု ရှိပါသေးသည်။

၁၉၆၂ ခု နိုဝင်ဘာလ ၁၈ ရက်နေ့ကို သိရှိရန်အတွက် အထက်ပါ

ဆောင်ပုဒ်ကလေးကို ရွတ်ဆိုကြည့်လျှင် နိုဝင်ဘာလ ၁ ရက်နေ့သည် ကြာသပတေး (၅ ဂဏန်း) ဖြစ်၏။ ထို ၅ တွင် ၁ ကို နုတ်ပါ။ ထို့နောက် သိလိုသော ၁၈ နှင့် ပေါင်းပါ။ ၇ နှင့်စားပါ။ အကြွင်းမှာ သိလိုသော နေ့၏ ဂဏန်းဖြစ်၏။

(ပေါ့) ၅ (ကြာသပတေး) နိုဝင်ဘာလဆန်း ၁ ရက် နေ့
− ၁ နုတ်ရန်
၄
+ ၁၈ ပေါင်းရန်
၇) ၂၂ (၃
၂၁
၁ ကြွင်းသဖြင့် တနင်္ဂနွေနေ့ ဖြစ်၏။

ကြာသပတေးနေ့ (၅ ဂဏန်း) မှ အဘယ့်ကြောင့် ၁ ဂဏန်းကို နုတ်ရကြောင်းကို ဖော်ပြလိုပါသည်။ ရက်သတ္တပတ်လျှင် ခုနစ်ရက်စီ ရှိကြစမြဲ ဖြစ်၏။ အကယ်၍ လဆန်း ၁ ရက်နေ့သည် တနင်္ဂနွေ နေ့ ဖြစ်လျှင်၊ လဆန်း ၈ ရက်၊ လဆန်း ၁၅ ရက်၊ လဆန်း ၂၂ ရက်နှင့် ၂၉ ရက်နေ့များသည် တနင်္ဂနွေများ ဖြစ်နေကြပေလိမ့်မည်။ နောက်ဆုံး တနင်္ဂနွေနေ့ကျရောက်သော နေ့သည် ၂၈ ရက်နေ့ မြောက်သော နေ့မဟုတ်ဘဲ ၂၉ ရက်မြောက်သော နေ့ဖြစ်နေသည်ကို တွေ့ရပေလိမ့်မည်။ ထို့ကြောင့် လေးသီတင်းတွင် တရက်ပိုနေသည်ဟု ဆိုရချေမည်။ ဤသို့ ဖြစ်ရခြင်းမှာ လဆန်းတရက် (တနင်္ဂနွေနေ့) မှနောက် တပတ် တနင်္ဂနွေနေ့သည် ၈ ရက် မြောက်သောနေ့ ဖြစ်နေသော ကြောင့်ပေတည်း။ ထို့ကြောင့် ရက်များကို နေ့အဖြစ်သို့ ပြောင်းလဲ တွက်ယူသည့်အခါ၊ လဆန်း ၁ ရက် ကျသောနေ့မှ တရက်နောက်

သို့ ဆုတ်၍ တွက်ယူရပါသည်။ သို့ဖြင့် ကြာသပတေး (၅ ဂဏန်း) မှ တစ်ဂဏန်း နုတ်ပစ်ရခြင်း ဖြစ်၏။

၁၉၆၃ ခုနှစ်အတွင်းရှိ ရက်တို့၏ နေ့များကို သိလိုလျှင် အထက်နည်းအတိုင်း လဆန်း တရက်၏ နေ့များကို မှတ်ထားရန် လိုသည်။ ၁၉၆၃ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ လဆန်း ၁ ရက်နေ့များကို အစဉ်အလိုက် ကောက်ယူလျှင် အောက်ပါအတိုင်း ရရှိပေသည်။

၁၉၆၃ ခုနှစ်

| | | |
|---|---|---|
| ဇန္နဝါရီ လဆန်း | ၁ ရက်၊ အင်္ဂါ | ၃ |
| ဖေဖော်ဝါရီလ လဆန်း | ၁ ရက်၊ သောကြာ | ၆ |
| မတ် လဆန်း | ၁ ရက်၊ သောကြာ | ၆ |
| ဧပြီ လဆန်း | ၁ ရက်၊ တနင်္လာ | ၂ |
| မေ လဆန်း | ၁ ရက်၊ ဗုဒ္ဓဟူး | ၄ |
| ဇွန် လဆန်း | ၁ ရက်၊ စနေ | ၇ |
| ဇူလိုင် လဆန်း | ၁ ရက်၊ တနင်္လာ | ၂ |
| ဩဂုတ် လဆန်း | ၁ ရက်၊ ကြာသပတေး | ၅ |
| စက်တင်ဘာ လဆန်း | ၁ ရက်၊ တနင်္ဂနွေ | ၁ |
| အောက်တိုဘာ လဆန်း | ၁ ရက်၊ အင်္ဂါ | ၃ |
| နိုဝင်ဘာ လဆန်း | ၁ ရက်၊ သောကြာ | ၆ |
| ဒီဇင်ဘာ လဆန်း | ၁ ရက်၊ တနင်္ဂနွေ | ၁ |

ထိုဂဏန်း ၁၂ လုံးကို အောက်ပါ ဆောင်ပုဒ် ကလေးဖြင့် မှတ်သားထားနိုင်ပါ၏။

ဈေး သွား သော်၊ ခေါ် လို့ ထား
၃ ၆ ၆ ၊ ၂ ၄ ၇

ကား ပါ အောင်၊ ဆောင် သည့် အား။ ။
၂ ၅ ၁ ၊ ၃ ၆ ၁

၁၉၆၃ ခု ဇွန်လ ၁၅ ရက်သည် ဘယ်နေ့ဖြစ်ကြောင်း သိလိုလျှင် အောက်ပါအတိုင်း တွက်ရ၏။

(ထား) ၇ ဇွန်လဆန်း တရက် (စနေနေ့)
− ၁
၆
+ ၁၅ ဇွန်လ ၁၅ ရက်နေ့
၇) ၂၁ (၃
၂၁
. ၀

သုညကြွင်းသဖြင့် စနေနေ့ဖြစ်ကြောင်း အလွယ်တကူ သိရှိနိုင်ပေသည်။ ၀ ကြွင်းခြင်းနှင့် ၇ ကြွင်းခြင်းမှာ အတူတူပင်ဖြစ်ပါသည်။

ဤကိန်းသေ တွက်ပုံနည်းအရ ၁၉၆၃ ခုနှစ်အတွင်းရှိ မည်သည့်ရက်ကိုမဆို တွက်ချက်ရရှိနိုင်ပါသည်။

၁၉၆၆ ခုနှစ်အတွင်းရှိ ရက်များကို သိရှိနိုင်ရန်အတွက် ထိုနှစ်အတွင်းရှိ လဆန်းတရက် နေ့များကို မှတ်ထားရန် လိုပါသည်။ ထိုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ လဆန်း ၁ ရက်နေ့များကို နေ့အလိုက် ဂဏန်းဖြင့် ကောက်ယူလိုက်လျှင် အောက်ပါအတိုင်း ရရှိပါသည်။

၇၃၃၆၁၄၆၂၅၇၃၅

တဖန် ထိုဂဏန်း ၁၂ လုံးကို အောက်ပါ သံပေါက် ကလေးဖြင့် မှတ်သားထားပါ။

"တင်ညိမ်းစိုးဟန်၊ အယူသန်၊ ကိုဖန် တို့စားဖက်"

၁၉၆၆ ခု ဒီဇင်ဘာလ ၂၅ ရက်သည် မည်သည့်နေ့ ဖြစ်ကြောင်း သိလိုသျှင် အောက်ပါအတိုင်း တွက်ရ၏။

(ဖက်) ၅ ဒီဇင်ဘာလ တရက်နေ့ (ကြာသပတေး)

− ၁

၄

\+ ၂၅ ဒီဇင်ဘာလ ၂၅ ရက် (သိလိုသောရက်)

၇) ၂၉ (၄

၂၈

၁ ကြွင်း

၁ ကြွင်းသဖြင့် ၁၉၆၆ ခု ဒီဇင်ဘာလ ၂၅ ရက်နေ့သည် တနင်္ဂနွေနေ့ ဖြစ်ကြောင်း အလွယ်တကူ သိရှိနိုင်ပေသည်။

၁၉၆၇ ခုနှစ်အတွင်းရှိ ရက်တို့၏ နေ့များကို သိလိုလျှင်၊ ထိုနှစ်အတွင်းရှိ လဆန်းတရက်နေ့များကို မှတ်သားထားရန် လိုပါသည်။ ထိုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ လဆန်း ၁ ရက်နေ့များကို နေ့အလိုက် ဂဏန်းဖြင့် ကောက်ယူလိုက်လျှင် အောက်ပါအတိုင်း ရရှိပါသည်။

၁၄၄၇၂၅၇၃၆၁၄၆

တဖန် ထိုဂဏန်း ၁၂လုံးကို အောက်ပါ ဆောင်ပုဒ်ကလေးတခုခုဖြင့် မှတ်သားထားနိုင်ပါသည်။

အောင် လုံ လူ၊ ထူ ကြ ပြီ၊

၁ ၄ ၄၊ ၇ ၂ ၅

တို့စစ် သား၊ အား ယူ သည်။

၇ ၃ ၆ ၊ ၁ ၄ ၆

အ လည် လာ၊ တယ် ကြာ မေ့၊
၁ ၄ ၄ ၊ ၇ ၂ ၅
တင် စိုး သောက်၊ အိုး လောက် ယော့။
၇ ၃ ၆ ၊ ၁ ၄ ၆

---

အောင် လင်း လှ ဒင်၊ ခင် မောင် တင်၊
၁ ၄ ၄ ၇ ၊ ၂ ၅ ၇
စံ သင် အော် လို့ ဟစ်။
၃ ၆ ၁ ၄ ၆၊

၁၉၆၇ ခု ဇူလိုင်လ ၁၉ ရက်သည် ဘယ်နေ့ဖြစ်ကြောင်း သိလိုလျှင် အောက်ပါအတိုင်းတွက်ရ၏။

(တို့) ၇ ဇူလိုင်လဆန်းတရက် (စနေနေ့)
− ၁
၆
+ ၁၉ ဇူလိုင်လ ၁၉ ရက်
၇) ၂၅ (၃
၂၁
၄ ကြွင်း

၄ ကြွင်းသဖြင့် ၁၉၆၇ ခု ဇူလိုင်လ ၁၉ ရက်နေ့သည် ဗုဒ္ဓဟူးနေ့ ဖြစ်ကြောင်း အလွယ်တကူသိရှိနိုင်ပေသည်။

ဤနည်းကို နှစ်ပေါင်းများစွာ အတွက် စီစဉ်အသုံးပြုရန် မတိုက်တွန်းလိုပါ။ လက်ရှိ အသုံးပြုနေသော တနှစ်အတွက်သာ စီစဉ် မှတ်သားထားပါမူ ပြက္ခဒိန်များ အလွယ်တကူ မရနိုင်သည့်အခါ ဖြစ်စေ

မီးရထား၊ မီးသင်္ဘောများဖြင့် ခရီး သွားလာနေသည့် အခါဖြစ်စေ၊ နေ့ရက်များကို အလွယ်တကူ တွက်ချက်ယူနိုင်ပေမည်။ အချို့ ပုဂ္ဂိုလ်တို့သည် အထက်၌ ပြခဲ့သော လဆန်း ၁ ရက်နေ့များအစား ၁၂ လ အတွင်း လအစတွင် ပဌမဆုံး တွေ့သော တနင်္ဂနွေနေ့များကို မှတ်သား ထားပြီးလျှင် မိမိလိုရာ ရက်များကို တွက်ချက်ယူတတ်ကြလေသည်။

မြန်မာနေ့ရက်များကို အလွယ်တကူ သိရှိရန် အတွက် ရှေးပညာရှိ အများပင် ကြံစည် တီထွင်ခဲ့ကြပါသည်။ ထိုနည်းမှာ မြန်မာ နှစ်ဆန်း ၁ ရက်နေ့များကို ဆောင်ပုဒ်လင်္ကာ လုပ်၍ မှတ်သားရ၏။ တဖန် နှစ်ဆန်း နေ့များကို မှီး၍ လဆန်းသော နေ့များကို တွက်ယူရပြန်၏။ လဆန်းသော နေ့ကို သိလျှင် ကျန်နေ့များကို သိရန် လွယ်ကူပါတော့သည်။

မန္တလေးမြို့မှ ကွယ်လွန်သူ အငြိမ်းစား ပညာအုပ် ဦးကျော်ရန်သည် ထိုစနစ်ကိုသုံး၍ ၁၉ ရာစုအတွက် အင်္ဂလိပ် မြန်မာ လက်ချိုး ပြက္ခဒိန်တွက်ပုံ စာအုပ်ကို ရေးသား ထုတ်ဝေခဲ့ဘူးပါသည်။ အင်္ဂလိပ် ပြက္ခဒိန်-ဝါ-ကမ္ဘာသုံးပြက္ခဒိန် နှစ်ပေါင်း၁၀၀ (၂၀ ရာစု) အတွက်ကို အလွယ်တကူ တွက်ချက်ယူနိုင်ရန် အတွက် ရှေ့လာမည့် အခန်းတွင် ထည့်သွင်း၍ ဖော်ပြပါဦးမည်။

## လေ့ကျင့်ခန်းများ

၁။ အောက်ပါ ရက်များကို နေ့တွက်ပြပါ။

(က) ၁၉၆၁-ခု ဇွန်လ ၁ ရက်

(ခ) ၁၉၆၁-ခု အောက်တိုဘာလ ၄ ရက်

၂။ (က) ၁၉၆၅ ခုနှစ်အတွင်း လဆန်းတရက်နေ့များကို မှတ်မိလွယ်အောင် မည်သို့မည်ပုံ ရေးသားထားမည်နည်း။

(ခ) ၁၉၆၆-ခုနှစ် ဧပြီလ ၁၃ ရက်သည် မည်သည့်နေ့ ဖြစ်သနည်း

၃။ (က) ၁၉၆၆-ခုနှစ် ပြက္ခဒိန်ကိုသာ ကြည့်ရှု၍ (၁၉၆၇-ခုနှစ် ပြက္ခဒိန်ကိုမကြည့်ဘဲ) ၁၉၆၇-ခုနှစ် မတ်လ ၂၇ ရက်သည် မည်သည့်နေ့ ကျရောက်မည်ကို တွက်ကြည့်ပါ။

(ခ) ၁၉၆၈-ခုနှစ် ပြက္ခဒိန်ကို ကြည့်ရှုပြီးနောက် ထိုနှစ်အတွင်းလဆန်းတရက်နေ့များကို မှတ်မိလွယ်အောင် ရေးသားပါ။

၄။ ၁၉၆၇ ခုနှစ် အောက်တိုဘာလ ၁၀ ရက်သည် မည်သည့်နေ့ကျရောက်မည်ကို လဆန်းတရက်နေ့ မှတ်သောနည်းနှင့် နှစ်တရာပြက္ခဒိန်တွက်သော နည်းတို့ဖြင့်ရှာပါ။

## အခန်း ၈

# နှစ်တရာ ပြက္ခဒိန်

နှစ်တရာ ပြက္ခဒိန် တွက်ချက်နည်းကို မဖော်ပြမီ ပြက္ခဒိန် အကြောင်း သိကောင်းစရာ အချက်များကို ရှေးဦးစွာဖော်ပြပါမည်။

ကမ္ဘာပေါ်တွင် လူသတ္တဝါများသည် မည်သည့် နေ့တွင် စတင်ပေါ်ပေါက်လာကြောင်းကို မသိနိုင်သကဲ့သို့ နေ့ရက်များကိုလည်း မည်သူက မည်သည့် အချိန်က ရှေးဦးစွာ စတင်ရေတွက်ခဲ့ကြောင်းကို မသိနိုင်ချေ။ သို့သော် ပညာရှင်များ သုတေသနပြုချက်အရ၊ ခရစ်တော်မဖွားမီ နှစ်ပေါင်း ၄၂၄၁ နှစ်ခန့်က အေဂျစ်လူမျိုးတို့သည် နှစ်၊ လ၊ ရက်တို့ကို စတင်ရေတွက်လာခဲ့ကြောင်း တွေ့ရှိကြလေသည်။ သို့သော် ထိုခုနှစ်သက္ကရာဇ်ကို ယနေ့တိုင် တသမတ်တည်း ဆက်လက်ရေတွက်လာခဲ့ကြသည် မဟုတ်ပေ။ တန်ခိုးကြီးသော မင်းများ၊ ရဟန်းများသည် မိမိတို့ အလိုကျ ပြက္ခဒိန်ကို ပြင်ဆင်လာခဲ့ကြလေသည်။

ရောမနိုင်ငံကို အုပ်စိုးခဲ့သော ဂျူလီယပ်ဆီဇာ ဘုရင်ကြီးသည် ရှေးအထက်က အသုံးပြုလာခဲ့သော ပြက္ခဒိန်ကို ပြုပြင်ပြောင်းလဲ၍ ပြက္ခဒိန်အသစ်ကို ထွင်ခဲ့သည်။ ထိုပြက္ခဒိန်ကို ဂျူလီယန် ပြက္ခဒိန်[၁] ဟုခေါ်သည်။ ယင်းပြက္ခဒိန်အရ ရေတွက် လာခဲ့ပြန်ရာ ၁၅၈၂ ခုနှစ်သို့ ရောက်သောအခါ ၁၃ ဆက်မြောက် ရောမရဟန်းမင်းကြီး ဂရက်ဂရီ[၂] က ထပ်မံပြင်ဆင်လိုက်ပြန်သည်။ ပြင်ဆင်ပုံမှာ ၁၅၈၂ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်နေ့သည် ကြာသပတေးနေ့ ဖြစ်၏။ နောက်တနေ့သည်

---

၁ ။ Julian Calendar

၂ ။ Pope Gregory XIII

အောက်တိုဘာလ ၅ ရက်နေ့ ဖြစ်ရမည့်အစား၊ အောက်တိုဘာလ ၁၅ ရက် သောကြာနေ့ဟု ရေတွက် လာခဲ့ခြင်း ဖြစ်သည်။

ယခုကျွန်ုပ်တို့ သုံးစွဲနေသော အင်္ဂလိပ် ပြက္ခဒိန်ဟု အများခေါ်ဝေါ်လေ့ရှိသည့် ပြက္ခဒိန်မှာ ဤဂရက်ဂရီယန် ပြက္ခဒိန်ပင် ဖြစ်၏။ ဤပြက္ခဒိန်ကို ကမ္ဘာ့ နိုင်ငံအသီးသီးတို့ကပင် ရုံးသုံးအဖြစ် လက်ခံကြသဖြင့် ကမ္ဘာသုံး ပြက္ခဒိန်ဟုလည်း ခေါ်တွင်လျက်ရှိသည်။

ဤပြက္ခဒိန်မှတပါး ကျွန်ုပ်တို့ မြန်မာလူမျိုးများအဖို့ မြန်မာပြက္ခဒိန် ရှိသကဲ့သို့ ဟိန္ဒူပြက္ခဒိန်၊ မူဆလင် ပြက္ခဒိန်၊ ဂျူးပြက္ခဒိန်၊ တရုတ်ပြက္ခဒိန် စသည်ဖြင့် လူမျိုး အသီးသီးတို့၌ မိမိတို့ ဆိုင်ရာ ပြက္ခဒိန်များ ရှိကြပေသေးသည်။

ယခုဖော်ပြလတ္တံ့သော ပြက္ခဒိန်အကြောင်း သိကောင်းစရာ အချက်များမှာ ဂရက်ဂရီယန် ပြက္ခဒိန်ခေါ် (ကမ္ဘာသုံး ပြက္ခဒိန်) ခရစ်နှစ် အကြောင်းများပင် ဖြစ်ပါသည်။

## လ၏ ရက်များ

တနှစ်တွင် ၁၂ လရှိရာ တလစီရှိရက်များကို အောက်ပါ အတိုင်း သိနိုင်ပါသည်။

| | |
|---|---|
| ဇန္နဝါရီလ | ၃၁ ရက် |
| ဖေဖော်ဝါရီလ | ၂၈ ရက် (ရက်ထပ်လျှင် ၂၉) |
| မတ်လ | ၃၁ ရက် |
| ဧပြီလ | ၃၀ ရက် |
| မေလ | ၃၁ ရက် |
| ဇွန်လ | ၃၀ ရက် |
| ဇူလိုင်လ | ၃၁ ရက် |
| ဩဂုတ်လ | ၃၁ ရက် |

| | |
|---|---|
| စကာတင်ဘာလ | ၃၀ ရက် |
| အောက်တိုဘာလ | ၃၁ ရက် |
| နိုဝင်ဘာလ | ၃၀ ရက် |
| ဒီဇင်ဘာလ | ၃၁ ရက် |

အောက်ပါ ဆောင်ပုဒ်ကလေးကို ကျက်ထားပါက မှတ်သားရန် ပိုမိုလွယ်ကူ ပါသည်။

**ဆောင်ပုဒ်**

ရက်သုံးဆယ်မှာ၊ စက်ဘင်ဘာ
ပြေ၊ ဇွန်နှင့် နိုဝင်ဘာ
ကျန်လများမှာ သုံးဆယ့်တစ်
ဖေဖော်ဝါရီ နှစ်ဆယ့်ရှစ်
လေးနှစ်တကြိမ်၊ တစ်ကိုတိုး
ဖေဖော်ဝါရီ နှစ်ဆယ့်ကိုး

**ရက်ထပ်နှစ်ကိုသိရန်**

ကမ္ဘာသုံး ပြက္ခဒိန်တွင် လေးနှစ်လျှင် တကြိမ် ရက်ထပ် နှစ်များကို တွေ့ရ၏။ သက္ကရာဇ်တခုသည် ရက်ထပ်နှစ် ဟုတ်မဟုတ်ကိုသိရန်မှာ ထိုသက္ကရာဇ်ကို ၄ ဖြင့်စား၍ ပြတ်လျှင်၊ ရက်ထပ်သောနှစ်ဟု မှတ်ယူရမည်။ ၄ ဖြင့်စား၍ မပြတ်လျှင် ရိုးရိုးနှစ်ဟု မှတ်ယူရမည်။ သို့သော် ၁၆၀၀ ပြည့်၊ ၁၇၀၀ ပြည့်၊ ၁၈၀၀ ပြည့်၊ ၁၉၀၀ ပြည့် စသော ရာပြည့်နှစ်များကိုမူ ၄၀၀ ဖြင့် စားကြည့်ရမည်။ ၄၀၀ ဖြင့် စား၍ ပြတ်လျှင် ရက်ထပ်သောနှစ် ဖြစ်၏။ ၄၀၀ ဖြင့်စား၍ အကြွင်း ကျန်နေလျှင် ရက်မထပ်သောနှစ် ဖြစ်၏။

ထို့ကြောင့် ၁၆၀၀ ပြည့် နှစ်သည် ရက်ထပ်သောနှစ် ဖြစ်၏။ သို့သော် ၁၇၀၀၊ ၁၈၀၀ နှင့် ၁၉၀၀ ပြည့် နှစ်များသည် ရက်ထပ်သော နှစ်များ မဟုတ်ချေ။

ရက်ထပ်သောနှစ်တွင် ဖေဖော်ဝါရီလတွင် တရက်တိုးကာ ၂၈ ရက် အစား ၂၉ ရက်အထိ ရေတွက်ရသည်။

ထို့ကြောင့် ရိုးရိုးနှစ်များတွင် တနှစ်လျှင် ၅၂ သီတင်းနှင့် ၁ ရက် တိတိရှိ၏။ ရက်ထပ်သော နှစ်များတွင် ၅၂ သီတင်းနှင့် နှစ်ရက်ရှိ၏။

## နေ့တူ ရက်တူများ

ပြက္ခဒိန်နှင့် ပတ်သက်၍ အခြား သိကောင်းစရာ အချက်များ ရှိပါသေးသည်။ စာဖတ်သူ အဆွေ ကျေးဇူးပြု၍ ပြက္ခဒိန်တခုကို ရှေ့တွင်ချ၍ ခေတ္တ လေ့လာကြည့်ပါ။ ရက်တရက်ထဲသို့ ၇ ဂဏန်းကိုပေါင်း ထည့်သည် ဖြစ်စေ၊ ထိုရက်ထဲမှ ၇ ဂဏန်းကို နုတ်လိုက်သည် ဖြစ်စေ၊ ရက်သာကွာခြား၍ သွားသော်လည်း နေ့မပြောင်းကြောင်းကို တွေ့ရပေလိမ့်မည်။ထို့ကြောင့် ၁ ရက် ၈ ရက် ၁၅ ရက် ၂၂ ရက်နှင့် ၂၉ တို့မှာ ရက်ပင်ခြားနားသော်လည်း နေ့အတူတူ ဖြစ်ကြောင်း သိနိုင်ပေသည်။ ဤအချက်ကို သိရှိထားလျှင် နေ့ရက်များ တွက်ရာ၌ လွယ်ကူပါသည်။

တဖန် အဆွေ ကြည့်နေသော နှစ်သည် ရက်မထပ်သော နှစ်ဖြစ်ပါမူ၊ (ဥပမာ ၁၉၆၆၊ ၁၉၆၇ ဖြစ်ပါမူ) ဖေဖော်ဝါရီလနှင့် မတ်လ တို့သည် ၂၈ ရက်နေ့အထိ နေ့ရောရက်ပါ ထပ်တူ ထပ်မျှ ဖြစ်နေသည်ကို တွေ့ရပေလိမ့်မည်။ ဤသို့တွေ့ရသည်မှာ အခြားကြောင့် မဟုတ်ပါ။ဖေဖော်ဝါရီလတွင် ၂၈ ရက်၊ လေးသီတင်းတိတိ ရှိနေသဖြင့် နောက်ထပ်ဆက် လက်လာသော လေးသီတင်းအထိ နေ့တူရက်တူများ အတိုင်း ဆက်သွားခြင်းကြောင့် ဖြစ်ပေသည်။ အထက်၌ ဆိုခဲ့သည့် ခုနှစ်ရက်တိုး သွားသော စံနမူနာကြောင့်ပင် ဖြစ်၏။

## နှစ်ဆန်းနှင့် နှစ်ဆုံး

အဆွေ ယခု ကြည့်နေသော ပြက္ခဒိန်မှ ဇန်နဝါရီလ တရက်နေ့ကို ကြည့်ပါ။ အဆွေကြည့်နေသော နှစ်သည် ရက်မထပ်သော နှစ် (ဥပမာ ၁၉၆၅၊ ၁၉၆၆၊ ၁၉၆၇) ဖြစ်ပါမူ ထိုနှစ် ဇန်နဝါရီလ တရက် သည် ဒီဇင်ဘာလ ၃၁ ရက် နှင့် နေ့ချင်းတူနေပေလိမ့်မည်။ ဆိုလိုရင်းမှာ အကယ်၍ နှစ်ဆန်း ၁ ရက်နေ့သည် တနင်္လာနေ့ဖြစ်နေလျှင် နှစ်ကုန်သည့် နေ့သည်လည်း တနင်္လာနေ့ ဖြစ်နေသည်ကို တွေ့ရပေလိမ့်မည်။

သို့သော် အဆွေ ကြည့်နေသော နှစ်သည် ရက်ထပ်သော နှစ်ဖြစ်ပါမူ နှစ်ကုန်ဆုံးသော နေ့သည် နှစ်ဆန်းသောနေ့ မဟုတ်ဘဲ နောက်တနေ့တွင် ကျရောက်နေပေလိမ့်မည်။ ဥပမာအားဖြင့် ရက်ထပ်သော နှစ်တွင် တနင်္လာဆန်းက နှစ်ကုန်ဆုံး သော နေ့သည် အင်္ဂါနေ့ ဖြစ်နေ ပေလိမ့်မည်။

## တနှစ်ဆန်း တနေ့ရွှေ့

ထိုမှ တဖန် ကမ္ဘာသုံး ပြက္ခဒိန်တွင် တနှစ်ဆန်းတိုင်း ရှေ့သို့ တနေ့စီ ရွှေ့သွားသည် ကိုလည်း သတိမူသင့်ပေသည်။ ဥပမာ ၁၉၆၁ ခု ဇန်နဝါရီလဆန်း တရက်နေ့သည် တနင်္ဂနွေနေ့ ဖြစ်၏။ ၁၉၆၂ ဇန်နဝါရီလ တရက်နေ့သည် တနင်္လာနေ့ ဖြစ်၏။ ၁၉၆၃ ခုနှစ် ဇန်နဝါရီလတရက်နေ့သည် အင်္ဂါနေ့ ဖြစ်၏။ ၁၉၆၄ ခုနှစ် ဇန်နဝါရီလဆန်း ၁ ရက်နေ့သည် ဗုဒ္ဓဟူးနေ့ဖြစ်၏။ သို့သော် ၁၉၆၄ ခုသည် ရက်ထပ်သော နှစ်ဖြစ်သဖြင့် ၁၉၆၅ ခုသို့ ကူးသောအခါ တရက်အစား နှစ်ရက်ရွှေ့သွားလေသည်။ ထို့ကြောင့် ၁၉၆၅ ခု ဇန်နဝါရီလ တရက်နေ့သည် သောကြာနေ့ ဖြစ်၏။ ဤနည်းအတိုင်းပင် အစဉ်တစိုက် ရှေ့သို့ ရွှေ့သွားလေ့ ရှိလေသည်။

## နှစ်တရာ ပြက္ခဒိန်

ဤစာအုပ်ကို ဖတ်ရှုနေသူ မိတ်ဆွေအား ၁၉၉၀ ပြည့်နှစ် ဧပြီလ ၄ ရက်နေ့သည် ဘယ်နေ့ ဖြစ်မည်နည်း မေးလျှင် အလွန် ခက်ခဲသော ပုစ္ဆာဖြစ်သည်ဟု ထင်ကောင်း ထင်ပေလိမ့်မည်။ စင်စစ်သော်ကား ထိုမျှ ခက်ခဲသော ပုစ္ဆာမဟုတ်ပါ။ အဆွေသည် ပြက္ခဒိန် အကြောင်း သိကောင်းစရာ အချက်များနှင့် ပြက္ခဒိန်၏ သဘောသရုပ်ကို ကိုယ်တိုင် သိရှိနားလည်ပါမူ ခက်ခဲစရာ အကြောင်းမရှိချေ။ အပေါင်းအနုတ် အမြှောက် အစားတွက်နည်း ကလေးများနှင့်ပင် အထက်ပါမေးခွန်း၏ အဖြေကို ပေးနိုင်ပေလိမ့်မည်။ သို့သော် ပိုမို လွယ်ကူသောနည်းကို အောက်တွင် ဖော်ပြပါမည်။

ပြက္ခဒိန် အကြောင်း သိကောင်းစရာ အခန်းတွင် ရက်မသပ်သော နှစ်၌ ဖေဖော်ဝါရီလနှင့် မာ်လတို့သည် ၂၈ ရက်နေ့အထိ ရက်တူ နေ့တူ ဖြစ်ကြောင်းကို ဖော်ပြခဲ့ပါသည်။ အကယ်၍သာ လတိုင်းလတိုင်း ၌ ၂၈ ရက် (လေးသီတင်းအထိ) သာရှိကြပါမူ တလနှင့်တလ နေ့တူ ရက်ဘူကျရောက် ကြမည်ဖြစ်၏။ ယခုကျွန်ုပ်တို့သုံးစွဲနေသော ပြက္ခဒိန် တွင် တလနှင့် တလ နေ့တူ ရက်ဘူမကျရောက်ခြင်းမှာ လေးသီတင်းမှ ကျော်သော ရက်ပိုများကြောင့်ပင် ဖြစ်၏။ ပဌမ လတွင် လေးသီတင်း မှ လွန်သော ရက်များသည် ဒုတိယလ ပဌမ သီတင်းပတ်နှင့် ဆက် ၍ ရေတွက်ရမြဲပင် ဖြစ်၏။

ထိုရက်များကို တွက်ချန် အတွက် ကျွန်ုပ်တို့သည် တနှစ်ကို ၁၂ လ အဖြစ် (၃၆၅ ရက်အဖြစ်)မစဉ်းစားဘဲ၊ ရက်ဘို့သည် ခုနစ်ရက်လျှင် တသီတင်းကျစီ လည်၍ သွားသည်ဟု စဉ်းစားကြပါစို့။

ဇန္နဝါရီလသည် နှစ်ဆန်း တရက်နေ့၌ ယခင်နှစ်က စခဲ့သည့်နေ့ အတိုင်း မစရဘဲ တနေ့ရွှေ၍ စရသဖြင့် သူ့လသဲသို့ နေ့တနေ့ ကျွံဝင်

လာသည်ဟု မှတ်ပါ။ ထို့ကြောင့် ဇန္နဝါရီလသည် တနေ့ နှစ်နာခဲ့၏။ သူ၏ တန်ဖိုးကို ထို့ကြောင့် ၁ ဟု မှတ်ပါ။

ဇန္နဝါရီလ တွင် ၃၁ ရက် သဘ်သဖြင့် လေးသီတင်း တိတိထက် သုံးရက်ပိုနေသည်။ ထို့ကြောင့် ဖေဖော်ဝါရီလသည် နှစ်ဆန်းမှတရက်၊ ဇန္နဝါရီမှ သုံးရက်။ ပေါင်း လေးရက်နှစ်နာခဲ့သည်။ ထို့ကြောင့် သူ၏ တန်ဖိုးကို ၄ ဟု မှတ်ပါ။

ဖေဖော်ဝါရီလတွင် သီတင်းလေးပတ် အတိရှိသဖြင့် သီတင်းမှ ပို သော ရက်များမရှိချေ။ သို့သော် မတ်လကို ရေသည့် အခါ ဖေဖော် ဝါရီလ အထိ ရွှေ့ရှားလာခဲ့သော အသက်ပါ ရက်ပိုလေးရက်ကို သူက ခံလိုက်ရပါသည်။ ထို့ကြောင့် မတ်လတွင်လည်း လေးရက်နှစ်နာခဲ့၏။ မတ်လ၏ တန်ဖိုးသည် ၄ ဖြစ်၏။

မတ်လတွင် ၃၁ ရက်ရှိသဖြင့် လေးသီတင်းမှ သုံးရက်ကျော်လွန် သွားပြန်သည်။ ဧပြီလ ကို ရေတွက်သည့် အခါ မတ်လမှ ပိုလာသော သုံးရက်နှင့် ယခင်ပိုလာသော လေးရက်ပေါင်း ခုနစ်ရက်ရွေ၍ ရေတွက် ရပြန်၏။ ခုနစ်ရက်မှာ တသီတင်းအတိ ဖြစ်၍ (၇ နှင့် စား၍ ပြတ် သဖြင့်) ၀ ဟုမှတ်ပါ။ ထို့ကြောင့် ဧပြီလ၏ တန်ဖိုးကို ၀ ဟု မှတ်ပါ။

ဧပြီလ တွင် ရက် ၃၀ ရှိ၏။ လေးသီတင်းထက် နှစ်ရက် ပိုသွား ပြန်သည်။ ထို နှစ်ရက်ကို မေလက အနစ်နာခံရ၏။ ထို့ကြောင့် မေလ ၏ တန်ဖိုးကို ၂ ဟု မှတ်ပါ။

တဖန် မေလတွင် ၃၁ ရက်ရှိသောကြောင့် လေးသီတင်းထက် သုံး ရက်ပိုပြန်၏။ ယခင်လက နှစ်ရက်နှင့် ပေါင်းသော် ငါးရက်ဖြစ်၏။ ထို့ ကြောင့် ဇွန် အဖို့ အထက်က နည်းအတိုင်း ငါးရက်နစ်နာသွား၏။ ထို့ကြောင့် ဇွန်လ ၏ တန်ဖိုးကို ၅ ဟု မှတ်ပါ။

ဇွန်လ တွင် ရက် ၃၀ ရှိ၏။ လေးသီတင်းထက် နှစ်ရက်ပိုသွားပြန် ၏။ အထက်၌ ရှိနှင့်ခဲ့သော ငါးရက်နှင့် ပေါင်းသော် ခုနစ်ရက်ဖြစ်၏။

ထို့ကြောင့် ဇူလိုင်လသည် မိမိရက်ထဲမှ ခုနစ်ရက်တိတိ အနှစ်နာ ခံလိုက်ရပြန်၏။ ခုနစ်ရက်ကို(၀)ဟု မှတ်ပါ။ ထို့ကြောင့် ဇူလိုင်လ၏ တန်ဖိုးကို (၀) ဟု မှတ်ပါ။

ဇူလိုင်လတွင် ၃၁ ရက် ရှိ၏။ လေးသီတင်းထက် သုံးရက်ပိုသွားပြန်သည်။ ထိုသုံးရက်ကို ဩဂုတ်လက ခံရပြန်၏။ ထို့ကြောင့် ဩဂုတ်လ၏ တန်ဖိုးကို ၃ ဟု မှတ်ပါ။

ဩဂုတ်လတွင် ၃၁ ရက်ရှိ၏။ လေးသီတင်းထက် သုံးရက်ပိုပြန်၏။ အထက်က သုံးရက်နှင့် ပေါင်းသော် ခြောက်ရက်ဖြစ်၏။ အထက်နည်းအတိုင်း စက်တင်ဘာလ၏ တန်ဖိုးကို ၆ ဟုမှတ်ပါ။

စက်တင်ဘာလတွင် ရက် ၃၀ ရှိ၏။ လေးသီတင်းထက် နှစ်ရက်သာပို၏။ ယခင် ခြောက်ရက်နှင့် ပေါင်းသော် ရှစ်ရက်ဖြစ်၏။ ရှစ်ရက်မှာ တသီတင်းနှင့် တရက်ဖြစ်၏။ တသီတင်းကို ချေလိုက်သော် တရက် ကျန်၏။ ထို့ကြောင့် အောက်တိုဘာလ၏ တန်ဖိုးသည် ၁ ဖြစ်၏။

အောက်တိုဘာလတွင် ၃၁ ရှိသဖြင့် လေးသီတင်းထက် သုံးရက်ပို၏။ အထက်မှ ပြခဲ့သော တရက်နှင့် ပေါင်းသော် လေးရက်ရ၏။ ထို့ကြောင့် နိုဝင်ဘာလ၏ တန်ဖိုးကို ၄ ဟုမှတ်ပါ။

နိုဝင်ဘာလတွင် ရက် ၃၀ ရှိသဖြင့် လေးသီတင်းထက် နှစ်ရက်ပို၏။ အထက်မှပြခဲ့သော လေးရက်နှင့် ပေါင်းသော် ခြောက်ရက်ဖြစ်၏။ ထိုခြောက်ရက်ကို ဒီဇင်ဘာလက အနစ်နာခံရမည်ဖြစ်၏။ ထို့ကြောင့် ဒီဇင်ဘာလ၏ တန်ဖိုးကို ၆ ဟု မှတ်ပါ။ ပြက္ခဒိန် တခုကို ချ၍ ရက်သတ္တတပတ်စီရေတွက် ကြည့်လျှင် ဤသို့ ရက်များပိုလာပုံကို ကောင်းစွာ သိနိုင်ပေလိမ့်မည်။ သို့ဖြင့် လ၏တန်ဖိုးများမှာ စာမျက်နှာ ၁၉၆ တွင် ပါသည့်အတိုင်း ဖြစ်လာ၏။ ထိုလ၏ တန်ဖိုးများကို နှုတ်တက်ကျက်မှတ်ထားရန်လိုပါသည်။

**လ၏ တန်ဖိုးများ**

| | | | |
|---|---|---|---|
| ဇန္နဝါရီလ | ၁ | ဇူလိုင် | ၀ |
| ဖေဖော်ဝါရီ | ၄ | ဩဂုတ် | ၃ |
| မတ် | ၄ | စက်တဘာ | ၆ |
| ဧပြီ | ၀ | အောက်တိုဘာ | ၁ |
| မေ | ၂ | နိုဝင်ဘာ | ၄ |
| ဇွန် | ၅ | ဒီဇင်ဘာ | ၆ |

အထက်ပါ ၁၂ လ၏ တန်ဖိုးအစဉ် အလိုက်ကို အောက်ပါဆောင်ပုဒ် ကလေးဖြင့် အလွယ်တကူ မှတ်သား နိုင်ပေသည်။

ဆောင်ပုဒ် –

အ လယ် လာ၊ ဝယ် ကာ ဖြူနီး
၁ ၄ ၄ ၊ ၀ ၂ ၅
ဝန် ဇင်း သား၊ အ လွန် သုံး။
၀ ၃ ၆ ၊ ၁ ၄ ၆

**နှစ်၏တန်ဖိုး**

နှစ်တို့၏ တန်ဖိုးကို ရှာကြဦးစို့။ ဇန္နဝါရီလဆန်း ၁ ရက်သည် တနှစ်လျှင် တနေ့ကျ ရွှေသို့တိုး၍ ရွေ့ရှားသွားကြောင်းကို အထက်၌ ဖော်ပြခဲ့ပေပြီ။ တသီတင်းလျှင် ၇-ရက်သာရှိသဖြင့် စနေနေ့အထိ ၇ ကြိမ်ရွေ့ရှားသွားပြီးနောက်တဖန် တနင်္ဂနွေ၊ တနင်္လာ စသည်ဖြင့် လည်၍ လာပြန်သည်။ နေ့တို့သည် ဤနည်းနှင့်နှင့်ပင် လှည့်ပတ်လျက် ရှိပေ၏။

ပြက္ခဒိန်များကို မျက်မှောက် ချ၍ လေ့လာကြည့်သည့် အခါ ၁၉၀၀ ပြည့်နှစ်၊ နှစ်ဆန်း တရက်နေ့သည် ၇ ကြိမ်မြောက် ရွေ့ရှားခဲ့သော ရက်ဖြစ်၏။ စနေနေ့ဟု မဆိုလိုပါ။ တနေ့စီ ရွေ့ရှားလာခဲ့ရာမှ ၇ ကြိမ် မြောက်ခြင်းကို ဆိုလိုပါသည်။ (၁၉၀၀ ပြည့်၊ ဇန္နဝါရီလ ၁-ရက်သည် တနင်္လာနေ့ ဖြစ်ပါသည်။ ယခု ဤနေရာတွင် ထိုရက်သည် ဘယ်နေ့ ဖြစ်ကြောင်း သိရန်မလိုပါ) ထို့ကြောင့် ၁၉၀၀ ပြည့်နှစ်၏ တန်ဖိုးကို (၀) ဟု မှတ်ပါ။ ၁၉၀၀ ပြည့်မှ ၁၉၀၁ ခုသို့ အကူးတွင် တနေ့ရွေ့သွားသဖြင့် ၁၉၀၁ ခုနှစ်၏ တန်ဖိုးကို ၁ ဟု မှတ်ပါ။ ၁၉၀၂ ခုနှစ်သို့ ရောက်သောအခါ ၂ နေ့ရွေ့သွားပြီ ဖြစ်၍ ၁၉၀၂ ခုနှစ်၏ တန်ဖိုးကို ၂ ဟု မှတ်ပါ။ ၁၉၀၃ ခုနှစ်သို့ ရောက်သော အခါ ၃ နေ့ ရွေ့သွားပြီ ဖြစ်၍ ထိုနှစ်၏ တန်ဖိုးကို ၃ ဟု မှတ်ပါ။ ၁၉၀၄ ခုနှစ်သည် ရက်ထပ်နှစ်ဖြစ်သဖြင့် ဖေဖော်ဝါရီလတွင် တရက်ပို၍ လာပါသည်။ ထိုနှစ်၌ နှစ်ဆန်း နေ့နှင့် နှစ်ကုန်နေ့သည် တနေ့တည်းမဟုတ်ဘဲ နောက်တနေ့တွင် ကျရောက်မည်။ ဥပမာ နှစ်ဆန်း သောကြာနေ့ ဖြစ်လျှင် နှစ်ကုန်စနေနေ့ ဖြစ်ပေမည်။ ထို့ကြောင့် တနေ့အစား ၂ နေ့ ရွေ့သွားပါသည်။ ယခင်နှစ်က၃(ရက်)နှင့် ပေါင်းသော်၅(ရက်) ရရှိ၏။ ထို့ကြောင့် ၁၉၀၄ ခုနှစ်၏ တန်ဖိုးမှာ ၅ ဖြစ်၏။ ဤနည်းအတိုင်း ၁၉၀၅ ခုနှစ်၏ တန်ဖိုးမှာ ၆ ဖြစ်၏။ ၁၉၀၆ ခုနှစ်တန်ဖိုးမှာ ၇-ဖြစ်၍ (၀) ဟုမှတ်ပါ။ နှစ်တို့၏ တန်ဖိုးမှာ အထက်ပါ နည်းအတိုင်း ရွေ့ရှားလည်ပတ်လျက်ရှိပါသည်။

ထို့ကြောင့် နှစ်အချို့တို့၏ တန်ဖိုး ဂဏန်းများကို ရှာလျှင်အောက်ပါအတိုင်း ရရှိလာပါသည်။

| | | | |
|---|---|---|---|
| ၁၉၀၀ | ၀ | ၁၉၀၃ | ၃ |
| ၁၉၀၁ | ၁ | ၁၉၀၄ | ၅ |
| ၁၉၀၂ | ၂ | ၁၉၀၅ | ၆ |

| | | | |
|---|---|---|---|
| ၁၉၀၆ | ၀ | ၁၉၃၁ | ၃ |
| ၁၉၀၇ | ၁ | ၁၉၃၂ | ၅ |
| ၁၉၀၈ | ၃ | ၁၉၃၃ | ၆ |
| ၁၉၀၉ | ၄ | ၁၉၃၄ | ၀ |
| ၁၉၁၀ | ၅ | ၁၉၃၅ | ၁ |
| ၁၉၁၁ | ၆ | ၁၉၃၆ | ၃ |
| ၁၉၁၂ | ၁ | ၁၉၃၇ | ၄ |
| ၁၉၁၃ | ၂ | ၁၉၃၈ | ၅ |
| ၁၉၁၄ | ၃ | ၁၉၃၉ | ၆ |
| ၁၉၁၅ | ၄ | ၁၉၄၀ | ၁ |
| ၁၉၁၆ | ၆ | ၁၉၄၁ | ၂ |
| ၁၉၁၇ | ၀ | ၁၉၄၂ | ၃ |
| ၁၉၁၈ | ၁ | ၁၉၄၃ | ၄ |
| ၁၉၁၉ | ၂ | ၁၉၄၄ | ၆ |
| ၁၉၂၀ | ၄ | ၁၉၄၅ | ၀ |
| ၁၉၂၁ | ၅ | ၁၉၄၆ | ၁ |
| ၁၉၂၂ | ၆ | ၁၉၄၇ | ၂ |
| ၁၉၂၃ | ၀ | ၁၉၄၈ | ၄ |
| ၁၉၂၄ | ၂ | ၁၉၄၉ | ၅ |
| ၁၉၂၅ | ၃ | ၁၉၅၀ | ၆ |
| ၁၉၂၆ | ၄ | ၁၉၅၁ | ၀ |
| ၁၉၂၇ | ၅ | ၁၉၅၂ | ၂ |
| ၁၉၂၈ | ၀ | ၁၉၅၃ | ၃ |
| ၁၉၂၉ | ၁ | ၁၉၅၄ | ၄ |
| ၁၉၃၀ | ၂ | ၁၉၅၅ | ၅ |

| | | | |
|---|---|---|---|
| **၁၉၅၆** | ၀ | ၁၉၇၈ | ၆ |
| ၁၉၅၇ | ၁ | ၁၉၇၉ | ၀ |
| ၁၉၅၈ | ၂ | **၁၉၈၀** | ၂ |
| ၁၉၅၉ | ၃ | ၁၉၈၁ | ၃ |
| **၁၉၆၀** | ၅ | ၁၉၈၂ | ၄ |
| ၁၉၆၁ | ၆ | ၁၉၈၃ | ၅ |
| ၁၉၆၂ | ၀ | **၁၉၈၄** | ၀ |
| ၁၉၆၃ | ၁ | ၁၉၈၅ | ၁ |
| **၁၉၆၄** | ၃ | ၁၉၈၆ | ၂ |
| ၁၉၆၅ | ၄ | ၁၉၈၇ | ၃ |
| ၁၉၆၆ | ၅ | **၁၉၈၈** | ၅ |
| ၁၉၆၇ | ၆ | ၁၉၈၉ | ၆ |
| **၁၉၆၈** | ၁ | ၁၉၉၀ | ၀ |
| ၁၉၆၉ | ၂ | ၁၉၉၁ | ၁ |
| ၁၉၇၀ | ၃ | **၁၉၉၂** | ၃ |
| ၁၉၇၁ | ၄ | ၁၉၉၃ | ၄ |
| **၁၉၇၂** | ၆ | ၁၉၉၄ | ၅ |
| ၁၉၇၃ | ၀ | ၁၉၉၅ | ၆ |
| ၁၉၇၄ | ၁ | **၁၉၉၆** | ၁ |
| ၁၉၇၅ | ၂ | ၁၉၉၇ | ၂ |
| **၁၉၇၆** | ၄ | ၁၉၉၈ | ၃ |
| ၁၉၇၇ | ၅ | ၁၉၉၉ | ၄ |

မျက်နှာမဲ စာလုံးဖြင့် ရိုက်ထားသော ခုနှစ်များမှာ ရက်ထပ်သော နှစ်များဖြစ်သည်။ အထက်ပါ ဇယားကို ကြည့်ခြင်းအားဖြင့် တနှစ်

လျှင် တနေ့စီ တိုးသွားပြီးနောက် ရက်ထပ်သော နှစ်တွင် ၂ နေ့တိုး သွားကြောင်း သိနိုင်ပေ၏။

အထက်၌ ပြဆိုခဲ့သော နှစ်တရာ၏ တန်ဖိုး များကို စာလုံးတရာ ပါဝင်သော အောက်ပါ ဆောင်ပုဒ်ဖြင့် မှတ်သား နိုင်ပါသည်။ ၁၉၀၀ ပြည့်မှစ၍ ဆယ်နှစ်စီ ခွဲခြား၍ ရေးသားထားခြင်း ဖြစ်သည်။ ဂဏန်း ကို အက္ခရာဖြင့် လဲရာတွင် ဤစာအုပ်အခန်းလေးတွင် စာရေးသူတီထွင် ခဲ့သည့် သင်္ကေတအတိုင်းပင် ဖြစ်ပါသည်။

၁၉၀၀ မှ ၁၉၀၉ **ဝင်း**အောင် ကျောင်း ဆောင် ပြေး၊ သာ ဝင်း အိပ် စောင့် လေး။

၁၉၁၀ မှ ၁၉၁၉ **မ**သေးအိမ်ကောင်းဆောက်၊ လေးသံဝက်အူကောက်။
၁၉၂၀ မှ ၁၉၂၉ **ယင်း**ပေါက်သိုက်ဝင် ကျောင်း။ စံလှပြေးဝင်အောင်း။
၁၉၃၀ မှ ၁၉၃၉ **ကို** ဆောင်း ပန်းသိမ်းဝယ်။ အိုးစုလမ်းပန်းသယ်။
၁၉၄၀ မှ ၁၉၄၉ **အ**ကယ်စုံလို့သင်း၊ ဝယ်ဦးခင်လှမင်း။
၁၉၅၀ မှ ၁၉၅၉ **သိန်း**ဝင်းခေါ် ဆောင်လာ၊ မဝိုင်းအိမ်ကပ်စွာ။
၁၉၆၀ မှ ၁၉၆၉ **မြတ်**သာဝအောင်စား၊ လူများသိအောင်ကြွား၊
၁၉၇၀ မှ ၁၉၇၉ **ဆင်**ယားသောင်ဝအင်း၊ ကိုစပိုင်သောဝင်း၊
၁၉၈၀ မှ ၁၉၈၉ **ကြည့်**ဆင်းလှမ်းမဝေး၊ အိမ်ကြီးဆန်းဘိသေး၊
၁၉၉၀ မှ ၁၉၉၉ **ဝမ်း**အေးစောင်ယူဖုံး။ သာအိကိုစုံလုံး။

ဤစာလုံး တရာကို ကျက်မှတ် ထားပြီးနောက် မည်သည့် နှစ်၏ တန်ဖိုးသည် မည်သည့်ဂဏန်း ဖြစ်ကြောင်း သိနိုင်ပေသည်။ အထူး သတိပြုရန် အချက်မှာ ခုနှစ် သက္ကရာဇ်များ ရောထွေးမသွားစေရန် ဆီလျော်သော သက္ကရာဇ် နှင့် အစတလုံးကို မှတ်သားထားရန် လိုပါ သည်။ ဥပမာ ၁၉၀၀ ပြည့်မှ ၁၉၉၀ အထိဆယ်နှစ်ပြည့်များမှ စ၍ရေ တွက်သော နှစ်များ ဖြစ်သည်။ ထိုနှစ်များကို အစဉ် အလိုက်အားဖြင့်

"ဝင်း မ ယင်းကို အ သိန်း မြတ် ဆင် ကြည့်ဝမ်း"ဟု မှတ်ထားရန်ပင် ဖြစ်ပါသည်။

ယခု လ၏ တန်ဖိုး၊ နှစ်၏ တန်ဖိုးများကို သိရှိပြီ ဖြစ်၍ မိမိသိလို သော နှစ်လရက်နေ့များကို ရှာရန်သာလိုတော့သည်။

၁၉၉၀ ပြည့်နှစ်၊ ဧပြီလ ၄ ရက်နေ့ သည် အဘယ်နေ့ ဖြစ်ကြောင်း သိလိုသော် အောက်ပါ အတိုင်း တွက်ရပါမည်။

"ဝမ်းအေးစောင်ယူဖုံး၊ သာအိကိုစံလုံး" ဆိုသော ဆောင်ပုဒ်မှ၊ ၁၉၉၀ သည် 'ဝမ်း' ဖြစ်၍ တန်ဖိုးမှာ ၀ (သုည) ဖြစ်၏။ ဧပြီလ၏တန် ဖိုးမှာ "အလယ်လာဝယ်ကာဖြုန်း၊ ဝန်ဇင်းသား အလွန်သုံး" ဆိုသော ဆောင်ပုဒ် အရ'ဝယ်'သည်၀ (သုည) ပင် ဖြစ်၏။

| | |
|---|---|
| ထို့ကြောင့် ၁၉၉၀ ပြည့်နှစ်၏ တန်ဖိုး | ၀ |
| ဧပြီလ၏တန်ဖိုး | ၀ |
| (သိလိုသောရက်) ၄-ရက် | ၄ |
| ပေါင်း | ၄ |

ထို ၄ ကို ၇ ဖြင့်စားသော် ၄ ကြွင်း၏။ အကြွင်းဂဏန်းသည် နေ့ကို ပြခြင်းဖြစ်၏။ ထို့ကြောင့် ၁၉၉၀ ပြည့်နှစ် ဧပြီလ ၄ ရက်နေ့ သည် ဗုဒ္ဓဟူးနေ့ ဖြစ်ကြောင်း သိနိုင်၏။

၁၉၁၂ ဇန္နဝါရီလ ၉ ရက်သည် မည်သည့်နေ့ဖြစ်ကြောင်း တွက်ကြ ဦးစို့။

| | |
|---|---|
| ၁၉၁၂ ခုနှစ်၏တန်ဖိုး | ၁ |
| ဇန္နဝါရီလ၏ တန်ဖိုး | ၁ |
| ၉ရက်(သိလိုသောရက်) | ၉ |
| | ၁၁ |

၁၁ ÷ ၇ = ၁။ ၄-ကြွင်း၏။ ဗုဒ္ဓဟူးနေ့။

သာမန်နှစ် ရိုးရိုးတွင်မူ အထက်ပါ ဇန္နဝါရီလ ၉-ရက်သည် ဗုဒ္ဓဟူး နေ့ဖြစ်မည်ဟု ဆိုရပေမည်။ သို့သော် ၁၉၁၂ ခုကို ၄ ဖြင့်စား၍ ပြတ်သဖြင့် ထိုနှစ်သည် ရက်ထပ်သော နှစ်ဖြစ်ကြောင်း သိနိုင်၏။ **ရက်ထပ်သော နှစ်များတွင် ဇန္နဝါရီလနှင့် ဖေဖော်ဝါရီလများအတွက် တရက် နောက်သို့ဆုတ်၍ ယူမှ အမှန်ကို ရနိုင်ပေသည်။** ထို့ကြောင့် အထက်ပါရက်သည် ဗုဒ္ဓဟူးနေ့မဟုတ်ဘဲ၊ အင်္ဂါနေ့ ဖြစ်ပေသည်။

၁၉၃၈-ခု စက်တင်ဘာလ ၃-ရက်သည် မည်သည့် နေ့ဖြစ်ကြောင်း တွက်ကြဦးစို့။

| | |
|---|---|
| ၁၉၃၈ ခုနှစ်၏တန်ဖိုး | ၅ |
| စက်တင်ဘာလ၏တန်ဖိုး | ၆ |
| ၃ ရက် (သိလိုသောရက်) | ၃ |
| | ၁၄ |

၁၄ ÷ ၇ = ၂။ ၀ ကြွင်း၏။ စနေနေ့ဖြစ်၏။

လနှင့် နှစ်များကို တန်ဖိုး ထားခဲ့ကြစဉ်က ၇-ကို သုညဟု သတ်မှတ်ခဲ့ကြောင်း သတိပြုမိပေလိမ့်မည်။ ထို့ကြောင့် ၀-ကြွင်းသော အထက်ပါ ရက်သည် စနေနေ့ဖြစ်၏။

အထူးမှတ်ရန်မှာ မိမိသိလိုသော နှစ်သည် ရက်ထပ်သော နှစ်ဟုတ် မဟုတ်ကို သတိပြုရမည်။ မိမိသိလိုသော လသည် ဇန္နဝါရီလနှင့် ဖေဖော်ဝါရီလ ဟုတ်မဟုတ်ကို သတိပြုရမည်။ အကယ်၍ မိမိသိလိုသော ရက်သည် ရက်ထပ်သောနှစ် ဇန္နဝါရီလနှင့် ဖေဖော်ဝါရီလအတွင်း၌ ဖြစ်ပါမူ နောက်ဆုံး ကြွင်းသောနေ့မှ တနေ့နောက်သို့ဆုတ်၍ ရေတွက်လျှင် အဖြေမှန်ကို ရရှိပေလိမ့်မည်။ အခြားလများမှာမူ ကြွင်းသော ဂဏန်းအတိုင်းနေ့ကို ယူရပါမည်။

ယခု ဤစာအုပ်ထဲတွင် ၁၉၀၀ ပြည့်နှစ်မှ ၁၉၉၉ ခုနှစ်အထိ နှစ်ပေါင်း တရာအတွက် တန်ဖိုးဂဏန်းများကိုသာ ဖော်ပြထားပါသည်။ သို့ရာတွင် ဤအခန်းအစတွင် ဖော်ပြခဲ့သော နည်းလမ်းအတိုင်း ရှေလာမည့် နှစ်ပေါင်းများစွာတို့၏ တန်ဖိုးကို တွက်ယူနိုင်ပါသည်။ ထိုနည်းတူစွာ နောက်မှ လွန်ခဲ့သော နှစ်ပေါင်း များစွာတို့၏ တန်ဖိုးကိုလည်း တွက်ယူနိုင်ပေသည်။ နှစ်တို့၏ တန်ဖိုးကို သိလျှင် မိမိသိလိုသော ရက်နေ့များကို အထက်ပါနည်းအတိုင်း အလွယ်တကူ ရှာနိုင်ပေလိမ့်မည်။

နှစ်တို့၏ တန်ဖိုးများကို သိရှိခြင်းဖြင့် တူညီသော နှစ်၊ တူညီသော ပြက္ခဒိန်များကိုလည်း သိရှိနိုင်၏။ ဥပမာအားဖြင့် ၁၉၆၂ ခုနှစ်သည် ရက်မထပ်သော နှစ်ဖြစ်၏။ ဤနှစ်၏ တန်ဖိုးမှာ ၀-ဖြစ်၏။ နှစ်ဆန်းတရက်သည် တနင်္လာနေ့ဖြစ်၍ နှစ်ကုန်ဆုံးသည့်နေ့သည်လည်း တနင်္လာနေ့ဖြစ်၏။ ၁၉၆၂ ခုနှစ်နှင့် ပြက္ခဒိန်ထပ်တူ ထပ်မျှ ဖြစ်သော နှစ်များမှာ ၁၉၀၀၊ ၁၉၀၆၊ ၁၉၁၇၊ ၁၉၂၃၊ ၁၉၃၄၊ ၁၉၄၅၊ ၁၉၅၁၊ ၁၉၇၃၊ ၁၉၇၉၊ ၁၉၉၀ ပြည့်နှစ်များ ဖြစ်ကြ၏။ ထိုနှစ်များ၏ တန်ဖိုးမှာ ၀ (သုည) ချည်း ဖြစ်၍ ရက်မထပ်သော နှစ်များ ဖြစ်ကြသဖြင့် နှစ်ဆန်းမှ နှစ်ကုန်သည် အထိ ပြက္ခဒိန်ချင်း ထပ်တူ ထပ်မျှ ဖြစ်ကြသည်။

အခြားတန်ဖိုးချင်း တူညီသော နှစ်များမှာလည်း ထိုနည်းနှင်နှင်ချည်း ဖြစ်၏။ သို့သော် တန်ဖိုးချင်း တူညီသော်လည်း ရက်ထပ်သည့်နှစ်နှင့် ရက်မထပ်သည့်နှစ်များ ထပ်တူ ထပ်မျှမဖြစ်နိုင်ချေ။ ရက်ထပ်သည့် နှစ်အချင်းချင်း တန်ဖိုးချင်း တူညီလျှင် ထိုနှစ်များ ပြက္ခဒိန်ထပ်တူ ရှိကြ၏။

## ခု-လ-ရက်ကို သိလျှင် နေ့ရှာရန်အခြားတနည်း

ခု-လ ရက်ကို သိလျှင် နေ့ကိုရှာရန် အခြားတနည်းကို ဖော်ပြပါဦးမည်။

ဤနည်းမှာ စာရေးသူသည် လွန်ခဲ့သည့် နှစ်ပေါင်း ၂၀ ခန့်က မြန်မာ မဂ္ဂဇင်း တစောင်တွင် တွေ့ရှိသဖြင့် ကူးယူထားသော နည်းဖြစ်ပါသည်။ ဤနည်းကို အမှတ်ရလွယ်ကူရန် တေးထပ်ဖြင့် စပ်ဆိုထားခြင်း ဖြစ်သည်။ ထိုတေးတပ်ကို ကူးယူ သိမ်းဆည်း ထားသော စာအုပ် အချို့ အဝက် ခြစားခံရသဖြင့် တေးထပ် စပ်သူ၏ အမည်ကို မဖော်ပြနိုင်သည်ကို အထူးဝမ်း နည်းမိပါသည်။

**တေးထပ်**

မှတ်စရာ နေ့ဝင်လာများ၊
ထောင်ရာအားချန်ပါ၊
ဆောင်ကာထား ကျန်နှစ်ဖြာကို
မှန်မကွာလေးခုနှင့်စား။ ။
ရလဒ်နှင့် ဆောင်နှစ်သွယ်ကို
ရှောင်မဖယ်ပေါင်းဖော်လို့ထား။ ။
ရိုးရိုးနှစ် ချင့်မြှော်ပါလျှင်
သင့်တော်ရာထပ်ပွါး။
ဇန်-အောက်တို-တစ်ထားလို့
နှစ်-ပွါးတော့မေမှာ။ ။
ဩဂုတ်တွင်-သုံးကို ထပ်ပါလို့
လေး-ဖေ-မတ်-နိုဝင်ဘာ။ ။
ဇွန်လကား- ငါးပဥ္စာငယ်၊
စက်-ဒီဇင်-ဆနွေ့ာတော့
ရောသုညပြီးသာ၊
မခြားဇူလိုင်ပါ။ ။
သီလိုရက်ဖြည့်စွက်ကာငယ်

စားသတ္တာ၊ ကြွင်းယူတော့လေး....
ရက်ထပ်နှစ် ဇန်သုညာငယ်၊ ဖေဖော်ဝါ
သုံးပြင်တော့လေး....။ ။

ဤနည်းတွင် ပဌမ ပြဆိုခဲ့သော နည်းနှင့် တူညီသော အချက်မှာ လတို့၏ တန်ဖိုးထားပုံပင် ဖြစ်၏။

| | | |
|---|---|---|
| ဇန္နဝါရီ | ၁ (ရက်ထပ်နှစ်တွင် ၀) | အ |
| ဖေဖော်ဝါရီ | ၄ (ရက်ထပ်နှစ် တွင်-၃) | လယ် |
| မတ် | ၄ | လာ |
| ဧပြီ | ၀ | ဝယ် |
| မေ | ၂ | ကာ |
| ဇွန် | ၅ | ဖြူနှံး |
| ဇူလိုင် | ၀ | ဝန် |
| ဩဂုတ် | ၃ | ဇင်း |
| စက်တင်ဘာ | ၆ | သား |
| အောက်တိုဘာ | ၁ | အ |
| နိုဝင်ဘာ | ၄ | လွန် |
| ဒီဇင်ဘာ | ၆ | သုံး |

ထို့ကြောင့် စာရေးသူ တထွင်ထားသော "အလယ်လာဝယ်ကာ ဖြူနှံး၊ ဝန်ဇင်းသား အလွန်သုံး" ဆောင်ပုဒ်နှင့် ထပ်တူ ထပ်မျှပင် ဖြစ်၏။ ထူးခြားသည့် အချက်မှာ ရက်ထပ်နှစ်တွင် ဇန္နဝါရီလ တန်ဖိုးမှာ ၀ ဖြစ်၍ ဖေဖော်ဝါရီလ တန်ဖိုးမှာ ၃ ဖြစ်သည့် အချက်ပင်ဖြစ်၏။ ပဌမနည်းတွင်မူ ထိုနှစ်လနှင့် စပ်ဆိုင်လျှင် အဖြေရရှိပြီးနောက်မှ တရက်နောက်သို့ ဆုတ်၍ ရေတွက်ရလေသည်။ ပဌမနည်းဖြင့် တွက်ပြခဲ့သော ခု-နှစ်-ရက်တို့ကို ဤနည်းဖြင့် တွက်ကြည့်ကြဦးစို့။

## ၁၉၉၀ ပြည့်နှစ် ဧပြီလ ၄ ရက်သည် ဘယ်နေ့နည်း

"မှတ်စရာ နောင်လာမျိုး၊ ထောင်ရာအား ချန်ပါ" ဆိုသဖြင့် ၁၉ ကို ချန်၍ ၉၀ ကိုယူရမည်။ "ဆောင်ကာထားကျန်နှစ်ဖြာကို မှန်မကွာ လေးခုနှင့်စား" ဆိုသဖြင့် ၉၀ ကို ၄ ဖြင့်စားရမည် "ရလဒ်နှင့် ဆောင်နှစ်သွယ်ကို ရှောင်မဖယ် ပေါင်းဖော်လို့ထား" ဆိုသဖြင့် ရလဒ် ၂၂ ကို ၉၀ နှင့် ပေါင်းရမည်။ "ရှေသုညပြေသာ"ဆိုသော စကားနှင့်အညီ ဧပြီလအတွက် သုညရေရမည်။ "သိလိုရက်၊ ဖြည့်စွက်ကာငယ်၊ စားသတ္တာ၊ ကြွင်းယူတော့လေး" ဆိုသော စာပိုဒ်အရ သိလိုရက် ၄ ကိုထပ်၍ ပေါင်းလျှင် ၁၁၆ ရ၏။ ၁၁၆ ကိုတဖန် ၇ ဖြင့် စားလျှင် အကြွင်း ၄ ရ၏။ အကြွင်း ၄ ရသောကြောင့် သိလိုသောရက်မှာ ဗုဒ္ဓဟူးနေ့ ဖြစ်ကြောင်း သိသာ နိုင်ပေသည်။

တွက်နည်းမှာ–

```
(၁၉) ဖယ်ရန်    ၁၉၉၀ ပြည့်နှစ်
                 ၄)၉၀(၂၂
                    ၈
                  ----
                    ၁၀
                     ၈
                  ----
                     ၂
                        ၂၂-ရလဒ်
                        ၉၀-ဆောင်ထားသော ကိန်း
                         ၀-ဧပြီလ၏ တန်ဖိုး
                         ၄-သိလိုသောရက်
                  ------------
                       ၁၁၆
```

၇) ၁၁၆(၁၆
　　၇
　　၄၆
　　၄၂
　　 ၄ ကြွင်းသဖြင့် ဗုဒ္ဓဟူး နေ့ဖြစ်၏။

၁၉၁၂ ခု ဇန္နဝါရီလ ၉ ရက်သည် မည့်သည့်နေ့ ဖြစ်ကြောင်း တွက်ကြည့်ဦးစို့။

　　　　　　၁၉၁၂ ခုနှစ်　　　　၁၉၁၂ ÷ ၄ = ၄၇၈
(၁၉) ဖယ်ရန်　၄)၁၂(၃　အကြွင်းမရှိ၊ ထို့ကြောင့် ၁၉၁၂ ခု နှစ်
　　　　　　　၁၂　　　သည် ရက်ထပ်သော နှစ်ဖြစ်၏။
　　　　　　　 ၀

၃ – ရလဒ်
၁၂ = ဆောင်ထားသော ကိန်း
၀ = ဇန္နဝါရီလ၏ တန်ဖိုး (ရက်ထပ်နှစ် ဖြစ်သည်)
၉ = သိလိုသောရက်

၇) ၂၄(၃
　 ၂၁
　 ၃ ကြွင်းသဖြင့် အင်္ဂါနေ့ ဖြစ်၏။

၁၉၃၈ ခု စက်တင်ဘာလ ၃ ရက်သည် မည်သည့်နေ့ ဖြစ်ကြောင်း တွက်ကြည့်ဦးစို့။

　　　　　　၁၉၃၈ ခုနှစ်
(၁၉) ဖယ်ရန်　၄)၃၈(၉
　　　　　　　၃၆
　　　　　　　 ၂

```
  ၉ — ရလဒ်
 ၃၇ = ဆောင်ထားသောကိန်း
  ၆ = စက်တင်ဘာလ၏ တန်ဖိုး
  ၃ = သိလိုသောရက်
၇)၅၆(၈
  ၅၆
  ---
   ၀ ကြွင်းသဖြင့် စနေနေ့ ဖြစ်၏။
```

ခု-လ-ရက်ကို သိလျှင် နေ့ကို သိရန်တွက်ချက်သော နည်းများ သုံးလေးမျိုး ရှိပါသည်။ ထိုနည်းများအနက် ယခုဖော်ပြခဲ့သော နည်းနှစ်မျိုးမှာ အဖတ်ရ၊ အမှတ်ရလွယ်ကူသည့်အပြင် တွက်ချက်ရန်လည်း လွယ်ကူသဖြင့်၊ ဤနည်းနှစ်နည်းကိုသာ ထည့်သွင်း ဖော်ပြလိုက်ခြင်း ဖြစ်ပါသည်။

ယခုဖော်ပြခဲ့သော ဒုတိယနည်းဖြင့် တွက်ချက်နိုင်သော ခုနှစ်များမှာလည်း ၁၉၀၀ ပြည့်မှ ၁၉၉၉ ခုနှစ်အထိ ဖြစ်ကြောင်းကို သတိချပ်စေလိုပါသည်။

## လေ့ကျင့်ခန်းများ

၁။ အောက်ပါ နှစ်များ၏ တန်ဖိုးကိုရှာပါ။

၁၈၈၇။ ၁၈၈၈။ ၂၀၀၀။ ၂၀၀၃

၂။ အောက်ပါ ရက်များသည် အဘယ်နေ့များ ဖြစ်မည်နည်း။

(က) ၁၉၁၄ ခု ဇွန်လ ၂၈ ရက် (ပဌမကမ္ဘာစစ်ဖြစ်ရန် အစပျိုးသောနေ့) ပဌမနည်းဖြင့် ရှာပါ။

(ခ) ၁၉၁၈ ခု နိုဝင်ဘာလ ၁၁ ရက် (ပဌမ ကမ္ဘာစစ်ကြီး ပြေငြိမ်းသောနေ့) ဒုတိယနည်းဖြင့် ရှာပါ။

(ဂ) ၁၉၁၉ ခု ဇွန်လ ၂၈ ရက် (ပဌမကမ္ဘာစစ်ကြီး အပြီး ဗာဆိုင်း နန်းတော်တွင် စာချုပ်သောနေ့)

(ဃ) ၁၉၃၉ ခု စက်တင်ဘာလ ၁ ရက် (ပိုလန်နိုင်ငံကို ဟစ်တလားဝင်၍ တိုက်သောနေ့)

(င) ၁၉၄၂ ခု ဒီဇင်ဘာလ ၂၃ ရက် (ရန်ကုန်မြို့ကို ဂျပန် လေတပ်မှ ပဌမဆုံးအကြိမ် ဗုံးကြဲသောနေ့)

(စ) ၁၉၄၅ ခု ဩဂုတ်လ ၆ ရက် (ဂျပန်နိုင်ငံဟီရိုရှီးမား မြို့ကို အနုမြူဗုံးကြဲခံရသောနေ့)

(ဆ) ၁၉၄၈ ခု ဇန္နဝါရီလ ၄ ရက် (မြန်မာနိုင်ငံ လွတ်လပ် ရေး ရသောနေ့) နှစ်နည်းစလုံးဖြင့် ရှာကြည့်ပါ။

၃။ အောက်ပါ နှစ်များနှင့် ပြက္ခဒိန်ချင်း ထပ်တူထပ်မျှ ဖြစ်သော နှစ်များကို ရှာဖွေဖော်ပြပါ။

၁၉၀၃။ ၁၉၁၂။ ၁၉၂၉။ ၁၉၂၁။ ၁၉၃၃။

အခန်း ၉

# မမေ့အောင် ကျိဆောင်နည်း

စာရေးသူသည် ဤစာအုပ်ကို ရေးနေစဉ် ကာလ အတွင်း သူငယ်ချင်းတဦး အိမ်သို့ အလည်ရောက်လာပါသည်။ ထိုသူငယ်ချင်းနှင့် အလ္လာပ သလ္လာပ ပြောကြားနေရင်း ထိုသူငယ်ချင်းက စာရေးသူအား ယခု ဘာစာအုပ်များ ရေးနေသနည်းဟု မေးပါသည်။ စာရေးသူက မှတ်ဉာဏ်ရင့်သန်စေနည်း စာအုပ်ကို ရေးသားနေကြောင်း ပြောပြပါသည်။

ထိုအခါ သူက "မှတ်ဉာဏ် ရင့်သန်စေတဲ့ နည်းလို့ ရှိသေးသလားဗျာ၊ ကျွန်တော်တို့တော့ ခေါင်းထဲမှတ်လို့ ရဒါကို ခေါင်းထဲမှာမှတ်၊ ခေါင်းထဲမှာ မှတ်လို့ မရဒါကို စာအုပ်ထဲမှာရေးထားလိုက်တာပါဘဲ" ဟု ခပ်ပေါ့ပေါ့ ပြောပါသည်။

"အဉ်း ဟုတ်ပါတယ်၊ စာအုပ်ထဲမှာ မှတ်၊ ဒါဟာ အကောင်းဆုံးနည်းလမ်း တခုပေါ့ဗျာ။ ဒါပေမဲ့ အဲဒီစာအုပ်ကို ဘယ်မှာ ထားလိုက်မိမှန်း မသိတော့၊ ဘယ်နှယ်လုပ် မလဲ" ဟု စာရေးသူက မေးလိုက်ပါသည်။

ထိုအခါ သူငယ်ချင်း ဖြစ်သူက "အေး ဒါလဲ ဟုတ်သားဘဲ" ဟု အာမေဋိတ်သံနှင့် ပြန်ပြောပါတော့သည်။

တခါတရံ ကျွန်ုပ်တို့သည် သတိကြပ်ကြပ် ထား၍ မှတ်သားထားသည့် ကိစ္စကိုပင် ကြက်ဥ အစရှာမရသကဲ့သို့ မေ့ပျောက်သွား တတ်ပေသည်။ သတင်းစာထဲတွင် ထိုလက်မှတ် ပျောက်ဆုံးသည့် ကိစ္စ နှင့်

အရှုပ်အရှင်း ဖြစ်သော သတင်းများကို မကြာ ခဏ ဖတ်ရှုဘူးကြပေလိမ့်မည်။ ထီလက်မှတ် ပျောက်ခြင်းမျိုးကား သတိနှင့် သိမ်းဆည်းထားသည့် ကြားထဲမှ သတိမရသဖြင့် ပျောက်ဆုံးသွားရခြင်းမျိုး ပိုမိုများပြားလေသည်။

ထီလက်မှတ် ဝယ်သူသည် မြှော်လင့်ချက် ကြီးစွာ ထားသူ ဖြစ်၏။ ထီလက်မှတ် တစောင်သည် အနည်းဆုံး ဆုငါးရာကျပ်မှ တသိန်းအထိ ပေါက်နိုင်ကြောင်းကို လူတိုင်းအသိပင် ဖြစ်၏။ ထီထိုးသူ အများသည် ထီလက်မှတ်ပေါ်တွင် ဂဏန်းများ ပါရှိပြီး ဖြစ်သဖြင့် ဂဏန်းများကို တဆင့်ကူးယူ မှတ်သားလေ့ မရှိကြချေ။ ထီလက်မှတ်ကိုသာ တရိုတသေ သိမ်းဆည်း ထားလေ့ ရှိကြလေသည်။

သို့သော် မိမိထိုးထားသော ဂဏန်း ပေါက်ပါလျက် ထီလက်မှတ်ကိုလည်း မတင်ပြနိုင်။ ထီလက်မှတ်ဂဏန်းကိုလည်း မမှတ်မိသဖြင့် ဆုငွေ ဆုံးရှုံးရသည်မှာ များစွာ ဝမ်းနည်းဘွယ်ရာ ကောင်းလှသည်။

ရန်ကုန်မြို့ ထီရုံးကြီးမှ စုံစမ်း သိရှိရသည်မှာ ထီတကြိမ်တကြိမ် ဖွင့်လျှင် ထီပေါက်လျက် ဆုငွေ လာရောက်ထုတ်မယူသည့် လက်မှတ်ပေါင်းမှာ ပျမ်းမျှစောင်ရေ ၁၀၀ မှ ၂၀၀ ခန့်အထိရှိသည်ဟု ဆို၏။ ထိုသို့လာမထုတ်သည့် ဆုများထဲတွင် သိန်းဆုများပင် ပါဝင်ဘူးသည်ဟု ဆိုသည်။

ဆယ့်လေးကြိမ်မြောက် ထီဖွင့်ပွဲမှ ၆၄ ကြိမ်မြောက် ထီဖွင့်ပွဲ အထိ ထိုသို့ လာရောက်ထုတ်မယူသော ငွေပေါင်းမှာ သိန်း ၆၀ ခန့်ရှိခဲ့ လေသည်။ ထိုသိန်း ၆၀ ကို အစိုးရက ဘဏ္ဍာတော်အဖြစ် သိမ်းယူခဲ့ လေသည်။ တဖန် ၆၅ ကြိမ်မြောက်မှ ၉၃ ကြိမ်မြောက် အထိ ကာလအတွင်းတွင် ဆုငွေ လာရောက်ထုတ်မယူသော ငွေပေါင်းမှာ ၇၈ သိန်းကျော် ရှိခဲ့လေသည်။ ထိုငွေများကိုမူ အပိုဆုများ အဖြစ်ဖြင့် ပြန်လည်ဖွင့်ပေး ခဲ့လေသည်။ ထို့နောက် ၉၄ ကြိမ်မြောက်(၁၉၆၁ ခု ဇူလိုင်လ)

မှ ၁၁၈ ကြိမ်မြောက် (၁၉၆၅ ဩဂုတ်လအထိ) လာရောက် ထုတ်မယူသော ဆုရှင်ပေါင်း ၆၂၇၅ ဦး၏ ဆုငွေပေါင်းမှာ ၈၈ သိန်းကျော်ကျော် ရှိလေသည်။

ထီပေါက်ပါလျက် ထုတ်ယူရန် ပျက်ကွက်ကြခြင်း အကြောင်းရင်းများမှာ ထီလက်မှတ် ပျောက်ဆုံးသွားခြင်းကြောင့် ၎င်း၊ ထီလက်မှတ်ဂဏန်းကို မမှတ်မိခြင်းကြောင့်၎င်း၊ မိမိထီပေါက်ကြောင်းကို မသိကြခြင်းကြောင့်၎င်း ဖြစ်လိမ့်မည်ဟု တွေးထင်ရပေသည်။ အချုပ်ကို ဆိုရသော် မိမိ၏ ထီလက်မှတ်ဂဏန်းကို မမှတ်မိခြင်းပင် ဖြစ်၏။ မိမိ၏ လက်မှတ် ဂဏန်းကိုလည်း မှတ်မိမည် မိမိထီပေါက်ကြောင်းကိုလည်း သိရှိမည် ဆိုလျှင် ထီလက်မှတ်ကို တင်မပြနိုင်စေကာမူ မိမိထီလက်မှတ် ပျောက်ဆုံး သွားကြောင်းကို ထီရုံးသို့ တိုင်တန်း၍ မိမိထီထိုးထား ကြောင်းကိုလည်း ခိုင်လုံစွာ တင်ပြ နိုင်ပေမည်။

ထီလက်မှတ် ပျောက်ဆုံးသွားသော်လည်း မိမိလက်မှတ် နံပတ်ကို မှတ်မိသဖြင့် ဆုငွေ ရဘူးသော သာဓက တခုကို တင်ပြလိုပါသည်။

ကာယကံရှင်မှာ ကွယ်လွန်သူ မြန်မာ့အလင်း အယ်ဒီတာ ဦးသောင်းညွန့် ဖြစ်ပါသည်။ ဦးသောင်းညွန့်သည် ၉၄ ကြိမ်မြောက် ဖွင့်လှစ်မည့် ထီလက်မှတ် တစောင်ကို လန်ဒန် ဂိုးဖလိပ်ကုမ္ပဏီမှ မေတ္တာလက်ဆောင် အဖြစ် ရရှိခဲ့သည်။ သူ၏ ထီလက်မှတ် နံပတ်မှာ ခ-၃၃၄၉၃၃ ဖြစ်၏။ ထိုထီလက်မှတ်မှာ ထီဖွင့်ခါနီး ရက်ပိုင်းအလိုတွင် ခါးပိုက်နှိုက် ခံရသဖြင့် ပျောက်ဆုံးသွားလေသည်။ သို့ရာတွင် ဦးသောင်းညွန့်သည် မိမိ၏ ထီလက်မှတ် နံပတ်ကို မှတ်မိသဖြင့် ၁၉၆၀ ပြည့်နှစ် ဇူလိုင်လ ၂၃ ရက်နေ့တွင် စာဖြင့် ရေး၍ ထီရုံးကြီးသို့ တိုင်တန်းထားလိုက်လေသည်။ ထိုသို့ တိုင်တန်းပြီး နှစ်ရက်ခန့် အကြာ ဇူလိုင်လ ၂၅ ရက်နေ့တွင် ၉၄ ကြိမ်မြောက် အောင်ဘာလေ သိန်းထီကြီး ဖွင့်ပါတော့သည်။ သူ၏ နံပတ်ဖြင့် ငါးထောင်ဆု တဆု ထွက်လာ

လေသည်။ ထီရုံးကြီးမှ လက်ခံဖြတ်ပိုင်းကို စစ်ဆေးကြည့်ရှုပြီးနောက် ပျောက်ဆုံးသွားသော ထီလက်မှတ်မှာ ဦးသောင်းညွန့်ပိုင် ထီလက်မှတ် ဖြစ်ကြောင်း ယုံမှားသံသယ မရှိသဖြင့် ထီလက်မှတ်ပိုင်ရှင် ဦးသောင်း ညွန့်အား ဆုငွေ ငါးထောင်ထုတ်ပေးလိုက်လေသည်။

အထက်ပါ အဖြစ်အပျက်တွင် ထီပေါက်သူ ဦးသောင်းညွန့်ကသာ၊ မိမိ၏ ထီလက်မှတ် နံပတ်ကို မမှတ်မိပါမူ ထီပေါက်ကြောင်းကို သိချင်မှ သိပေမည်။ သူသည် ဆုငွေ ငါးထောင်နှင့် လွဲရချေတော့မည်။ သို့သော် ထိုသို့ မဖြစ်ခဲ့ပါ။ ဦးသောင်းညွန့်မှာ အမြော်အမြင် ရှိသော အယ်ဒီတာ တဦးလည်း ဖြစ်၏။ သတိတရားကို လက်ကိုင် ထားသူ လည်း ဖြစ်၏။ ထို့ကြောင့် သူသည် ထီလက်မှတ်ကို ရရှိပြီးနောက် သူ ၏မှတ်စု စာအုပ်ထဲတွင် ထီလက်မှတ်နံပတ်ကို ကူး၍ ထားလိုက်သည်။ သူ၏ ထီလက်မှတ် ခါးပိုက်နှိုက်ခြင်း ခံလိုက်ရသည်နှင့် တပြိုင်နက် မိမိ မှတ်သားထားသော စာအုပ်မှ နံပတ်ကို ကူးယူ၍ ထီရုံးကြီးသို့ တိုင် တန်းလိုက်လေတော့သည်။ ထို့ကြောင့်လည်း ဦးသောင်းညွန့်သည်၊ နောက်ဆုံး၌ ငါးထောင်ဆုကြီးကို ချောချော ချိချိ ထုတ်ယူနိုင်ခဲ့ လေသည်။

ဦးသောင်းညွန့်ကဲ့သို့ မှတ်သားမှုမရှိကြသောပုဂ္ဂိုလ်များစွာတို့မှာ ထီပေါက်သော်လည်း ဆုငွေမထုတ်ယူနိုင်ခဲ့ကြချေ။ သို့ကြောင့်လည်း ထီစတင်ဖွင့်သည့်နေ့မှ ၁၁ဂ ကြိမ်မြောက် ဖွင့်ပြီးသည့်အချိန်ထိ ဆု ငွေ သိန်းပေါင်း ၂၂၀ ကျော်မှာ ပိုင်ရှင်မပေါ်ဘဲ ရှိခဲ့သည်။

## ထီလက်မှတ်ကို မည်သို့သိမ်းမည်နည်း

ထီလက်မှတ်ကို ဝယ်ယူ လာပြီးနောက် အိမ်ကို ရောက်လျှင် ရောက် ချင်း အလွယ်တကူ မပျောက် မပျက်နိုင်သည့် စာအုပ်တအုပ်ထဲသို့ လက်မှတ် နံပတ်နှင့် အတိတ်များကို ကူးထည့် လိုက်ပါ။ မိမိထိုးခဲ့

သော ထီဆိုင် အမည်နှင့် ထိုးသည့် နေ့စွဲကိုလည်း ရေးထည့်ရန်မမေ့သင့်ပါ။အကယ်၍ အလုပ်တိုက်နှင့် ရုံးများတွင် အလုပ်လုပ်သူများအဖို့ဆိုလျှင် ထီလက်မှတ်ကို အထက်ပါအတိုင်း ထပ်ဆင့်ပွါးပြီးလျှင် ထိုမှတ်သားချက်များကို အိမ်တွင် တခု၊ ရုံးတွင် တခု သိမ်းထားသင့်ပေသည်။ ထီလက်မှတ်ကိုမူ စက္ကူအိတ်ထူထူနှင့်ထည့်၍ စာအိတ်ပေါ်တွင်မည်သည့် အကြိမ်မြောက် ထီလက်မှတ် ဘယ်နှစ်စောင် ဟု စာလုံးကြီးကြီးဖြင့် ရေးသားလိုက်ပြီး လျှင် သူတပါး အလွယ်တကူယူ၍ မရနိုင်သော ဘီရို၊ သေတ္တာစသော နေရာများတွင် သိမ်းဆည်းသင့်ပေသည်။ အရေးအကြီးဆုံးအချက်မှာ ထိုစာအိတ်ကို ထီမဖွင့်မီ အတွင်း ဟိုနေရာသည်နေရာများသို့ မရွှေ့ မပြောင်းရန်ပင် ဖြစ်၏။ နေရာပြောင်းထားချေသော် အမှတ်မှားကာ ပျောက်ဆုံး သွားတတ်ပေသည်။ တဆင့်ကူးယူထားသော စာအုပ်များကိုလည်း အိမ်၌ဖြစ်စေ၊ ရုံး၌ ဖြစ်စေသတိကြီးစွာနှင့် သိမ်းဆည်းသင့်၏။

အထက်၌ ဖော်ပြခဲ့သော နည်းဖြင့် ထီလက်မှတ် တမျိုးတည်းကိုသာထိန်းသိမ်း နိုင်သည် မဟုတ်ပေ။ အခြား အရေးကြီးသော ရေဒီယိုလိုင်စင်၊ အသက်အာမခံစာချုပ်၊ အိမ်ဂရံ စသော စာချုပ်စာတမ်းများမှ အရေးကြီးသည့် အချက်တို့ကိုလည်း ကူးယူ သိမ်းဆည်းထားနိုင်ပေသည်။ လုပ်ငန်းချင်းဆက်စပ်လျက် ရှိသော စာရွက် စာတမ်းများကို စာအိတ်တအိတ်ထဲတွင်လည်း ထည့်သွင်း နိုင်ပေ၏။ အရေးအကြီးဆုံးမှာ စာအိတ်ပေါ်တွင် မိမိ သိမ်းဆည်းထားသော ပစ္စည်းအမည်ကို ထင်းထင်း တိုတိုရေးထားရန် လိုပါသည်။

**မေ့လျော့ခြင်း၏ကျေးဇူး**

လူတိုင်း လူတိုင်းပင် အမှတ်မှားခြင်း၊ မေ့လျော့တတ်ခြင်း များဖြစ်တတ်၏။ မေ့လျော့တတ်ခြင်းကား ထုံးစံ ဓမ္မတာပင် ဖြစ်၏။ ကျွန်ုပ်

တို့၏ ဦးနှောက်ထဲတွင် မှတ်သားထားသော အကြောင်း အရာများ အားလုံးကို တကြိမ်တည်း၊ တပြိုင်နက်တည်း သတိရရှိရန် ခဲယဉ်းပေသည်။ ကိစ္စတရပ်ကို မေ့မေ့ လျော့လျော့ ထားပြီးနောက် အလိုရှိခါမှ တွေးတောဖော်ထုတ်ခြင်းသည် တနည်းအားဖြင့် ကျွန်ုပ်တို့၏ ဦးနှောက်ကို အနားပေးထားခြင်း ဖြစ်၏။ ထိုသို့ မေ့မေ့ ပျောက်ပျောက် ထားနိုင်ခြင်းသည် ကျွန်ုပ်တို့အား ရှင်လန်းခြင်းကို ဖြစ်စေ၏။ အခြားမှတ်သားစရာများကိုလည်း မှတ်သားသိမှီးနိုင်ပေသည်။ အကယ်၍သာ ကျွန်ုပ်တို့ ဦးနှောက်ထဲသို့ ရောက်ရှိလာသမျှသော ကိစ္စအဝဝတို့ကို ခဏတဖြုတ်မျှ မေ့ပျောက်၍ မရနိုင်ကြလျှင် ကျွန်ုပ်တို့သည် ပျော်ရွှင်ခြင်းထက် စိတ်၏ဆင်းရဲခြင်းကိုသာ ပိုမို ခံစားကြရမည် ဖြစ်၏။ အကြောင်းသော်ကား ကျွန်ုပ်တို့သည် သုခဝေဒနာကို ခံစားရသည်ထက် ဒုက္ခဝေဒနာကို ခံစားရသည်က ပိုမို များပြားတတ်သောကြောင့် ဖြစ်၏။ထို့မှတပါး ပညာဗဟုသုတများကို ထပ်မံရှာမှီးရန်လည်း ခက်ခဲပေတော့မည်။

သတင်းစာများတွင် ဇနီးလင်ငယ်ယူ၍ ကြိုးဆွဲချသေခြင်း၊ သမီးအတွက် စိတ်ဒုက္ခ ဖြစ်၍ မြစ်ထဲသို့ ခုန်ချခြင်းစသော သတင်းမျိုးကို မကြာခဏ ဖတ်ရှုနေကြရသည်မှာ အခြားကြောင့် မဟုတ်၊ ထိုကာယကံရှင်များသည် မလိုလားအပ်သော အကြောင်းကိစ္စများကို မေ့ပျောက်၍ မရသောကြောင့်ပင် ဖြစ်၏။ ထို့မှ တပါး မိမိအားစော်ကားသူ၊ နှိပ်စက်သူဟု ထင်သူများကို ကာလအတန် ကြာမှ ကလဲ့စားချေသူများသည်လည်း မိမိခံစားရသော ဝေဒနာကို အလွယ်တကူ မမေ့မပျောက်နိုင်သော ပုဂ္ဂိုလ်များပင် ဖြစ်၏။

ထို့ကြောင့် မေ့လျော့ခြင်းသည် ကျွန်ုပ်တို့အား အခါများစွာ အကျိုးပြုခဲ့ပေသေးသည်ဟု နှလုံးသွင်းထိုက် ပေ၏။ ဘုရားရှင်ဟောကြားတော်မူသော သမ္မပ္ပဓာန်လေးပါးတွင် ကောင်းသော အမှုကို

ပြုလုပ်ရန် အားထုတ်ပြီးလျှင် မကောင်းသော အမှုကို မေ့လျော့ပစ်ရန်နှင့် နောင်တွင် မပြုလုပ်မိစေရန် အားထုတ်သင့်ကြောင်း ဟောကြားတော်မူခဲ့သည်။ ခေတ္တခဏမေ့ထားဖျောက်ထားသော ကိစ္စကို အလိုရှိသည့်အခါ ဆွဲငင်နိုက်ယူရန် အရေးကြီးပေသည်။ မေ့လျော့ခြင်းနှင့် ကင်းသူများကား မရှိချေ။ မှတ်ဉာဏ် အလွန်ကောင်းသူများလည်း မေ့လျော့တတ်ကြ၏။

တခါက မှတ်ဉာဏ် အလွန်ကောင်းသည်ဟု ထင်ရှားသော အမေရိကန် နိုင်ငံမှ ကုန်သည်ကြီး တဦးသည် ကုန်သည်ကြီးများ ကွန်ဖရင့်တခုတွင် ရှုပ်ထွေးပွေလီသော အချက် အလက်များကို စနစ်တကျမည်သို့ မှတ်သားရမည် ဆိုသောအကြောင်းကို စိတ်ပါဝင်စားစွာ ဟောပြောပြရုံမျှ မက လက်တွေ့လည်း ပြသလေသည်။ သို့သော် ထိုပုဂ္ဂိုလ်ကြီးသည် အစည်းအဝေးမှ ထွက်လာသော အခါ အခန်းထဲ၌ ဦးထုပ်မေ့ကျန်ရစ်ခဲ့သော ဟူ၏။

အခြားသာဓက တခုကို ကြည့်ပါဦး၊ အင်္ဂလန်နိုင်ငံ ယော့ရှိုင်းယား[၁] နယ်မှ ထင်ရှားသော ဘဏ်တိုက်ခွဲတခုတွင် မှတ်ဉာဏ် အလွန်ကောင်းသော မန်နေဂျာကြီး တဦး အုပ်ချုပ်လျက် ရှိလေသည်။ တနေ့သ၌ ထိုမန်နေဂျာကြီးသည် ဘဏ်အတွင်းရှိ မီးခံ သေတ္တာမှန်သမျှ၊ သံသေတ္တာ မှန်သမျှတို့ကို ဖွင့်၍ ရသော မတ်စတာကီး[၂] ခေါ် သော သော့ နှစ်ချောင်းအနက် တချောင်းကို ထားနေကျနေရာတွင် ရှာ၍ မရတော့ချေ။ အရေးကြီးသော ထိုသော့ ထားသည့်နေရာကို သူနှင့် သူ၏ လက်ထောက်မန်နေဂျာ တဦးတို့သာ သိရှိကြ၏။ ထိုအချိန်က လက်ထောက် မန်နေဂျာမှာ အခွင့် နှင့် ခရီးထွက်နေချိန်ဖြစ်၏။ မန်နေဂျာသည် မိမိ၏လက်ထောက်အား ခရီးထွက်ရာမှ ခေတ္တ

၁။ Yorkshire
၂။ Master Key

ပြန်လာပါရန် သံကြိုးရိုက်လိုက်၏။ လက်ထောက် မန်နေဂျာ ရောက်ရှိလာသောအခါ လက်ထောက် မန်နေဂျာကလည်း ပျောက်ဆုံးနေသော သော့ကို မိမိမကိုင်တွယ်ကြောင်း အစီရင် ခံလေသည်။ မန်နေဂျာကြီးသည် သော့ကို ရှာမတွေ့သဖြင့် စားမဝင် အိပ်မပျော်ဖြစ်နေလေ၏။ နောက်ဆုံး၌ ကြံရာမရဘဲ၊ အထူး ကျွမ်းကျင်သော အပြင်စုံထောက် တဦးကို ငှါးရမ်း၍ ထိုကိစ္စကို စုံစမ်းစေ၏။ စုံထောက်ကြီးလည်း ဘဏ်အမှုထမ်း မှန်သမျှ ကို တဦးမကျန် ခေါ်ယူစစ်ဆေးသည့်အပြင်၊ သော့ပျောက်သည့် ရက်အတွင်းက ဘဏ်သို့ထွက်ဝင်သွားလာခဲ့သူ မှန်သမျှကိုလည်း မျက်ခြည်မပြတ် ဂရုတစိုက် ကြည့်ရှုနေခဲ့လေသည်။ သို့သော် သော့ကို ခိုးယူသူ ကိုကား မဖမ်းနိုင်ခဲ့ချေ။ နောက်ဆုံး၌ စုံထောက်ကြီးက အဆိုပါ သော့ကို မည်သူတစုံတယောက်မျှ ခိုးယူသွားသည်ဟု မထင်မြင်ပါ။ မန်နေဂျာကြီးကိုယ်တိုင် အထားမှားနေလိမ့်မည်ဟု ယူဆရပါသည်။ ခေါင်းအေးအေးထား၍ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပါ။ နောက်နေ့သတိရပါလိမ့်မည်ဟု ကောက်ချက်ချကာ အမှုကို ပြန်၍အပ်လိုက်လေသတည်း။

စုံထောက်ကြီး ပြောဆိုသည့် အတိုင်း နောက်တနေ့နံနက်တွင် မန်နေဂျာကြီးသည် သူ၏ သော့ကို သူပြောင်းရွှေ့ထားသော နေရာတနေရာတွင် ပြန်လည် တွေ့ရှိလေ၏။ ထိုမန်နေဂျာကြီး နည်းတူအချို့ အိမ်ရှင်မများလည်း မိမိတို့၏ လက်ဝတ်လက်စားများကို အထားအသိုမှားသဖြင့် ဥစ္စာပျောက် ငရဲရောက်ဆိုသော စကားပုံနှင့် အညီ၊ ပတ်ဝန်းကျင်မှ ပုဂ္ဂိုလ်တို့ကို ခိုးနိုးနိုး ယူနိုးနိုး အထင်မှားခဲ့ကြသည့် ထုံးဟောင်းသာဓကများကို ကြားဘူး ကြပေလိမ့်မည်။

ဤသို့ အထားအသို မှားခြင်း၊ သတိမေ့လျော့ခြင်းမျိုးများသည် လုပ်ငန်းကို ဖင့်နွှဲစေခြင်း၊ အနီးပတ်ဝန်းကျင်ရှိ ပုဂ္ဂိုလ်များကို အထင်မှား အမြင်မှား ဖြစ်စေခြင်း စသော မလိုလားအပ်သော အကျိုးတရား

များကို ဖြစ်စေသည်မက မိမိရသင့် ရထိုက်သော ဆုကြီး လပ်ကြီးများနှင့်လည်း လွဲချော်သွားတတ်ပေသည်။

ထို့ကြောင့် သော့ကဲ့သို့ အရေးကြီးသော ပစ္စည်းကို ဖြစ်စေ၊ ရွှေငွေရတနာကို ဖြစ်စေ၊ ထီလက်မှတ် အစရှိသော အဖိုးတန် စာရွက်စာတမ်းများကို ဖြစ်စေ လုံခြုံစိတ်ချရသည့် နေရာ တနေရာထဲတွင် စွဲစွဲမြဲမြဲ သိမ်းဆည်း သင့်ပေသည်။ ဟိုနေရာ သည်နေရာ မကြာခဏ ပြောင်းလဲ၍ မထားသင့်ပေ။ အကယ်၍ မလွှဲမရှောင်သာ၍ တနေရာမှ အခြား တနေရာသို့ ပြောင်းရွှေ့ထား လိုက်ပါလျှင် ထိုနေရာအသစ်ကို မှတ်ဉာဏ် ထဲတွင် စွဲမြဲယဉ်ပါးသွားအောင် နှလုံးသွင်းပါ။ စာမေးပွဲခုံနံပတ် ထီလက်မှတ်စသော အရေးကြီးသည့် နံပတ်၊ ခုနှစ်သက္ကရာဇ်များပါသော စာရွက် စာတမ်းမူရင်းများကို ထိုသို့ တနေရာတည်းတွင် သိမ်းဆည်းထားပြီးလျှင် မိတ္တူများ ကူး၍ အခြားတနေရာတွင်လည်း သိမ်းဆည်းထားသင့်ပေသည်။

## ချိတ်တပ်၍ မှတ်နည်း

ကျွန်ုပ်တို့သည် ပြက္ခဒိန်၊ ခေတ်ပုံကားချပ် နှင့် ပုလင်းစသည်တို့ကို နံရံတွင် ချိတ်လိုသည့်အခါ ကြိုးစကလေးများဖြင့် ချည်နှောင်၍ ၎င်း၊ ချိတ်စရာကွင်းကလေးများ တပ်၍၎င်း ချိတ်ဆွဲတတ်ကြပေသည်။ ပြန်၍ ဖြုတ်သည့်အခါလည်း လွယ်ကူပေသည်။ ထို့အတူ အချို့အကြောင်းကိစ္စများကို မှတ်သားသည့် အခါတွင်လည်း ချိတ်ကလေးများတပ်၍၎င်း၊ ကြိုးကွင်းကလေးများ တပ်၍၎င်း မှတ်သားနိုင်လျှင် ပိုမိုမှတ်မိလွယ်စေပါသည်။ အမှတ် အသားပြုရာတွင် ချိတ်တပ်၍ ရပါသလော၊ ကြိုးကွင်းချည်နှောင်၍ ရပါသလောဟု မေးစရာ အကြောင်းရှိပါသည်။ အဖြေမှာ ရပါသည်ဟု ဖြစ်သည်။

မြန်မာရာဇဝင်မှ ထင်ရှားသော ပဌမ မင်းခေါင်၏ ငယ်စဉ် ဘဝ

အကြောင်းကို ဖတ်ဘူးကြပေလိမ့်မည်။ မင်းခေါင်ကို ငယ်စဉ်က မင်းဆွေဟု ခေါ်၏။ မင်းဆွေသည် ပင်လယ်မြို့ သံဃရာဇာထံတွင် ပညာသင်ကြားနေ၏။ မင်းဆွေ ၁၂ နှစ်အရွယ်၊ တညဉ့်၌ မိမိ၏အစ္စူများ ထွက်၍ အင်းဝမြို့ကိုပတ်ရသည်ဟု အိပ်မက် မြင်လေ၏။ မင်းဆွေလည်း အလွန်ကြောက်ရွံ့စွာဖြင့် ညဉ့်တွင်းချင်းပင် ဆရာတော်ကို နှိုး၍ အကြောင်းကို လျှောက်လေ၏။ ဆရာတော်သည် မင်းဆွေ လျှောက်ထားချက်ကို ကြားလျှင် စကားတစုံတရာမပြောဘဲ ရွတ်တရက်ထ၍ ခြေဖြင့် ကန်ကျောက်လေရာ မင်းဆွေတုံးလုံးလည်းလေ၏။

ထိုအခါ မင်းဆွေက "အရှင်ဘုရား ရက်စက်လှချေတကား" ဟု လျှောက်ထား ပြန်သည်။

သံဃရာဇာက "ငါသည် ဦးပဉ္စင်းဘဝက၊ ငါဆောင်းသော ဦးထုပ် လေတိုက်၍ မြေသို့ကျသည်ကို ငါနင်းမိ၏။ ထိုအခါ မင်းဆရာ ဖြစ်မည်ဟု ငါကိုယ်တိုင် နိမိတ်ဖတ်ခဲ့သည်။ ငါမင်းဆရာဖြစ်လျှင် တန်တားဦးကို အမိုးနှင့် ဆောက်လုပ်ရမည်ဟု ငါဓိဋ္ဌာန် ခဲ့၏။ ယခုလည်း မင်းသား၏ အိပ်မက်အရ မင်းသားသည် မချွတ် ကေန် မင်းဖြစ်မည်။ မင်းဖြစ်သော် ငါ့ကို မမေ့ရန် ကန်ကျောက်ထားခြင်းဖြစ်သည်" ဟု မိန့်တော်မူ၏။ မင်းဆွေလည်း အလွန်ဝမ်းမြောက်အားတက်လေ၏။

နောင်မင်းဆွေ မင်းဖြစ်လာသော အခါ ဆရာတော်ကို မမေ့ မလျော့ဘဲ ပင့်ဖိတ်ကာမင်းဆရာအဖြစ်ကိုးကွယ်လေသည်။ အထက်ပါ အဖြစ် အပျက်မှာ ဒဏ္ဍာရီ ဆံလှပေသည်။ သို့သော် စာရေးသူတင်ပြ လိုသည့် အချက်မှာ သံဃရာဇာက မင်းဆွေ မမေ့လျော့စေခြင်းငှါ ခြေထောက်နှင့် ထ၍ ကန်သည့် အကြောင်းပင် ဖြစ်၏။ ဤနေရာ၌ သံဃရာဇာက သာမန်ပြောရိုး ပြောစဉ် စကားမျိုးဖြင့် ပြောဆိုလျှင် နားထောင်ရသူ အဖို့ မေ့ပျောက်ကောင်း မေ့ပျောက်သွားပေလိမ့် မည်။ သို့ရာတွင် သံဃရာဇာဆရာတော်ကြီးက မင်းဆွေအား ခြေ

ထောက်နှင့် ထ၍ ကန်လိုက်ခြင်းသည် အကြောင်းရပ် တခုတွင် ချိတ် ကလေးတပ်၍ (ဝါ) ကြိုးစကလေး ချည်နှောင်၍ မှတ်သားစေခြင်းမျိုး ပင် ဖြစ်၏။

မြန်မာလူမျိုးတို့ သုံးနှုန်းလေ့ ရှိသော "ခါးပိုက်ထဲတွင် ခဲလုံးထည့် သွား" ဆိုသော စကားကို ကြားဘူးကြပေလိမ့်မည်။ လူတယောက်က သူမိတ်ဆွေတဦးအား သူ့အတွက် ပစ္စည်းတခုခု ဝယ်ခဲ့ရန် မှာကြားသည့် အခါ ဖြစ်စေ၊ သို့မဟုတ် ကိစ္စတခုခုဆောင်ရွက်ပေးရန်မှာကြားသည့် အခါ ဖြစ်စေ ထိုကိစ္စကို မမေ့မပျောက်စေရန် "ခါးပိုက်ထဲတွင် ခဲလုံး ထည့်သွားဟေ့" ဟု မှာကြားလေ့ ရှိကြ၏။ မှာကြားခြင်း ခံရသူသည် မိမိခါးပိုက်မှ ခဲလုံးများကို စမ်းသပ်တွေ့သည့်အခါ ဖြစ်စေ၊ သို့မဟုတ် လုံချည်ကို ဖြေဝတ်စဉ်ခဲလုံးများထွက်ကျလာသည့် အခါ ဖြစ်စေ၊ မှာ ကြားလိုက်သော ကိစ္စကို သတိရရှိနိုင်စေရန် ထိုသို့ ပြုလုပ်ခိုင်းခြင်း ဖြစ် သည်။ ဤကား ချိတ်ကလေး တပ်၍ မှတ်သားနည်း တမျိုးပင်ဖြစ်၏။

စာရေးသူသည် ၁၀ တန်း၌ ပညာသင်ကြားနေစဉ် ကျောင်းဆရာ ကြီး ဦးမြအောင်၏ မှတ်သားနည်း တခုကို တွေ့မြင်ဘူးပါသည်။ တနေ့ ညနေကျောင်းဆင်းချိန်တွင် ဆရာကြီး၏ ခိုင်းစေချက် အရ ကျောင်း သားများ ရေးသားပြီးစီးသည့် အင်္ဂလိပ်စာစီစာကုံး စာအုပ်များကို စု၍ ဆရာကြီး အခန်းသို့ သွားရောက်ပေးပို့ပါသည်။ ဆရာကြီးက ထို စာအုပ်များကို စားပွဲတနေရာတွင် တင်ထားရန် အမိန့် ပေးပါသည်။ ဆရာကြီး၏ စားပွဲခုံပေါ်တွင် ကလောင်တချောင်းစီ စိုက်ထားသော မင်နီအိုးတအိုး၊ မင်နက်အိုးတအိုးအပြင် သော့တွဲ၊ မြေဖြူခဲနှင့် စာအုပ် များ စာရွက်များ ပြန့်ကျဲနေသည်ကို သတိပြုမိပါသည်။

ဆရာကြီးသည် ရုတ်တရက် မင်နက်အိုးမှ ကလောင်တံကို ကောက် ယူ၍ ပြောင်းပြန် စိုက်ချလိုက်သည်ကို တွေ့မြင်ရသဖြင့် စာရေးသူသည် ဆရာကြီး မြအောင် တဖက်သို့ လှည့်ကာ မသိမသာ ပြုံးမိပါသည်။



ကလောင်တံကို ပြောင်းပြန်စိုက်၍ ချိတ်ဘပ် မှတ်နည်းတမျိုး

ထိုအခါ ဆရာကြီးက "ဟော့ကောင်၊ မင်းဘာရယ်ဒါလဲ၊ ငါက အကြောင်းရှိလို့ လုပ်ထားကွဲ။ ငါ့မှာ အရေးကြီးတဲ့ စာတစောင် ပြန်ဘို့ ရှိနေတယ်။ ဒီနေ့အချိန်မရလို့ နက်ဖြန်ကျောင်းကိုလာယင် လာချင်း သတိရအောင် ဒီလိုလုပ်ထားဒါကွဲ" ဟု ပြောပြပါသည်။

စာရေးသူမှာ ဆရာကြီးကို ကြောက်အား လန့်အားနှင့် "ဟုတ်-ဟုတ်-ဟုတ်ကဲ့ဆရာကြီး" ဟု ပြောကာ ဆရာကြီး အခန်းတွင်းမှသုတ်ခြေ တင်၍ ထွက်ခဲ့ပါသည်။

ဆရာကြီး ပြောလိုက်သော နည်းမှာ စာရေးသူ အဖို့ ယနေ့တိုင်

အောင် များစွာ အသုံးဝင်လျက် ရှိသဖြင့် ဆရာကြီးအား ကျေးဇူးတင်မဆုံး ဖြစ်မိပါတော့သည်။

အင်္ဂလန်နိုင်ငံမှ နန်းစွန့်ခဲ့သူ အဌမမြောက် အက်ဒ်ပ်[၁] ဘုရင်သည် ငယ်စဉ် မင်းသားဘဝက ရေတပ်မတော် ကောလိပ်တွင် ဝင်ရောက်၍ ရေကြောင်း ပညာရပ်များကို သင်ကြားရလေသည်။ ထိုစဉ် အခါ မင်းသား၏ သူငယ်ချင်း အချို့က "မင်းတော့ တနေ့ဘုရင်ဖြစ်မဲ့လူဘဲ၊ ဒါကြောင့် တို့ကို မင်းမှတ်မိအောင် လုပ်ရမယ်"ဟု ဆိုကာ မင်ဖြင့် လောင်းကြသည်။ အချို့ကလည်း ထိပ်ပုတ်ခေါင်းပုတ် လုပ်ခဲ့ကြသည်။ မင်းသားသည် ထိုသူငယ်ချင်းများကို ဘုရင် ဖြစ်သည့် တိုင်အောင်လည်း မမေ့၊ နန်းစွန့်ပြီးသည့်တိုင်အောင်လည်း မမေ့ခဲ့ကြောင်းနှင့် သူကိုယ်တိုင် ထုတ်ဖော်ရေးသားဘူး၏။

မြန်မာရာဇဝင်တွင် တိုင်းရင်းသား အချင်းချင်း အကြိမ်ကြိမ်တိုက်ပွဲကြီးများဖြစ်ခဲ့ ကြောင်းကို ဖတ်ဘူး ကြပေလိမ့်မည်။ ထိုတိုက်ပွဲများမှာ ဆင်ချင်း၊ မြင်းချင်း၊ လူချင်း တိုက်ခိုက်ကြသော တိုက်ပွဲများဖြစ်၏။ တခါ တရံတိုက်ပွဲများတွင် လူချင်းထွေးလုံးသတ်ပုတ်ကြသဖြင့် မိမိဖက်မှမည်သူ မည်ဝါ ဖြစ်ကြောင်းကို ဂနသေချာစွာ သိရန်ခဲယဉ်းပေသည်။ ထိုကဲ့သို့သော တိုက်ပွဲများ အတွင်း၌ ရှပ်ရှပ် ချုံချုံ တိုက်ခိုက်သူများကို မိမိတို့ သက်ဆိုင်ရာ စစ်ကဲကြီးများ၊ သို့မဟုတ်မင်းသားများ၊ စစ်ဗိုလ်ချုပ်ကြီးများက မိမိလက်တွင် အလွယ်တကူပါသော ပုဝါ၊ သို့မဟုတ် ခါးစည်းကြိုး စသည်တို့ကို ပစ်ချ၍ပေးလေသည်။ တိုက်ပွဲများပြီးဆုံးသွားပြီးနောက် ထိုသို့စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့သော အမှုထမ်းများက မိမိတို့ရထားသော ပုဝါ၊ ခါးစည်း စသည်တို့ကို တင်ပြဆက်သကြသောအခါ ဆုလပ်များ ချီးမြှင့်ခြင်း ခံရလေသည်။ ဤသို့ပုဝါ၊ ခါးစည်း စသည်တို့ကို ပစ်ချပေးခြင်းမှာ မိမိလူကို နောင်အခါ မှတ်မိစေ

---

[၁] Edward VIII

ရန်၎င်း၊ တိုက်ပွဲအတွင်း၌ ထိုနည်းဖြင့် အသိအမှတ် ပြုသဖြင့် သက်စွန့်ကြိုးပမ်းဆောင်ရွက်စေရန်၎င်း ရည်ရွယ်၍ ဖြစ်၏။ဤမှတ်နည်းမျိုးမှာ ဆက်သွယ်ပေါင်းစပ်နည်းတမျိုးပင် ဖြစ်ပေသည်။

စာရေးသူသည် ကျောင်းသား ဘဝက သူငယ်ချင်း တဦး နေထိုင်ရာလမ်းမတော်ရှိ ဝိုင်အမ်စီအေ အသင်းတိုက်သို့ မကြာ ခဏသွားရောက် လည်ပတ်လေ့ ရှိပါသည်။ တနေ့သ၌ ထိုသူငယ်ချင်း အခန်းသို့ရောက်ရှိသွားပြီးနောက် တအောင့်တနား စကား ပြောဆိုပြီးလျှင် လျှောက်လည်ရန် နှစ်ယောက်သား အပြင်သို့ ထွက်လာခဲ့ကြပါသည်။ ဝိုင်အမ်စီအေ အဆောက် အဦးနှင့် ကိုက်တရာခန့် အကွာသို့ ရောက်လျှင် သူငယ်ချင်းက မိမိ၏ အခန်းကို ပိတ်မိခဲ့သည် မပိတ်မိခဲ့သည်ကို ကောင်းစွာ မမှတ်မိဟု ပြောသဖြင့် နှစ်ဦးသား အသင်းတိုက်သို့ ပြန်၍ သွားကြပါသည်။တံခါးမှာ ကောင်းစွာ ပိတ်ထားသည်ကို တွေ့ရသည်။

စာရေးသူ၏ သူငယ်ချင်း ထိုသို့ သတိမေ့လျော့သည်မှာ ထိုတကြိမ်သာမဟုတ်ပါ။ ယခင်ကလည်း တကြိမ် နှစ်ကြိမ် ဤသို့ မေ့လျော့တတ်ပုံကို စာရေးသူ သတိပြုမိပါသည်။ ထိုနေ့က စာရေးသူသည် သူ၏ အခန်းသို့ ဒုတိယ အကြိမ် ပြန်ရောက်သောအခါ သော့ခတ်ထားသော သော့ခလောက်သီးကို အသံမြည်အောင် နှစ်ကြိမ် သုံးကြိမ်ဆွဲလိုက်ပြီးလျှင်၊ နောက်ဆုံးသော့ခလောက်ကို တံခါးတွင် အသာ ရိုက်၍ "လုံစေ၊ ခြုံစေ၊ ဦးဖွ" ဟု ရွတ်ဆိုလိုက်ပါသည်။

စာရေးသူ ပြုမူပုံကို ကြည့်၍ သူငယ်ချင်းက ရယ်ပါသည်။ စာရေးသူက "မရယ်နဲ့မောင်၊ ခင်ဗျား အပြင်ထွက်ခါနီးတိုင်း အခန်းကိုသော့ခတ်ပြီးယင် ဒီလို ခေါက်ကြည့်စမ်းပါ။ ခင်ဗျား ဘယ်တော့မှ လမ်းတဝက်က ပြန်လာရမှာ မဟုတ်ဖူး" ဟု ပြောပြလိုက်ပါသည်။ စာရေးသူက ဆက်လက်၍ ထိုနည်းကို မိမိသည် ငယ်စဉ်က မိမိတို့မြို့မှ ထောင်စောင့် ဂျမဒါကြီးထံမှ ရရှိခဲ့သည်ဟုလည်း ဆက်၍ ပြောပြရပါသည်။

စာရေးသူသည် ငယ်စဉ်က ထောင်ဗူးဝတွင် အစောင့်ကျသော ဂျမဒါ တဦးကို တွေ့ဘူးပါသည်။ သူသည် တာဝန်ကျနေသော ထောင်ဗူးဝမှ ထောင်မှူးကြီးအိမ်သို့ရင်း၊အခြားတနေရာသို့ရင်း ခေတ္တသွားလိုလျှင် တံခါးမကြီးကို ံသော့ခတ်ပြီးနောက် သုံးလေးကြိမ်း လှုပ်ကြည့်ပြီးမှ ထွက်ခွါသွားလေ့ ရှိသည်ကို သတိပြုမိပါသည်။ ထို့ကြောင့် အထက်ပါ နည်းကို ထောင်ဂျမဒါကြီးထံမှ ရရှိခဲ့သည်ဟု ဆိုခြင်း ဖြစ်သည်။



သော့ခလောက်ခတ်ပြီးနောက် ဆွဲကြည့်ခြင်းသည် လှုပ်ရှားမှုဖြင့် တွန်းအားပေး၍ မှတ်သားနည်းတရပ်ဖြစ်၏

စာရေးသူ၏ သူငယ်ချင်းသည် ထိုနေ့မှစ၍ သော့ခတ်ပြီးနောက် သော့ခလောက် သီးကို တံခါးတွင်ရိုက်၍ ဆွဲကြည့်သောနည်းကို စတင်သုံးကြည့်ပါတော့သည်။ ထိုသို့ စတင် သုံးစွဲသည့် နေ့မှစ၍ လမ်းခုလတ်မှ အခန်းသို့ ပြန်လာပြီးလျှင် အခန်းတံခါးသော့ခတ်ခဲ့သည် မခတ်ခဲ့သည်ကို ပြန်၍ မကြည့်ရတော့ပေ။

ဤနေရာ၌ တံခါးကို သော့ခလောက်ဖြင့် သာမန် ခတ်ရုံသာခတ်ခဲ့လျှင် မှတ်မိရန် ခဲယဉ်းပေသည်။ သော့ခလောက်ကို အကြိမ်ကြိမ် ဆွဲလှုပ်ပြီးမှ တံခါးနှင့်ရိုက်၍ ထားလိုက်သောအခါ မိမိသော့ခတ်ကြောင်းကို ပိုမို ခိုင်မြဲစေသည်။ သော့ခလောက်ကို ဆွဲ၍ လှုပ်ခြင်းသည် သာမန်အားဖြင့် သော့ကလေးကိုလှည့်၍ခတ်ရုံထက်လှုပ်ရှားမှုပါသည်။ ကိုယ်တိုင် အားစိုက်မှုပါသည်။ ယုံကြည်ခြင်း၊ ကျေနပ်ခြင်းကို ဖြစ်စေသည်။ မိမိလုပ်လိုက်သောအလုပ် အောင်မြင်သည်ဟုလည်း ဝမ်းမြောက် ဝမ်းသာဖြစ်စေသည်။ တခါတရံ သော့ခလောက် အပေါက်တွင်းသို့ သော့ကို သွင်း၍ လှည့်လိုက်ပါသော်လည်း သော့ခလောက်တိုင်းမှာ ခတ်ပြီးသား မဖြစ်တတ်ချေ။ဤသို့ဆွဲကြည့်မှသာ သော့တကယ် ခတ်မိ မခတ်မိကို သိနိုင်ပေသည်။ ထို့ကြောင့် ဤနည်းသည် သေချာမှုကိုလည်း လက်တွေ့ ပြသပေသေးသည်။

သော့ခတ်သည့် ကိစ္စတခုတွင်သာ မဟုတ်ပါ။ အခြား ကိစ္စများတွင်လည်း အထက်၌ ပြဆိုခဲ့သည့် အတိုင်း လှုပ်ရှားမှု၊ ထူးခြားမှုများကို ထပ်ဆင့်ဖန်တီး၍ တွန်းအား ပေးကာ မှတ်သားထားခြင်းသည် မမေ့မပျောက်အောင် ကြံဆောင်နည်း တရပ်ပင် ဖြစ်၏။

## လိပ်စာမှတ်နည်း

လူအချို့တို့သည် မိတ်ဆွေ သင်္ဂဟများ၏ လိပ်စာများကို ပြက္ခဒိန်၌ဖြစ်စေ၊ လွယ်ရာ စက္ကူများဖြင့် ဖြစ်စေ ရေးမှတ်တတ်ကြသည်။ ထို့သို့

ရေးမှတ်ထားသော ပြက္ခဒိန် သို့မဟုတ် စက္ကူများသည် အလွယ်တကူ စုတ်လွယ်ပျောက်လွယ် တတ်သဖြင့် အရေးကြုံသည့် အခါ မိမိအလိုရှိသော လိပ်စာကို ရှာမရဖြစ်တတ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် လိပ်စာများ မှတ်ရန် စာအုပ်တအုပ် သီးသန့် ထားသင့်သည်။ စာအုပ်တွင် အက္ခရာစဉ် အလိုက် ခွဲ၍ ထားလျှင် ပို၍ ကောင်းသည်။ ဥပမာ အားဖြင့် (က) အက္ခရာ အောက်တွင် ကိုကို၊ကြင်မောင်၊ကံထွန်း စသည် ဖြင့်၎င်း (ခ) အက္ခရာ အောက်တွင် ခင်မောင်၊ ခင်သန်း၊ ချစ်စပယ် စသည်ဖြင့်၎င်း အက္ခရာအလိုက် ရေးမှတ်ထားသင့်ပေသည်။ အင်္ဂလိပ် အက္ခရာစဉ်များခွဲ၍ ရိုက်နှိပ်ထားသော လိပ်စာ စာအုပ်ငယ်များကို စာအုပ်ဆိုင်များတွင် ရရှိနိုင်ပေသည်။

လိပ်စာများကို လိပ်စာ စာအုပ်တွင် ရေးမှတ်သည့် နည်းအပြင် ကပ်ပြားတွင် မှတ်သားသော နည်းလည်း ရှိပေသေး၏။ ဤနည်းမှာ လိပ်စာများကို ကပ်ပြား ကလေးပေါ် တွင် ရေးသား လိုက်ပြီးနောက် ထိုကပ်ပြားကလေးများကို အက္ခရာအလိုက် အကန့် အကန့် ခွဲကာ သေတ္တာငယ် တခုထဲတွင် သိမ်းဆည်း ထားခြင်း ဖြစ်၏။ ယခုအခါ ထိုကပ်ပြားများနှင့် သေတ္တာငယ် ကလေးများကိုပါ စာရေးကရိယာ ရောင်းသော ဆိုင်များတွင် ရောင်းချလျက် ရှိ၏။

အထူး အရေးကြီးသည်မှာ လိပ်စာ တခုကို ခရီးသွားနေစဉ် ရေးမှတ်ယူခဲ့သည် ဖြစ်စေ၊ ရုတ်တရက်ချက်ခြင်း ပြက္ခဒိန် သို့မဟုတ် အခြားတနေရာ၌ ရေးမှတ်ထားသည် ဖြစ်စေ၊ ကာလမကြာမြင့်မီ အတွင်း မိမိ၏ လိပ်စာ စာအုပ် သို့မဟုတ် လိပ်စာကပ်ပြားထဲသို့ ရေးသား ထည့်သွင်းရန် လိုပါသည်။

လိပ်စာရေးသားထားသော လိပ်စာ စာအုပ်နှင့် လိပ်စာ ကပ်ပြား သေတ္တာများ မပျောက် မရှ နိုင်ပေလောဟု မေးစရာ ရှိပါသည်။ လိပ်စာ စာအုပ်နှင့် လိပ်စာ ကပ်ပြားသေတ္တာမှာ ထူးခြားသည့် လက္ခ

ထား ရှိပေသည်။ လိပ်စာ စာအုပ်ကို ဤနေရာတွင် ထား၏။ လိပ်စာ ကပ်ပြားသေတ္တာငယ်ကို ထိုခုံပေါ်တွင် ထား၏ ဆိုသော ထူးခြားသော မှတ်သားချက်လည်း ရှိသည်။ထိုစာအုပ်နှင့် သေတ္တာမှာသီးခြား နေရာ ရရှိထားသော ပစ္စည်းများလည်း ဖြစ်ပေသည်။ မည်သို့ ဖြစ်စေ ကာမူ ထိုနည်းမျိုးဖြင့် မှတ်သားထားခြင်းသည် ရရာစက္ကူ၊ ရရာစာအုပ်ပေါ်တွင် မှတ်သားထားခြင်း၊ ပြက္ခဒိန်ပေါ်တွင် ရေးမှတ်ထားခြင်းတို့ထက် ပိုမို အကျိုးရှိကြောင်းကို သုံးဘူးသူတိုင်း သိရှိကြပေလိမ့်မည်။

ကပ်ပြား တင်သည့်နည်းဖြင့် လိပ်စာများကိုသာ မှတ်သားထားနိုင်သည်မဟုတ်ပါ၊ အခြား မှတ်ဖွယ်ရာ စာတို့၏ အညွှန်းကိုလည်း ကပ်ပြားတင်၍ မှတ်သား ထားနိုင်ပေသည်။ အညွှန်းကပ်ပြား ဆိုသည်မှာ အခြား မဟုတ်ပါ။ မည်သည့် အကြောင်းသည် မည်သည့် စာအုပ်၊ စာမျက်နှာ မည်မျှတွင် ရှိကြောင်းကို အတိုချုပ် ရေးသားထားသော ကပ်ပြားဖြစ်ပါသည်။ ဥပမာ အားဖြင့် အရေးတော်ပုံ ငါးစောင်တွဲ စာအုပ်ထဲမှ အလောင်းဘုရား၊ သံလျင်မြို့သို့ ချီတက် တိုက်ခိုက်ပုံကို အောက်ပါအတိုင်း ကပ်ပြား တင်နိုင်ပေသည်။

| |
|---|
| ရာဇဝင် |
| အလောင်းဘုရား သံလျင် တိုက်ခိုက်ခြင်း |
| အရေးတော်ပုံ ငါးစောင်တွဲ (အလောင်းဘုရား အရေးတော်ပုံ) စာမျက်နှာ-၅၉၃။ |
| ရန်ကုန်မြို့ သုဓမ္မဝတီ ပုံနှိပ်တိုက် ၁၉၂၃ ခုနှစ် ရိုက်နှိပ်သည်။ |

ကပ်ပြား တခုစီတွင် ရာဇဝင်၊ ရက္ခဗေဒ၊ သတ္တဗေဒ စသည်ဖြင့် ဘာသာရပ်များ အလိုက် ရေးသား ထားပြီးနောက်၊ ဘာသာရပ် တူရာ

ကပ်ပြား များကို တဖန်စုပေါင်း၍ သေတ္တာငယ် ကလေးများတွင် ထည့်သွင်း သိမ်းဆည်းထား နိုင်ပေသည်။ဤနည်းဖြင့် မိမိအလိုရှိရာကို အလွယ် တကူ ရှာဖွေ ကြည့်ရှုနိုင်ပေ၏။

## သင်ပုန်းကြီးကျေးဇူး

အနောက် နိုင်ငံများတွင် မန်နေဂျာကြီးများ၊ ပါမောက္ခကြီးများ၊ အုပ်ချုပ်ရေးမှူးများ၊ အရာရှိကြီးများသည် မိမိတို့ ရုံးခန်း၌ကျောက် သင်ပုန်းကြီး တချပ်ကို နံရံတွင် ကပ်၍ ထားတတ်ကြပေသည်။ ထို ကျောက်သင်ပုန်းမှာ မိမိလုပ်ငန်း၊ အတိုး အလျှော့ စာရင်းများ၊လစဉ် လုပ်ငန်းစာရင်းများကို ရေးမှတ်ထားသော ကျောက်သင်ပုန်းမျိုးကို မ ဆိုလိုပါ။ အထက်ပါ ကိစ္စများကို ဖော်ပြသော ကျောက်သင်ပုန်း တ ချပ် ထားရှိလျှင် အခြား ကျောက်သင်ပုန်း တချပ်လည်း ထားရှိတတ် ကြသေးသည်။

ယခုဖော်ပြလိုသော ကျောက်သင်ပုန်းတွင် အသေးစိတ် လုပ်ငန်း ဇယားများကို ရေးရန်မဟုတ်ပါ။ လောလောဆယ် ဆောင်ရွက်ရမည့် ကိစ္စများ၊ နက်ဖြန် သန်ဘက် လုပ်ဆောင်ရမည့် ကိစ္စများကို သတိ ပြု စေခြင်းငှါရေးသားဖော်ပြရန် ထားသော ကျောက်သင်ပုန်းပင်ဖြစ်၏။

ဥပမာအားဖြင့် အုပ်ချုပ်ရေးမှူးတဦး၌ အောက်ပါ ကိစ္စများကို ဆောင်ရွက်ရန် ရှိကြောင်းကို တနင်္လာနေ့ကပင် တင်ကြိုသိရှိထားသည် ဆိုကြပါစို့။ အင်္ဂါနေ့တွင် မန္တလေးမြို့ သံကြိုးရိုက်ရန် ကိစ္စတခုရှိ၏။ ကြာသပတေးနေ့၊ နေ့လယ် ၂ နာရီတွင် လက်ထောက် အရာရှိများနှင့် အစည်းအဝေးလုပ်စရာ ရှိ၏။ အစည်းအဝေးတွင် ပျက်စီးချွတ်ယွင်း သ ဖြင့် ဆုံးရှုံးသွားသောပစ္စည်းများစာရင်းကိုဆွေးနွေးမည်ဖြစ်၏။သော ကြာနေ့ကို နောက်ဆုံးထား၍အစီရင်ခံစာကို ဆိုင်ရာသို့တင်ပြရန်ရှိ၏။

ထိုအချက်အလက်များကို မိမိစားပွဲပေါ် ရှိ ဒိုင်ယာရီ နေ့စဉ်မှတ်



ကျောက်သင်ပုန်းကြီးက သတိပေးနေအောင် စီစဉ်မှတ်သားပုံ

တမ်းစာအုပ်တွင် ရေးသားသွားမည်ဆိုကလည်း ရေးသားထားနိုင်ပေ၏။ သို့သော် လုပ်ငန်းစဉ် ဒိုင်ယာရီတွင် မှတ်သားထားသည့် အပြင်၊ ကျောက်သင်ပုန်းကြီးတွင် စာလုံးကြီးကြီးဖြင့် တသီးတခြားစီ ရေးသားထားလျှင် ပိုမို၍ မှတ်မိလွယ်စေသည်။

ပမာဆိုသော် ကျောက်သင်ပုန်း ထိပ်ဆုံးတွင် ၂၅-၁၀-၆၆ (အင်္ဂါနေ့) တွင် မန္တလေး ကိုလတ်ထံသို့သံကြိုးပြန်ရမည်။ ထို့နောက် အောက်နားတွင် ၂၇-၁၀-၆၆ (ကြာသပတေး) နေ့လယ် ၂ နာရီတွင် အစည်းအဝေးရှိသည်။ ပျက်စီးသွားသော ကုန်စာရင်းများ လိုသည်။ ၂၈-၁၀-၆၆ (သောကြာနေ့) သုံးလပတ် အစီရင်ခံစာကို သက်ဆိုင်ရာသို့ နောက်ဆုံးထား၍ တင်ရမည်ဟု အဆင့်ဆင့် နေ့စွဲများ ခွဲခြား၍ ရေးသားထားသင့်သည်။

ဤသို့ ရေးသားထားခြင်းဖြင့် ရုံးခန်းတွင်းသို့ ဝင်လာသည်နှင့် တပြိုင်နက် ထိုနေ့၌ မိမိတွင် အရေးကြီးသော မည်သည့် လုပ်ငန်းများရှိကြောင်းကို သိရှိနိုင်ပေသည်။ လုပ်ငန်းများနှင့် ပတ်သက်သော အ

ချိန်းအချက် နေ့ရက်၊ နာရီများကိုလည်း မှတ်မိစေနိုင်သည်။ အခြား အရေးကြီးသော လုပ်ငန်းများနှင့် တိုက်ဆိုင်နေလျှင် အရေးမကြီးသော လုပ်ငန်းများကို ရက်ရွှေ့ထားနိုင်ပေ၏။ သည့်ထက် အရေးကြီးသော လုပ်ငန်းများ ပေါ်လာပြန်လျှင်လည်း ယခင် အစီအစဉ်များ နေရာတွင် အစားထိုး မှတ်သားရန်ဖြစ်၏။ ကျောက်သင်ပုန်းတွင် ရေးသားထားခြင်းသည် စာအုပ်ကို လှန်၍ ရှာဖွေနေရသည်ထက်လျှင်မြန်စေသည်။ပိုမို၍ မှတ်မိစေသည်။ ကျောက်သင်ပုန်းပေါ်တွင် အတိုချုပ် ရေးသား၍ မှတ်သားယူသည့် နည်းမှာ ကျက်ရန်မလိုဘဲ မြင်ရ၍ဖြင့် ခေါင်းထဲတွင်စွဲမြဲမှတ်မိသွားစေနိုင်ပါသည် ။

အထူးသတိပြုရမည့် အချက်မှာ တနေ့ကုန်လျှင် တနေ့ပြီးပြတ်သွားသော ကိစ္စကို ကျောက်သင်ပုန်းပေါ်မှ ပယ်ဖျက်ရန် အချက်ပင်ဖြစ်၏။ သို့မှသာ နောက်နေ့တွင် ဦးစားပေး ဆောင်ရွက်ရမည့် ကိစ္စသည် ကျောက်သင်ပုန်း၏ ထိပ်သို့ ရောက်ရှိလာပေလိမ့်မည်။

မြန်မာနိုင်ငံတွင် ကျောက်သင်ပုန်းကြီးကို ဤကိစ္စမျိုးအတွက် အသုံးပြုသော ရုံးများ၊ အရာရှိများ အလွန်နည်းပါးကြသေးသည်ဟု ထင်ပါသည်။ ဤနည်းကိုသာ သုံးစွဲကြလျှင် အချိန်ကုန် လုပ်ငန်းမှုများ ကင်းဝေးပြီးလျှင် လုပ်ငန်း တွင်ကျယ်လာမည်မှာ မုချပင် ဖြစ်၏။ ထိုမှတပါး မိမိကို သတိပေးရန် အခြားသူတဦးအား မှာထားရန် မလိုဘဲ မိမိကိုယ်ကို မိမိသတိပေးနေသကဲ့သို့ ဖြစ်နေသဖြင့် မှတ်ဉာဏ် ရင့်သန်ခြင်း စိတ်တန်ခိုးကြီးမားခြင်းကိုလည်း ဖြစ်စေနိုင်ပါသည်။ ထို့ကြောင့် ကျောက်သင်ပုန်းကို ထောင်၍ မမေ့အောင် ကြံဆောင်ကျင့်သုံး ကြစေလိုပါသည်။

**သတိရလျှင်ရချင်း ဆောင်ရွက်ပါ**

ကျွန်ုပ်တို့သည် တခါတရံ မိတ်ဆွေတဦးထံသို့ စာရေးမည်ဟု စိတ်ကူးရသော်လည်း နောက်တနေ့မှ ရေးမည်ဟု ရက်ရွှေ့တတ်ကြ၏။ ထ

ဖန် နောက်တနေ့သို့ ရောက်သောအခါ တနင်္ဂနွေမှ ရေးတော့မည်ဟု ထပ်၍ ရွှေ့တတ်ကြပြန်သည်။ တခါတရံ စာကို ရေးပြီးသည့် နောက် စာတိုက်ပုံးထဲသို့ မထည့်မိဘဲ တရက်နှစ်ရက်ပင် ကြာသွားတတ်ပေသေးသည်။

ထိုအတူ စာကြည့်တိုက်မှ ငှါးရမ်းလာသော စာအုပ်များကိုလည်း ကန့်သတ်ထားသော နေ့ရက်များတွင် ပြန်မအပ်မိဘဲ ရက်ကျော်လွန်စွာ ထားတတ်ကြပေသည်။ ရန်ကုန်မြို့ ကုန်သည်လမ်း စာပေဗိမာန်တွင် ပြည်သူ့ စာကြည့်တိုက်တခု ဖွင့်လှစ်ထားရှိရာ၊ ထိုစာကြည့်တိုက်မှ စာအုပ်ငှါးရမ်းဖတ်ရှုသူတို့သည် ကန့်သတ်ထားသော နေ့ရက်တွင် စာအုပ်ကို ပြန်လည်ပေးပို့ရန် ပျက်ကွက်ခဲ့လျှင် စာအုပ်အတွက် တနေ့လျှင် ပိုက်ဆံ ငါးပြားနှုန်း ဒဏ်ငွေပေးဆောင်ကြရ၏။ ၁၉၆၁ ခု ၁၉၆၂ ခုနှစ်အတွင်းတွင် ထိုသို့ ဒဏ်ငွေ ပေးဆောင်ရသူပေါင်း ၁၃၁၄ ဦးရှိလေသည်။ ၁၉၆၃-၆၄ ခုနှစ်တွင် အချိန်လွန်မှ ပြန်ပို့သူပေါင်း ၉၉၄ ယောက်ရှိ၍ ၁၉၆၄-၆၅ ခုနှစ်တွင် ၁၄၇၅ ယောက်ရှိလေသည်။

ရန်ကုန်မြို့ရှိ ဗြိတိသျှ ကောင်စီမှ ဖွင့်လှစ်ထားခဲ့သော အခမဲ့ စာကြည့်တိုက်ရှိစဉ်ကလည်း တနှစ်အတွင်း၌ စာအုပ်များ ငှါးရမ်းပြီး ရက်လွန်မှ ပြန်ပို့သူပေါင်းမှာ ၂၄၀၀ ခန့်ရှိသည်ဟု သိရှိရသည်။

အထက်၌ ပြဆိုခဲ့သော သာဓကများတွင် စာမရေးမိခြင်း၊ စာမထည့်မိခြင်း၊ စာအုပ် ပြန်မပို့မိခြင်း များသည် သတိမေ့လျော့သဖြင့် ဖြစ်သည်ဟု တထစ်ချ မဆိုနိုင်ပေ။ အလုပ် မအားမလပ်သဖြင့် မဆောင်မရွက်နိုင်ခြင်း ဖြစ်ကောင်း ဖြစ်ပေမည်။ စာအုပ်များကို ကန့်သတ်သည့် ရက်တွင် ပြန်မပို့ခြင်းမှာ ကူးစရာ မှတ်စရာများ ရှိနေ၍လည်း ဖြစ်ကောင်း ဖြစ်နိုင်ပေသည်။ သတိမေ့လျော့သည့်အတွက် ပျက်ကွက်သူများလည်း ရှိကောင်း ရှိပေမည်။

မည်သို့ ဖြစ်စေ မိမိကစာထိုင်ရေးမည်ဟု ဆုံးဖြတ်ထားသည့် နေ့တွင် စာမရေးဖြစ်ခြင်း၊ စာအုပ်ပြန်အပ်ရမည့်နေ့တွင် ပြန်မအပ်မိခြင်းတို့သည် မေ့လျော့ရန်အတွက် လမ်းဖွင့်ပေးသည်နှင့် တူပေသည်။ မိမိ၏ စိတ်တန်ခိုး သတ္တိကိုလည်း ယုတ်လျော့စေသည်။ အချုပ်ကိုဆိုရလျှင် မိမိကတိအတိုင်း ဆောင်ရွက်ရန် ပျက်ကွက်ခြင်း၊ နောက်ကျခြင်း၊ လုံးဝမဆောင်ရွက်မိခြင်း စသည်တို့သည် မေ့လျော့ ပေါ့တန်ခြင်းကြောင့်ပင် ဖြစ်၏။ မေ့လျော့ ပေါ့တန်ခြင်းသည် သာမန်ကိစ္စကလေးများတွင် မထောင်းသာသော်လည်း တဖြည်းဖြည်းနှင့် ကြီးမားသော အကျင့်ဆိုးကြီးတခု ဖြစ်လာနိုင်ပေသည်။ ကြီးမားသော အကျင့်ဆိုးကြီး ဖြစ်လာသောအခါ ရုတ်တရက် ပြုပြင်ရန် ခဲယဉ်းမည့်အပြင် များစွာသော အကျိုးစီးပွါးကို ဆုတ်ယုတ်ပျက်စီးစေနိုင်လေသည်။

ထို့ကြောင့် အရေးကြီးသော ကိစ္စကိုဖြစ်စေ၊ သေးမွှားသော ကိစ္စကိုဖြစ်စေ၊ မိမိဆောင်ရွက်ရန် တာဝန်ရှိက သတိရလျှင် ရချင်း ဆောင်ရွက်နိုင်အောင် ကြိုးစားပါ။ ချက်ခြင်း မဆောင်ရွက်နိုင်လျှင် မကြာမြင့်သော ကာလအတွင်းတွင် ဆောင်ရွက်ပါ။ မိမိဆောင်ရွက်ရန် ရှိသော ကိစ္စများကို အထက်တွင် ပြခဲ့သည့်အတိုင်း ကျောက်သင်ပုန်းကြီး၌ဖြစ်စေ၊ နေ့စဉ် လုပ်ငန်း အစီအစဉ် စာအုပ်၌ ဖြစ်စေ ရေးသား၍ မိမိကိုယ်ကို မိမိနိုးဆော်ပါ။

အချို့ကိစ္စများကို သတိရစဉ် အတွင်း အချိန်ကိုလု၍ ဆောင်ရွက်ပါ။ ဥပမာအားဖြင့် စာတိုက်ပုံးထဲသို့ စာထည့်ရန် ရှိသည်ဆိုလျှင် အချိန်ကို ရွှေ့မနေဘဲ ချက်ခြင်း သွားရောက် ထည့်လိုက်ခြင်းသည် အကောင်းဆုံး ဖြစ်၏။ နက်ဖြန် နံနက်ရုံးသွားလျှင် သူငယ်ချင်းအတွက် စာအုပ်တအုပ် ယူသွားရန် ရှိသည်၊ စာကြည့်တိုက်သို့ စာတအုပ်ပြန်အပ်ရန်ရှိသည် ဆိုကြပါစို့။ ထိုကိစ္စများကို သတိရသော ယနေ့ညနေကပင် စာအုပ်နှစ်အုပ်ကို နက်ဖြန် နံနက် ရုံးသို့ ယူသွားမည့်ခဲတံ၊

ဖောင်တိန်းများနှင့်အတူ ထားသင့်ပေသည်။ လွယ်အိတ်ဆောင်သူ ဖြစ်လျှင် ရှုံးတက်လျှင် လွယ်သွားမည့် လွယ်အိတ်ထဲသို့ ထိုပစ္စည်းများကို ထည့်ထားသင့်ပေသည်။

အထက်၌ ပြဆိုခဲ့သော အကြောင်းကိစ္စမျိုးများတွင် ရှေးဦးစွာ သတိရရှိရန် လိုပါသည်။ ထို့နောက် ဆောင်ရွက်ရန် လိုပါသည်။ အရေး အကြီးဆုံးမှာ သတိရသည်နှင့် တပြိုင်နက် ထ၍ ဆောင်ရွက်စေရန် မိမိကိုယ်ကို မိမိတိုက်တွန်းပေးရန် လိုပါသည်။ ကမ္ဘာကျော် ပုဂ္ဂိုလ်ကြီးများ ပါရဂူကြီးများတို့သည်လည်း ဤနည်းနှင့်နှင့် ဆောင်ရွက်ခဲ့ကြကြောင်းကို ကမ္ဘာကျော် ပုဂ္ဂိုလ်ထူးကြီးများ၏ အတ္ထုပ္ပတ္တိများကို ဖတ်ရှုလေ့လာပါက သိနိုင်ပေသည်။ ဤစာအုပ်တွင် ဆက်လက်ဖော်ပြထားသော မြန်မာပညာရှင်ကြီးများ၏ မှတ်ဉာဏ် ရင့်သန်စေရန် ကြံစည်အားထုတ်ခဲ့ပုံများကိုလည်း ဖတ်ရှုကြစေလိုပါသည်။

အခန်း ၁၀

# မြန်မာပညာရှင်ကြီးများနှင့် မှတ်ဉာဏ်

**ဆရာကြီး ဦးဖေမောင်တင်**

ဤစာအုပ်တွင် ယခု မျက်မှောက်ခေတ်၌ မှတ်ဉာဏ်ကောင်းခြင်း၊ ဉာဏ်ပညာထက်မြက်ခြင်းတို့နှင့် ပြည့်စုံသော မြန်မာ ပညာရှင်ကြီးများသည် မှတ်ဉာဏ်ထက်သန်လာစေရန် မည်သို့လေ့ကျင့်ဆောင်ရွက်ခဲ့ပုံများကို မဖော်ပြလျှင် ပြည့်စုံလိမ့်မည်မဟုတ်ဟု ယူဆပါသဖြင့် စာရေးသူသည် မြန်မာ ပညာရှင်ကြီးများနှင့် သွားရောက် တွေ့ဆုံကာ ထိုပုဂ္ဂိုလ်ကြီးများ၏ ကိုယ်တွေ့ လေ့ကျင့် မှတ်သားခဲ့ပုံများကို မေးမြန်းခဲ့ပါသည်။ ဤအခန်းတွင် ထိုပုဂ္ဂိုလ်ကြီးများ၏ အာဘော်ကို ဖော်ပြပါမည်။

ရှေးဦးစွာ ရန်ကုန်တက္ကသိုလ် ကျောင်းအုပ်ကြီးဟောင်း ကျမ်းပြုပုဂ္ဂိုလ်ဆရာကြီး ဦးဖေမောင်တင်၏ စာပေ လေ့လာခဲ့ပုံကို တင်ပြလိုပါသည်။

ဆရာကြီးက မှတ်ဉာဏ် ရင့်သန်စေရန် အရေး အကြီးဆုံး အချက်မှာ သတိပင် ဖြစ်သည်။ မှတ်မိချင်လျှင် သတိနှင့်ဖတ် သတိနှင့် လေ့လာရမည်၊ သတိနှင့် ပြုလုပ်ခြင်းသည် အမှုမဲ့ အမှတ်မဲ့ ပြုလုပ်ခြင်းထက် မှတ်မိရန် လွယ်ကူသည်ဟု ဆိုသည်။

"ဉာဏ်ရင့်သန်တယ်၊ မှတ်ဉာဏ်ကောင်းတယ် ဆိုဒါ မွေးဇာတိက ပါလာဒါမျိုးဘဲလို့ လူအများက ပြောဆိုကြတယ်။ ဆရာ့အထင်ကတော့ တယောက်နဲ့ တယောက် အနည်း အကျဉ်းတော့ ကွာခြား

ကောင်း ကွာခြားမှာပေါ့၊ ဒါပေမဲ့ အရေးအကြီးဆုံးကတော့ ကြိုးစား မှုပါဘဲ။ ဘယ်အရာ ကိစ္စမှာ မဆို အပင်ပန်းခံပြီး ကြိုးစား လေ့လာ မှသာ ထူးချွန်လာတတ်တယ်။ စကော့တလန်ပြည်က ပညာရှင်ကြီး တဦးဖြစ်တဲ့ တောမတ်ကာလိုင်း[၁] က "လူတကာထက် ထူးချွန်လိုလျှင် ပဋ္ဌမဦးစွာလူတိုင်းထက်ပိုမို၍ ဆင်းရဲပင်ပန်းခြင်းကိုခံနိုင်သော ဇွဲသတ္တိ ရှိဖို့လိုသည် "လို့ ပြောဘူးတယ်။ ဒါကြောင့် "ထူးချွန်တယ်၊ တော်တယ်၊ ဉာဏ်ကောင်းတယ်ဆိုတဲ့ လူတွေဟာ ကြိုးစား လေ့ကျင့်လာတဲ့ လူတွေလို့ မှတ်ရမယ်ကွဲ"ဟု ဆရာကြီးက မိန့်ကြားပါသည်။

ဆရာကြီးသည် စာတအုပ်ကို ဖတ်လျှင် အရေးကြီးသော အချက် များကို တချက်ပြီးတချက် သတိထား၍မှတ်ကာ ဖတ်သဖြင့် စာအုပ် ပြီးဆုံးသွားသောအခါ ထိုထူးခြားသော အချက်များသည် ခေါင်း စီး စာလုံးကြီးများသဖွယ် ခေါင်းထဲ၌ ထင်၍ ကျန်နေခဲ့သည်ဟု ဆို၏။ တနည်းအားဖြင့် ဆိုလျှင် စာပိုဒ်တပိုဒ်စီ၏ သော့ချက်များသည် ခေါင်းထဲတွင် စွဲမြဲကျန်ခဲ့သည်ဟု ဆိုသည်။

"မှတ်ဉာဏ် ကောင်းတယ်ဆိုဒါ၊ ဖတ်တဲ့စာအားလုံး မှတ်မိရမယ် တော့ ဘယ်ဟုတ်မလဲ၊ လိုဒါကို မှတ်မိဖို့ အရေးကြီးတယ်ကွဲ၊ ပြီးတော့ မှတ်ဉာဏ်ကို အထောက်အကူပြုတဲ့နည်း* တွေကိုလဲ အသုံးပြုရတယ် ကွဲ။ ဆရာစာဖတ်ယင် အနားမှာ ကပ်ပြားတချို့နဲ့ ခဲတံတချောင်းထား တယ်။ သိလိုတဲ့အချက်၊ အရေးကြီးတဲ့ အချက်တခုကို တွေ့ယင် ကပ် ပြားကလေးပေါ် ရေးပြီး စာမျက်နှာနဲ့တကွ မှတ်ထားလိုက်တယ်။ ဒီစာအုပ်ထဲမှာဘဲ အခြားတနေရာမှာ အဲဒီအချက်ကို ထပ်တွေ့ယင်၊ အဲဒီစာမျက်နှာကိုပါ ညွှန်းပြီး ထပ်ရေးထားလိုက်တယ်ကွဲ။ ဒီလိုကပ် ပြား ကလေးတွေ များလာတော့ ဘာသာရပ် အလိုက် အက္ခရာဝလီ စီ ထားလိုက်တယ်။ ဒါဟာ မှတ်ဉာဏ်ကို အထောက်အကူ ပြုတဲ့နည်း

၁။ Thomas Carlyle * Memory Aid

ဘဲ။ ဖတ်တော့တခါ မှတ်မိတယ်၊ ကူးတော့တခါ မှတ်မိတယ်။ နောက်လိုတော့လဲ ပြန်ပြီး ကြည့်နိုင်တယ် မဟုတ်လား"ဟု ဆရာကြီးက ဆက်လက် ပြောပြပါသည်။

ဆရာကြီးသည် စာဖတ်သွားစဉ် စကားလုံးကောင်းကောင်းများ၊ အဖိုးတန်စကားပုံများ၊ ကိုးကားစရာကောင်းသောစာတို စာစကလေးများကို တွေ့လျှင် ချက်ခြင်း ကူးယူထားလေ့ ရှိသည်။ တချို့ စာပိုဒ်အရှည်ကြီးများကို အတိုချုံး၍ ကူးယူထားတတ်လေသည်။ လူလတ်ပိုင်း အရွယ်ကမူ ဆရာကြီးသည် မိမိမှတ်သားထားသော အကြောင်းအရာသည် မည်သည့်စာအုပ် မည်သည့်စာမျက်နှာတွင် ရှိကြောင်းကို တပ်အပ်သေချာ ပြောနိုင်ခဲ့သည်ဟု ဆိုသည်။

ဆရာကြီး ဦးဖေမောင်တင်သည် အဌသာလိနီ နှင့် ဝိသုဒ္ဓိမဂ်ကျမ်းတို့ကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခဲ့သော ပါဠိပညာရှင် တဦးဖြစ်သည့်အလျောက် ပါဠိကဗျာ၊ ပါဠိဂါထာများကို အထူး နှစ်ခြိုက် စိတ်ဝင်စားသော ပုဂ္ဂိုလ်ဖြစ်သည်။ ဆရာကြီးသည် ဓမ္မပဒ ဝတ္ထုများထဲမှ ဂါထာ အားလုံးလိုလိုကို နှုတ်တက်ရရှိခဲ့သည်။ ယခု အသက် ၇၇ နှစ်အရွယ်၌ပင် ဂါထာ အတော်များများကို ရရှိသေးသည်ဟု ဆို၏။ ဆရာကြီးသည် ပါဠိကဗျာကိုသာ မဟုတ်၊ အင်္ဂလိပ်ကဗျာများကိုလည်း အာဂုံဆောင်ထားခဲ့လေသည်။ ကဗျာများတွင် စကားလုံးပြေပြစ်ခြင်း၊ လှိုင်းထတိသကဲ့သို့ အသံအနိမ့်အမြင့်ရှိခြင်း၊ ကာရန်ညီခြင်းတို့ကြောင့် ရွတ်ဆိုရ၍လည်း ကောင်းသည်။ ရွတ်ဆိုစဉ်တွင် စိတ်လည်း ပျော်သည်။ နှုတ်တက်ရရှိရန်လည်း လွယ်ကူသည်။ ကဗျာများကို နှုတ်တက်ကျက်ထားခြင်းသည် နောင်အခါ အကြောင်းရပ် တခုခုကို မိမိရေးသား ပြောဆိုမည့်အခါ စကားလုံးများကို အလွယ်တကူကောက်ယူ၍ ရနိုင်သည်ဟု ဆရာကြီးက မိန့်ကြားပါသည်။

ဆရာကြီးသည် စာပေကိုသာ သတိထား၍ ဖတ်သည် မဟုတ်၊

လမ်းလျှောက်စဉ် သို့မဟုတ် ခရီးသွားစဉ်တွင်လည်း ပတ်ဝန်းကျင်ကို ဂရုမူသည်။ မိမိတွေ့ဆုံသော ပုဂ္ဂိုလ်များအပေါ်တွင်လည်း စိတ်ဝင်စားမှုရှိသည်။ မစ္စတာလု(စ်)[၂] နှင့် မစ္စတာ ဖာနီဗယ်လ်[၃] တို့ ရန်ကုန်၌ ရှိကြစဉ်က ဆရာကြီးသည် ညနေဖက်တွင် သူတို့နှစ်ဦးနှင့်အတူ အင်းယားကန်စောင်း၌ လမ်းလျှောက်လေ့ရှိသည်။ မစ္စတာလု(စ်)နှင့် မစ္စတာဖာနီဗယ်လ်တို့သည် လမ်းလျှောက်ရင်း စာပေ အကြောင်းများ၊ ကမ္ဘာ့ရေးရာများ၊ အနုမြူခေတ်အား အကြောင်းစသည်ဖြင့် လေးနက်သော ဘာသာရပ်များကို ဆွေးနွေးလေ့ ရှိလေသည်။ ဆရာကြီးမှုကား ပတ်ဝန်းကျင်ရှိ သစ်ပင် ပန်းပင်များ၊ ရာသီအလိုက် ပွင့်ကြသော ပန်းများ စသည်တို့ကို လေ့လာ မှတ်သားရင်း လမ်းလျှောက်လေ့ ရှိသည်ဟု ဆို၏။ တခါတရံ မိတ်ဟောင်း ဆွေဟောင်းများနှင့် တွေ့ကြုံပြန်လျှင်လည်း နှုတ်ခွန်းဆက်သပြီးလျှင် ယခု ဘယ်မှာ နေသည်၊ ဘာအလုပ် အကိုင်း လုပ်ကိုင်နေသည် စသည်ဖြင့် မေးမြန်းလေ့ ရှိလေသည်။ ထိုပုဂ္ဂိုလ် ကျော်လွန်သွားသောအခါမှ မစ္စတာလု(စ်) နှင့် မစ္စတာဖာနီဗယ်လ်တို့က ထိုသူသည် မည်သူမည်ဝါ ဖြစ်ကြောင်းကို ဆရာကြီးအား မေးမြန်းလေ့ ရှိကြသည်။ ဆရာကြီးက မည်သူမည်ဝါ ဖြစ်ကြောင်းပြန်ပြောသည့်အခါ ထိုပုဂ္ဂိုလ်မှာ မစ္စတာလု(စ်)သို့မဟုတ် မစ္စတာ ဖာနီဗယ်လ်၏ သိဟောင်း ကျွမ်းဟောင်း ဖြစ်နေတတ်လေသည်။ ထိုအခါမှ မစ္စတာလု(စ်)နှင့် မစ္စတာဖာနီဗယ်လ်တို့က မိမိတို့က နှုတ်ခွန်းဆက်ခြင်း မပြုလိုက်ရသဖြင့် ဝမ်းနည်းကြောင်း ပြောပြတတ်သည်ဟု ဆိုလေသည်။ ဤကား ဆရာကြီး၏ ဂရုစိုက် မှတ်သားခြင်း၏ အကျိုးကျေးဇူးများပင် ဖြစ်၏။

**ဦးဘဘေ**

မြန်မာလူမျိုးတို့အား မျက်စိဖွင့်ပေးသူ တဦးလည်းဖြစ်၊ လွတ်လပ်

---

၂။ Mr. G. H. Luce

၃။ Mr. J.S Furnivall

ရေး တိုက်ပွဲများတွင် ခေါင်းဆောင်ခဲ့သူ တဦးလည်း ဖြစ်သော နိုင်ငံရေး ခေါင်းဆောင်ဟောင်းကြီးတဦး ဖြစ်သူ ဦးဘဘော်၏ စာပေ လေ့လာခဲ့ပုံ၊ မှတ်ဉာဏ် ရင့်သန်ရန် လေ့ကျင့်ခဲ့ပုံ နည်းများကို ဆက်လက် ဖော်ပြပါဦးမည်။

စာရေးသူသည် ခေါင်းဆောင်ကြီး ဦးဘဘောနှင့် သွားရောက်တွေ့ဆုံသည့် အချိန်တွင် ဦးဘဘောသည် အသက် ၈၃ နှစ်ပင် ရှိနေလေပြီ။ သို့သော် ဘကြီးဘဘောသည် အင်္ဂလိပ် မြန်မာ မဂ္ဂဇင်း သတင်းစာ တပုံကြီးကို အနီးတွင်ချလျက် လေ့လာဖတ်ရှုနေသည်ကို တွေ့ရသည်မှာ အလွန်ပင် နှစ်သက် အားရစရာ ကောင်းလှ ပါသည်။

စာပေ လေ့လာပုံ အကြောင်းနှင့် ပတ်သက်၍ ဘကြီးဘဘောက ပြောပြသည်မှာ "ကျုပ်ကျောင်းသား ဘဝတုန်းက ဆိုယင် စာဖတ်ယင် အနားမှာ ခဲတံတချောင်း၊ အဘိဓာန်တအုပ်၊ မှတ်စုစာအုပ် တအုပ်ထားပြီး ဖတ်လေ့ရှိတယ်။ စာတပိုဒ်ကို ဖတ်သွားရင်း နားမလည်တဲ့ စာလုံးတလုံးပါယင်၊ ချက်ခြင်း အဘိဓာန် ဖွင့်ပြီး ကြည့်လိုက်တာဘဲ။ နားမလည်တဲ့ စာလုံးကို ဘယ်တော့မှ ကျော်သွားပြီး ဖတ်လေ့မရှိဘူး။ အဲဒီစာလုံးဟာ စကားဆက်နဲ့ဖြစ်ဖြစ်၊ အခြားအကြောင်းတခုခုနဲ့ဖြစ်ဖြစ် ဆက်စပ်ပြီး မှတ်မိနိုင်ပြီလို့ ထင်ယင် မကူးထားဘူး။ စာလုံးကလဲ ပြောင်တယ်၊ မှတ်သားထားစရာလဲ ကောင်းတယ်ဆိုယင်တော့ ချက်ခြင်း စာအုပ်ထဲမှာ ကူးထည့်ထားလိုက်တာဘာဘဲ။ အဲဒီလိုစာတပိုဒ်ကိုဖတ်လို့၊ လုံးစေ့ပတ်စေ့ နားလည်ပြီဆိုမှ နောက်တပိုဒ်ကို ဆက်ဖတ်တယ်။ နားမလည်သေးဘူးဆိုယင်တော့ ထပ်ပြီး ဖတ်ရတယ်။

"စာအုပ်တအုပ် ဖတ်တယ်ဆိုပါတော့၊ ပဌမ နှစ်ခန်း သုံးခန်းကို ဒုက္ခခံပြီး အဲဒီလို ဖတ်လိုက်ယင် ကျန်တဲ့ အခန်းတွေအတွက် တော်တော် လွယ်သွားတယ်ကွဲ့။ စာအုပ်တအုပ်ကို ဖတ်ပြီးတဲ့ နောက် ၁၅ ရက်၊ တလဆိုသလို ကြာတဲ့အခါ ဒီစာအုပ်ကိုဘဲ ဒုတိယအကြိမ် ထပ်

ဖတ်တယ်။ လွယ်တဲ့ စာအုပ်မျိုးဆိုယင်တော့ တကြိမ်ထဲနဲ့ ပြီးနိုင်တာပေါ့။ ဒီလိုမှတ်မှတ်သားသား ဖတ်ပြီးတဲ့နောက်၊ စာအုပ်ပြီးသွားတယ်ဆိုယင် စာအုပ်ကိုပိတ်လိုက်ပြီး ဒီစာအုပ်ထဲက ငါဘာတွေ မှတ်မိသလဲ၊ ဘယ်အချက်ကို ငါတကယ် ကျေညက်ရဲ့လားလို့ မေးခွန်းထုတ်ပြီး ဖြေကြည့်တယ်။ မှန်မမှန် စာအုပ်ကို ဖွင့်ပြီး တိုက်ကြည့်ရတယ်ကွဲ့။ စာအုပ်နောက်ပိုင်းမှာ အညွှန်း*ပါတဲ့ စာအုပ်ဆိုယင်တော့ အဲဒီအညွှန်းကို တခုကြည့်လိုက် ဘယ်လောက် မှတ်မိသလဲ ပြန်စဉ်းစားလိုက် လုပ်တော့ ဒါဘာဘဲ။ ကိုယ်မသိချင်ဒါ ကိုယ်နဲ့ မဆိုင်ဒါကိုတော့ ဖယ်ထားဒါပေါ့။ အညွှန်းကို မြင်ရုံနဲ့ အဲဒီအကြောင်းရပ် ခေါင်းထဲမှာ ချက်ခြင်း ပေါ်မလာယင် စာအုပ်ကို လှန်ပြီး ချက်ခြင်း ပြန်ကြည့်တော့ ဒါဘာဘဲ။ ဒီအလေ့အကျင့်ကတော့ ခုတိုင်အောင်ပါဘဲ။ ဒီနည်းကို ညွှန်ပေးခဲ့တဲ့ ပုဂ္ဂိုလ်ကတော့ ကျုပ်တို့ခေတ်က ပါမောက္ခတဦး ဖြစ်တဲ့ မာရှယ်အင်လေး[၄]ဘဲ ဖြစ်တယ်”ဟု ဘကြီးဘဘောက ပြောပါသည်။

ဘကြီးဘဘောသည် စာတအုပ်ကို ဖတ်သွားစဉ်အကြောင်းရပ် တခုနှင့်ပတ်သက်၍ ထိုစာအုပ်ရေးသူက အခြားစာအုပ်တအုပ်ကို ကိုးကားထားသည်ဖြစ်စေ၊ အခြား စာအုပ်တအုပ်မှ ထုတ်နုတ်ထားသည်ကို ဖြစ်စေ တွေ့ရသည့်အခါ ထိုမျှနှင့်မတင်းတိမ်ဘဲ၊စာရေးဆရာ ကိုးကားသောမူရင်း စာအုပ်ကို မရအရရှာဖွေ၍ ဖတ်ရှုတတ်လေသည်။ ရှိတ်စပီးယား[၅]၏ စာပေများကို လေ့လာသည့်အခါ ရှိတ်စပီးယားသည် ဤအကြောင်းကို ဤစာအုပ်၌ မည်သို့ ဖွဲ့ဆိုထားသည်၊ ထိုစာအုပ်၌ မည်သို့ ဖွဲ့ဆိုထားသည်ဟု နှိုင်းယှဉ် ဖတ်ရှုရမှ ပိုမို အရသာ ရှိသည်ဟု ဆို၏။ ရှိတ်စပီးယား၏ စာပေကို အရသာခံလိုမူ သူ့စာအုပ် တအုပ်တည်းကို ဖတ်ရှု၍ သိနိုင်မည် မဟုတ်သဖြင့် ဘကြီးဘဘောသည် ရှိတ်စပီးယား ရေးသားသော ပြဇာတ် အားလုံးကို ဖတ်ရှုလေ့လာခဲ့သည်ဟု ဆို၏။

*။ Index ၄။ Mershall Annley ၅။ Shakespeare

ဘကြီးဘဘေသည် စာပေလေ့လာသည့်အခါ စာအုပ်ထဲတွင် မင်နီ မင်ပြာတို့ဖြင့် ပေရှုပ်နေအောင်မှဉ်းသားခြင်း၊ရေးခြစ်ခြင်းပြုလုပ်တတ်သောပုဂ္ဂိုလ်မဟုတ်ပေ။ အလွန်အရေးကြီးသော အချက်များကိုတွေ့ရှိလျှင် စာကြောင်းအောက်တွင် မျဉ်းသားမည့်အစား စာကြောင်းများ နံဘေးတွင် အနည်းငယ် မျဉ်းသား၍ မှတ်ထားတတ်လေသည်။

စာပေကို နှုတ်တက်ကျက်ခြင်းထက် အဓိပ္ပါယ် နားလည်အောင် ကျေကျေညက်ညက် ဖတ်ခြင်းကို ပိုမိုနှစ်သက်သည်ဟု ဆိုပါသည်။ ဘကြီးဘဘေအဖို့ မှတ်မှတ်သားသား နှုတ်တိုက်ကျက်ခဲ့သော စာပေများမှာ သင်္ဂြိုဟ်ကျမ်းနှင့် သီချင်းကြီး သီချင်းခံများပင် ဖြစ်လေသည်။ အခြား ပျို့ကဗျာ မှတ်ဖွယ် မှတ်ရာတို့ကိုမူ ခရီးသွားဟန်လွှဲ ဆိုသလို သာမန်ဖတ်သွားရုံမျှဖြင့် အာဂုံရခဲ့သည်က များသည်ဟု ဆိုသည်။ မဟာဂီတ ဝိသောဓနီကျမ်းပြုသူ ဒေဝဣန္ဒာ ဦးမောင်ကြီးနှင့် အဆိုကျော် ဦးလူကလေးတို့မှာ ဘကြီးဘဘေနှင့် ဆိုဖက်တီးဖက်များ ဖြစ်သည်ဟု ဆိုသည်။ ဘကြီးဘဘေသည် သီချင်းကြီး သီချင်းခံ အတော်များများကို ရရှိခဲ့သည်ဟု ဆို၏။ စာရေးသူနှင့် တွေ့ဆုံစဉ်က "မြမြမောင်မောင်" ပတ်ပျိုးကို ခပ်တိုးတိုးညည်းရင်း ယခုမူများမှာ ရှေးယခင်မူနှင့် မတူ ကွဲပြားနေကြောင်းကို ထောက်ပြပါသေးသည်။

နိုင်ငံရေး အဖြစ်အပျက်၊ ပုဂ္ဂိုလ်ရေးရာ အစရှိသည့် အကြောင်းရပ်များကို မှတ်မိခြင်းနှင့်ပတ်သက်၍ ဘကြီးဘဘေက "ကျုပ်ကတော့ သတင်းစာဆရာလဲဖြစ်၊ နိုင်ငံရေး သမားလဲဖြစ် ဆိုတော့ မြန်မာနိုင်ငံရေး အဖြစ်အပျက်တွေဆိုယင် စဉ်းစားလိုက်ထာနဲ့ တသီတတန်းကြီး ပေါ်လာတော့ဒါဘဲ။ ကျုပ်က မောင်တို့လို စာအုပ်တွေ ရှာဖွေဖတ်နေစရာ ဘယ်လိုလေ့မလဲ၊ ရာဇဝင် ဇာတ်ကောင်အဖြစ်နဲ့ ပါဝင်ကပြရတဲ့ လူဆိုတော့ အတိတ်ရော၊ ပစ္စုပ္ပန်ရော အားလုံးမှတ်မိနေတာပေါ့။ တလောက မိတ်ဆွေတယောက်က လာပြီးမေးတယ်၊ ဗမာ

ပြည်ကို ဝေလမင်းသား (နန်းစွန့်သွားသော အက်ဒွပ်ဘုရင်) ဘယ်တုန်းကလာသလဲလို့။ ကျုပ်က ဝေလမင်းသားဟာ ၁၉၂၁ ခုနှစ် ဒီဇင်ဘာလမှာ ရန်ကုန်ကို ရောက်တယ်။ အဲဒီတုန်းက နိုင်ငံရေး သမားတွေဖြစ်ကြတဲ့ ဦးချစ်လှိုင်၊ ဦးကွန်း၊ ဦးဘလှိုင်၊ ဦးဘဦး (မန္တလေး) ဦးစိန်း (မြန်မာ့အလင်း ) ဦးဘစီ၊ စီပီခင်မောင်တို့ကို ဝေလမင်းသားမရောက်မီ ဟိုပို့၊ ဒီပို့ ပို့ထားလိုက်တယ်မဟုတ်လားလို့ ဖြေလိုက်တော့ သူလဲ အတော် အံ့သြသွားတယ်ကွ" ဟု ဘကြီးဘဘောက ဆက်လက်ပြောပြပါသည်။

ဘကြီးဘဘောသည် ထိုသို့ အဖြစ်အပျက်များကို သာမက နေရာဌာနများကိုလည်း ကောင်းစွာ မှတ်မိ လေသည်။ လမ်းသွားလျှင် သတိထား၍ လေ့လာ မှတ်သားလေ့ရှိသဖြင့် ယခင်က တည်ရှိခဲ့သော အဆောက်အဦကြီးများ၊ ဈေးဆိုင်ကန္နားများ၊ နေရာဟောင်းများ နေရာတွင် အသစ် ဆောက်လုပ်ထားသော အဆောက်အဦသစ်များ ဆိုင်သစ်များ စသည်တို့ကို မှတ်မှတ်သားသား ပြောစွမ်း နိုင်ပေသည်။

လူ၏ ပုံပန်းသဏ္ဌာန်ကို မှတ်မိခြင်းနှင့် ပတ်သက်၍ကား ရုပ်ပြောင်းနေသူများကို ရုတ်တရက် မှတ်မိရန် ခဲယဉ်းသည်ဟု ဘကြီးဘဘောက ပြောပါသည်။ သို့ရာတွင် လူကို မှတ်မိခြင်းမှာ ဘိုင်စကယ်စီးတတ်ခြင်းနှင့် တူသဖြင့် ပဌမတွင် မေ့လျော့နေတတ်သော်လည်း၊ အဆက်အစပ် အဖြစ်အပျက်များနှင့် ယှဉ်၍ တွေးလိုက်လျှင် သော်၎င်း၊ အဆက်အစပ်များကို တယောက်ယောက်က သတိဖော်ပေးလျှင်၎င်း၊ ချက်ခြင်း ပြန်လည်သတိရရှိကာ မှတ်မိလာတတ်သည်ဟု ဘကြီးဘဘောက ဆိုပါသည်။

ဘကြီးဘဘောသည် နိုင်ငံရေး ခေါင်းဆောင်ကြီးတဦး ဖြစ်သည့်အတိုင်း ဥပဒေပြု ကောင်စီထဲ၌၎င်း၊ အပြင်၌၎င်း များစွာဟောပြောခဲ့ရသော ပုဂ္ဂိုလ်ဖြစ်၏။ ထိုသို့သော ဟောပြောခဲ့ရာများတွင် စာရှုက်

ဖြင့် ရေးသား ဟောပြောခြင်းများ မရှိသလောက် ဖြစ်သည်ဟု ဆိုသည်။ မိမိဟောပြောလိုသည့် အချက်အလက်များကို တင်ကူးရှာဖွေပြီးလျှင် ကျေကျေညက်ညက် ဖြစ်အောင် လေ့လာထားပြီးနောက် ထိုအချက်အလက်များကို ဟောပြောမည့် အစီအစဉ်အတိုင်း ခေါင်းစဉ်ကလေးများအဖြစ် ရေးသားထားလိုက်သည် ဆို၏။ တရားဟောစင်မြင့်ပေါ်သို့ တက်သည့်အခါ ခေါင်းစဉ်လေးများ ရေးထားသောစာရွက်ကို ရှေ့တွင်ချ၍ ဟောပြောလေ့ရှိသည်ဟုဆိုသည်။ ဟောပြောရသည်မှာ မပင်ပန်းလှ၊ ကြံစည်စိတ်ကူး ရှာဖွေရသည်မှာ ပင်ပန်းလှသည်။ သူတပါးကမေးလျှင် မည်သို့ဖြေရမည်ကိုလည်း ကြိုတင်စဉ်းစားထားရသည်ဟု ပြောပြပါသည်။

ဥပဒေပြု ကောင်စီထဲ၌၎င်း၊ ဘိလပ်မျက်နှာစုံညီ ဆွေးနွေးပွဲများ၌၎င်း သူတပါး၏မိန့်ခွန်းကို ပြန်လည်ချေပရသည့်အခါ မျိုးလည်းများစွာ ကြုံကြိုက်ခဲ့သည်ဟုဆိုသည်။ ထိုအခါမျိုးတွင် ဘကြီးဘဘေသည် တဖက်သား၏ မိန့်ခွန်းကို သတိကြီးစွာဖြင့် နားစိုက်ပြီးလျှင် ယင်းမိန့်ခွန်းထဲမှ လိုရင်းအချက်တို့ကို တချက်ပြီးတချက် မှတ်ယူထားလိုက်လေသည်။ မိမိကပိုင်နိုင်စွာချေပနိုင်မည့်အချက်ကိုလည်း မျဉ်းသား၍မှတ်ထားလိုက်လေသည်။ဤသို့ပြန်လည်ချေပနိုင်စွမ်းရန်အတွက်မှတ်ဉာဏ်သည် အလွန်အရေးကြီးသည်ဟု ဘကြီးဘဘေကဆိုပါသည်။ ရှတ်တရက် ချေပနိုင်ရန်အတွက် ယခင်က လေ့လာထားသော ဗဟုသုတ ရှိရမည်။ ဥပမာ ဥပမေယျရှိရမည်၊ အလားတူကိစ္စများတွင် ဆောင်ရွက်ခဲ့သောထုံးတမ်းစဉ်လာများကိုလည်းသိရမည်။ ထိုအချက်များကို ချက်ခြင်းပြန်လည် သတိရမှသာ မိမိချေပချက် ခိုင်လုံပြီး အသာရနိုင်ပေသည်ဟု ဘကြီးဘဘေက ပြောပြပါသည်။ ဘကြီးဘဘေကား ယနေ့တိုင်အောင် စာပေ၌၎င်း၊ ဗဟုသုတ၌၎င်း ရောင့်ရဲတင်းတိမ်ခြင်း မရှိ၊ လေ့လာ ဆည်းပူးလျက်ရှိသည်မှာ အတုယူစရာ ကောင်းလှပေသည်။

## ဒေါက်တာ ဘဟန်

ဥပဒေ ပညာရှင်ကြီးလည်းဖြစ်၊ အဘိဓာန်ကျမ်းပြု ပုဂ္ဂိုလ်ကြီးလည်းဖြစ်သော ဥပဒေ ပါမောက္ခဟောင်း ဒေါက်တာဘဟန်က မိမိ စာပေ လေ့လာခဲ့ပုံနှင့် မှတ်ဉာဏ် ရင့်သန်လာပုံ အကြောင်းများကို အောက်ပါအတိုင်း ပြောပြပါသည်။

"ဆရာတို့ ကျောင်းသား အရွယ်တုန်းက၊ မှတ်ဉာဏ် ရင့်သန်စေနည်း စာအုပ်တို့ မှတ်ဉာဏ်အတွက် အထောက်အကူပြုတဲ့ စာအုပ်တို့ လဲမပေါ်သေးဘူးကွဲ့။ ရန်ကုန်မှာမရှိသေးဘူး ဆိုပါတော့။ ဆရာတို့က ကိုယ့်ဖာသာကိုယ် ကြိုးစားပြီး ကိုယ့်နည်းနဲ့ကိုယ် လေ့လာမှတ်သားခဲ့ရဒါဘာတဲ့။ ဆရာငယ်စဉ်တုန်းက မအူပင်မြို့ အလယ်တန်းကျောင်းမှာ ပဌမ စာသင်ခဲ့ရတယ်။ မိခင်ကြီးကလဲ ကျောင်းဆရာမ ဖြစ်တော့၊ မိခင်ကြီးရဲ့ စောင့်ရှောက်မှု အောက်မှာ ကြီးပြင်းလာခဲ့ရတယ်။ မိခင်ကြီးရဲ့ ဆုံးမပဲ့ပြင်မှုဟာ ဆရာ့ဘဝကို များစွာ အထောက်အကူ ပြုခဲ့တယ်။ ဩဇာလဲလွှမ်းခဲ့တယ်ကွဲ့။ မိခင်ကြီးက အင်္ဂလိပ်စာကို တနေ့ တလုံးစီ ကျက်ခိုင်းတယ်ကွဲ့။ ဆရာကလဲ မပျက်မကွက် ကျက်လာလေတော့ တနေ့မှာ စကားလုံး အသစ်တလုံး တလုံးစီတိုးလာခဲ့ဒါပေါ့။ နောက် ရန်ကုန်မြို့လာပြီး စိန့်ပေါလ်ကျောင်းမှာ စာသင်တယ်၊ ပြီးတော့ ကလကတ္တားမြို့မှာ သွားသင်တယ်၊ ဘီအေစာမေးပွဲကိုတော့ ရန်ကုန်တက္ကသိုလ်ကဘဲ အောင်ခဲ့တယ်။ ဟိုတုန်းက ဘီအေမှာဆိုယင် သိပ္ပံဘာသာနဲ့ ဝိဇ္ဇာဘာသာ နှစ်ခုစလုံးတို့ကို သင်ရတယ်ကွဲ့။ ဘီအေ အောင်ပြီးတဲ့နောက် သိပ္ပံဌာနမှာ သရုပ်ပြဆရာအဖြစ်နဲ့ ဆောင်ရွက်ခဲ့တယ်။လခလဲရတယ်၊ စာပေ လေ့လာဖို့လဲ အခွင့်အလမ်း ရဒါပေါ့။ ဆရာ့အဖို့မှာ စာပေ လေ့လာရဒါ၊ မှတ်ရဒါ၊ သားရဒါ အပျော်ဆုံး ဘဲကွဲ့။ ဆရာက အင်္ဂလိပ်ဝတ္ထုတွေ များများဖတ်တယ်။ ဝတ္ထုဖတ်တဲ့

အကျိုးက အင်္ဂလိပ်တွေ နေ့စဉ် သုံးနေကျ စကားတွေကို နားလည်တယ်။ စကားလုံး ကြွယ်စေတယ်။ ပြီးတော့ အင်္ဂလိပ် စကားပြော အတွက် အထောက်အကူ ရတယ်ကွဲ။”

ပညာရှင်ကြီးက ဆက်လက်၍ –

“သရုပ်ပြ ဆရာအဖြစ်ကထွက်ပြီး အတွင်းဝန်ရုံး စာတော်ပြန်ဌာန ဦးထွန်းငြိမ်း လက်အောက်မှာဝင်ပြီး အလုပ်လုပ်တယ်။ ဒီတော့ ဆရာ့စာပေနယ်၊ ဗဟုသုတနယ်ဟာ ပိုပြီး ကျယ်ပြန့်လာဒါပေါ့။ ဦးထွန်းငြိမ်းက မောင်ဘဟန်ဟာ အင်္ဂလိပ်စာကို နိုင်နိုင်နင်းနင်း တတ်ပေမဲ့၊ ဗမာစာမှာ မနိုင်သေးဘူးလို့ ဆိုဒါနဲ့၊ ဆရာလဲ မခံချင်တဲ့စိတ်နဲ့ ရဟန်းလူထွက် တဦးထံမှာ သဒ္ဒါတို့၊ ပါဠိဂါထာတို့ ဗုဒ္ဓဘာသာ စာပေတို့ကို အထူးလေ့လာခဲ့တယ်။ အဲဒီမှာ လုပ်နေတုန်း၊ ဦးထွန်းငြိမ်းက အဘိဓာန်တအုပ် ပြုစုတော့ ဆရာအများကြီး အကူအညီပေးခဲ့တယ်။ ဦးထွန်းငြိမ်း စာအုပ်မှာ ဆရာ့လက်ရာတွေ အများကြီး ပါဒါပေါ့။ အဲဒီအချိန်က ဆရာ့အသက်ဟာ ၂၀ နှစ်ဘဲ ရှိသေးတယ်။ မဟာဝိဇ္ဇာ စာမေးပွဲကို အတွင်းဝန်ရုံးမှာ အလုပ်လုပ်စဉ်မှာ အပြင်ကျောင်းသားတဦး အနေနဲ့ ဝင်ရောက် ဖြေဆိုခဲ့တယ်။ အဲဒီ မဟာဝိဇ္ဇာ စာမေးပွဲအတွက် အင်္ဂလိပ်ဝတ္ထုပေါင်း ၃၀၀ ကျော်လောက် လေ့လာခဲ့ရတယ်ကွဲ။ အဲဒီဗဟုသုတတွေဟာ ဆရာ့အဖို့ အခုတိုင်အောင် အသုံးဝင်နေဒါပေါ့ကွဲ”ဟု ဆက်လက် ပြောကြားပါသည်။

ပါမောက္ခကြီး ဒေါက်တာ ဘဟန်သည် စာပေ လေ့လာသည့်အခါ ခဲတံတချောင်းနှင့် မှတ်စုစာအုပ်တအုပ်ကို အနီးတွင် ထား၍ လေ့လာလေ့ရှိသည်။ စားလုံးလှလှကလေးဖြစ်စေ၊ စာပိုဒ်ကောင်းကောင်းကလေးဖြစ်စေ တွေ့လျှင် ထိုမှတ်စုစာအုပ်ထဲသို့ ချက်ခြင်းကူးသွင်းလိုက်လေသည်။ ပါမောက္ခကြီးသည် ယနေ့တိုင်အောင်ပင် ထိုနည်းကို ကျင့်သုံးလျက် ရှိသည်ဟု ဆိုပါသည်။ ထိုသို့ မှတ်စုစာအုပ်ငယ် ထား

ခြင်းသည် အဘိဓာန် ပြုစုရာ၌ များစွာ အထောက်အကူ ရသည်ဟု စာရေးသူအား ပြောပြပါသည်။

"အချို့ လူတွေက မှတ်စု စာအုပ်ထဲမှာတော့ ရေးမှတ်ကြပါရဲ့၊ ပြီးတော့ စာအုပ်ကို ပစ်ထားတတ်ကြတယ်၊ ဒီတော့ ကိုယ်လိုချင်တဲ့အခါကျတော့ စာကို ရှာရမဲ့ နေနေသာသာ စာအုပ်ပါ ပျောက်နေတတ်ကြတယ်။ ဒါကြောင့် စာကို လေ့လာတဲ့အခါ လိုလိုချင်ချင် လေ့လာရတယ်ကွဲ့။ မူရင်းစာအုပ်နဲ့ မှတ်စုစာအုပ်ကိုပါ ရှိရှိသေသေ သိမ်းဆည်းထားရတယ်။ ပြီးတော့ မှတ်မိအောင် မကြာခဏ ပြန်လည် လေ့လာရတယ်ကွဲ့" ဟု စာရေးသူအား ဩဝါဒ ပေးရင်း မိမိလေ့လာ မှတ်သားခဲ့ပုံကို ပြောပြပါသည်။

ပါမောက္ခကြီး ဒေါက်တာ ဘဟန်သည် နှုတ်တက်ကျက်နည်းမျိုးကို စိတ်မဝင်စားချေ။ မိမိနှစ်ခြိုက် သဘောကျသော စာပေများကို မကြာခဏ ပြန်လှန် ဖတ်ရှုခြင်းဖြင့် နောင်တွင် အလိုလို နှုတ်တက် ရရှိလာတတ်သည်ဟု ဆိုပါသည်။ သမ္မာကျမ်းစာအုပ်ကို ထိုနည်းအတိုင်း လေ့လာခဲ့သည်ဟု ဆိုပါသည်။ သမ္မာကျမ်းစာကို လေ့လာရာတွင် လှပသော စကားလုံးများကို တွေ့ရခြင်း၊ ပြောင်မြောက်သော ဥပမာ၊ ဥပမေယျ များကို တွေ့ရခြင်း၊ ဝါကျများတိုသဖြင့် မှတ်သားရ လွယ်ကူခြင်း၊ လူ၏ စိတ်နေ စိတ်ထား အကျင့်စာရိတ္တကို ခိုင်မာစေခြင်း စသော အကျိုးထူးများကို ရရှိနိုင်သည်ဟု ဆိုပါသည်။ ထို့မှတပါး မြန်မာ စာပေကျမ်းဂန်များတွင် ဗုဒ္ဓစာပေ လွှမ်းမိုးမှုများ ရှိသလို အနောက်နိုင်ငံ စာပေနှင့် ယဉ်ကျေးမှု ထုံးတမ်းစဉ်လာများတွင် သမ္မာကျမ်းစာ၏ လွှမ်းမိုးမှုများ ရှိနေသဖြင့် အနောက်နိုင်ငံ စာပေများကို လေ့လာလိုလျှင် သမ္မာကျမ်းစာကိုပါ လေ့လာထားသင့်သည်ဟု ဆရာကြီး ဒေါက်တာဘဟန်က ဆိုပါသည်။

ဝတ်လုံတော်ရကြီး ဒေါက်တာဘဟန်က ရှေ့နေလိုက်ရာတွင် မှတ်

ဉာဏ် အရေးကြီးပုံကိုလည်း ပြောပြပါသည်။ ရှေးနေ ရှေးရပ်များသည် ကျမ်းပြုပုဂ္ဂိုလ်များနည်းတူ အကိုးအကား မြောက်မြားစွာကို ဖတ်ရှုရသည်။ ဥပဒေ၏ အစိပ္ပါယ် ဖွင့်ဆိုပုံများကိုရင်း၊ ရှေးက စီရင်ထုံးဖွဲ့ထားသော စီရင်ချက်များကိုရင်း သိရှိရန်လိုပေသည်။ ထိုသို့ သိရှိနိုင်ရန်အတွက် အပင်ပန်းခံ၍ ဖတ်ရှုလေ့လာခြင်း၊ မှတ်သားခြင်းများသည် လွန်စွာအရေးကြီးလေသည်။ စာအုပ်တအုပ်ထဲ၌ စီရင်ထုံးဖွဲ့ပုံ တခုကို ကိုးကား ဖော်ပြထားသည် ဆိုပါစို့။ ဆရာကြီးသည် ထိုကိုးကားချက်ကို ဖတ်ရှုရုံဖြင့် ရောင့်ရဲတင်းတိမ်ခြင်း မရှိဘဲ စီရင်ထုံး အပြည့်အစုံကို မရအရ ရှာဖွေ ဖတ်ရှုတတ်လေသည်။ ယုန်ထောင် ကြောင်မိဆိုသော စကားပုံအတိုင်း မိမိအလိုရှိသော အကြောင်းရပ်တခုကို ရှာဖွေရင်း တခါတရံ စိတ်ဝင်စားဘွယ်ရာကောင်းသော အခြား စီရင်ထုံးတခုကိုလည်း တွေ့ရှိတတ်လေသည်။ ထိုသို့တွေ့ရှိသော စီရင်ထုံးကို မှတ်သားထားခြင်းဖြင့် နောင်ခါ မိမိလိုက်ပါ ဆောင်ရွက်ရမည့် အမှုများအတွက် များစွာ အထောက်အပံ့ ရနိုင်သည်ဟု ဆိုပါသည်။

ဆရာကြီးသည် မိမိလိုက်ပါ ဆောင်ရွက်ခဲ့သော အမှုတွဲများကို ကောင်းစွာ သိမ်းဆည်းထားလေသည်။ နောက်တကြိမ်တွင် အလားတူ အမှုမျိုး ပေါ်လာလျှင် သိမ်းဆည်းထားသော အမှုတွဲကို ထုတ်ယူလျက်၊ ယခင်အမှုနှင့် အမှုသွား အမှုလာ တူမတူကို တိုက်ဆိုင်ကြည့်လေသည်။ ကိုးကားရမည့် စီရင်ထုံး အသစ်များကို ထပ်၍ ဖြည့်လေ့ရှိသည်။ ထိုနည်းမှာ အချိန်တိုတိုနှင့် ခရီးပေါက်သော နည်းလမ်း ဖြစ်သည်ဟု ဆိုပါသည်။

"လိုရင်းကတော့ကွယ်၊ မှတ်ဉာဏ် ထက်မြက်ချင်လို့ ရှိယင်၊ သူကို အစာကျွေးပေးရမယ်၊ အလုပ်လုပ်ခိုင်းပေးရမယ်။ ကိုယ်က ဘာမျှ မလုပ်တဲ့ လူအဖို့ မှတ်ဉာဏ်သုံးစရာ နေရာ ဘယ်ရှိတော့မလဲကွဲ့။ မိမိကိုယ်တိုင်က ရှာဖွေရမယ်၊ ဖတ်ရှုရမယ်၊ မှတ်သားထားရမယ်၊ အလိုရှိ

တဲ့အခါ အသုံးချကြည့်ရမယ်။ ဒါမှ မှတ်ဉာဏ်ဟာ တက်တက်လာမှာ ပေါ့”ဟု ဒေါက်တာ ဘဟန်က ဆက်လက် ပြောပြပါသည်။

ဒေါက်တာဘဟန်သည် အသက် ၇၆ နှစ်ရှိပြီဖြစ်သော်လည်း သူ မိန့်ဆိုသည့်အတိုင်း လုံ့လဝီရိယကို လျှော့သော ပုဂ္ဂိုလ် မဟုတ်ပေ။ ယခုလည်း အပတ်တကုတ် ကြိုးစားအားထုတ်လျက် အလုပ်လုပ်လျက် ပင် ရှိသေးသည်။ဆရာကြီးသည် အဘိဓာန် ပြုစုမှုတွင် ဝါသနာထုံသည့် အလျောက် ဝတ်လုံလိုက်ရင်း မအားမလပ်သည့် ကြားမှပင် အချိန် ယူလျက် ယူနီဘာစီတီ အင်္ဂလိပ် မြန်မာ အဘိဓာန်ကြီးကို လွန်ခဲ့သည့် ၁၅ နှစ်ခန့်က စ၍ပြုစုခဲ့သည်။ ၁၉၅၁ ခုနှစ်တွင် ပဌမတွဲကို စတင်ပုံနှိပ် နိုင်ခဲ့လေသည်။ ၁၉၆၅ ခုနှစ်တွင် နောက်ဆုံးအတွဲဖြစ်သည့် အတွဲ ၁၀ ကို စက်တင်ပုံနှိပ်လျက် ရှိနေသည်။ ဤမျှ ခက်ခဲ ကျယ်ဝန်းလှသော အဘိဓာန် လုပ်ငန်းကြီးကို ပါမောက္ခကြီးသည် တပည့် တပန်းများ မ ထားဘဲ ဤမျှကာလအတွင်း ပြီးစီးအောင် တဦးတည်း ပြုစု ရေးသား ခဲ့သည်မှာ ပါမောက္ခကြီး၏ ဇွဲသတ္တိ၊မှတ်ဉာဏ်တို့ကို ချီးကျူး အတုယူ စရာပင် ဖြစ်တော့သည်။

## ဆရာကြီး ရွှေဥဒေါင်း

သတင်းစာဆရာ၊ ဘာသာပြန်ဆရာနှင့် ကျမ်းပြုပုဂ္ဂိုလ်ကြီးလည်း ဖြစ်သော ဆရာကြီး ရွှေဥဒေါင်းနှင့် သွားရောက်တွေ့ဆုံကာ ဆရာကြီး စာပေ လေ့လာခဲ့ပုံ၊ မှတ်ဉာဏ် ထက်သန်အောင် လေ့ကျင့်ခဲ့ပုံများကို မေးမြန်းရာ ဆရာကြီးက အောက်ပါအတိုင်း ပြောပြပါသည်။

“ဆရာ့ကို စာပေ စပြီးသင်ကြားပေးဒါကတော့ ဘခင်ကြီးပါ ဘဲ။ ဆရာ သုံးနှစ်သားအရွယ်လောက်မှာ ဘခင်ကြီးက လမ်းသွားယင် ပခုံးပေါ် ထမ်းပြီး သွားလေ့ ရှိတယ်။ ဒီလို ထမ်းချီသွားရင်း စာပေ အတိုအထွာ ကလေးများ သင်ကြား ပေးခဲ့တယ်။ အဲဒီအချိန်က စပြီး

ဘခင်ကြီး သင်ပေးဒါ မှန်သမျှကို နှုတ်တက် သင်အံယူခဲ့ဒါပါဘဲ။ ဆရာ ၁၀ နှစ် ၁၁ နှစ်အရွယ်မှာ ဘခင်ကြီးက ဆရာ့ကို ထမ်းပြီး လမ်းလျှောက်တုန်းဘဲ ရှိသေးတယ်။ ဆရာတို့ခေတ်တုန်းကတော့ ၁၄ နှစ် ၁၅ နှစ်အရွယ်တွေဟာ လုံချည်ကွင်းသိုင်းတုန်းကိုကွဲ၊ ဒါနဲ့အဲဒီ ၁၀ နှစ် ၁၁ နှစ်အရွယ်မှာ ဘခင်ကြီးက သင်္ဂြိုဟ်သင်ပေးတော့၊ သင်္ဂြိုဟ်စိတ်ပိုင်းကို ဘခင်ကြီးရဲ့ ပခုံးပေါ် မှာဘဲ တတ်လာခဲ့တယ်ကွဲ။ ဒီလို ငယ်ငယ်ကလေးကဘဲ နှုတ်တက်အာဂုံသင်အံလာခဲ့တော့ ဆရာအဖို့ နှုတ်တက်ကျက်မှတ်ရဒါဟာ သိပ်ဝန်မလေးလှပါဘူး။ စာကို နှုတ်တက်ရအောင် အထပ်ထပ်တော့ ကျက်ရဒါဘာဘဲ။ ဒါပေမဲ့ အခြားသူငယ်ချင်းတွေနဲ့ ပြိုင်ကျက်ယင်တော့ ဆရာက ခပ်စောစော၊ ခပ်မြန်မြန် ရလေ့ရှိတယ်ကွဲ”ဟု ပြောပြပါသည်။

ဆရာကြီးသည် ငယ်စဉ်က အာဂုံဆောင်ထားခဲ့သော စာပေများအားလုံးကို အသက် ၇၇ နှစ်အရွယ် ယခုအချိန်၌ နှုတ်တက် မရရှိဌားသော်လည်း၊ အဖိုးတန်သည်ဟု ဆရာကြီးက ယူဆထားသော စာများများကိုမူ နှုတ်တက်ရသေးသည်ဟု ဆိုသည်။ ဆရာကြီးသည် ငယ်ငယ်ရွယ်ရွယ်မှ ကျက်မှတ်ခဲ့သော စာပေများကို ယနေ့တိုင်အောင်မှတ်မိနေသေးခြင်းမှာ ထိုစာများကို စာရေးသည့်အခါ ဖြစ်စေ၊ စကားပြောသည့်အခါ ဖြစ်စေ မကြာခဏ ထုတ်နုတ် ကိုးကားခဲ့သည်။ ကောင်းသော စာပေများကို မိမိတယောက်တည်း အနားယူ နေစဉ်အချိန်များတွင်လည်း နှုလုံးသွင်းလေ့ရှိသည်ဟု ဆရာကြီး ရွှေဥဒေါင်းက မိန့်ဆိုပါသည်။

ဆရာကြီးက ဆက်လက်၍ “ဆရာ ကတော့ ပေါ့ပေါ့ဆဆ နေသူမဟုတ်ဘူးကွဲ အလွန်သတိရှိတယ်။ ပြီးတော့ ဆရာက ( **Sensitive** ) ဖြစ်တယ်ကွဲ။ နာလွယ်တယ်၊ သိလွယ်တယ်၊ အမှတ်သညာကြီးတယ်ဆိုကြပါစို့။ ဆရာ့ကို မကောင်းဒါ လုပ်ယင်လဲ အဲဒါကို မမေ့ဘူး။

ကောင်းဒါ လုပ်ယင်လဲ တော်တော်နဲ့ မမေ့ဘူး။အဲဒီ အမှတ်သညာကြီး ဒါတို့၊ နာတတ်တာတို့ကို ကောင်းတဲ့ဖက်မှာ လှည့်ပြီး အသုံးပြုလိုက်တော့ မှတ်ဉာဏ်အတွက် အထောက်အကူ ဖြစ်လာဒါဘာဘဲ။ ဆရာက ခပ်ငယ်ငယ်ကစပြီး ဘာကိုမဆို သတိနဲ့ လုပ်လာလေတော့၊ အလုပ်တခုကိုလုပ်ယင် တမင်သက်သက်သတိထားစရာ မလိုဘဲ၊ လုပ်ရိုးလုပ်စဉ်လို ဖြစ်သွားတော့ဒါဘဲ။ ဉပမာ နံနက် လေးနာရီ အိပ်ရာကထရမယ်ဆိုယင် ဘယ်သူမှ နှိုးစရာ မလိုဘဲ၊ လေးနာရီရောက်တော့ နိုးလာဒါဘာဘဲ။ဒီလို အလေ့အကျင့် ခိုင်မာလာလေတော့၊ သွားစရာ လာစရာ ကိစ္စများ ပေါ် လာယင်၊ အချိန်နောက်ကျလို့ ပျက်ကွက်ရတယ်လို့ မရှိဘူး၊ ဆရာအဖို့ ရထားမမှီလိုက် ကားမမှီလိုက် ဆိုဒါမျိုးတွေ မဖြစ်ဘူးပါဘူး။ သူတပါးက ဖိတ် မန္တကပြုထားယင် မသွားနိုင်ယင်လဲ မသွားဘဲနေလိုက်တယ်။ သွားမယ်ဆို ယင်တော့ အချိန်မှီ သွားတတ်ပါတယ်” ဟု ပြောပြပါသည်။

ဆရာကြီးသည် လမ်းသွားလျှင်လည်း သတိနှင့် သွား၍ မှတ်သာစရာများ တွေ့လျှင် ဂရုတစိုက် မှတ်သား ထားလေသည်။ နေ့စဉ်သွားလာနေထိုင်စဉ် တွေ့ကြုံရသော အဖြစ်အပျက်၊ မြင်တွေ့ရသော အခြင်းအရာ၊ ကြားသိရသော သတင်းများကို စိတ်ဝင်စားစွာ လေ့လာခြင်း၊ နားထောင်ခြင်း၊ မှတ်သားခြင်း ပြုလုပ်သည်မှာ နောင်အခါတွင် ဝတ္ထုရေးသားရာ၌ ထည့်သွင်း အသုံးချရန်ဆိုသော ရည်ရွယ်ချက်ဖြင့် မဟုတ်ဘဲ သာမန် လုပ်ရိုးလုပ်စဉ်ကိစ္စတရပ်ပင် ဖြစ်သည်ဟု ဆရာကြီးက မိန့်ကြားပါသည်။

ဝတ္ထု ရေးသားလိုသည့်အခါ၊ သို့မဟုတ် အကြောင်းရပ်တခုကို သရုပ် ဖော်လိုသည့်အခါမျိုးတွင် မိမိတွေ့ကြုံ ခံစားခဲ့ရသည့် အဖြစ်အပျက် အချက်အလက်တို့ကို ခေတ္တစဉ်းစားလိုက်ရုံဖြင့် ထစီတတန်းကြီး ပြတ်ပြတ်သားသားထင်ထင်ရှားရှားပေါ် လာတတ်သည်ဟုဆိုပါသည်။

ဆရာကြီးသည် နိုင်ငံခြား ဝတ္ထုများကို ဘာသာပြန်ရာ၌ရင်း၊ မှီး၍ ရေးသားရာ၌ရင်း၊ မြန်မာ့မှု၊ မြန်မာ့ဟန်များ ပေါ်လွင်စေရန်အတွက် ယခင် တွေ့ကြုံမှတ်သားထားသော ဗဟုသုတများကို အသုံးပြုရသည်ဟု ဆို၏။ ယုတ်စွာ့အဆုံး ဇာတ်ကောင်တခုကို အမည်ပေးရာ၌ပင် သူဆောင်ရမည့် အကွက်နှင့် ကိုက်ညီသော အမည်ကို စိတ်ကူးဖြင့် ပေးရသည်ထက်၊ အဖြစ်မှန် တခုခုထဲမှ ကိုက်ညီမည့်အမည်ကို ပေးလိုက်ရလျှင် ပိုမို၍ ခိုင်လုံသွားသည် အားရှိသွားသည်ဟု ထင်ကြောင်း ပြောပြပါသည်။

ဆရာကြီးသည် လူအမည်ကို မှတ်သားရန်ကိစ္စ ပေါ်လာလျှင် မိမိသိဘူး ကျွမ်းဘူးသူများထဲမှာ တူသောနာမည် တခုခုနှင့် တွဲ၍ မှတ်သားလေ့ ရှိသည်။ အကယ်၍ သိဘူးကျွမ်းဘူးသူထဲမှာ ရှာတရက် ရှာမတွေ့လျှင်ဆရာကြီးကိုယ်တိုင် ရေးသားဘူးသော ဝတ္ထုထဲမှ ဖြစ်စေ၊ ဖတ်ဘူးသော ဝတ္ထုထဲမှ ဖြစ်စေ၊ ဇာတ်ကောင်တခု၏ အမည်နှင့် တွဲ၍ မှတ်သားထားခြင်းသည် မှတ်မိရန် လွယ်ကူသည်ဟု ဆိုပါသည်။

ကိန်းဂဏန်းများကို မှတ်သားခြင်းနှင့် ပတ်သက်၍ ဆရာကြီးက ပြောပြသည်မှာ "ကိန်းဂဏန်းတို့ ရာဇဝင်ထဲက သက္ကရာဇ်တို့ မှတ်တဲ့အခါမှာ ထွင်လုံးကလေးတွေလုပ်ပြီး မှတ်ရတယ်ကွဲ၊ ဒီထွင်လုံးကလေးတွေဟာ မကြာခဏ လုပ်နေကျတော့၊ ထွင်ဖို့ နည်းလမ်းဟာ အလိုလိုပေါ်လာတတ်တယ်ကွဲ။ သိပ်ပြီး ရှုပ်ရှုပ်ထွေးထွေး စဉ်းစားမနေရဘဲ ကြံစည်ရဒါ လွယ်တယ်လို့ ဆိုချင်ပါတယ်။ ဥပမာဆိုပါတော့ ဆရာရဲ့ညီ ဦးဖေစိန်းဟာ ( ၅-၁-၆၆ ရက်နေ့ ကွယ်လွန်ခဲ့သည်) ရန်ကုန်မြို့ ၄၄ လမ်း၊ အမှတ် ၅၃ မှာနေတယ်။ ဒီတော့ ဆရာကကြံစည်ကြည့်တယ်၊ ၄၄ ကို ၄ နဲ့ ၄ ပေါင်းယင် ၈ ရတယ်၊ ၅၃ ကို ၅ နဲ့ ၃ ပေါင်းယင် ၈ ရတယ်။

၄ + ၄ = ၈
၅ + ၃ = ၈
အဲဒီကိန်းကလေးနှစ်တန်းကို မျက်စိထဲမှာ ထင်းထင်းကြီး မြင်လာအောင် လေ့ကျင့်မှတ်သားထားတယ်ကွဲ။ တကယ်လို့များ–
၄ + ၄ = ၈ နေရာမှာ ၆ + ၂ = ၈ ဖြစ်နေမယ်
၅ + ၃ = ၈ နေရာမှာ ၇ + ၁ = ၈ ဖြစ်နေမယ် ဆိုရင် မျက်စိထဲမှာ တခါထဲ ကိုးယိုးကားယား ဖြစ်သွားတော့ ဒါဘာဘဲ။ ဒါဟာ ဆရာ့ မှတ်ပုံမှတ်နည်း ပုံစံတခုပါဘဲ" ဟုမိန့်ဆိုပါသည်။ဆရာကြီးသည် အထက်၌ ဖော်ပြခဲ့သော ပုဂ္ဂိုလ်ကြီးများနည်းတူ စာပေ ဗဟုသုတကို လိုက်စားရာ၌ရင်း၊ အခြားပုဂ္ဂိုလ်များကို သင်ကြား ပြသရာ၌ရင်း၊ ရောင့်ရဲ တင်းတိမ်ခြင်းမရှိသော ပုဂ္ဂိုလ်ကြီးတဦးပင် ဖြစ်ပေသည်။ ။

# နိဂုံး

ဤစာအုပ်တွင် မှတ်နည်းမှတ်ရာ အဖြာဖြာတို့ကို အခန်းတိုင်းတွင် ဖော်ပြခဲ့ပါသည်။ ထိုနည်းလမ်းများသည် ပြည့်စုံလုံလောက်သော နည်းလမ်းများဖြစ်သည်ဟု မဆိုသာချေ။ အညွှန်းမျှသာ ဖြစ်သည်ဟု ဝန်ခံလိုပါသည်။ မှတ်ဉာဏ်အကြောင်းကို ဆက်လက် လိုက်စားလိုသူများအဖို့ လေးနက် ကျယ်ဝန်းသောကျမ်းများကို ဆက်လက် လေ့လာသင့်ပါသည်။ ဤစာအုပ်ပါ အညွှန်းများကို မှီး၍ တီထွင်ခြင်း၊ စိတ်ဝင်စားခြင်း၊ လေ့ကျင့်ခြင်းများ ပြုလုပ်ရန်လည်း လိုပါသည်။ ဤစာအုပ်နိဒါန်းတွင် ရေးသားခဲ့သည်အတိုင်း ဓာတ်ပုံ ရိုက်ကူးခြင်းနှင့် တူညီသော မှတ်ဉာဏ်မျိုးကား လောကတွင်မရှိသေးပေ။ မှတ်ဉာဏ် ရင့်သန်စေနည်းဆိုသည်မှာ မှတ်ဉာဏ် ရင့်သန်စေရန် အထောက်အကူ ပြုသောနည်းများသာ ဖြစ်ပေသည်။ စိတ်ဝင်စားမှု၊ ကြိုးစားမှု လေ့ကျင့်မှုများကို အကြောင်းပြု၍သာ မှတ်ဉာဏ်ရည် တိုးတက်ရင့်သန်လာနိုင်ပေသည်။ လေ့ကျင့်မှု များလျှင် များသည့်အလျောက် မှတ်ဉာဏ်ရည် တက်လာမည်မှာ မုချဖြစ်၏။ တနည်းအားဖြင့်ဆိုသော် မိမိမှတ်သားလိုသည့် အကြောင်းရပ်ကို ကြာရှည်စွာ သိမ်းထားနိုင်ပြီးလျှင် အလိုရှိသည့်အခါ အလွယ်တကူ ပြန်လည် သတိရရှိလာပေလိမ့်မည်။

ဤစာအုပ်ကို ဖတ်ရှုလေ့လာသူများသည် မှတ်ဉာဏ်ရင့်သန်သော ပုဂ္ဂိုလ်များ ဖြစ်လာကြပြီးလျှင် မိမိ၏ အကျိုး၊ သူတပါး၏ အကျိုး၊ နိုင်ငံ၏ အကျိုးတို့ကို သည်ပိုး ရွက်ဆောင် နိုင်ကြပါစေဟု ဆုမွန်ကောင်း တောင်းလိုက်ရပါသတည်း။ ။

စာရေးသူ

## မှီငြမ်းပြုသော စာအုပ်စာတမ်းများ


1. Bacon, Rev. J. H. **Pitman's Guide to the Improvement of the Memory.** *Sir Isaac Pitman & sons Ltd., London.*

2. Bloom, Murray Teigh. **Explorer of the Human Brain.** *Reader's Digest Magazine, August 1958.*

3. Brothers, Dr. Joyce **10 days to a Successful Memory. 1957.** *Prentice Hall, Englewoodcliff, N.J. U.S.A.*

4. Byrne, Brendan. **Three Weeks to a Better Memory. (2nd Edn. 1956.)** *Bantam Books, New York, U.S.A.*

5. Carnegie, Dale. **Public Speaking. (1956.)** *Pocket Books Inc., New York, U.S.A.*

6. Cassels, Louis. **How to Keep Your Memory Keen.** *Reader's Digest Magazine, September, 1962*

7. **Encyclopedia Americana., Vol: 18, 1954** *Americana Corporation, New York, U.S.A.*

8. **Encyclopedia Britannica. Vol: 15, 1963.** *Hazell Watson & Viney Ltd., London. U.K.*

9. Furst, Dr. Bruno. **Stop Forgetting. (2nd Edn.)** *Garden City Books & Hanover House, Garden City, New York, U.S.A.*

10. Furst, Dr. Bruno. **The Practical Way to Better Memory.** *Grosset & Dunlap Inc., 1107 Broadway at 24th Street, New York 10, U.S.A.*

11. Hilton, Warren. **Applied Psychology.** *Sarpaybeikman Press, Rangoon.*

12. Hunter, M.L. Ian. **Memory, Facts and Fallacies. (1st Edn. 1957.)** *Penguin Books Ltd., Harmondsworth, Middlesex, England.*

13. Hunter, M.L. Ian. **Memory (Revised Edition of Memory, Facts and Fallacies) 1964.** *Penguin Books Ltd., Harmondsworth, Middlesex, England.*

14. Knight, Ruth. **Do You Know Your Own Mind.** *Your Life Magazine, November, 1953.*

15. Larayne, Harry. **How to Develop a Super Power Memory.(3rd Edn.1959.)** *A. Thomas & Co., 25 Glover's Court, Preston, Lancs. U.K.*

16. Mann, Georg. **Memory is Still a Mystery.** *English Digest Magazine, April, 1951.*

17. Nolan, E.T. — **Your Silent Partner.** *Why Magazine. October, 1953.*

18. Orton, Louis. J. — **Memory Efficiency. (2nd. Ed. 1960.)** *Jaico Publishing House, Bombay. India.*

19. Rose, Ben. — **Where Forgotten Memories Go.** *Digest of Digests Magazine, October, 1955.*

20. Roth, David M. — **Famous Roth Memory Course.** *De Vorss & Co., 520, West 9th Street. Los Angeles 15, Calif. U.S.A.*

21. Scheer, James F. — **Find Your Memory.** *Your Psychology Magazine, July, 1954.*

22. Schweisheimer, Dr. W. — **How to Improve Your Memory.** *World Digest Magazine, November, 1957.*

23. Los Angeles — **The World Book Encyclopedia Vol: 11, 1956.** *Field Enterprises, Inc. Merchandise Mart Plaza, Chicago, U.S.A.*

24. Young, Morris N. and Gibson, Walter B. — **How to Develop an Exceptional Memory.** *Chilton Company, Philadelphia 39, Pa. U.S.A.*

၂၅။ စိတ်ပညာဌာန။ (ရန်ကုန် တက္ကသိုလ်) — စိတ် ပညာရှင်ကြီးများ၏ အခြေခံ သင်ကြား ချက်များ။ ပဋမတွဲ၊ ဒုတိယတွဲ၊ ၁၉၆၁ ခုနှစ်။ စာပေဗိမာန်ပုံနှိပ်တိုက်၊ ရန်ကုန်မြို့။

၂၆။ တိုးမောင်၊ ဦး ( B.A., B.Lit, B. Ped. )။ ။စိတ်ပညာ အကြောင်း စာ၊ (၁၉၃၈ ခုနှစ်) နေမင်းရောင်စာပုံနှိပ် တိုက်၊ ၁၆၇-လှည်းစလမ်း၊ ရန်ကုန်မြို့။

၂၇။ လှဖူး၊ ဒေါက်တာ။ — စိတ်ပညာ ဆောင်းပါး (မြန်မာ့ စွယ်စုံကျမ်း) အတွဲ ၄၊ စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့ရန်ကုန်မြို့။

၂၈။ သိန်းထွန်း၊ ဦး( B.Sc., B.Ed. )။ ။သင်ပြမှု အခြေခံသဘောတရား၊ (တတိယနှိပ်ခြင်း ၁၉၅၄ ခုနှစ်) စာပေဗိမာန်ပုံနှိပ်တိုက်၊ ရန်ကုန်မြို့။

# အညွှန်း


### က

ကစားဝိုင်းလုံခြုံရေးမှူး ၁၃၈
ကာနက်ဂျီ၊ ဒေးလ် ၁၁၈
ကာလိုင်း၊ တောမတ် ၂၃၅
ကုလသမဂ္ဂ ၁၆၉
ကေသရ၊ (ရွှေမန်း)ဦး ၂၁
ကင်ဘဲလ်၊ ဗာထရမ်၊ အမ်၊ ၁၂၃
ကိုယ်အင်္ဂါနှင့် သင်္ကေတ ၁၁၂
ကျီးသဲလေးထပ်ကျောင်းဆရာတော် ၁၄
ကျောက်ကုန်းတောရ မေဓါဝီ ဆရာတော် ၁၆၆၊ ၁၆၇
ကျည်ပွေ့၊ ဦး ၁၈
ကြည့်ရှုလေ့လာ မှတ်သားနည်း ၄၈

### ခ

ခု လ ရက်ကိုသိလျှင် နေ့ကိုရှာနည်း ၂၀၃
ချိတ်တပ်၍ မှတ်နည်း ၂၁၈

### ဂ

ဂဏန်းများကို မှတ်သားနည်း ၇၁
ဂရေး၊ ရစ်ချတ် (ဒေါက်တာ) ၇၆
ဂရက်ဂရီ (ရဟန်းမင်းကြီး) ၁၈၈
ဂရုတ်(ဇ) ၁၂
ဂျူလီယန် ပြက္ခဒိန် ၁၈၈
ဂျိမ်း၊ ဝီလျံ ၁၄

### င

ငပလီ ကမ်းခြေ ၃၃၊၃၄

စ

စာပေလေ့လာနည်း ၁၅၅
စာအုပ်ပြောင်း ကျက်လျှင် ၁၆၆
စင်းစင်း ထောင်ကြီး ၁၂၃
စစ်ပီယို၊ လူစီးယပ်(စ) ၁၁၉
စိန်ခိန်၊ မ (မန္တလေး) ၁၁၆

ဆ

ဆရာလင်း (အဂ္ဂမဟာပဏ္ဍိတ) ၂၁
ဆီဆရို အမ်၊ တီ ၂
ဆီဇာ၊ ဂျူလီယပ် ၁၈၈
ဆီနီကား၊ လူစီးယပ်(စ) ၂၂
ဆူးခါး ဆရာတော် ၁၁
ဆက်သွယ်ပေါင်းစပ်မှတ်ယူနည်း အခြေခံ ၃ ရပ် ၃၅
ဆိုင်ကျော်၊ ဦး (ပဥ္စမကျော်) ၁၆၅၊ ၁၆၆
ဆိုင်မွန်နီဒီး ၁၂၀
ဆိုင်းရပ်(စ) ၁၁၉
ဆန့်ကျင်မှုကို အခြေပြု၍ မှတ်သားခြင်း ၃၈

ဇ

ဇနကာဘိဝံသဆရာတော်၊ ဦး ၅၀
ဇူးဖောလ်၊ ဘားနဒ် ၆

ဈ

ဈေးရောင်းစွံနည်း ၁၄၆

တ

တနှစ်ဆန်း တနေ့ရွှေ ၁၉၂
တူညီမှုကိုအခြေပြု၍ မှတ်သားခြင်း ၃၅
တောင်ခွင် ဆရာတော် (သာသနာပိုင်) ၂၀

ထ

ထေး၊ ဒရာဗတ် အမ်၊ ၁၄
ထိလက်မှတ်ကို မည်သို့ သိမ်းဆည်းမည်နည်း ၂၁၃
ထွန်းငြိမ်း၊ ဦး ၂၄၄

ဒ

ဒစ်ကင်း၊ ချားလ် ၅၃
ဒူငီ၊ မလ်ဗီးလ် ၆၇

န

နပိုလီယန် ၁၁၉
နားနား နေနေ ကျက်ခြင်း ၁၆၂
နှီးစပ်မှုကို အခြေပြု၍ မှတ်သားခြင်း ၄၁
နေမိန္ဒဆရာတော် ၁၂
နေ့တူရက်တမျိုး ၁၉၁
နေ့ရက်များကို မှတ်သားနည်း ၁၇၇
နယ်ချဲ့နိုင်ငံခြားကိစ္စ ၁၇၅
နှစ်ဆန်းနှင့် နှစ်ဆုံး ၁၉၂
နှစ်တရာပြက္ခဒိန် ၁၈၈
နှစ်၏တန်ဖိုး ၁၉၆
နှုတ်တက်ကျက်နည်း ၁၅၆

ပ

ပဌာန်းကျောင်းဆရာတော်(ရန်ကုန်) ၁၆၅၊ ၁၆၆
ပလေးတို ၂၊ ၁၅၅
ပက်(ခ)စတိန်၊ လူဝီ အေ၊ ၁၆၁
ပေါင်း၊ ဂျော့စကို (ဒေါက်တာ) ၇
ပုည၊ ဦး ၁၉
ပွန်းတပ် (ပြည်) ၁၁၉

ဖ

ဖာနီဗယ်၊ မဇ္ဈတာ ၂၃၇
ဖာလေး၊ ဂျိမ်း၊ အေ ၁၂၁
ဖူးလား၊ တောမတ်(ဒေါက်တာ) ၅၃
ဖေမောင်တင်၊ ဦး ၂၃၄
ဖင်ကယ်စတိန်၊ ဆလို (ဒေါက်တာ) ၁၃
ဖိုးရာဇာ ၁၈

ဗ

ဗာတန်၊ ရစ်ချတ်၊ ဆာ ၁၆၃
ဗားမောင့် တက္ကသိုလ် ၁၄
ဗိုင်ရင် (ဒေါက်တာ) ၂၂
ဗိုင်ရှန်ဂျော့(ကဗျာဆရာကြီး) ၁၅၇
ဗြိတိသျှ ပါလီမန်မှ ရဲမျာ:း ၁၃၁

ဘ

ဘဂျမ်း၊ ဦး ၁၃၀
ဘသော၊ ဦး ၂၃၇
ဘရားသား(စ)ဂျိုက်(ဒေါက်တာ) ၈
ဘဟန်၊ ဦး (ဒေါက်တာ) ၂၄၃
ဘာတီလောင်စံနစ် ၁၂၂
ဘုရားကြီးဆရာတော် (အရှင်ဇာဂရာဘိဝံသ) ၁၁
ဘော်ဘီစံကြူး ၁၁၆
ဘယ်လက ဘယ်နေ့ကို သိချင်သလဲ ၁၇၇
ဘယ်အချိန် စာကျက်မည်နည်း ၁၆၄

မ

မမေ့အောင် ကြံဆောင်နည်း ၂၁၀
မီသရီဒေးတီး ၁၁၉

မေ့လျော့ခြင်း၏ ကျေးဇူး ၂၁၄
မက်ဂျော့၊ ဂျွန် ၁၆၁
မင်နင်းဂျား၊ ကားလ် (ဒေါက်တာ) ၁၅၅
မင်းခေါင်(ပဋမ) ၂၁၈
မောင်ကြီး၊ ဦး (လယ်တီ ပဏ္ဍိတ) ၂၁
မိဇတ်၊ ဒဗျူ၊ အေ ၁၃
မိုနာကို ၁၃၈
မျက်နှာကို ကျက်မိရန် ၁၂၄
မျက်နှာမှ အရေးကြီးသောနေရာ ၁၄၀
မြန်မာပညာရှင်ကြီးများနှင့် မှတ်ဉာဏ် ၂၃၄
မှတ်ဉာဏ် အကြောင်း သိကောင်းစရာ ၁
မှတ်ဉာဏ်အစ သတိက ၄၈
မှတ်ဉာဏ်နှင့် ကျန်းမာရေး ၂၃
မှတ်ဉာဏ်နှင့် အသက်အရွယ် ၁၅
မှတ်မိခြင်း၏ အင်္ဂါသုံးရပ် ၃

ယ

ယူနီဗာစီတီ အင်္ဂလိပ်မြန်မာ အဘိဓာန် ၂၄၇

ရ

ရှူးဇဗ့်(သမတ) ၁၂၁
ရေလဲ အမျိုးမျိုး (ဂဏန်းမှတ်ရန်) ၉၄
ရက်ထပ်နှစ်ကို သိရန် ၁၉၀
ရပ်ကယ် (စိတ္တဗေဒကျောင်းသား) ၁၂
ရှိတ်စပီးယား ၂၃၉
ရွှေဥဒေါင်း၊ ဆရာကြီး ၂၄၇

လ

လ၏ တန်ဖိုးများ ၁၉၆
လု(စ်)၊ မင္ဂတာ ၂၃၇

လူတိုင်း မှတ်ဉာဏ် ရည်တူ ၅
လေဇေဖယ်ယာ ဝါဒ ၄၇
လော်ရိန်းဟယ်ရီ ၁၃
လစ် (ပ) ဆီယပ်၊ ဂျေ ၁၂
လစ် (ပ) မင်း၊ ဝေါလ်တာ ၅၆
လိပ်စာမှတ်နည်း ၂၂၅

ဝ

ဝါရှင်တန်၊ ဂျော့ ၁၀၉
ဝိစိတ္တသာရာဘိဝံသ ဆရာတော် ၁၁
ဝိဇယ မင်းသား ၃၁
ဝိသုဒ္ဓါရုံ ဆရာတော်- ၅၃
ဝိသေသန သင်္ကေတများ ၁၀၇
ဝက်(ဗ) စတား၊ ဒင်နီရယ် ၇
ဝင်း ရှိန်၊ စတင်နီလပ် (စ) မင့်ဗွန်- ၇၉
ဝပ်မတ်စတား၊ ဂျော့ ၁၂၃
ဝုဒ်ဝပ်၊ ရောဗတ်၊ အက်(စ) ၆၀၊ ၁၅၉

သ

သခင်ကိုယ်တော်မှိုင်း ၂၁
သင်္ခေ်ပ၊ သင်္ကေတနည်းဖြင့် ကျက်နည်း ၁၇၁
သတိရလျှင် ရချင်း ဆောင်ရွက်ပါ ၂၃၀
သဘောပေါက်ရုံ ဖတ်နည်း ၁၆၇
သမ္ဗုတိုကာလီး ၁၁၀
သီအဲလ်၊ အလက်ဇန္ဒာ ၁၂၃
သင်ပုန်းကြီး ကျေးဇူး ၂၂၀
သံဂါယနာတင်များ ၁၀၊ ၁၁
သံဃရာဇာ (ပင်လယ်မြို့) ၂၁၉